

www.burmeseclassic.com
မင်းထားခဲ့သည့်နေ့မှစ၍ . .
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၉၃၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၁၄၀၃၁၀ |
| ထုတ်ဝေသူ | - | ဦးနိုင်မျိုးထွန်း |
| | | အင်ပါယာစာပေ၊ တိုက်(၂၁)၊ |
| | | အခန်း(၁၁)၊ စီးပွားကူးသန်းဝန်ထမ်းအိမ် |
| | | ဦးဝိစာရလမ်း၊ |
| | | ဒဂုံမြောက်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးမြင့်ဝေ(ကံသာပုံနှိပ်တိုက်) |
| | | ၁၀၂၊ ၃၁-လမ်း။ ပန်းဘဲတန်းမြို့နယ် |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၁၀-ခုနှစ်၊ ဩဂုတ် |
| အုပ်ရေ၊ တန်ဖိုး | - | ၅၀၀ အုပ်၊ ၁၀၀ ကျပ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | ကျော်ပိုင် |
| ဖြန့်ချိရေး | - | အင်ပါယာစာပေ |

၈၉၅.

မိုးနီလွင်

မင်းထားခဲ့သည့်နေ့မှစ၍ / မိုးနီလွင် ။ - ရန်ကုန် ၊

အင်ပါယာစာပေ၊ ၂၀၁၀ ။

၈၅ - စာ ၊ ၁၉ × ၁၃ စင်တီ ။

(၁) မင်းထားခဲ့သည့်နေ့မှစ၍

## စာရေးသူ၏ထုတ်ဝေပြီးလုံးချင်းဝတ္ထုများ

၁။ ခရမ်းလွန်ရောင်ခြည်အနမ်း(နှမ်ဂျာသိုင်းနှင့်တွဲလျက်)
၂။ သူရဲကောင်းရဲ့ချစ်သူ(မောင်စိန်ဝင်း၊ ပုတီးကုန်းနှင့်တွဲလျက်)
၃။ မုန်တိုင်းတွေလည်းငို
၄။ သူငယ်ချင်းရဲ့လက်ထပ်မင်္ဂလာ
၅။ နှင်းကျွမ်းသစ်ပင်
၆။ ကွက်လပ်ဖြည့်သူ
၇။ ဤရင်ခွင်မှတစ်ပါး
၈။ တိတ်တိတ်ကလေးကြွေ
၉။ ကိုယ့်နှလုံးသားကိုယ်မုန်းသူများ
၁၀။ ဖြတ်သန်းသွားလာခွင့်မရှိ
၁၁။ ပန်းမပွင့်တဲ့ရင်ခွင်(မောင်လှမျိုး၊ချင်းချောင်းခြံနှင့်တွဲလျက်
၁၂။ မိုးကောင်းကင်ကိုလွှင့်ပစ်လိုက်
၁၃။ မေမေ့ဒိုင်ယာရီ
၁၄။ မင်းအတွက်ကိုယ့်ဘဝ
၁၅။ အသည်းကွဲပြတိုက်
၁၆။ မေမေမယ့်မိုး
၁၇။ စွဲလမ်းသူလွမ်းစေ

ယခု

**၁၈ ။ မင်းထားခဲ့သည့်နေ့မှစ၍**

ဆက်လက်၍

၁၉။ ............... ?

www.burmeseclassic.com

www.burmeseclassic.com

အချစ်စစ်တစ်ခုကို

ရရှိဖို့အတွက်

သူမ . . .

ယောကျ်ားနှစ်ယောက်ကို

ချစ်ခဲ့တယ် . . .

(မရနိုင်)

www.burmeseclassic.com

www.burmeseclassic.com

# နှင်း

"နင်...ငါ့လက်ကိုလွှတ်..."

"မလွှတ်ဘူး...၊ လုံးဝမလွှတ်ဘူး"

"လွှတ်ဆို..."

"မလွှတ်ဘူး....ဟာ...."

"ငါ...ငိုလိုက်မှာ..."

"ခုကို နင့်မျက်ရည်တွေက ကျလာပြီ"

"ကုဋေ...ငါတကယ် စိတ်ဆိုးလိုက်မှာနော်"

"ဆိုးရုံမကလို့...လဲပဲသေသေ...နိုင့်ရာ"

"ကုဋေ..."

"ဘာလဲ...မိနိုင်"

"နင်အရမ်းမဆွဲနဲ့၊ ငါ့လက်တွေနာလှပြီ...လွှတ်တော့"

"ငါ...နင့်လက်ကို လွှတ်တာနဲ့ နင်...ဟိုကောင့်ဆီ ပြေးသွားေ ငါသိတယ်၊ လုံးဝမလွှတ်ဘူး"

သူမ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတာကို သူက တ စောင်းငဲ့ကြည့်သေးသည်။

သူ့မျက်နှာထားက တကယ် ခပ်တည်တည်...။

သူ့လက်ချောင်းတွေက သူမရဲ့လက်ဖဝါးလေးကို ပြုတ်တုတ တင်းကျပ်မြဲမြံစွာ ဆုပ်ကိုင်ထားရာက လုံးဝမလွှတ်ပေး။ သူမလ တင်းတင်းကျပ်ကျပ်ဆွဲကိုင်ပြီး လူအုပ်ကြားထဲ နွတ်တိုးဝင်ကာ ခြေလှ ကြီးတွေနဲ့ လျှောက်လှမ်းနေတာမို့ သူ့နောက်ကနေ သူမ ဒရွတ်တိုက် ထ နေရသည်။



တစ်ရှက်တစ်ချက်လည်း သူက စိတ်မရှည်သလို နောက်က ပေကာ် ကပ်နဲ့ လျှောက်နေသော သူမကို ဆောင့်ဆွဲသေး၍ သူမမှာ ဟပ်ထိုးဟပ်ထိုး ဖြစ်ရသေးသည်။

ရှက်စိတ်၊ ဝမ်းနည်းစိတ်၊ နာကျင်စိတ်တို့ ပေါင်းဆုံကာ သူမ ပါးပေါ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတာ မဆန်းပါ။

"ဟာ...ရောဂါပဲ...ဟာ၊ ငိုပြန်ပြီ၊ နင်...မရှက်ဘူးလား၊ လူတွေ ဒီလောက်ဝိုင်းကြည့်နေတာ...၊ မိနိုင်..."

"နင်က ငါ့လက်တွေကိုလည်း အတင်းဆွဲထားသေးတယ်၊ ကုဋေ... နင်...နင် အနိုင်အရမ်းကျင့်တယ်၊ နင့်ကို မုန်းတယ်၊ မုန်းတယ်"

သူမ မရှက်နိုင်ပါ။ လူတွေ ကြားထဲပဲ အော်ထည့်လိုက်သည်။ ပြီးတော့ လွှတ်နေသည့် ဘယ်ဖက်လက်တစ်ဘက်နှင့် သူ့ပခုံးကို လှမ်းထုလိုက်သည်။

စီးတီးမတ်ထဲက ဈေးဝယ်တွေသည် သူမတို့နှစ်ယောက်ကို ပြုံးစိစိနှင့် စိတ်ဝင်တစားလှမ်းကြည့်နေကြသည်။

သူက သူမလက်ကို အတင်းဆွဲခေါ်လာရာ စီးတီးမတ်အပြင်သို့ပင် ရောက်နေပါပြီ။ အပြင်ဘက်က ကက်ဆက်ဗွီဒီယိုခွေတွေ ရောင်းသော ကောင်တာ ဆီမှ အရောင်းဝန်ထမ်းလေးတွေသည်ပင် လုပ်လက်စအလုပ်တွေရပ်ကာ သူမတို့နှစ်ယောက်ကို ပြုံးတုံး ကြောင်တောင်လေးတွေ လှမ်းကြည့်နေသည်။

မြေအောက်ထပ်စီးတီးမတ်ထဲကနေ အပြင်ဘက်ထွက်သော လှေကား ဆစ်တွေ ရောက်တော့ သူက လှမ်းတက်မည် အလုပ်...။

"အင်...မပြန်ဘူး"

သူမ ခြေစုံကုပ်ရပ်ကာ အော်တော့ သူကဆတ်ကနဲ လှည့်ပြီး သူမကိုစိုက်ကြည့်သည်။

"နိုင်...ငါတောင်းပန်ပါတယ်ဟာ၊ နင်...အဲ့ဒီကောင်ဆီ ခု...မသွားပါနဲ့၊ ဒီစကားကို ခုတစ်ခါလေးပဲ နားထောင်စမ်းပါ၊ ငါတောင်းပန်ပါတယ်"

သူ့အသံတွေ လှုပ်လှုပ်ခတ်ခတ်နှင့် သူမကို တောင်းပန်ဆိုလျှို့တော့ သူမ တကယ်တွေဝေသွားပါသည်။

နာနာကျင်ကျင်နဲ့တော့ သူမ ပြန်လှန်ပြောလိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်စကားကို ငါ အမြဲနားထောင်နေရတာပဲ၊ ငါ လိုက်နားထောင်နေရတာပဲ ဘယ်နှစ်ခါရှိပြီလဲ၊ ငါ့ရည်းစားကိုတောင် ငါအဲ့ဒီလို နားမထောင်ခဲ့ရဘူး"

သူမတို့နှစ်ယောက် စီးတီးမတ်ထဲမှပဲ အပြင်ကို လှမ်းထွက်ရမလို၊ အထဲပဲ ပြန်ဝင်ရတော့မလို ချီတုံချတုံနဲ့ တစ်ယောက်ကိုတစ်ယောက် ဒုန်းကြီးတုံ့တင် စကားများရန်ဖြစ်နေကြတာ ဖြစ်သည်။

သူမကို သူက မျက်မှောင်ကျုံ့ကာ စူပွပွကြည့်သည်။ ကုဋေရဲ့ မျက်စောင်းသည် မိန်းကလေးတစ်ယောက်လိုပင် လှပမှန်း ခုမှ သူမ သတိထားမိတော့သည်။

သူမရဲ့ စိတ်ဆိုးချင်စရာ အင်မတန်ကောင်းသော သူငယ်ချင်းလေးသည် မိန်းကလေးတစ်ယောက်လို ရှန်းစိုလက်ပြက်သော မျက်လုံးနက်နက်လေးတွေ ရှိသည်။ အဲ့ဒီလို မျက်လုံးမျက်ဖန်လှလှလေးမှာ စိတ်ဆိုးဒေါသထွက်ဟန်တွေ အပြည့်မြင်နေရပေမယ့် အဲ့ဒီအကြည့်စူးစူးနောက်က သူမအပေါ် စာနာနားလည် ရိပ်သေးသေးလေးကိုတော့ သူမ မြင်ဖြစ်အောင် မြင်နေလို့သာပေါ့။ သူ့အပေါ် သူမ တကယ် နာကျည်း၊ စိတ်ဆိုးလို့ မရသေးတာ။

"ပြောလေ...၊ နင့်စကားမှဲ့ ငါအမြဲနားထောင်ခဲ့ရတာ၊ နင့်စကားကို နားထောင်ခဲ့ရလို့ ငါ့မှာ ခုထက်ထိ အရှုံးကြီး ရှုံးနေခဲ့ရတာ...ကုဋေရဲ့"

"ကျွတ်..."

သူက နှုတ်ခမ်းစူစူလုံးလုံးလေးကို စုထုတ်ပြီး စိတ်ပျက်လက်ပျက် စုတ်သပ်သည်။

"သိပ်နားထောင်တာပဲ၊ ဒီမနက်...ငါဘာပြောလဲ၊ လိုက်မသွားနဲ့၊ ဒီစီးတီးမတ်ကို လုံးဝလိုက်မသွားနဲ့လို့ ငါအတန်တန် မတားဘူးလား၊ ထိုက်ဆီ လိုက်မသွားပါနဲ့လို့ ငါပြောရက်သားနဲ့ နင် နားမထောင်ဘူးလေ...နိုင်၊ ဖုန်းကို ဗွပ်ကနဲ နင်ပစ်ချလိုက်ကတည်းက ငါသိလိုက်တယ်၊ နင်...ကမူးရှူးထိုး လိုက်သွားပြီဆိုတာ၊ အဲ့ဒါကြောင့် ငါ့မှာ...ကားကို မိုင်ကုန်တင်မောင်းလာရတာ နင့်ကိုလေ...နင့်ကို..."

အံမယ်...။ သူကပဲ သူမကို စိတ်ဆိုးမာန်ဆိုး ဒေါသတွေထွက်၊ ရင်အစ်က နိမ့်ချည်၊ မြင့်ချည် ဖြစ်နေလိုက်သေး...။



တော်တော်လည်း တတ်နိုင်သည့် ကုဋေ...။

သူဒေါသထွက်နေတာနှင့် သူမရဲ့ဒေါသလေးများပင် ဘယ်ဆီ ဘယ်ဝယ်၊ ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်ကွယ်သွားမှန်း မသိတော့ပါ။ ပါးပေါ်က မျက်ရည်စက်တွေကို သူမ လက်ဖမိုးနှင့် အသာပင်သုတ်လိုက်ရင်း တစ်ချက်တော့ ကျိတ်ရှိုက်လိုက်မိသေးသည်။

"နင်က...ငါ့ကိုလာပြောတာကိုး...ကုဋေစုတ်ရဲ့၊ အဲ့ဒါနင်လာစပြောတာ၊ နင်လာမပြောရင် ငါ...ဘာမှ မဖြစ်ဘူး၊ နင်က ထိုက်ကို ဒီမှာတွေ့တယ်၊ သူ့ဘေးမှာလည်း ဟိုဟာမ...ပါတယ်၊ နှစ်ယောက်လုံး ပြုံးလို့ပျော်လို့၊ ကြည်လို့ နူးလို့ဆို...၊ နင့်စကားကို နင်နားထောင်ကြည့်စမ်း၊ ငါ့ရင်ထဲ ဘယ်လိုဖြစ်မလဲ၊ ဘယ်လိုဖြစ်သွားမလဲလို့..."

"အဲ့ဒါ...နင်...ဒီကောင့်ကို စိတ်နာရအောင်၊ မုန်းအောင်လို့ ငါက ပြောပြတာ၊ နင့်စိတ်ထဲမှာ အကြွင်းအကျန်များ ရှိနေရင် ပျောက်ဖျက်နိုင်အောင်၊ မေ့နိုင်အောင် ငါက ပြောပြလိုက်တာ၊ နင်...အဲ့ဒီလို...ဆင်ကန်းတောတိုး စိတ်အလိုကိုလိုက်ပြီး မျက်နှာချင်းဆိုင် သွားရန်တွေ့ဖို့ ပြောတာမဟုတ်ဘူး"

သူ့လေသံက ကျယ်ကျယ်လောင်လောင်...။

အမြဲတစေ စိတ်ဆိုးဒေါသ မထွက်လွယ်သော အေးဆေးတည်ငြိမ်သည် သူမရဲ့သူငယ်ချင်းလေးသည် တကယ်ဒေါသထွက်လျှင်တော့ သူများထက်ကို ပိုဆိုးဝါးသည်။

သူမက ခပ်အေးစက်စက်လေသံနှင့် ပြန်ပြောလိုက်သည်။

"ငါ...ရန်တွေ့ဖို့ သွားတာ မဟုတ်ဘူး"

"ဒါဖြင့်...ဘာလုပ်ဖို့လဲ"

"ငါ...သူတို့နှစ်ယောက်လုံးကို သတ်ဖို့သွားတာ..."

"ကျွတ်..."

သူ...နောက်ထပ်တစ်ခါ...စုတ်သပ်ပြန်သည်။

"အဲ့ဒါကြောင့်...ပြောတာ၊ နင့်ကိုလေ...နင့်ကို...လွှတ်ပေးလို့ကို မရဘူး ဆိုတာ၊ နင်...သိပ်ခက်တာပဲ နိုင်ရယ်...၊ နင် သိပ်သွေးဆူလွယ်တာပဲ၊ အဲ့ဒါတွေကြောင့် ငါ...နင့်ကိုစိတ်မချတာ"

www.burmeseclassic.com

www.burmeseclassic.com


သူ့လေသံသည် မယုံကြည်နိုင်စရာကောင်းလောက်အောင် ပျော့ပြောင်းနည်းသွားပြန်သည်။ ရိဝေဝေ၊ မှုးစင်းစင်း အကြည့်တစ်မျိုးဖြင့် ခုထက်တိုင် လေ့ကားပေါ်ကို တက်ရန် ငြင်းဆန်နေဆဲ ကုပ်ကပ်ရပ်တန့်နေသည် သူမကို စူးမှုရှု ပြန်လှည့်ကြည့်သည်။

"ကဲ...လာစမ်း၊ ငါတို့တစ်နေရာရာမှာ ထိုင်ပြီးစကားပြောမှ ဖြစ်မယ် နင်...အဲ့ဒီလောက် သွေးပုနေရင် ငါလည်း ကားကို ဖြောင့်ဖြောင့်မောင်းပြီး ပြန်နိုင်မှာ မဟုတ်ဘူး၊ နင်လည်း ကားမောင်းလို့ မရဘူး"

"ငါ...တက္ကစီနဲ့လာတာ"

"သိတယ်လေ...၊ သိတယ်၊ နင်...အဲ့ဒီလောက် သွေးရူးသွေးတမ်း ဒီကို လိုက်သွားပြီဆိုကတည်းက နင့်ကားကိုတောင် နင်ထုတ်မမောင်းနိုင်တော့ဘူး ဆိုတာ ငါသိတာပ...မိနိုင်၊ ခု...ဒီကအပြန်ကို ပြောနေတာ၊ နင့်ကို ငါ့ကားနဲ့ တင်ခေါ်သွားတုန်း ငါ့ကို နင်...မထုမရိုက်ဘူးလို့ အာမခံနိုင်လို့လား၊ နှစ်ယောက်လုံးသေကုန်လိမ့်မယ်၊ နားလည်လား၊ ကဲ...လာ၊ ဒီဆိုင်မှာ ခဏထိုင်..."

သူက သူမလက်ကို ခုထက်တိုင် ဆုပ်ကိုင်ဆွဲခေါ်လာပြီး စီးတီးမတ်ဆိုင်ထဲ ပြန်မဝင်ဘဲ ညာဖက်ပြန်ကွေ့ကာ စားသောက်ဆိုင်လေးတစ်ဆိုင်ထဲ တန်းဝင်သွားသည်။

သူမကတော့ ခေါသတွေ၊ ကြေကွဲမှုတွေနှင့် ဘာကိုမှ မမြင်ပါ။ ဘာဆိုင်မှန်းလည်း မသိပါ။ မှန်လေးတွေနဲ့ အပြည့်ကာထားပြီး စားပွဲ၊ ကုလားထိုင် လှလှလေးတွေနဲ့ ခင်းကျင်းထားသော ကော်ဖီဆိုင်လေးလို့ ထင်တာပါပဲ...။

သူမနဲ့သူ လူသူရှင်းလင်းသော ထောင့်စားပွဲလေးတစ်ခုမှာ ထိုင်လိုက်မိကြစဉ် သူက မေးသည်။

"ဘာစားမလဲ...မိနိုင်..."

"မစားဘူး"

သူမ...ဘုတောလိုက်သည်။

သူက မချိုမချဉ်နှင့် သူမကို ခပ်စောင်းစောင်းတစ်ချက် ဇွေကြည့်သည်။

"ငါကတော့ စားမှာ...၊ နင်နောက်ကို ငါအသည်းအသန် လိုက်သာလာရတာ... ဗိုက်က...ဟောင်းလောင်း၊ နင့်ဟာနင် စားချင်စား မစားချင်နေ..."

သူက အနားလာရပ်သော စားပွဲထိုးကောင်လေးကို မော့ကြည့်းသည်။

"စားစရာ...ဘာရှိလဲကွ..."

"ရှိပါတယ်၊ ဒီဆိုင်က ဆင်းဒဝစ်၊ ဘာဂါ...၊ ဒီမှာ မီနူးပါ..အစ်ကို..."

"ဆင်းဒဝစ်ချ် အရင်ချကွာ..."

"ဆင်းဒဝစ်က အစုံရှိတယ်...အစ်ကို၊ ကြက်သား၊ ငါး...၊ ချိစ်၊ တ်သတ်လွတ်လည်း ရ..."

သူမ စိတ်မရှည်တော့။ ဒီနေရာကို ရောက်လာတာ သူနဲ့အဲ့ဒီလို ကော်ဖီင်မှာ အေးအေးဆေးဆေး အစားအသောက်တွေမှာပြီး တစ်ယောက် မျက်နှာစ်ယောက်ကြည့်၊ စကားထိုင်ပြောဖို့မဟုတ်...။ ခါးသီးနာကျင်စိတ်နှင့် မနိုင်၊ င်ရာ...၊ စားပွဲထိုးလေးကို သူမ လှည့်အော်ထည့်လိုက်သည်။

"ဟာ...ရှုပ်လိုက်တာ၊ ရှိတာ အကုန်ချပေးလိုက်ဟယ်၊ လူသားနဲ့ပါရင် လူသားဆင်းဒဝစ်ချ်ပါ ချပေးလိုက်၊ မရှိရင်...ငါသွားသတ်ပေးမယ်"

"ဟဲ့...မိနိုင်..."

စားပွဲထိုးလေးက လျှာလေးတစ်လစ်ထုတ်ကာ အခြေအနေ မကောင်းသိပြီး အနားကခွာသွားသည်။ ပြုံးစိစိနဲ့တော့ သူမနဲ့သူ့ကို ပေစောင်းစောင်းည့်သွားသေးသည်။

စားပွဲထိုးလေးထွက်သွားမှ သူက သူမကို 'ကော'...သည်။

"နင်...ဘယ်လိုဖြစ်နေတာလဲ၊ အဲ့ဒီလို စိတ်လိုက်မာန်ပါတွေ လျှောက် လျှောက်လုပ်လွန်းလို့ နင်ဓက်နေတာ...မိနိုင်၊ နင်ကိုက ဓက်နေတာ၊ စားပွဲထိုးလေးက ငါတို့ နှစ်ယောက်ကို ဘာထင်မလဲ၊ စိတ်ကောက်နေတဲ့ းစားတွေလို့ အောက်မေ့သွားမှာပေါ့၊ နင်...မရှက်ဘူးလား..."

"မရှက်ပါဘူး၊ ဘာလို့ရှက်ရမှာလဲ၊ သူ့ဟာသူ ဘာထင်ထင်"

"နင်မရှက်ပေမယ့်...ငါရှက်တယ်"

"ရှက်ရင် ဒီမှာမထိုင်နဲ့၊ ထ...ပြန်မယ်၊ ရှက်ရင်...နင်...ဘာလို့ဒီမှာ ထိုင်သေးလဲ၊ ငါ့နောက်ကို ဘာလို့လိုက်လာသေးလဲ၊ နင့်ကို ဘယ်သူက ခိုင်းလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ကဲ..."

စိတ်ဆိုးမာန်ဆိုးနဲ့ စားပွဲကနေ ထထွက်ဖို့ ဟန်ပြင်နေသော သူ့ လက်ကို သူက ပြန်ဆွဲသည်။

စားပွဲထိုးကောင်လေးက ဆင်းဒဝစ်ချ်ပေါင်မုန့်ပန်းကန်တွေကို စားပွဲ လာချနေရာ သူမ အသာပြန်ထိုင်လိုက်ရပြန်သည်။

မျက်နှာကိုတော့ ရှစ်ခေါက်ချိုးဆက်လုပ်ထားလိုက်သည်။

သူက ဟန်လေးပန်လေးပင် မဆောင်...၊ လာချသော ပန်းကန်ထဲ ကြိဂ်ပေါင်မုန့်လေးတစ်ခုကို ကောက်ယူပြီး ပါးစပ်ထဲထည့်လိုက်သေးသည် ပြီးတော့ ပလုပ်ပလောင်း အာလုပ်သံနှင့် လှမ်းပြောသည်။

"နိုင်...ပဲများမနေနဲ့၊ စား...၊ ကောင်းတယ်ဟ၊ ဒီဆိုင်က ဆင်းဒဝ် က..."

သူမ ရင်ထဲက ဘယ်သူ့ကို မကျေနပ်သည့် စိတ်မှန်းမသိဘဲ ဝမ်းနည် နာကျင်စိတ်တွေ အလိပ်လိုက်၊ အလိပ်လိုက် ဆို့တက်လာခဲ့သည်။

သူမအပေါ် အနိုင်ကျင့်၊ နိုင်းစေတတ်လွန်းသည့် သူ့ကို မကျေ စိတ်ဆိုးမိတာရော...။ ပြီးတော့ ဟိုနှစ်ယောက်...။

နရိုန်ဆို...သူမရဲ့ ချစ်လှစွာသော ချစ်သူနဲ့အဲဒီ...မိန်းမတစ်ယော ဟာ...၊ တစ်ယောက်လက်ကို တစ်ယောက်ချိတ်ပြီး၊ စီးတီးမတ်ထဲမှာ...၊ ဒ မဟုတ်...အပေါ်က ရှော့ပင်းစင်တာ၊ အင်္ကျီဆိုင်တွေထဲမှာ...ရယ်လို့၊ မောလို့ သူမကို မေ့နေကြမှာပေါ့...။ ဟုတ်လား...။

သူမရှေ့မှာ နည်းနည်းလေးမှပင် အားနာဟန်မပြဘဲ အစားအသော ကို အငမ်းမရစားနေသည့် သူ့ကို ဒေါသစိတ်တွေလည်း၊ တထောင်းထော ထွက်လာကာ...သူမ ငိုမိပါတော့သည်။

အိကနဲ တစ်ချက်ရှိုက်ပြီး အသံထွက်အောင်ကို...ငိုချလိုက်ရာ အခုမှ ပျာပျာသလဲ ဖြစ်သွားရပြန်ပါသည်။

"ဟာ...နိုင်ရာ၊ ဘာဖြစ်ရပြန်တာလဲဟာ...၊ ဆိုင်ထဲမှာကွာ...၊ ရှက် ကြီးကွာ၊ မငိုနဲ့ဦးလေဟာ..."

သူမမှာ ဒေါသသံတစ်ဝက်၊ ငိုရှိုက်သံတစ်ဝက်နှင့် ပြန်ပြောနေမိသ

"နင်...နင်...အဲ့ဒီရှက်တဲ့ ကိစ္စကြီးပဲ ပြောနေတာပဲ၊ ရှက်ရင် လဲသေ ဘယ်၊ သိလား၊ လဲသေ...၊ ငါ့နောက်ကိုလည်း မခေါ်ဘဲ အတင်းလိုက်လာတယ်၊ ငါလုပ်မယ်ဆိုတဲ့ ဟာတွေကိုလည်း အတင်းလိုက်တားတယ်၊ နင်... ဘယ်လို ကောင်လဲ...ကုဋ္ဌေ...၊ နင်...နင်...ငါ့ရင်ထဲမှာ ဖြစ်နေတာတွေကိုကျတော့ င်မကြည့်ပေးဘူး၊ ကိုယ်ချင်းစာမပေးဘူး၊ ငါကရော...ငါကရော..."

သူမ ခုမှ ဝမ်းပန်းတနည်း၊ ခုမှ ငိုကြွေးရှိုက်ငင်ချင်လာပါသည်။

"ငါကရော....မရှက်ဘဲနေမလား၊ ငါက မိန်းကလေးဟဲ့၊ ငါက မိန်းကလေးပါ ကုဋ္ဌေရယ်၊ ငါက ပိုရှက်ရမှာပါ၊ ဘယ်သူက လူပုံအလယ် ဒီလို ငိုချင်မှာလဲ၊ ဘယ်သူက သူ့ရည်းစားနောက်ကိုလိုက်ပြီး ကျွန်မသာလျှင် သူ့ရဲ့ချစ်သူပါလို့ မဏ္ဍပ်တိုင်တက်ပြချင်မှာလဲ၊ မိန်းကလေးချင်း အရှက်ကွဲအောင် အော်ဟစ်ရန်ဖြစ်ရမှာတွေ...ဒီလို စီးတီးမတ်၊ လူတွေ အများကြီးကြားထဲမှာ ဘယ်သူက လုပ်ချင်မှာလဲ၊ ငါ့ရင်ထဲက နာလို့...မချိအောင် ခံစားရလို့၊ အောင့်အည်းသည်းခံရတာတွေ များလို့၊ ဒီလို ပေါက်ကွဲထွက်ရတယ်ဆိုတာ နင်— ားမလည်ဘူးလား...၊ ငါ့ကို ထေိုက်...'လုပ်'သွားတာတွေ များလွန်းလို့ ဒီလို ဖြစ်နေရတယ်ဆိုတာ နင်မသိဘူးလား၊ အဲ့ဒါကို နင်မမြင်ဘူးလား"

"မြင်တယ်လေဟာ...၊ မြင်လို့..."

သူမ ဆူညံစွာ အော်ဟစ်ပေါက်ကွဲနေတော့ သူ့အသံလေးက တိုးဖွ သွားသည်။ သူမက ရန်ပဲ ဆက်တွေ့မိလိုက်သည်။

"နင်မြင်ရင်...ဘာလို့ လိုက်တားနေလဲ၊ ငါ...ဒင်းတို့နှစ်ယောက်ကို သွားရန်တွေ့မှာ နင်...ဘာလို့အတင်းလိုက်တားနေလဲ၊ ဟိုမှာ...စီးတီးမတ်ထဲမှာ ငါ့မျက်စိရှေ့တည်တည့်မှာကို အဲ့ဒီကောင်မက ဒင်းခါးကိုဖက်ပြီး ဈေးဝယ် နေလိုက်ကြတာ၊ နေ့ခင်းကြောင်တောင်ကြီး...၊ ငါ...အဲ့ဒီမြင်ကွင်းကို ဘယ်လို လုံးသားမျိုးနဲ့ ကြည့်ရမှာလဲ...ကုဋ္ဌေရဲ့၊ ဘယ်လိုခံစားချက်မျိုးနဲ့ နားလည် ားရမှာလဲ၊ သူပြောတုန်းက အလုပ်သဘောပါ၊ စီးပွားရေးအရ ဆက်စပ်မှုရှိလို့ ါ၊ လူကြီးတွေနဲ့ ရင်းနှီးနေလို့ပါ...ဆိုတဲ့ မိန်းမက အဲ့ဒီလိုခါးဖက်ပြီး ရှော့ပင်း င်တာထဲ အတူဈေးထွက်ဝယ်နေရသလား...ဟဲ့၊ ငါ့ဘက်ကို နင်...နင်... ံ့စားလေ...၊ ငါဘယ်လို ခံရခက်မလဲ...၊ ငါ့ရင်တွေ ဘယ်လိုဖြစ်သွားမလဲ..."

www.burmeseclassic.com

 www.burmeseclassic.com

"နင်က ယုံတာကို၊ ကိုထိုက်ကို နင်ယုံလွယ်တာကို...၊ ခုမှ...၊ နင် မျက်စိနဲ့တပ်အပ်တွေတော့မှ နင်က ပေါက်ကွဲချင်တာ၊ အဲ့ဒီလို ပေါက်ကွဲတာ အလွန်အကျွံဖြစ်မှာ စိုးလို့...ငါက..."

သူမ ဆတ်ကနဲ ပြန်အော်လိုက်သည်။

"ဘာအလွန်အကျွံလဲ...၊ ဘာမှ မလွန်ဘူး၊ ဘာမှ မကျွံဘူး၊ ငါ... အဲ့ဒီ ကောင်နဲ့သူ့ဟာမကို စီးတီးမတ်ထဲ ပါးဆွဲရိုက်ခဲ့မိရင်တောင် ငါ့အလွန် မဟုတ် ဘူး၊ နင်...ဘာမှ ပြောမနေနဲ့၊ ငါ့ကို နင်လိုက်ဆွဲနေတာ နင်...ငါ့ဘက်က နာလို့ မဟုတ်ဘူး၊ ဟိုကောင့်ဘက်ကို နင်ငဲ့ကြည့်နေလို့၊ ဟုတ်တယ်မို့လား... ကုဋေ စုတ်ရဲ့၊ 'ထိုက်တန်'က နင့်ရဲ့အချစ်ဆုံးသူငယ်ချင်း၊ နင်နဲ့သူက ဟိုး...သူငယ်တန်း ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း၊ ဒီတော့ နာချင်းနာ...သူငယ်ချင်းအရင် ခေါက်ခေါက်ဘက်ကပဲ နာမှာပေါ့၊ ငါ့ကို နင်လိုက်တားနေတာ... နင့်သူငယ်ချင်း အရင်းကြီး လူပုံအလယ် အရှက်ကွဲမှာစိုးလို့ မဟုတ်လား၊ နင့်သူငယ်ချင်းရဲ့ ဂုဏ်သိက္ခာတွေ လုလုကြီး ပြုတ်ကျသွားမှာစိုးလို့ နင်...လိုက်တားနေတာ..."

"တော်စမ်း...မိနိုင်"

သူနဲ့ သူမသည် တော်တော်လေးရိစရာကောင်းပါသည်။

သူ့ကို ဒေါသထွက်လျှင် သူမက 'ကုဋေစုတ်'ဟု ခေါ်တတ်သလို သူ သူမကို ဒေါသထွက်လျှင်လည်း 'မိနိုင်'ဟု ဆောင့်ဆောင့်အောင့်အောင့် ခေါ်တတ်သည်။

ဒီတစ်ခါတော့ သူမစကားကြောင့် သူတော်တော် ဒေါသထွက်သွား ရပါသည်။ စားပွဲကိုပင် လက်ဖဝါးနဲ့ ဗျန်းကနဲ ရိုက်လိုက်၍ သူမတော် ဆတ်ကနဲ တုန်သွားမိပါသည်။

အသားအလွန် ဆွတ်ဆွတ်ဖြူသော သူမရဲ့ သူငယ်ချင်းလေး ကုဋေ သည် မျက်နှာတွေ နီမြန်းကာ ရှုးရှုးရှဲရှဲ ဖြစ်လာသည်။

အဲ့ဒါဆိုရင် ဒီကောင် တကယ် စိတ်ဆိုးပါပြီ။

ကုဋေတစ်ယောက် ဘယ်လောက်ပဲ အော်အော်၊ ဟစ်ဟစ်...၊ နင့်နင် သည်းသည်းတွေ ဘယ်လောက်ပဲ ပြောပြော...၊ အဲ့ဒါတကယ်ဒေါသထွက်လို့ မဟုတ်ပါ။ သူက ဒီလိုပဲ ကြောက်မယ်ထင်လျှင် ဖြဲခြောက်တတ်တာ...။



သို့သော် မျက်နှာတစ်ခုလုံးနီမြန်းကာ စကားမပြောနိုင်အောင်ကို ခက်ထန်သည့် အကြည့်နှင့်စိုက်ကြည့်ခဲ့ပြီဆိုလျှင်...အဲ့ဒါ သူ...တကယ် သထွက်လို့တည်း...။

သူမကို သူဒေါသတကြီး ငေးစိုက်ကြည့်နေရင်၊ သူ့မျက်လုံးထဲမှာပါ ရည်စတွေ စို့စွတ်နေသလို ထင်ရသည်။ သူမ ဝမ်းနည်းသွားပါသည်။

သေချာသည်။ ကျွန်မစကားတွေ လွန်ကုန်ပြီထင်ရဲ့...။

သူ...ဒေါသတကြီး စပြောပါသည်။

"နင်...ဦးနောက်မရှိ...သွေးရူးသွေးတမ်းစကားတွေ လာပြောမနေနဲ့၊ သိတယ်၊ နင်...ငါ့အကြောင်းကို သိတယ်၊ ထိုက်တန်ဆိုတဲ့ကောင်...ငါ့ ယ်ချင်း၊ ဟုတ်တယ်၊ ဝန်ခံတယ်၊ သူ့ကိုလည်း ငါချစ်တယ်၊ ဒါပေမယ့် တဲ့ကိစ္စတစ်ခုလုံး ငါ...ဘယ်သူ့ဘက်က ရပ်ခဲ့သလဲ၊ နင်အသိဆုံး...နိုင်၊ ကောင် နင်...ဒီစကား ပြောထွက်တယ်၊ ဘာပြောတယ်၊ ခု...လိုက်တားနေတာ ကောင့်ဂုဏ်သိက္ခာကို ငါကငဲ့လို့...ဟုတ်လား၊ နင့်အကောင်...ကိုထိုက်မှာ သိက္ခာ ဘယ်နှစ်ပြားဖိုးရှိလို့ နင်ဒီလိုပြောရတာလဲ၊ ပြောစမ်း၊ ဒီကောင့် သိက္ခာကို ငါက ဘာကြောင့်ထည့်တွက်ရမှာလဲ၊ လဲသေလိုက်...မိနိုင်၊ နင် ဦးနောက်မရှိလို့ သူ့အချစ်ကို ကိုးကွယ်ချင်ကိုးကွယ်၊ ငါကတော့ အချစ်ဆုံး ယ်ချင်းဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်၊ လူတစ်ယောက်ကို အမှန်အတိုင်းမြင်တယ်၊ ကောင့်ကို ငါခုနေ...သွားဆွဲထိုးဆို...ထိုးရဲတယ်၊ ဒီနေရာမှာကို...၊ လူလယ် ခေါင်မှာဖြစ်ဖြစ်၊ ဘယ်နေရာမှာဖြစ်ဖြစ်...၊ သိလား...၊ ခုငါ...လိုက်တားနေတာ ဏ်သိက္ခာကြောင့်ဟ...၊ သိလား....နိုင်ရဲ့၊ နင်က မိန်းမ...၊ မိန်းမဆိုတာ ခင်တိုင်း လျှောက်လုပ်နေလို့ ရတာမဟုတ်ဘူး၊ နင်...အဲ့ဒီလို ပွဲသွားကြမ်း ရင် အဖြေက ဘယ်လိုထွက်လာမှာလဲ၊ နင်လိုချင်တဲ့ အဖြေဖြစ်လာမှာလား၊ ကောင်က ရှက်မယ်လို့ထင်သလား၊ သူ့ဟာမကရော ဒီကောင့်ကို စွန့်လွှတ် လို့ ထင်သလား၊ တကယ်အရှက်ရမှာက နင်ပဲ၊ နင်ပဲ မဟုတ်လား... နိုင်ရဲ့ ကြီးက နင့်ကို ပိုတောင်မုန်းဦးမယ်၊ ထိုက်နင့်ကို မုန်းသွားလိမ့်မယ်၊ နင့်ကို မုန်းသွားမှာစိုးလို့ဟ...မိနိုင်ရ၊ ငါ...လိုက်တားနေတာ..."

သူမ မျက်ရည်တစ်ပေါက် ကျဆင်းကြွေသက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါသည်။ သူပြောနေသည့် စကားတွေ သူမ တစ်လုံးမကျ နားလည်းပြီးသား ဖြစ်ပါသည်။ သူ့ကို သူမ...စကားနာထိုးလိုက်ခြင်းသာ ဖြစ်ပါသည်။ သူ့စေတနာ...၊ သူ...ကျွန်မအပေါ်ထားသည့် စေတနာတရားကို နားမလည်လို့ မဟုတ်ပါ။

ဒါပေမယ့် ခုလို သူထုတ်ပြောပြီး သူမဘက်ကနေ ကြင်ကြင်နာ ကိုယ်ချင်းစာပေးစိတ်ရှိတာကို ကြားရတော့ သူမ ပိုကြေကွဲရ၏။ ဆုမတောင်း ဘုရားဆိမှာ သူမ ကျိတ်ဆုတောင်းမိသေးသည်။

သူမ သိပ်ချစ်သော...ချစ်သူမှာသာ ကုဠေလောက်...သူမအပေါ် ထောက်ထားညှာတာသည့် ကြင်နာစိတ်ကလေး နိုးစိကလေးလောက် ရှိနေ ဘယ်လောက်ကောင်းလိမ့်မလဲ...။

ကြေကြေကွဲကွဲ ကျိတ်ရှိုက်နေသော သူမအား စားပွဲပေါ်က တစ် ပေပါလေးတစ်ရွက်ကို စတ်ကနဲ သူဆွဲထုတ်ပြီး ကမ်းပေး၏။

သူမ မျက်ရည်တွေကို ငိုရှိုက်ပင့်သုတ်နေရင်း ခါးခါးသီးသီး ပြော မိပါသည်။

"ခုလည်း...ဘာထူးလို့လဲ ကုဠေ၊ ခုလည်းငါ...သူ့ အမုန်းခံရသ ခံစားနေရတာပဲ မဟုတ်လား...၊ သူ...ငါ့ကို ထားခဲ့တာပဲ မဟုတ်လား"

သူက သူမကို ခပ်လှောင်လှောင် ရယ်သည်။

အဲ့ဒီလို ရယ်သံမျိုးကိုတော့ သူမ...မုန်းပါ၏။ သူနဲ့သူမ ခွန်းကြီးခွန်း ခဏခဏ ရန်ထဖြစ်ရတာလည်း အဲ့ဒီလို သူ့ရယ်သံမျိုးကြောင့်ပဲ။

သူ...ည် သူမစကားကို မသနားသည့်အပြင် အဲ့ဒီလို ခပ်ချဉ် ရယ်သံမျိုးနှင့် လှောင်ရယ်ပါသည်။

"သူထားခဲ့တော့ရော...ထားခဲ့တဲ့နေရာမှာတင် နင်က... နေခဲ့လို့ နိုင်၊ နင်...သူ့ကို ပြတ်လို့လား..."

သူမ မျက်ရည်ဥတွေ ခိုတွဲနေသော မျက်လုံးများနှင့် သူ့ကို စိတ် လှမ်းကြည့်လိုက်မိသည်။

"နင်...ငါ့ကို အဲ့ဒီလို မရိုနဲ့၊ နင်မှ မချစ်ဖူးဘဲ၊ မချစ်ဖူးတော့ ဒီလိုစကားပြောမှာပေါ့၊ သိပ်ချစ်တဲ့ ချစ်သူတစ်ယောက်က စွန့်ပစ်ထားခဲ့



ခံရတဲ့ လူတစ်ယောက်ဟာ အဲ့ဒီလောက်တော့ သွေးဖျက်မှာပဲ၊ ရူးသွပ်မှာပဲ၊ ငါ့ကို အဲ့ဒီလောက်ဖျတ်ဖျတ်ခါနေတယ်ဆိုပြီး မလှောင်ဝါနဲ့ ကုဠေ...၊ နင်...ချစ်ဖူးရင် သိလိမ့်မယ်"

"ဟာ...ဟ..."

သူမကို သူ လှောင်ရယ်ရယ်နေဆဲ။ သူ့မျက်လုံးတွေသည် သူမကို စူးစူးနစ်နစ် စိုက်ကြည့်နေသည်။ သူ့အကြည့်တွေသည် အရင်ကထက် ပိုမို လေးပင်နက်ရှိုင်းနေသလို ထင်ရသည်။ သူမရဲ့ ရင်ထဲအထိ ထွင်းဖေါက်စူးရှ စိုက်ကြည့်နေသလိုမျိုး...။

"ဒီမယ်နိုင်...၊ ငါယုံကြည်တဲ့ အချစ်ဆိုတာ နင့်လိုမျိုး သွေးရူး သွေးတမ်း ငိုကြွေးပြီး၊ ဒေါသတကြီး ပေါက်ကွဲဖွင့်ထုတ်ရမယ့် အရာမျိုး မဟုတ် ဘူး။ ပါးနပ်လိမ္မာပြီး မာယာများများ၊ လှည့်ကွက်ကောင်းကောင်းနဲ့ ကိုယ့်ဘက် ပါအောင် ဆွဲဆောင်သိမ်းသွင်းရမယ့် အရာ...၊ နင်... မြဲမြဲမှတ်ထားစမ်း"

သူမ ရုတ်တရက်ကြောင်အသွားပါသည်။ သူပြောလိုက်သော စကား ၏ အဓိပ္ပါယ်ဆိုလိုရင်းကို သဘောပေါက်ရန် တော်တော်ကြီး စဉ်းစားတွေးခေါ နေရသည်။

"နင်...ဘာကိုပြောနေတာလဲ..."

သူ မနိုးမခန့်ရယ်လေသည်...။

"ညံ့ပါ...နိုင်ရာ၊ နင်...သူ့ကို မပြတ်ဘူး မဟုတ်လား၊ သူက နင့်ကို ထားခဲ့လည်း နင်အထားမခံနိုင်ဘူး မဟုတ်လား၊ အဲ့ဒါကို နင်က...ဒေါသတကြီး လိုက်ရန်တွေ့၊ အရှက်တွေခွဲ၊ ပွဲကြမ်းလိုက်ရင် နင့်ဘက်ကို ဒီကောင်...ပြန်ပါလာ မယ်လို့ ထင်လို့လား...၊ ဝေးသေး၊ သူ့ကို ပြန်လိုချင်ရင် နင့်ဘက်ပါလာအောင် ပါ...လိမ့်လိမ်မာမာ ပြန်ဆွဲဆောင်ရမယ်လေ၊ သိမ်မွေ့တဲ့ကစားကွက်တွေ ကစား ထုတ်ရမယ်၊ နည့်တဲ့မာယာတွေ၊ လှည့်ကွက်တွေ၊ ရှင်းရှင်းပြောရရင်...ပညာ ...၊ ပညာတွေ ထုတ်သုံးတတ်ရမယ်၊ ပါးပါးလေးမှ ရမှာပေါ့၊ အတုံးလိုက် စာစ်လိုက်ကြီး သွားလုပ်လို့ရမလား၊ သူတောင်းစား ခွက်ပျောက်သလို၊ ...မ်းသည် ပီသလေးနိုးခံရသလို၊ ဆပ်ပြာသည် လင်ပျောက်သလို..."

"အော်...တော်ပါတော့၊ နင်ပြောကာမှ အတုံးလိုက်...တစ်လိုက်..."

www.burmeseclassic.com

www.burmeseclassic.com



“နင်က...အဲ့ဒီလိုပြောမှ”

သူမ ခစ်ကနဲ ထုတ်ရယ်မိတော့သည်။

“သေလိုက်ပါလား၊ ငါလည်း၊ မောင့်ကို...”

သူမ စကားမဆုံးသေး ယောကျ်ားတန်မဲ့ သူ့ရဲ့မျက်ဆောင်းလေး သူမဆီ အရင်ရောက်လာသည်။

သူက ခပ်ဆောင့်ဆောင့် ဖြည့်ပြော၏။

“ခုမှ ရှက်မနေပါနဲ့၊ ဆက်ပြောစမ်းပါ၊ ငါ...မကြားဖူးတာလည်း မဟုတ်ဘူး၊ နင်...ဒီကောင့်ကို မပြတ်ဘူးဆိုတာလည်း ငါသိပါတယ်”

သူမ မပွင့်တပွင့်တော့ ရယ်လိုက်မိသေးသည်။

“မောင့်ကို ငါ့ဘက်ပြန်ပါအောင် ဆွဲဆောင်ရတာလည်း ငါ မောလှပါပြီ ကုန်ရှေ့ရယ်၊ ပညာတွေလည်း ကုန်ပါပြီ’

“စိတ်မလျှော့စမ်းပါနဲ့ဦး၊ ငါတစ်ယောက်လုံး ရှိသေးတာကို...”

“ဩော်...မိန်းမဖြစ်တဲ့ ငါ့ကတောင် မာယာတွေကုန်ပါပြီဆိုတာ... နင်က ဘာတတ်နိုင်မှာမို့လို့ဟယ်”

“အဲ့ဒါနင်...ပိန်းတာလေ၊ ငါကယောကျ်ား၊ ဟုတ်တယ်၊ ဒီတော့ ယောကျ်ားအချင်းချင်း ကိုယ့်အားနည်းချက် ကိုယ့်ဟာကိုယ်သိတာပေါ့ဟ၊ ယောကျ်ားတွေရဲ့ အညာက ဘယ်မှာ၊ အညာကို ဘယ်လို၊ ဘယ်အချိန် ကိုင်လိုက်ရင် ပျော့ကျလာမယ်ဆိုတာ ငါက နင့်ထက် ပိုသိတာပေါ့၊ နင်...ငါနိုင်းတဲ့အတိုင်း လုပ်လို့ ငါက ခဏခဏပြောနေရတာ အဲ့ဒါကြောင့်၊ ပြီးတော့ ထိုက်တန်က အချစ်ဆုံးသူငယ်ချင်း၊ ဟိုး...ငယ်ငယ်လေးကတည်းက ညီအစ်ကိုလို နေလာ ကောင်၊ ဒီကောင့်အကြောင်း၊ ချေးခါးအူမမကျန် ငါအကုန်သိပြီးသားလေ၊ ပြောတဲ့အတိုင်းသာ လုပ်စမ်းပါနိုင်ရာ၊ သူ့ရည်းစားတွေ ဘယ်လောက်ထား နောက်ဆုံးမှာ နင့်ရင်ခွင်ထဲ ပြန်ရောက်လာစေရမယ်၊ ငါအာမခံတယ်ဟာ...”

“တကယ်လား....”

သူမရဲ့ ရင်ခုန်သံတွေ ပြန်လည် မြည်ဟည်းလို့လာပါသည်။

သူက မညှာမတာ သူမကို ငေါ့သည်။

“သူငယ်မ...မျက်လုံးတွေကိုက အရောင်တောင် တဖျပ်ဖျပ်ထွက်တာ



သူမ ရှက်သွားပြီး သူ့လက်မောင်းကို ဖျတ်ကနဲ ရိုက်ချလိုက်မိသည်။ သူက တခစ်ခစ်ရယ်သည်။ ပြီးတော့...မေးသည်။

“နင်က...ငါနိုင်းတဲ့အတိုင်း တကယ်လုပ်မှာလား”

“နင်က ဘာတွေ လုပ်နိုင်းမှာလဲ”

“ဩော်...လူကိုပဲ မယုံသင်္ကာသလိုလို၊ အထင်မကြီးသလိုလို၊ ဒီမှာ နင်...၊ ဒီစစ်ဆင်ရေးမှာ ငါ့ကို ဗျူဟာမှူးသာ ခန့်လိုက်ဟာ၊ နင့်ဘက်ကို ဒီကောင် ဒူးထောက်ဦးညွှတ်ပြီး ရောက်လာစေရမယ်၊ စိတ်ချ၊ ငါ့ကိုယုံ...၊ ယုံနော်၊ မယုံရင်တော့ လုံးဝပဲ၊ သေရိုးပဲ၊ ဒီပွဲမှာ ယုံကြည်မှုက အရေးကြီးတယ်၊ ဆရာတင်မယ်ဆိုရင် ဆရာရဲ့ပညာကိုလည်း ယုံကြည်မှုရမယ်”

“တော်ပါတော့ ဆရာရယ်၊ ယုံပါမယ်၊ ယုံပါ့မယ်...ဟဲ့၊ တကတည်း”

“အေး...ယုံရင်...ငါနိုင်းတဲ့အတိုင်း လိုက်လုပ်မယ်ပေါ့”

“လုပ်မယ်ဟယ်...၊ လုပ်မယ်”

“လုပ်မယ်ဆိုရင်...အင်း...ပထမအဆင့်...”

“ဆိုပါဦး....”

“ပထမဆုံး...နင့်ရှေ့မှာရှိတဲ့ ဆင်းဒဝစ်ချ်တွေ ကုန်အောင်စားပေးဦး ဟာ၊ ငါတစ်ယောက်တည်း မှာတာများပြီး မကုန်တော့လို့”

“အကောင်စုတ်...”

သူကရယ်နေသည်။ သူမပါ အောင့်မထားနိုင်ဘဲ ထုတ်ရယ်လိုက်မိပါသည်။ တကယ်ပဲ ပါးပေါ်က မျက်ရည်တွေ ခြောက်သွေ့သွားပြီ ဖြစ်လေသည်။ စောစောတုန်းက နာကျင်ကြေကွဲမှုတွေ၊ ခါးသီးမှုဒေါသတွေ ဘယ် ရောက်ကုန်မှန်းတောင် မသိ။

သူမ ကံကောင်းပါသည်။ ချစ်သူတစ်ယောက်က ချန်ထားရစ်ခဲ့လေမယ့် သူငယ်ချင်းကောင်းလေးတစ်ယောက်ကတော့ အနားမှာ ရှိနေသေးသည်။

တော်ပါသေးရဲ့...။

သူမလည်း ရှက်ရက်နှင့်ပဲ ပေါင်မုန့်တွေကို ကောက်ကိုင်လိုက်မိ၏။

“ငါလည်း မနက်ကတည်းက ဘာမှ မစားမဘဲ ထွက်လာတာဟ၊ ဗိုက်ကတော့ ရည်းစားပူမိနေလို့ စားရမှန်း၊ သောက်ရမှန်းတောင် မသိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လူက ပုထုပြီးမေ့နေတာ၊ ခုမှပဲ ဗိုက်က တအားဆာနေတာ သတိရတော့တယ်၊ အေး...ဟုတ်၊ ကောင်းတယ်နော်၊ ဒီဆိုင်က ဆင်းဒဝစ်ချ်က..."

သူမက စားရင်းနဲ့ ပလုပ်ပလောင်းပြောတော့ သူ မျက်မှောင်ကြု ကုပ်ထားလျက်က တစစ်စစ် ထုတ်ရယ်လေသည်။

"ငါပြောသားပဲ၊ သူတောင်းစားခွက်ပျောက်..."

"နင်နော်...၊ ဒီမှာ ငါစားနေတာ၊ နင်တောင်နင်တယ်၊ မှာပါလားဟယ်၊ အလိုက်တသိလေ၊၊ ငါသောက်နေကျ...စတော်ဘယ်ရီဒိန်ချဥ်လေးဖြစ်ဖြစ် ဘာဖြစ်ဖြစ်...ကို"

သူ့မျက်စောင်း သူမအပေါ်ရောက်လာပြန်သည်။

"ခုမှ ငတ်ကြီးကျမနေနဲ့၊ မှာပေးပါမယ် မယ်မင်းကြီးမရဲ့၊ ဖြည်းဖြည်း လေးလည်း စားပါဦး၊ ဘယ်သူမှ လုမစားတော့ပါဘူး"

ခုတော့ သူမတို့နှစ်ယောက်စလုံး ရယ်မောနိုင်ကြပြီ ဖြစ်လေသည်။

စားပွဲထိုးကောင်လေးကို သူက လက်ယပ်ခေါ်ပြီး အအေးမှာနေ သူမက မနေနိုင်၊ မထိုင်နိုင် မေးလိုက်မိ၏။

"မောင်လေးတို့ဆိုင်က ဆင်းဒဝစ်ချ်က သိပ်ကောင်းတာပဲ၊ အထဲ ဘာတွေထည့်ထားတာလဲဟင်..."

"အစ်မစားနေတာ တူနာငါးနဲ့ လုပ်ထားတာလေ၊ (Tuna Sandwich)၊ အဲ့ဒါက ပိုကောင်းတယ်၊ ဟုတ်တယ်"

သူမ ရုတ်တရက် ကြောင်ပြီး စားလက်စရပ်တန့်သွားသည်။

စားပွဲထိုးကလေးလည်း အူကြောင်ကြောင် ဖြစ်သွားသည်။ ကုဋေ သူမကို မျက်လုံးများဝိုင်းလျက် ပြန်ကြည့်နေသည်။

သူမ...ဘာကို အထိတ်တလန့်ဖြစ်သွားမှန်း ကုဋေသိသည်။

သူသိပ်သိသည်။ လက်ထဲမှာကိုင်ထားသော ပေါင်မုန့်ကိုက်နေလက် တစ်ဝက်တစ်ပျက်သည် လေထဲမှာရပ်တန့်လျက် တုန်တုန်ရီရီနှင့် သူမ ပြန် လိုက်မိသေးသည်။

"တူနာငါးဆိုတာ ငါးသေတ္တာထဲက ငါး..."

စားပွဲထိုးကလေးက ဂုဏ်ယူဝင့်ကြွားစွာဖြေသည်။



"ဟုတ်တာပေါ့...အစ်မရဲ့၊ ငါးသေတ္တာငါးနဲ့ လုပ်ထားတာပေါ့၊ ကျွန်တော်တို့ဆိုင်က သန့်သန့်လေး... ...."

"အား...."

အဲ့ဒီအသံက သူမရော၊ ကုဋေပါ ပြိုင်တူ အော်ဟစ်လိုက်ကြခြင်း ဖြစ်လေသည်။

နောက်ထပ် ဆယ့်နှစ်မိနစ်တိတိအကြာမှာ သူနဲ့သူမသည် စီးတီးမတ်ရဲ့ အပြင်ဘက်...ကားရပ်ကွက်လပ်ထဲမှာ နှစ်ဦးသား ကုန်းကုန်းကွကွ ဖြစ်နေ ကြပါသည်။ သူမကတော့ အခြေအနေ ဆိုးဝါးနေပါပြီ။

ပထမကတော့ စားထားသမျှကို လက်ညှိုးထိုးပြီး အန်ထုတ်မလို့ပါပဲ။ ဒါပေမယ့် လက်ညှိုးတောင် ထိုးစရာမလိုတော့ပါ။

ဗိုက်ထဲက ရစ်...ရစ်... တက်လာပြီး ထိုးအောင့်လာကာ လူကလည်း ချွေးတွေ ပျံတက်လာပြီး အလိုလို ပျို့အန်လာပါသည်။ သူမ ရေနုတ်မြောင်း လေးဆီ အလောသုံးဆယ် ပြေးသွားပြီး ဝေါကနဲ ထိုးအန်ချလိုက်ရသည်။

သူက နောက်ကနေ အပြေးလေးလိုက်လာသည်။ သူ့လက်ထဲမှာ တယ်အချိန် သွားပြေးဝယ်လိုက်မှန်း မသိသည့် ရေသန့်ဗူးလေးနဲ့အတူ၊ သူ့ကား ထဲက ဆွဲထုတ်လာဟန်တူသည့် တစ်ရှူးပေပါ အဖြူလိပ်ကလေး ကိုင်လျက် သား...။

အဲ့ဒီလို အလိုက်တသိ၊ သူမအကြောင်း ကကြီးက အ...နီးပါးအထိ သိနေသူ သူငယ်ချင်းကို သူမ စိတ်ဆိုးလိုက်လို့လည်း မဖြစ်...။

သို့ပေမယ့် သူမဗိုက်ထဲက အော်ဂလီဆန် ပျို့တက်နေတာတွေကို မခံစားချင်စွာ သူ့ကို လှည့်ပြီး ရန်တွေ့လိုက်မိသည်။

"နင်...နင်...သိပ်ယုတ်ပတ်တယ်၊ ငါ့ကို အတင်းစားခိုင်းတယ်၊ ဆင်းဒဝစ်တွေ ငါ...ဘယ်နှစ်ခုတောင် စားမိမှန်းမသိဘူး၊ ငါ...ငါးသေတ္တာစားလို့ မရဘူး၊ အလားဂျစ်ရှိတယ်ဆိုတာ သိရဲ့သားနဲ့၊ စားတာနဲ့ ထိုးအန်ပါတယ်ဆိုမှ၊

www.burmeseclassic.com

www.burmeseclassic.com



ခုကြည့်…ခုကြည့်၊ ခု….”

ပြောနေရင်းနဲ့ သူမ အန်ချရပြန်သည်။

စိတ်မကောင်းတဲ့မျက်နှာနဲ့ သူက ပြုံးစိစိလုပ်နေတုန်း။ သူမ ကျောကုန်းကိုလည်း နောက်ကနေ လာဖိပေးနေရင်း ပြန်ပက်သေးသည်။

“ငါလည်း ဘယ်သိပါ့မလဲဟာ…၊ သူတို့က ငါးဆင်းဒဝစ်ချ်လို့ပဲ ပြောတာကိုး”

“မီနူးမှာ မတွေ့ဘူးလား၊ မီနူးမှာ ရေးထားတာ နင်မမြင်လို့ ကန်းနေလား၊ တူနာဆင်းဒဝစ်ချ်လို့ ရေးထားတာကြီး”

“တူနာငါးက ငါးသေတ္တာငါး မဟုတ်ပါဘူးဟာ၊ ဟိုကောင် မသိတဲ့ ရမ်းပြောတာ၊ ငါးသေတ္တာက ဆာဒင်းငါးနဲ့လုပ်တာ၊ ဆာဒင်း…ဆာဒင်း”

“ငါးသေတ္တာမဟုတ်ရင် ငါ…ဘာကိစ္စ ဒီလိုအန်နေရမလဲ…၊ အံမယ် လေး…မျိုလာပြန်ပြီ…”

“ရော့…၊ ရော့…စကားများမနေနဲ့၊ ရေသောက်ဦး”

“အာ…ရေသောက်ရင် ပိုအန်ချင်လိမ့်မယ်”

“နိုင်…နင့်စိတ်ကိုက ဖြစ်နေတာ၊ နင့်စိတ်ကိုက မတည့်ဘူး၊ မတည့်ဘူး အန်လိမ့်မယ်၊ အန်လိမ့်မယ်လို့ တွေးနေလို့ အန်ချင်စိတ်ပေါက်နေတာ၊ ငါးသေတ္တာငါးလို့ပြောလိုက်မှ နင်က ပိုဆိုးသွားတာ၊ မသိခင်တုန်းက နင်…စားလို့ကောင်းနေတာ မဟုတ်လား…”

“အကောင်စုတ်…၊ ငါ…ပျို့ပျို့တက်လာတာ နင်…မမြင်ဘူးလား၊ အဲဒီ လောက်စားထားသမျှ အကုန်ပြန်ထွက်နေတာ စိတ်ကြောင့်ချည်း ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ လုံးဝ…အဲဒီငါးဆို စားလို့မရဘူး၊ ငယ်ငယ်ကတည်းက…”

“အဲ့ဒါ ငါးသေတ္တာငါး မဟုတ်ပါဘူးဆိုမှ…”

“ဟုတ်ပါတယ်ဆိုမှ တော့ရဲ့”

သူမက သူ့ကို ကောင်းကောင်းဆဲရေးလိုက်စဉ်…။

သူ့မျက်နှာက ရုတ်တရက် မျက်မှောင်ကုပ်၊ ရှုံ့မဲ့သွားတာ သူမ လှမ်းတွေ့လိုက်ရသည်။

“ဟင့်…ဘာဖြစ်တာလဲ…”



“နင့်ကြည့်ရင်းနဲ့ ငါပါ ပျို့တက် လာသလိုပဲ”

“အရေးထဲ လာနောက်မနေနဲ့…ကွာ…”

“ငါတကယ်ပြောတာဟ…”

သူမတောင် ခပ်ကြောင်ကြောင် မှင်သက်မိသွားစဉ်…။ သူက ကမူး ရှူးထိုးနဲ့ သူမဘေးကို ပြေးလာပြီး ချက်ချင်းထိုးအန်ချလိုက်လေသည်။

“အို…”

တကယ်ကိုပါပဲ…သူလည်း သူမနှင့်အတူတူပင် ခုနက စားထားသမျှ ပေါင်မုန့်တွေ အကုန်ထိုးအန်ချနေတာ…။ သူမမှာ အံ့ဩလွန်း၍ ဘာမှ ပြန်မပြော နိုင်တော့။ သူက တစ်ဖန်ပြန် ပျို့အန်နေတော့ သူမက သူ့ကျောကုန်းကို ပြန်ဖိ ပေးရပြန်သည်။ ဘယ်နှယ့်ဟာပါလိမ့်…။

“ဘယ်လိုဖြစ်တာလဲဟယ်…၊ နင်ပါ ငါးသေတ္တာငါးနဲ့ မတည့်ဘူးလား၊ စားရင် အလာဂျစ်ဖြစ်လို့လား…”

သူက သူမကို ထုံးစံအတိုင်း မျက်စောင်းချိပါသည်။ ရေနုတ်မြောင်း လေးဘေးနားမှာ ငုံ့ကိုင်းထိုင်နေရင်း သူမကို သူရန်တွေ့လေသည်။

“သေပါလား…နိုင်၊ အဲ့ဒါ ငါးသေတ္တာငါး မဟုတ်ပါဘူးဆိုမှ တယ်နှစ် ခါပြောရမလဲ၊ နင်…အဲ့ဒါကိုပဲ စွဲမိစွဲရာ ပြောနေတော့တာ၊ အစန့်မသင့်ရင် ဒီလိုပဲ အန်တာကို၊ ခု…ငါပါ…အန်နေတာ နင် မမြင်…”

ပြောနေရင်းတန်းလန်း သူ အန်ရပြန်သည်။

သူမ သူ့ကို ခုတစ်ခါလေးပဲ တကယ်သနားသွားကာ ကျောကုန်းတွေ ဖိသပ်ပေးနေရင်း ဖြေသိမ့်ရလေသည်။

“ကဲပါဟယ်…ကဲပါ၊ ငြင်းမနေပါနဲ့တော့၊ ကိုယ့်ဟာကိုယ် အန်မယ့် ဟာ အန်စမ်းပါ၊ စိတ်လျှော့…စိတ်လျှော့၊ ငါလည်း ဗိုက်ထဲရစ်နေတုန်း၊ သိပ် မကောင်းချင်သေးဘူး၊ နင်နဲ့ ခု…ရန်မဖြစ်နိုင်သေးဘူး၊ အားကုန်လို့”

သူက အန်နေရင်းနဲ့ သူမစကားကို သဘောကျသလို တခစ်ခစ် ရယ်နေသေးသည်။ သူမ သူ့ကိုယ်ကို နောက်ကနေ ဆောင့်တွန်းလိုက်မိသည်။

“ဘာရယ်တာလဲ…”

“ရယ်ချင်လို့ပေါ့…”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရယ်ရမှာလဲ..၊ ဒီမှာ နစ်ယောက်စလုံး သေကောင်ပေါင်းလဲ အောအန်နေရတာ၊ နင်က ရယ်နေနိုင်သေးတယ်၊ ကုဋ္ဌေနော်"

"အမှတ်တရပါပဲဟယ်၊ နင်လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်း ချည်းပဲ...နိုင်၊ ဖြစ်လိုက်မှဖြင့် ဝက်ဝက်ကွဲ..."

"ဘာမှ ဝက်ဝက်မကွဲဘူးနော်၊ ဘာမှမဆိုင်ဘူး၊ ငါတို့ဟာငါတို့ အစာ မရှိ၊ ဗိုက်ဟောင်းလောင်းနဲ့ ပင်လယ်စာတွေ ဒလဟောသွတ်မိကြလို့ ပြန်အန် ရတာ၊ အဲ့ဒါ...ငါ့ရည်းစားနဲ့ ဘာမှ မပါတ်သက်ဘူး"

"အဲ့ဒါ...နင့်ရည်းစားကြောင့်ပေါ့၊ နင့်ရည်စား ခြေမရှုပ်ရင် ငါတို့ နစ်ယောက် လမ်းဘေးက မြောင်းထဲ ရလိုမရောက်ဘူး"

"မြောင်းဘေးမှာ ထိုင်အန်ရတာလို့ပြောပါ၊ ဘာပဲပြောပြော နင့်ရဲ့ ပထမအဆင့်က သိပ်အဆင်မပြေတာတော့ အမှန်ပဲ"

သူမစကားကို သူ...ရုတ်တရက်နားမလည်ဘဲ အူတိအူကြောင် ပြန်ကြည့်သည်။

"ဘာလဲဟ...ပထမဆင့်..."

"ဩော်....နင်ပဲ ခုနက ပြောတယ်လေ၊ ငါ့ချစ်သူ ငါ့ဆီပြန်ရောက်လာ အောင် နင်နိုင်းတာ ငါက အကုန်လုပ်ရမယ်ဆို၊ ပထမအဆင့်အနေနဲ့ အဲ့ဒီ ဆင်းဒဝစ်တွေ ကုန်အောင်စားပေး...ဆို၊ ကုန်အောင်တော့ ငါစားပေးပါတယ်၊ ဒါပေမယ့် နောက်ဆုံးကျတော့ အကုန် ပြန်အန်ထုတ်ရတာပဲဟယ်၊ နောက်ထပ် ဒုတိယ၊ တတိယအဆင့်တွေ...နင်နိုင်းတာ အကုန်လိုက်လုပ်ဖို့တောင် ခပ်လန့် လန့်ရယ်..."

သူ ရယ်လေသည်။

သူ့ရဲ့ မျက်လုံးကြည်ကြည်တောက်တောက်လေးတွေ ဖေ့ပိတ်သွားတဲ့ အထိ သူရယ်နေပါသည်။

ပြီးတော့ ဗိုက်ကိုနှိပ်နေကာ ရှုံ့မဲ့မဲ့နှင့် ပြန်တော့ပြောနိုင်သေးသည်။

"အေး...အဲ့ဒီအဆင့်တွေကျ နင်ဘာလုပ်ရမယ်ဆိုတာ သိရင် ဒီ့ထက် တောင် ပိုလန့်စရာကောင်းမယ်...သိလားနိုင်..."


"ဘာရယ်..."



သူမ...တကယ်ကို သူ့စကားကြောင့် တုန်လှုပ်သွားရသည်။

သေချာပါသည်။

သူနဲ့သူမသည် ပြန်အန်ထုတ်လို့မရသော အရာများကို မျိုချပြီးခဲ့ကြပြီး ဖြစ်လေသည်။



www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ကင်ဆာရောဂါတစ်ခု ဖြစ်တယ်။
ကင်ဆာဆိုတဲ့ စကားလုံးက
လက်တင်ဘာသာစကားကနေ ဆင်းသက်လာတာ။
လက်တင်လို ဂဏန်းကောင်ကို
ကင်ဆာလို့ခေါ်သတဲ့။
ဘာကြောင့် ဒီလို ခေါ်သလဲဆိုတော့
ကင်ဆာရောဂါကို ပထမဆုံး ခွဲစိတ်ရင်းနဲ့
ရှာဖွေတွေ့ရှိလိုက်တဲ့အခါ
လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေပေါ်မှာ
သူ · · · အမြစ်တွယ်နေပုံဟာ
ကဏန်းကောင်တစ်ကောင်က · · အစာကို
သူရဲ့များပြားလှတဲ့ လက်တံတွေ၊ လက်မတွေနဲ့
ညှပ်တွယ်ထားသလိုပဲ မြင်လိုက်ရလို့ · · · တဲ့။
အစာကို ကဏန်းကောင်ဆီက ဖယ်ခွာချဖို့ခက်သလို
ကင်ဆာရောဂါကိုလည်း လူ့ခန္ဓာကိုယ်ထဲက
ခွဲထုတ်ကုသဖို့ခက်တာလေ။
အမြစ်တွယ်နေပြီဆိုတာကိုလည်း နောက်ကျပြီးမှ
သိကြတာ များတယ်။
မတူဘူးလား · · ဟင် · · ·
အချစ်နဲ့ · · ။

## အခန်း (၁)

"နိုင်...ငါပြောစရာ ရှိတယ်"

ကုဋေက သူမထိုင်နေသော စာသင်ခုံနောက်တည့်တည့်က ခုံမှာ ဝင်လာထိုင်ရင်း ခပ်တိုးတိုးပြောသည်။

သူမက လှည့်မကြည့်ပဲ ပြန်ထူးလိုက်သည်။

"ပြောလေဟာ..."

မျက်လုံးက ဖတ်နေသော ဖတ်စာအုပ်မှ နေ၍ ခွာလို့မရ...။

အစာရေမြို့ပြွန်လို့ လွယ်လွယ်ပြောလို့ရတဲ့ အဆော့ဖေးဂပ်စ် (Esophagus) မှာဖြစ်သော ကင်ဆာရောဂါအကြောင်းကို လွယ်မလိုလိုနဲ့ ရှုပ်ထွေးနေသည်။ အစာရေမြို့ပြွန်ကို အကြမ်းဖျင်း အထက်ပိုင်း၊ အလယ်ပိုင်းနဲ့ အောက်ပိုင်းဟု သုံးပိုင်းခွဲနိုင်ပြီး၊ တစ်ပိုင်းစီမှာ ဖြစ်သော ကင်ဆာအလုံးအကျိတ် အမျိုးအစားတွေက များပြားလွန်းကာ ကုသပုံ၊ ကုသနည်းတွေက တစ်ပိုင်းနှင့် တစ်ပိုင်း မတူပြန်။

အဆိုးဆုံးက ခွဲစိတ်နည်း အမျိုးအစားတွေ...။

အဲဒီ ခေါင်းစဉ်အောက်မှာ အာရုံဝင်စား ဖတ်ရှုနေခိုက်...၊ ဘယ်သူလာပြီး စကားပြောပြော အရေးလုပ် လှည့်ကြည့်မနေနိုင်ဟု ထင်သည်။ ကုဋေရဲ့ အသံက မာဆတ်ဆတ်ဖြစ်လာသည်။

"နိုင်...ငါ အရေးကြီးတာ ပြောမလို့"

"ဘာလဲဟာ...ဘာပြောမှာလဲ၊ ပြောမယ်ဆို...၊ ပြောလေ"

ကုဋေက သူမဘေးမှာ ကပ်ထိုင်နေကြသော သူငယ်ချင်းများကို ခပ်ငဲ့ငဲ့ မောင်းကြည့်သည်။ သူမ သဘောပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို စာသင်ခန်း အပြင်ဘက် ထွက်လာဖို့ ခေါ်နေတာ။ သူပြောမည့် အကြောင်းအရာကို တခြားလူတွေ မသိစေချင်ပဲ သူမတစ်ယောက်တည်းသာ သိအောင် ပြောလိုသည့် အမူအယာ...။

ဘေးက ကေနိုင်တစ်ယောက် ကုရွှေကို မျက်စောင်းလှည့်ထိုးသည်။

"ကုရွှေ...အမလေးဟဲ့၊ မိနိုင်နဲ့နှစ်ကိုယ်ကြား ပြောချင်တာလား။ ရှောင်တော့ မပေးနိုင်ဘူးဟယ်၊ မမဇင်က ဒီမနက် စီအေ အဆော့ဖေးဂပ်စ် သင်မယ်ဆိုလို့ ဒီမှာ စာကြိုဖတ်နေရတယ်၊ လုံး၀...လုံး၀ လာမနှောင့်ယှက်နဲ့၊ ကိုယ့်လူကိုယ် ရအောင် မ,ထုတ်"

ကေနိုင်က လှမ်းပြောလိုက်မှ ကုရွှေ ဒေါသတွေ ထွက်လာပုံရသည်။

"မိနိုင်..."

လေသံက ခပ်မာမာ...။

"ဘာလဲ...ကုရွှေရယ်၊ ဒီမှာ စာဖတ်နေကြတဲ့ ဥစ္စာ၊ အရေးထဲမှ... မမဇင် အကြောင်းလည်း သိရဲ့သားနဲ့၊ သူက သင်ပေးတာနည်းနည်း၊ ငါတို့ကို စာပြန်မေးနေတာက များများ၊ ကြိုဖတ်ထားမှ ဖြစ်မှာပေါ့၊ ဘာလဲ...၊ ဒီမှာပဲ ပြောလို့မရဘူးလား၊ ဘာမို့လို့လဲ"

"ဘာမို့လို့ရမှာလဲ၊ နင်နဲ့...နင့်လူ အရှုပ်တော်ပုံအကြောင်းပေါ့"

သူမ စိတ်ဆင်းရဲသွားပါသည်။

ကုရွှေဘာပြောမှာလဲ သိချင်တာကတစ်ဖက်။ သူမတို့က မမဇင်လို့ ခေါ်ရသည့် ဒီခွဲစိတ်ကုသဆောင်က ရာထူးအကြီးဆုံး၊ ခွဲစိတ်ပါရဂူဆရာဝန်ကြီး ဒေါ်ခင်မြဇင့်ကို ကြောက်ရတာက တစ်ဖက်။ ...လုပ်ရမှန်း မသိဖြစ်သွားသည်။

သူမနဲ့ မောင့်အကြောင်းကိုလည်း သူမရဲ့ မိန်းကလေးသူငယ်ချင်းတွေ ခရေစေ့တွင်းကျ အသိပေးမထားပါ။ သိလည်း မသိစေချင်ပါ။ ကုရွှေ တစ်ဦးပဲ ကကြီးက အ,အထိ သိနေတာ။

ကေနိုင်ရော၊ မိမိအေးရော၊ ခက်ခက်ကိုရော သူမနဲ့ မောင်ရဲ့ အပြီးပြီး အကွဲကွဲ ဇာတ်လမ်းကို အပေါ်ယံပဲ ပေးသိထားသည်။ မောင်က သူမရဲ့ နောက်ကွယ်မှာ နောက်တစ်ယောက်နဲ့ တွဲခုတ်နေသည်ဆိုတာပဲ အကြမ်းဖျင်း အသိပေးထားပြီး သူမ ဘာဆိုဘာမှ ဖွင့်ဟတိုင်ပင်ခြင်း မလုပ်ထားပါ။



ဒီတော့ ခုချိန်ကျမှ ကုရွှေပြောမှာတွေကို သူတို့ရှေ့ နားထောင်လို့ကလည်း မဖြစ်။ ချစ်သူငယ်ချင်းတွေအားလုံး မောင်နဲ့သူမ...ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုကတည်းက အားလုံး ဆူဆူဆဲဆဲ၊ ရင်ဘတ်တွေဖိကာ စိုးရိမ်ကြောင့်ကြ သတိတွေအတန်တန် ပေးခဲ့ပြီးသားပဲ။

ထိုက်တန်ဆိုသော မောင့်အကြောင်းက အဲ့ဒီလို သတင်းမွှေးပြီးသား။ "နင်...တစ်နေ့...ဒူးနဲ့မျက်ရည်သုတ်ရမယ်" လို့ ကေနိုင်က မနာနာအောင် ပြောခဲ့သေးတာတောင် သူမက ပြန်ချစ်ခဲ့မိသေးတာလေ။

ခုမှ သူတို့ရှေ့မှာ မောင့်မကောင်းကြောင်း ညည်းညူတိုင်တန်းပြီး ဖွင့်ဟ ပြောမပြချင်တော့ပါ။ ဘာမှလည်း မသိစေချင်တော့ပါ။

ထို့ကြောင့် ခံစားရသမျှသည် ကေခိုင်၊ မိမိ...၊ ခက်ခက်တို့ ဘာမှ မရိပ်မိကြသေးပဲ ကုရွှေတစ်ယောက်ကိုသာ ဖွင့်ဟသိခွင့် ပေးထားမိတာ။

ခုတော့ ကုရွှေက မောင့်အကြောင်းကို ပြောချင်သပဆိုကာ ဆေးရုံ စာသင်ခန်းထဲထိ လိုက်လာဆွဲထုတ်နေပါပြီ။

သူမ အမြဲလိုလို စိတ်ရှုပ်ထွေးလာလျှင် ဖြစ်နေကြအတိုင်း ဘာကို ဆုံးဖြတ်ရမှန်းမသိပဲ ချီတုံချတုံဖြစ်လာသည်။

ဘေလီအန်လပ်ဖ် ဖတ်စာအုပ်ကို ဘတ်ကနဲ ကောက်ပိတ်လိုက်ပြီးမှ ကုရွှေနောက်ကိုလိုက်ဖို့ တွန့်ဆုတ်သွားပြန်သည်။

"နေ့လည်မှ ပြောဟာ၊ စာသင်ပြီးမှပြော၊ မရဘူးလား"

ကုရွှေ မျက်မှောင်ကြီး ကျုံ့ကြည့်သည်။

"မရဘူး..."

ကုရွှေရဲ့မျက်နှာက တော်တော်ကြီးကို အရေးကြီးနေသည့်ပုံ...။

သူမ စာသင်ခုံကနေ မတ်တပ်ထရပ်လိုက်ပြီး စိတ်ထဲက မသက်မသာနှင့် ပြန်ထိုင်ချလိုက်မိပြန်သည်။

"မမဇင်သင်မှာဆို ဒီ စီအေအဆော့ဖေးဂပ်စ်အခန်းက အရေးကြီးတယ် ကုရွှေ၊ မေးမှာ သေချာတယ်၊ ရေးဖြေမှာ မပါတောင်၊ ဘက်ဆိုက်မှာ မေးမှာ ကျိန်းသေတယ်၊ နင်လည်း အလွတ်ခံလို့မရဘူး၊ ဒီလက်ချာ အရင်ဖတ်မယ်၊ ပြီးမှ ပြောဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိနိုင်..."

ကုဋ္ဌေတစ်ယောက် ဒေါသတကြီးနဲ့ ဆောင့်အောင့်အော်ပါသည်။

သူ့အော်သံကြောင့် သူမ အလန့်တကြား မတ်တပ်ထရပ်ပြီးမှ မမဇင်က ကလပ်စ်ပျက်လျှင် နောက်နေ့မှာ စာပို့ပြီးမေးတတ်သော အကျင့်ကို သတိရသွားပြန်သည်။ မမဇင်က သူ့စာသင်ချိန်မှာ ပျက်သောသူကို ပို့ပြီးမှတ်မိကာ အမြဲလိုလို စောင့်ကြည့် အကဲဖြတ်နေတတ်သည်။

သူမ ဝေခွဲမရပဲ ပြန်ထိုင်လိုက်မိသည်။

ဘေးနားက ကေခိုင်နဲ့ မိမိ စိတ်မရှည်ကြတော့ပါ။

"အို...ဘာဖြစ်နေကြတာလဲဟယ်၊ ဒီမမနိုင်ကလည်း လိုက်မှာဖြင့်လည်း လိုက်သွား၊ ကလပ်စ်တက်မှာဖြင့်လည်း တက်၊ ထိုင်လိုက်ထလိုက်နဲ့၊ ဒီက စာဖတ်နေတဲ့သူတွေတောင် အာရုံနောက်တယ်"

"ဘာဖြစ်ရမှာလဲ...၊ ထုံးစံအတိုင်းပေါ့၊ တစ်ခုခု ဆုံးဖြတ်ခါနီး နံကြား ယောက်ချင်နေတာ၊ မယ်မရတို့...ဒီအတိုင်းပဲ၊ ပြတ်ပြတ်သားသားဘာမှ မရှိဘူး၊ ခု...ဘာလဲ၊ ဘယ်လဲ၊ ထိုင်မှာလား၊ ထွက်မှာလား၊ မြန်မြန်ဆုံးဖြတ်.."

တစ်ယောက်တစ်ပေါက် သူမကို ဝိုင်းအော်ကြပါသည်။

သူမရဲ့ သူငယ်ချင်းတွေ အုပ်စုက ပိုတောင့်သဖြင့် သူမ ကုဋ္ဌေကို အနိုင်ယူလိုက်သည်။

"ဘယ်လောက်အရေးကြီးကြီး နောက်မှပြောတော့ ကုဋ္ဌေ၊ ဒီနေ့ သင်မယ့်အခန်းက တစ်ချိန်ချိန်မှာ လူတစ်ယောက်ယောက်ရဲ့ အသက်ကို ကယ်ရမယ့် သင်ခန်းစာဖြစ်ချင် ဖြစ်နေမှာ၊ လူနာတွေရဲ့အသက်ထက် ငါ့ရည်းစား အရှုပ်တော်ပုံဇာတ်လမ်းက ပိုအရေးမကြီးနိုင်ဘူး၊ လက်ချာပြီးမှ...လာပြော"

ကုဋ္ဌေတစ်ယောက် မျက်နှာကြီး နီမြန်းလာအောင် ဒေါသထွက်နေသည်။ တစ်ခုခု...သူမကို နှစ်နှစ်နာနာ ပြောတော့မလို နှုတ်ခမ်းတွေ လှုပ်လှုပ် ရွရွ ဖြစ်နေစဉ်...။

သူမတို့ရဲ့ ကိုးတစ်ဆယ် ခွဲစိတ်ကုသဆောင် စာသင်ခန်းကျဉ်းကျဉ်း လေးထဲကို မုန်တိုင်းတစ်ခုလို ဝုန်းကနဲ...၊ ဆင်နားရွက်တံခါးကို တွန်းဖွင့် ဝင်လာသူက မမဇင်...။ ခွဲစိတ်ပါရဂူ ပါမောက္ခ ဒေါက်တာဒေါ်ခင်မြဇင်...။



ဂျူတီကုတ် အဖြူရောင်ဖားဖားက မမဇင်ရဲ့ ဒူးခေါင်းကို ဖုံးနေသည်။ ဂျူတီကုတ်က ရှည်လို့တော့ မဟုတ်။ အဲဒီဂျူတီကုတ်ကို ကုဋ္ဌေသာ ဝတ်ထားရင် တင်ပါးဖုံးရုံလောက်လေးရှိမှာ။

သူမအတွေးကို သူမဘာသာ ပြုံးမိရင် မမဇင်ရဲ့ စူးရှကျယ်လောင်သော အော်ဟစ်သံကြီးကို စတင်ကြားရပါတော့သည်။

မမဇင်က အရပ်သာ ပုတာ၊ အဲဒီအသံဩဩကျယ်ကျယ်ကြီးကျ ဘယ်ထဲက ထွက်လာမှန်း မသိ။

"အမလေး...၊ ယူတို့ ဒီမှာ ဘာထိုင်လုပ်နေကြတာလဲ၊ ဖိုင်နယ်ပါတ်တူး တွေ၊ အမလေးလေး၊ ယူတို့ ဖိုင်နယ်ပါတ်တူး ရောက်ပြီလေ၊ စာမေးပွဲဖြေပြီးရင် နောက် နှစ်လ၊သုံးလဆို ယူတို့အားလုံး ဆရာဝန်ဖြစ်ပြီဟဲ့၊ ဒီအခန်းထဲမှာ ကျောက်သင်ပုန်းနဲ့ မြေဖြူနဲ့၊ လေးတန်းကျောင်းသားသင်သလို အိုင်က စာသင်ရမှာလား၊ ဘာလုပ်နေကြတာလဲ၊ ထွက်...၊ အကုန် အပြင်ထွက်၊ အကုန်... ဝပ်ထဲသွား၊ လူနာနဲ့ စာသင်မယ်၊ အမလေး...နော်၊ ကော့စ်လည်း ဘယ်သူမှ ယူထားပုံ မရဘူး၊ နင်တို့တွေလေ...၊ ငါလုပ်လိုက်ရ အကုန်...၊ စိစိညက်ညက် ကြေကုန်မယ်"

သူမဘာကြောင့် မမဇင်စာသင်ချိန်ကို မဖျက်ချင်လည်း ကုဋ္ဌေ သဘောပေါက်သွားပုံရသည်။

ရှုပ်ပုပ်မျက်နှာနှင့်ပဲ သူမကို တစ်ချက်လှမ်းကြည့်ပြီး နှုတ်ကတော့ ဘာမှထပ်မပြောတော့ပါ။ ဂျူတီကုတ်တွေ အသီးသီးဝတ်ပြီး လမ်းလျှောက်ပြိုင် နေသလိုလျှောက်နေတဲ့ မမဇင်နောက်က အကုန်ဗို့ရိုဖားရား ပြေးလိုက်သွားရလို့ ဖြစ်သည်။

အမျိုးသမီးလူနာ။
အသက် ငါးဆယ့်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး။

ပထမဆုံး စတင်ထုတ်ဖော်သည့် ရောဂါလက္ခဏာ....။

အစာမျိုရန်ခက်ခဲခြင်း။ အစာစားပြီးချိန် ရင်ခေါင်းတောင့်ခြင်း။

ပထမဆုံးဆေးခန်းဆရာဝန်နှင့် ပြသချိန်တွင် ခန့်မှန်းကုသချက်... အစာအိမ်ရောင်ရမ်းခြင်း။

မထူးဆန်းပါ။ ပြင်းထန်လွန်းသည့် ရောဂါတော်တော်များများသည် ပြင်ပဆေးခန်းတွင် ပထမဆုံးအကြိမ် သွားရောက်ပြသစဉ် ရောဂါအမည် တပ်သည့်အခါ အနည်းငယ်လွဲချော်တတ်ကြစမြဲပါ။ တိကျသေချာသည့် ဆေးစစ်ချက်၊ သွေးစစ်ချက်အဖြေ၊ ဓါတ်မှန်၊ ကွန်ပျူတာ ဓါတ်မှန်၊ အသားစယူ စစ်ဆေးခြင်း...စသည့်များပြားလှစွာသော ဓါတ်ခွဲခန်းအဖြေများ မရရှိသေးဘဲ၊ မတိုင်းတာရသေးဘဲ ဘယ်ဆရာဝန်ကမှ ရောဂါအမည်ကို တိတိကျကျ သတ်မှတ်ပေးဖို့ ခက်ခဲပါလိမ့်မည်။

လူနာဘက်ကလည်း တော်ရုံ အောင့်တာ၊ နာတာ၊ ကိုက်တာခဲတာ လောက်နှင့် ဆေးရုံပေါ်တက် ဓါတ်ခွဲစမ်းသပ်ချင်ကြမှာ မဟုတ်ပါ။ ထိုဓါတ်ခွဲ စမ်းသပ်မှုတွေကလည်း ငွေကြေးသောင်းဂဏန်းကနေ သိန်းဂဏန်းထိ ကုန်ကျ သွားနိုင်သည် ဆိုတော့....။

သို့ပေမယ့် ကုသဖို့ရန်လည်း ခက်ခဲပြီး ဆေးမရှိသည့်ရောဂါ...အထူး အဆန်းတွေ၊ အလွန်ကြောက်စရာကောင်းသော အဆုံးသတ်တွေ ဖြစ်ပွား နိုင်သည့် ဘယ်လိုရောဂါကြီးမျိုးမဆို အစမှာတော့ ရိုးရိုးကလေး...၊ သာမန် ဝေဒနာလက္ခဏာလေး တစ်ခု...သို့မဟုတ်၊ နှစ်ခုလောက်နဲ့ပဲ ထွက်ပေါ်လာ တတ်တာဖြစ်သည်။

ဘယ်သူက ထင်မှာလဲ။

ဟောဒီ နောက်ဆုံးနှစ်ဆေးကျောင်းသားတွေ ဆယ်ယောက်ကျော် စာသင်ခံရဖို့ လူနာဖြစ်လာတဲ့ အန်တီကြီးဟာ ပထမဆုံးအကြိမ် ဆေးခန်းသွား ပြစဉ်က အစာမာမာ စားလို့ မဝင်တာ၊ စားရင် ရင်ခေါင်းထဲက တောင့်နေတာ၊ မျိုချင်အန်ချင်သလို ဖြစ်နေတာ....။ အဲဒီ လက္ခဏာလေး အနည်းငယ်ကလွဲလို့ ဘာမှ ကြီးကြီးမားမား ခံစားခဲ့ရတာ မဟုတ်။



ဆေးခန်းမှ ဆရာဝန်က အစာကြေဆေးနှင့် အစာအိမ်ယောင်ရမ်းမှာ လို့ပဲ ရောဂါအမည် သက်မှတ်ခန့်မှန်းပြီး ကုသပေးခဲ့တာ။ ဆရာဝန်တော်တော် များများကတော့ ပထမဆုံးအကြိမ်မှာ ဒီလိုပဲ တွေးပြီ ကုသပေးကြမှာပဲ။

သူမ ဒီလိုပဲ ထင်ပါသည်။

ခုတော့ ဓါတ်ခွဲစမ်းသပ်မှုတွေ၊ ကွန်ပျူတာဓါတ်မှန်အဖြေတွေ၊ မှန်ပြောင်းကြည့် အသားစယူ စစ်ဆေးချက်တွေ အပြီးမှာ ထွက်လာတဲ့ နောက်ဆုံး အဖြေက အစာရေမျိုပြွန် ကင်ဆာရောဂါ အဆင့်နှစ်...ဖြစ်လို့နေပါပြီ။

ကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့။ အဲဒီဖြူဖြူဖိုင့်ဖိုင့် အန်တီကြီးက ကျောင်းအုပ်ဆရာမကြီးပီပီ၊ ကျန်းမာရေးကို အလေးထားဂရုစိုက်သူဖြစ်နေတော့ အစာမာမာ မစားနိုင်ရာကနေ၊ တဆင့်တက်၊ အစာနည်းနည်းလေး စားပြီး ရင်ပြည့်နေတာ၊ တစ်ခါတစ်ခါ စားတာလည်း မများပါပဲ ပြန်ပြန်အန်ထုတ်ချင် နေတာ၊ ထမင်းစားပျက်တာ၊ တစ်ခါတစ်ရံ ရေလေးသောက်တာတောင် နင် သလိုလို၊ သီးသလိုလို ဖြစ်ဖြစ်လာတာတွေ ပေါင်းကာ "တစ်ခုခုတော့ မှား နေပြီ...ဆရာ"လို့ သူကိုယ်တိုင် ဆေးခန်းဆရာဝန်ကို ပြောခဲ့ပါသတဲ့။

ဆေးခန်းမှ ဆရာဝန်က အထူးကုဆရာဝန်တစ်ဦးနှင့် လွှဲပြောင်းပြသဖို့ ညွှန်ကြားခဲ့ပြီး....။

နောက်ဆုံးမှာတော့....။

စမ်းသပ်စစ်ဆေးမှုပေါင်းများစွာကို ကျော်ဖြတ်ပြီး....။

အထူးကုဆရာဝန်တော်တော်များများနှင့်လည်း လွှဲပြောင်းပြသပြီး ခဲ့ပြီး....။ အခုအခါမှာတော့ ခွဲစိတ်ကုသဖို့ပင် ရက်ချိတ်ထားပြီးဖြစ်တဲ့ ကင်ဆာ ရောဂါဝေဒနာရှင်တစ်ဦးအဖြစ် ဆေးရုံကြီး ကိုးတစ်ဆယ် ခွဲစိတ်ကုသဆောင်မှာ တက်ရောက်ကုသနေရတာတောင် တစ်လကျော်ကြာနေခဲ့ပြီလေ။

မမဇင်က အစာရေမျိုပြွန် ကင်ဆာဖြစ်စေနိုင်သည် အကြောင်းရင်းတွေ ရောဂါဗေဒဘက်နှယ်ကာ စာသင်နေသည်။

သူမခေါင်းထဲ မဝင်တစ်ချက်၊ ဝင်တစ်ချက်။

ကုဋေပြောချင်တဲ့ မောင့်အကြောင်းဆိုတာ ဘာပါလိမ့်။

မောင်နဲ့ သူ...ဖုန်းပြောထားသလား။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က စီးတီးမတ်မှအကြောင်းကို မောင်သိသလား။ ကုဋေက ကော်ဖီဆိုင်မှာ သူမ...ငိုချသည့်အကြောင်းကိုရော ပြောလိုက်သေးသလား။

ခေါင်းထဲက ရှုပ်ထွေးနေမှုနှင့်အတူ ရင်ထဲက လေးနေသည်။

ကုဋေကို လှည့်ပြီး မျက်နှာထားကို တစ်ချက်အကဲခတ်မိတော့ ခုနကပဲ ဒေါသတွေထွက်ပြီး မျက်နှာကြီးနီမြန်းနေခဲ့သည့်သူတစ်ယောက် မဟုတ်သည့်အလား တည်ငြိမ်စွာ မမဇင်သင်နေတာကို နားစိုက်ထောင်နေတာ တွေ့သည်။

"ဘယ်အရာမဆို အစွန်းရောက်တာ မကောင်းဘူးလေ၊ အိုင်အမြဲ ပြောတယ်၊ အစွန်းနှစ်ဘက်ကို ရှောင်...၊ ဟုတ်တယ်မို့လား၊ ပူလွန်းတာ၊ အေးလွန်းတာ၊ အဲ့ဒါတွေစားရင် အဆော့ဖေးဂပ်စ်မှာ ဒဏ်ဖြစ်တာပေါ့၊ အစာအိမ်လမ်းကြောင်းတစ်လျှောက် ရှိနေတဲ့ လျှာကနေစပြီး၊ အဆော့ဖေးဂပ်စ်၊ စတော့မတ်အထိ ကင်ဆာဖြစ်နိုင်တယ်လေ၊ အဲ့ဒီကင်ဆာတွေ ဘယ်နိုင်ငံမှာ အင်စီးဒင့်အများဆုံးလဲ၊ သိလား၊ ပြော....၊ ဘယ်သူသိသလဲ၊ ယူသိလား"

ယနေ့ ထိပေါက်သူက မိမိအေး ဖြစ်သည်။

လူနာဆီက မှတ်တမ်း(History) ယူဖို့ မမဇင်က မိမိအေးကို တာဝန်ပေးပြီး လူနာအကြောင်းကိုအကုန် ကကြီးက အ,အထိ မမဇင်ရှေ့မှာပဲ မေးမြန်းရကာ၊ ရောဂါဗေဒနှင့် ပါတ်သက်၍ကော၊ ခါတ်ခွဲစမ်းသပ်မှုတွေအားလုံးနှင့် ပါတ်သက်၍ကော၊ လူနာကို ဘယ်လို ကုထုံးမှုများနှင့် ရွေးချယ်ကုသရမည်ဆိုတာတွေကော အကုန် အမေးခံနေရပါသည်။

သို့ပေမယ့် သူမရဲ့ သူငယ်ချင်း မိမိက စာတော်သည်။

စီအေ အဆော့ဖေးဂပ်စ်အကြောင်းကို သူများတွေထက် နှစ်ဆလောက်ပိုသိနေသည်။ တော်သေးတာပေါ့။ မမဇင်ရဲ့ ဆူပူငေါက်ငမ်းသံတွေ ဒီနေ့ မိမိအေး အဖြေကောင်းနေသေးလို့ သိပ်မကြားရသေးပါ။

မိမိက မမဇင်မေးခွန်းကို ချက်ချင်းဖြေသည်။

"ဂျပန်၊ တရုတ်..."

"သိပ်ဟုတ်တာပေါ့၊ အဲ့ဒီနိုင်ငံတွေမှာ သူတို့လူမျိုး ခလေ့စရိုက်အရ ပွက်ပွက်ဆူနေတဲ့ စွပ်ပြုတ်တွေ၊ ခေါက်ဆွဲပြုတ်တွေ၊ မီးဖိုပေါ်က ချချချင်းကို အငွေ့တထောင်းထောင်း ထနေတုန်း...ရှလွတ်ရှလွတ်နဲ့ တစွတ်စွတ် သောက်တတ်ကြတာလေ"

ဆေးကျောင်းသူ၊ ကျောင်းသားလေးတွေ ရယ်ကြသည်။

"တွေ့ဖူးတယ် မဟုတ်လား...၊ ယူတို့...၊ သူတို့နိုင်ငံရဲ့ ရာသီဥတုကလည်း ဒီလိုမျိုးကို သောက်မှလေ၊ သိပ်အေးတဲ့ တိုင်းပြည်တွေကိုး၊ ပူမှ၊ ပွက်ပွက်ဆူမှ အဲ့ဒီလိုမျိုးကို စားသောက်မှ ခန္ဓာကိုယ်အတွက် (Heat) ရမယ်လေ၊ ဒါပေမယ့် တစ်ဖက်ဆိုးကျိုးက အဆော့ဖေးဂပ်စ်ကို ဒဏ်ဖြစ်တယ်၊ တစ်ရက်နှစ်ရက်စား၊ ဘာမှ မဖြစ်ပေမယ့်...၊ နှစ်ပေါင်းများစွာ၊ နေ့စဉ် ရက်ဆက်စားရင်...၊ အင်း...၊ ဒါကြောင့် ဘယ်အရာမဆို အစွန်းရောက်အောင် မလုပ်ကြနဲ့၊ အိုင်အမြဲပြောတာပေါ့၊ ပူမှလား...၊ မဟုတ်ဘူး၊ အေးလွန်းရင်လည်း ဒဏ်ဖြစ်တယ်နော်၊ အဲ့ဒါ ယူတို့လေ၊ တို့မြန်မာပြည် နွေရာသီ သိပ်ပူတယ်၊ အပြင်ကပြန်လာရင် ရေခဲရေအေးအေးလေး သောက်လိုက်ရမှ၊ ဟုတ်လား၊ တချို့ကရိုးရိုးအေးတာနဲ့မရဘူး၊ ရေခဲတုံးတွေ ဖန်ခွက်ထဲမှာ ပြွတ်ကျပ် နေအောင်ထည့်၊ ရေစက်လေးတွေ ဖန်ခွက်မှာ ခဲ...သီး....နေအောင်ကို အေးနေမှ သောက်ချင်တာ၊ ပြီးတော့ ရေကုန်သွားရင်တောင် ရေခဲတုံးကို ဖန်ခွက် စောင်းမော့ပြီး တပြွတ်ပြွတ်စုပ်ကြ၊ ကိုက်ကြ...၊ ဝါးစားကြသေး၊ ဟင်း...ဟင်း၊ အဲ့ဒီလို လူတွေ ယူတို့ထဲ ဘယ်နှစ်ယောက်ပါသလဲ၊ လာခဲ့၊ ကိုးတစ်ဆယ်ကို..."

အားလုံးရယ်ကြပြန်သည်။

မတ်တပ်ရပ် နားထောင်နေသော ဆေးကျောင်းသားတွေ ဆယ်ယောက်လောက်အနောက်မှ သူမ...မသိမသာ ခြေလှမ်းတွေရွှေ့ကာ ကုဋေအနားကို တိုးသွားမိသည်။

ကုဋေက မျက်မှောင်ကျုံ့ကြည့်သည်။

သူမ နှစ်ကိုယ်ကြားသာရုံ လေသံကို အတိုးဖွဆုံးလုပ်ကာ ရှေ့မှစာသင်နေသော မမဇင် မကြားအောင် ကုဋေကို လှမ်းမေးလိုက်မိသည်။

"ကုဋေ...နင်...ဘာပြောမလို့လဲ...ဟင်"

ကုဋေ စူပွပွ ပြန်ဖြေသည်။

"နင်ပဲ...ပြီးမှ ပြောဆို၊ ဘယ်လိုဖြစ်နေတာလဲ...၊ မမဇင် စာသင်နေပါယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ထဲ ကလိကလိဖြစ်နေပြီ၊ နင်..မနေ့က ငါတို့ သူ့ကို စီးတီးမတ်ထဲမှာ တွေ့တဲ့အကြောင်း သတင်းပို့လိုက်တယ် မဟုတ်လား"

"အေး..."

"ဟိုမိန်းမက သူ့ခါးကို ဖက်တာ ငါ...တွေ့သွားတဲ့ အကြောင်း..."

"ပြောလိုက်တယ်၊ တော်တော့...နိုင်၊ မမဇင် နင့်ကို ကြည့်နေပြီ၊ ပါးစပ်ပိတ်တော့"

သူမ လျှာလေးတစ်လစ်ထုတ်ပြီး ပြန်ငြိမ်လိုက်ရသည်။

မမဇင်စာသင်နေတာလည်း ဘယ်ရောက်သွားမှန်းတောင် သူမ မသိလိုက်။

"စောင့်ပါ၊ စောင့်ကြပါ၊ မီးဖိုပေါ်က ချချချင်းကို မစားကြပါနဲ့၊ ပွက်ပွက်ဆူနေတုန်း မသောက်ကြပါနဲ့၊ လျှာအကျက်ခံပြီး မစားပါနဲ့၊ နည်းနည်းလေးတော့ အေးအောင်စောင့်ကြ၊ ဟုတ်လား၊ ပူလွန်းတဲ့အစာတွေ စားရင် စားတဲ့သူပဲ ဒုက္ခဖြစ်မယ်"

မမဇင်က အစာရေမျိုပြွန် ကင်ဆာရောဂါဟာ အခြား၊ အခြားသော အကြောင်းပေါင်းများစွာကြောင့်လည်း ဖြစ်နိုင်သေးကြောင်း ဆက်ပြောပြနေသည်။ ပြီးတော့ ကုထုံးများ...။

ဓါတ်ရောင်ခြည် ကုထုံး၊ ကီမိုသာရပီ လို့ခေါ်တဲ့ ဆေးဝါးကုထုံး၊ ပြီးတော့ ခွဲစိတ်ကုသပုံ နည်းအမျိုးမျိုးအကြောင်း...။

သူမ...မောင့်ဆီကိုပဲ စိတ်ရောက်နေသည်။

သူမရော ပူလောင်လွန်းတဲ့ အရာတွေ စားသောက်ပြီးခဲ့ပြီလား...မသိ။

"သမီးလေးတို့...၊ သားလေးတို့..."

"ရှင်..."

ရုတ်တရက် ဘေးနားကနေ ကပ်ပြီး ခေါ်လိုက်သော အသံကြောင့် သူမရော၊ ကုဋေပါ...လှည့်ကြည့်လိုက်မိကြသည်။



အသက်ခြောက်ဆယ်ဝန်းကျင်လို့ ထင်ပါရဲ့။

အန်ကယ်ကြီး တစ်ယောက်... သူမတို့ ဆေးကျောင်းသားတွေကို လှမ်းခေါ်နေတာ။

သူမနှင့် ကုဋေ...၊ မမဇင်စာသင်တာပြီးလို့ လူနာဆောင်ထဲက ထွက်အလာ...၊ ဆေးရုံကော်ရစ်ဒါ မရောက်သေး။ တံခါးပေါက်ဝနားမှာ ဘယ်အချိန်တည်းက မတ်တပ်ရပ်နေမှန်းမသိသော အန်ကယ်ကြီးတစ်ဦးက လှမ်းခေါ်နေတာဖြစ်သည်။ ခေါ်တာက သူမနဲ့ ကုဋေကိုပဲ လှမ်းကြည့်၊ မေးနေတာ ဖြစ်သလိုလိုမို့ ကျန်သောသူတွေက တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး ထွက်သွားကြ၏။

လူနာရှင်တစ်ဦးဖြစ်နိုင်သည်ဟု ထင်ကာ ဘာမေးချင်မှန်းမသိ၍ သူမ ပြန်ထူးလိုက်မိသည်။

"အန်ကယ်...၊ ဘာလဲ၊ ဘာမေးချင်လို့လဲ၊ အန်ကယ်က လူနာစောင့်လား၊ ဘယ်ကုတင်လဲ၊ ဟိုမှာ ပါမောက္ခစာသင်တာ ပြီးသွားပြီ၊ ဝင်လို့ရပါပြီ"

"မဟုတ်ဘူး၊ ဟို...သမီးလေးတို့ကို မေးချင်တာလေးတစ်ခု ရှိလို့ပါ"

သူမ မျက်မှောင်ကုပ်လိုက်မိသည်။ ကုဋေကပါ စပ်စုလိုစိတ်နှင့် အနားရောက်လာသည်။

အဲ့ဒီအန်ကယ်ကြီးပုံစံက သားသားနားနား ဝတ်စားဆင်ယင်ထားတာပါ။ လက်မှာကိုင်ထားတဲ့ သားရေပိုက်ဆံအိတ်ကြီးကလည်း မိကျောင်းတံဆိပ်နဲ့ပါပဲ...။ ဆံပင်ဖြူတစ်စွန်းတစ်စရောလို့ မီးခိုးရောင်ဖြစ်ချင်နေတဲ့ ဆံပင်တွေက စပ်တူထူပုံစံနဲ့ သေသေချာချာ ဖြီးသင်ထားသေး။

သို့ပေမယ် လူရည်သန့်၊ ခန့်ညားသပ်ရပ်သော သူ့ပုံစံနဲ့မလိုက်ဖက်စွာ လူနာဆောင်ထဲကို မဝင်ရဲ၊ ဝင်ရဲ၊ တံခါးပေါက်ဝမှာတင် ရပ်တန့်တွန့်ဆုတ်နေပုံက တစ်ခုခုမှားယွင်းနေသလို...။

တစ်ခုခုကို နီးကြောင်နီးဝှက် လုပ်ချင်နေသလိုလို...။

သူမရဲ့ ပါးလုပ်မြန်ဆန်သော စူးစမ်းလိုစိတ်လား၊ စပ်စုလိုစိတ်လို့ပဲပြောမလား၊ အတွင်းစိတ်ကလေးက ချက်ချင်း အဲ့ဒီအန်ကယ်ကြီးမှာ ဖုံးကွယ်လျှို့ဝှက်ထားတာတစ်ခုခု ရှိမှန်း သိလိုက်မိသည်။

"ဘာမေးချင်လို့လဲ...အန်ကယ်၊ မေးလေ၊ ဒါပေမယ့်...ကျွန်မတို့က

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနှစ် ဆေးကျောင်းသူ၊ ကျောင်းသားတွေနော်၊ အန်ကယ်၊ ဒီလူနာဆောင်က ဆရာဝန်တွေ မဟုတ်ဘူး၊ သမီးတို့ ဆရာဝန်မဖြစ်သေးဘူး"

"ဦးသိပါတယ်၊ ခုနက မစန်းဘေးနားမှာ ဝိုင်းပြီး စာသင်နေကြတဲ့ ကလေးတို့ကို ဦးလှမ်းတွေ့ပါတယ်၊ ပါမောက္ခကိုယ်တိုင် ကလေးတို့ကို သင်နေတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဦးလေးက အဲ့ဒီလူနာ..ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်ရဲ့ အမျိုးသားလား၊ အမျိုးလား၊ ဝင်သွားတွေ့လို့ရပြီ...ဦးလေးရဲ့"

"ဟို...ဟို...ဟုတ်တယ်၊ အို...မဟုတ်ပါဘူး၊ ဦးလေးလည်း... ဦးလေးလည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး၊ ဦးက သူ့ရဲ့ အမျိုးသား... ဟုတ်ပါတယ်၊ ဒါပေမယ့်...ဒါပေမယ့်..."

ဦးလေးကြီးရဲ့ အသံက အဖျားခတ်ပြီး တုန်ယင်ကာ တိုးတိမ်ဝင်သွားလေသည်။ သို့ပေမယ့် သူမရော၊ ကုမ္မေပါ အဖြေကို ကောင်းစွာကြားလိုက်သည်။

"ဒါပေမယ့် ဦးနဲ့သူ...အိမ်ထောင်ကွဲသွားတာ ကြာပါပြီကွယ်"

"ဩော်.."

သူမ အဲ့ဒီဦးလေးကြီးရဲ့ မဝံ့မရဲ သိမ်ငယ်စိတ်လေးနှင့် အတူ၊ လူနာဆောင်ထဲ ဘာလို့ လှမ်းမဝင်ရဲသေးတာလဲ...ဆိုတဲ့ အဖြေကို ရိပ်စားသိရှိလိုက်ရပါသည်။

သူမရင်ထဲကို နာကျင်ခြင်းတစ်ခုက အုံ့ဩစရာကောင်းစွာ တိုးဝင်သွားခဲ့သည်။ သူမ ဘယ်သူ့အတွက် နာကျင်ရမှန်း ကိုယ့်ကိုယ်ကိုတော့ နားမလည်မိ၊

ဦးလေးကြီးက လူနာဆောင်အတွင်းဘက်ဆီ မေးငေါ့ညွှန်ပြရင်း အက်ကွဲစွာပြောနေသည်။

"တကယ်တော့ ဦးက သူ့တို့ကို ထားခဲ့တာပါ၊ သူက နောက်အိမ်ထောင် မပြုရှာပါဘူး၊ အဲ့ဒီ သူ့ဘေးနားမှာ ရပ်နေတဲ့ သမီးငယ်လေးနဲ့၊ သားအကြီး နှစ်ယောက်က ဦးကလေးတွေပါပဲ"

သူမတို့ လှည့်ကြည့်မိကြသည်။

ခုနက သူမတို့ စာသင်နေသော စီအေ အဆောင်ပေးဂပ်စ် လူနာရှင် အန်တီကြီးဘေးနားမှာ ရပ်နေသော သူမတို့နှင့် ရွယ်တူမတိမ်းမယိမ်း မိန်းကလေး



က တစ်ယောက်၊ ပြီးတော့ သူမတို့ထက် ကြီးပုံရသည် လူရွယ်ယောကျ်ားက နှစ်ယောက်။ ဩော်...သားကြီး၊ သမီးကြီးတွေတော့ သူတို့နှစ်ယောက်အကြားမှာ ကျန်ရစ်ခဲ့သေးတာပဲ။

သူမက တိုက်တွန်းလိုက်မိသည်။

"အဲ့ဒါဆို...ဝင်သွားလိုက်လေ...ဦးလေးရဲ့"

"သူတို့ ဦးရောက်နေတာ မသိကြဘူး၊ သူတို့ ဦးကို အခေါ်အပြော၊ အဆက်ဆံမလုပ်တာ နှစ်နှစ်ဆယ် ရှိပါပြီကွယ်"

"အို..."

သူမ အာမေဋိတ်သံလေး လွှတ်ကနဲ ယောင်ထွက်သွားမိသည်။

ဦးလေးကြီးရဲ့ မျက်ဝန်းမှာ မျက်ရည်စလေးတွေ ဝေ့ဝဲလာသလိုလို...။

"ဦး...မှားခဲ့တာကိုး၊ မစန်းမြင့်က အရမ်းစိတ်ဆိုးတယ်၊ ဘယ်တော့မှ မျက်နှာပြန်မမြင်ချင်ဘူးလို့ ပြောခဲ့တာ၊ ဦး...သူတို့ကို ထားခဲ့တုန်းက သမီးငယ်လေး သုံးနှစ်ကျော်ပဲ ရှိဦးမယ်၊ သားတွေကတော့ ဦးကို မှတ်မိနိုင်ပါတယ်၊ ဒါပေမယ့် သူတို့လည်း ဦးကိုစိတ်နာကြတယ်၊ လမ်းမှာ တွေ့ရင် ရှောင်ထွက်သွားကြတယ်"

ဦးလေးက ဘယ်လိုမှားခဲ့လို့လဲ...ဟု သူမ မေးဖို့ မသင့်တော်ပါ။ ဒီနေ့အဖို့ အမိုက်မဲဆုံး မေးခွန်းတစ်ခု ဖြစ်သွားနိုင်သည်။

သူမ ဘာပြန်ပြောရမှန်း မသိပဲ ငြိမ်နေစဉ် ကုမ္မေက လူကြီးဆန်စွာ ဝင်ပြောပေးသည်။

"ဒါပေမယ့်...ဦးလေးဖနီး...အဲလေ...ဖနီးဟောင်း အဲ့ဒီအန်တီ... ဘာရောဂါနဲ့ ဆေးရုံတက်နေတယ်ဆိုတာ ဦးလေးသိလား..."

ဦးလေးကြီးက တုန်ရီလိုက်ခါစွာ ခေါင်းညိတ်ပြသည်။ ဦးလေးကြီးရဲ့ နှုတ်ခမ်းတွေကလည်း အဆမတန် တုန်ရီနေပါလား...။

သူမရင်ထဲက နာကျင်နှမ်းဖတ်လာသည်။

သူဟာ သူ့ရဲ့အမှားတစ်ခုကြောင့် သူ့မိသားစုကို စွန့်ခွာထွက်ပြေးခဲ့ရတယ်။ ဒါပေမယ့် သူ မမေ့သေးဘူး။ သူသားသမီးတွေကို သူအကုန်သိနေတယ်။ အဲ့ဒီအန်တီကြီးကို သူ...လွမ်းနေသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…နှစ်ပေါင်းနှစ်ဆယ်ကျော်…အစိတ်နီးပါး…။

ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို အဲ့ဒီလောက်ထိ စွဲမြဲစွာ ချစ်နေနိုင်သေးလား…။

ချန်ထားခဲ့ပြီးမှ လွမ်းတတ်သောသူ တစ်ယောက်…။

ဘယ်သူမှ ငြင်းလို့မရနိုင်ပါ။ အဲ့ဒီအသက်ခြောက်ဆယ်ကျော် အမျိုးသားကြီးရဲ့မျက်ဝန်းထဲမှာ သံယောဇဉ်တွေ ထုထည်ကြီးမားစွာ ကျန်ရှိနေသေးမှန်း သူမတို့ အတိုင်းသား မြင်နေရပါသည်။

ဦးလေးကြီးရဲ့ အသံသည် ကြေမွအက်ကွဲစွာ ထွက်ပေါ်လာသည်။

"ကင်ဆာ…ဆို…"

သူမရော…ကုဋ္ဌေပါ မျက်နှာတွေ အပျက်ပျက်၊ အယွင်းယွင်း ခေါင်းညိတ်ပြရသည်။

"သူတပည့်ဟောင်းလေးတစ်ယောက်က ဦးလေးဆီ ဖုန်းဆက်ပြီး သတင်းပေးရှာပါတယ်၊ ဦးလေး…ကင်ဆာဆိုတာ သိပြီးပါပြီ၊ အဲ့ဒါ…ရောဂါအခြေအနေလေး…ဦးကို ကလေးတို့ သိသလောက်လေး…၊ ပါမောက္ခဆီ သွားမေးရင်…ဦးကို ဘယ်သူလဲ၊ ဘယ်ကလဲ မေးနေဦးမှာ၊ ရှင်းပြရ ခက်လို့ပါကွယ်…ကလေးတို့ပဲ ခန့်မှန်းပြီး ပြော…"

အို…ဘယ်လိုလုပ် ပြောပြရပါ့မလဲ။

အဲ့ဒီဦးလေးကြီးရဲ့ မျက်နှာကို ရှေ့တည့်တည့်မှာ ထားပြီး အစာရေမျိုလည်ချောင်း ကင်ဆာရောဂါဝေဒနာရဲ့အကြောင်း အစမှအဆုံး ဘယ်လို ပြောပြရက်မှာလဲ။ ခွဲစိတ်ကုသမှုကလည်း အင်မတန်မှ ခက်ခဲပြီး အနုစိတ်၊ လက်ဝင်ကာ အရေးကြီးသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများနှင့် တွယ်ကပ်နေတတ်ကြောင်းတွေ၊ တစ်ခါတစ်ရံ အကုန်အစင်ခွဲထုတ်ပစ်ဖို့ ခက်ခဲကြောင်းတွေ၊ ခွဲစိတ်ပြီးပါကလည်း အလွန့်အလွန် ပြင်းထန်သော ဆေးဝါးကုထုံးတွေနဲ့ ဓါတ်ရောင်ခြည်ကုသမှုတွေကြားမှာ…၊ လူနာဟာ ဘယ်လို ဝေဒနာမျိုးတွေ၊ စိတ်ပင်ပန်း နွမ်းနယ်မှုတွေ၊ ဘေးထွက်ဆိုးကျိုးတွေ ဘယ်လောက်၊ ဘယ်လောက် ခံစားရမှာ၊ ကုသမှုမအောင်မြင်ပါက လအပိုင်းအခြား ဘယ်လောက်၊ ဘယ်လောက်ထိပဲ အသက်ရှင်ခွင့် ရတော့မှာတွေ…၊ သူမတို့ ဘယ်လို ရှင်းပြနိုင်မှာလဲ…။



နောက်ဆုံးအချိန်လေးမှာတောင် နှုတ်ဆက်ခွင့် မရတော့တဲ့ သံယောဇဉ် အမျှင်တန်းနေသူ တစ်ယောက်ကိုလေ…။

ကုဋ္ဌေက သူ့ထုံးစံအတိုင်း တစ်ခုခုကို တိကျသေချာစွာ ဆုံးဖြတ်ပြီးသလို ခါးကို ဆတ်ကနဲ မတ်ရင်း ဝင်ပြောလေသည်။

"ဦးလေး…၊ အဲ့ဒီ တီချာ…ဒေါ်စန်းမြင့်က မနက်ဖြန်ဆို ခွဲစိတ်ခန်း ဝင်ရတော့မှာ…၊ ခွဲစိတ်ကုသမှုက ဘယ်လောက်ခက်ခဲပြီး၊ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ ဦးလေးသိလား၊ အဲ့ဒီအန်တီကို ရိုးရိုးခွဲစိတ် ဆရာဝန်ကြီးတွေရော၊ အစာအိမ်နဲ့ အူလမ်းကြောင်း ခွဲစိတ်ဆရာဝန်တွေရော၊ ပြီးတော့ ရင်ခေါင်းပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးတွေရော…အဖွဲ့သုံးဖွဲ့ပေါင်းပြီး ခွဲရမှာ၊ အဲ့ဒါဦးလေးသိလား၊ ခုအချိန် အဲ့ဒီအန်တီကို ဦးလေးသွားတွေ့သင့်တယ်၊ သူ ဒေါ်သထွက်မယ်ဆိုလည်း ဦးလေးသွားတွေ့ကို တွေ့ရမယ်"

ကြည့်စမ်း…။

ပြတ်သားလိုက်တာ ကုဋ္ဌေရယ်…။ ငါလည်း နင့်လို ပြောတတ်ချင်လိုက်တာ။

သူမရဲ့သူငယ်ချင်းလေး ကုဋ္ဌေသည် သူမနှင့်ဆန့်ကျင်ဘက်ဆန်စွာ အရာရာကို တစ်ခဏအတွင်း ဆုံးဖြတ်ချက်ချ ပြတ်သားနိုင်သူ ဖြစ်ပါသည်။ သူမကတော့ ဘယ်အရာမဆို…ကိုယ့်နှလုံးသားနှင့်ပဲ ဝင်ဝင်ခံစားကာ တွေဝေမှောက်ဆုတ်နေတတ်မြဲ။ တစ်စုံတစ်ယောက်ရဲ့ ဝင်ကူညီ ဆုံးဖြတ်ပေးမှုမျိုးကို အသက်နှစ်ဆယ့်သုံးနှစ်အရွယ်ထိ လိုအပ်နေဆဲမြဲတည်း…။

ကုဋ္ဌေရဲ့ စကားကြောင့် အဲ့ဒီဦးလေးကြီးရဲ့ တစ်ကိုယ်လုံး ဆတ်ကနဲ တုန်သွားပါသည်။

နှစ်နှစ်ဆယ်ကျော် မျိုသိပ်သိမ်းဆည်းထားခဲ့တဲ့ ဦးလေးရဲ့ သတ္တိတွေ ဒီနေ့ ထုတ်ပြလိုက်ပါလား ဦးလေးရယ်…။

သူမက ရင်ထဲကပဲ ဆုတောင်းနေရုံရှိသေး…။

ကုဋ္ဌေက တံခါးပေါက်ဝမှာ ခုထိ တွန့်ဆုတ်တွေဝေကာ ရပ်တန့်ကြောင်ငေးနေသော အဲ့ဒီဦးလေးကြီးကို လက်မောင်းမှ အတင်းဆုတ်ကိုင်ပြီး လူနာဆောင်ထဲသို့ ဆွဲခေါ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ…ဦးလေး၊ မကြောက်နဲ့၊ ကျွန်တော်ကိုယ်တိုင်လိုက်ပို့မယ်၊ ကျွန်တော်နဲ့လိုက်ခဲ့…"

ဘုရားရေ…။ ကုဋ္ဌေရယ…။

အဲ့ဒီကုဋ္ဌေရယ်လေ….။ သူမရင်ထဲကနေ ဘုရားပဲ တလိုက်မိပြီး၊ စပ်စုချင်စိတ်ကလည်း ရှိနေတာမို့ သူတို့နောက်ကနေ ဖရိုဖရဲ ပြေးလိုက်မိရပြန်သည်။ ဘာတွေဖြစ်ကုန်မှာပါလိမ့်…။

အဲ့ဒီ အန်ကယ်ကြီးရဲ့ မျက်နှာကို အန်တီကြီးက ရုတ်တရက် ပြန်တွေ့လိုက်ရတဲ့အခါမှာလေ…။ သူတို့ရဲ့ သားသမီးတွေကရော…။

ဘာတွေဖြစ်ကုန်ကြမှာလဲ…။

ကုဋ္ဌေက လုပ်လိုက်ရင်တော့ အဲ့ဒီလို…။

သူမရင်တွေ တဒိတ်ဒိတ် မြည်ဟည်း ခုန်ပေါက်နေစဉ်မှာပဲ ကုဋ္ဌေရဲ့ အဲ့ဒီဦးလေးကြီး လူနာအန်တီကြီးရဲ့ ကုတင်နား ရောက်သွားတာ သူမ တွေ့နေရပါသည်။

ချက်ချင်းပဲ သားဖြစ်သူ ယောကျ်ားပျိုနှစ်ယောက်ရဲ့ မျက်နှာတွေ ရှုံ့မဲ့ကာ "ဟာ…" ဟု တစ်ယောက်က စိတ်ပျက်လက်ပျက် ရေရွတ်လိုက်သလိုလို။

နောက်တစ်ယောက်က မကြားတကြား ဓောင်းပြောသည်။ အသံက ခြေလှမ်းသုံးလှမ်းစာလောက် နောက်ကျနေသော သူမပင် ကြားလိုက်ပါသည်။

"ဒီနေရာ သူနဲ့ဘာဆိုင်လို့ ရောက်လာရတာလဲကွာ…၊ တောက်…"

အို…ဖခင်တစ်ယောက်ကို သူတို့ ဒီလိုမျိုး မပြောသင့်ပါဘူး။ ဖခင်တစ်ယောက်ဟာ ဘယ်လိုအမှားမျိုးပဲ လုပ်ခဲ့လုပ်ခဲ့၊ သားသမီးတစ်ယောက်က ဒီလိုမျိုး လုံးဝမပြောသင့်ဘူး။

အန်တီကြီးကတော့ ရုတ်တရက် မျက်နှာတစ်ခုလုံး ရဲကနဲဖြစ်သွားကာ တစ်ဘက်သို့ လှည့်သွားပါသည်။ မေးကြောတွေ ထောင်ထနေအောင် အဲ့ဒီ အန်တီကြီး အံကျိတ်နေတာ သူမလှမ်းတွေ့သည်။

သူမ တိတ်တိတ်ကလေး ဆုတောင်းမိသည်။

အန်တီရယ်…၊ ခွင့်လွှတ်လိုက်နော်။



ဦးလေးကြီးကို ခွင့်လွှတ်လိုက်နော်။ အန်တီ…သူ့ကို နှုတ်ဆက်ခွင့် ခုတစ်ခေါက်လေးပဲ ရချင်ရတော့မှာ…။ အဲ့ဒါ အန်ဘီသိလား….။

ဘာသံမှ မကြားရတော့ပဲ လူပေါင်းခုနစ်ယောက်တိတိဟာ အသက်တောင် ရှူမိကြရဲ့လားမသိ။ အဲ့ဒီလူနာရဲ့ကုတင်ဘေး ပတ်ပတ်လည်မှာ တိတ်ဆိတ်ခြောက်သွေ့လို့….။

ဘယ်သူမှတော့ အဲ့ဒီဦးလေးကြီးကို လက်ညှိုးငေါက်ငေါက်ထိုးမောင်းမထုတ်ကြပါ။ သူမတို့ ဆေးကျောင်းသူ၊ ဆေးကျောင်းသားနှစ်ယောက် အနားမှာ ရှိနေလို့လားတော့ မသိ။

သို့ပေမယ့် မျက်နှာထားတွေကတော့ အဆမတန်တင်းမာနေသည်။ သမီးအငယ်ဆိုသော မိန်းမပျိုလေးကပဲ ဖခင်ဖြစ်သူရဲ့မျက်နှာကို အံ့အားသင့်တွေဝေခြင်းကြီးစွာ ငေးကြောင်စိုက်ကြည့်နေလျက် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျဆင်းလာတာ သူမ စိတ်မကောင်းစွာ မြင်နေရပါသည်။

ဦးလေးကြီးက တိတ်ဆိတ်နေမှုကို ဖြိုခွဲလိုစွာ ခြောက်ကပ်ကပ်စကားတစ်ခွန်း စပြောသည်။

"မစန်း…၊ မင်း…နေလို့ကောင်းရဲ့လား…"

ကင်ဆာရောဂါ ဝေဒနာရှင်တစ်ဦးကို စမေးတဲ့ ဦးလေးကြီးရဲ့ ပထမဆုံးမေးခွန်းကြီးကလည်းနော်….။

အမြီးအမောက် မတည့်လိုက်တာ။

သူမ စိတ်ထဲက အလိုမကျ ဖြစ်နေရင်း ကိုယ့်ဟာကိုယ် ပြန်တွေးလိုက်မိပြန်သည်။ နေပါဦး…။ နှစ်ပေါင်းနှစ်ဆယ်လောက် ကွဲကွာပြီးမှ ပြန်တွေ့ရတဲ့ ဇနီးဟောင်းတစ်ယောက်ကို ဘယ်လိုမျိုးများ စတင်နှုတ်ဆက်သင့်လို့လဲ။

အင်း…ဒီလိုပဲ စပြောရမှာပေါ့။

သို့ပေမယ့် အန်တီကြီးရဲ့ မျက်နှာက ပြန်လှည့်မလာသေး။

ဒီလိုအချိန်မှာ ကုဋ္ဌေက သိပ်တော်ပါသည်။

သူ့ကိုယ်သူ အထူးကုဆရာဝန်ကြီးတစ်ယောက်လိုလို စတိုင်လ်နဲ့၊ လိုင်နဲ့ ကုတ်ပေါ်က နားကျပ်လေးကို နည်းနည်း ကစားပြရင်း လေသံမာမာနဲ့ ပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ...၊ ဒီက အစ်ကိုတို့နဲ့ အစ်မတို့..."

သူက သူနဲ့ အသက်မတိမ်းမယိမ်း အဲဒီဦးလေးကြီးရဲ့သမီးကို 'အစ်မ'...လို့ လေးစားဟန်ဆောင်သလိုလိုနှင့် ပစ်ခေါ်လိုက်သည်။

အကုန်လုံး ကုမ္မေကို လှည့်ကြည့်ကြပါသည်။

"အစ်ကိုတို့နဲ့ အစ်မတို့၊ ဒီအန်ကယ်က အစ်ကိုတို့ အဖေပါနော်၊ အရင်က ဘာပဲဖြစ်ခဲ့၊ ဖြစ်ခဲ့၊ ခုချိန်မှာတော့ အန်ကယ့်ကို အန်တီနဲ့ စကားပြောခွင့်လေး ဒီတစ်ချိန်ပဲ ပေးလိုက်ပါ၊ ကျွန်တော် ကြားက ဝင်တောင်းပန်ပါတယ်၊ အန်တီ့ရောဂါ အခြေအနေလည်း အစ်ကိုတို့တတွေ သိထားသလောက် သိထားပြီးပြီပဲ၊ ငါးမိနစ်လောက်ပဲ ဖြစ်ဖြစ်၊ ဆယ်မိနစ်လောက်ပဲဖြစ်ဖြစ်၊ ဒီငါးမိနစ် ဆယ်မိနစ်လောက်ကို ခွင့်မလွှတ်ပေးနိုင်ရင် နောက်တစ်သက်လုံး အစ်ကိုတို့ ကိုယ့်ကိုယ့်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားလိမ့်မယ်၊ ကျွန်တော်ပြောတာ ယုံပါ"

ကုမ္မေရဲ့စကားက သားသမီးတွေကို ပြောသလိုလိုနှင့် ကာယကံရှင် လူနာအန်တီကြီးကိုပါ စောင်းပြောမှန်း၊ (တည့်တည့်ပြောတာလားလည်း မသိ) သူမ ရိပ်မိလိုက်ပါသည်။

ချက်ချင်းပဲ အန်တီကြီးက နှုတ်ခမ်းတွေဖိကိုက်ထားလျက် မျက်နှာကို ဖတ်ကနဲ လှည့်ကြည့်လိုက်သည်။ ဦးလေးကြီးကို မော့မကြည့်ပါ။ ခြုံထားသော စောင်ပါးလေးကို အကြောင်းမဲ့ ငုံ့စိုက်ကြည့်နေသလို လုပ်ရင်း...။

"ဘယ်တော့မှ ခွင့်မလွှတ်ဘူးနော်"

လေသံက တိုးဖွပေမယ့် ပြတ်သားသည်။

ဦးလေးကြီး တုန်တုန်ရီရီဖြစ်သွားသည်။

"ငါသိပါတယ်၊ ငါတောင်းပန်ဖို့ လာတာမဟုတ်ဘူး မစန်း၊ မင်း ကျန်းမာရေးကို အခြေအနေသိချင်လို့၊ ဝင်တွေ့ဖို့တောင် မရည်ရွယ်ပါဘူး ဟိုသူငယ်လေးက အတင်းဆွဲခေါ်လို့၊ အတင်း ဝင်တွေ့ပါ...၊ ဝင်တွေ့လိုက်ပါ ပြောတာနဲ့...မထူးတော့ဘူးလို့ ဆိုပြီး..."

ဦးလေးကြီး ပြောမိပြောရာတွေ ဆွဲပြောနေတာကို လူနာရှင်အန်တီကြီး တိကနဲ ဓါးနဲ့ခုတ်သလို စကားတစ်ခွန်းနဲ့ ဖြတ်ချလိုက်ပါသည်။

"ကျွန်မ ကလေးတွေကို ရှင်နဲ့ပဲ အပ်ခဲ့မယ်"



အို...။ အားလုံး မထင်မှတ်စွာ အံ့အားသင့်သွားစေသည့် စကား...။ သားရင်း၊ သမီးရင်းများတော့ မသိ။

သူမ ရင်ထဲကတော့ စူးကနဲ အောင့်တကသွားပါသည်။

သမီးဖြစ်သူက ချက်ချင်းပဲ "အို...မေမေကလည်း..."ဟု ချက်ချင်း ဆိုကာ မျက်ရည်များကျဆင်း ရှိုက်ငိုလျက် သူ့အမေလက်မောင်းကို ပြေးကိုင်သည်။

"ကျွန်မ အဟုတ်ပြောနေတာ၊ မနက်ဖြန် ကျွန်မခွဲရတော့မယ်၊ တကယ်လို့ တစ်စုံတစ်ခုဆို...၊ သူတို့မှာ အုပ်ထိန်းသူက ရှင်ပဲ၊ ရှင်ပဲ ကြည့်ရမှာ၊ ကျွန်မ စိတ်ချချင်တယ်၊ အို...ရှင်နဲ့ကတော့ စိတ်လည်း 'မချနိုင်ပါဘူးလေ"

အန်တီကြီးက သူ့ဟာသူပြော၊ သူ့ဟာသူ ငြင်းချက်ထုတ်ပြန်သည်။

"မစန်းရာ...၊ မဟုတ်တာကွာ၊ မင်းက ခွဲစိတ်လိုက်ရင် သက်သာသွားမယ့်ဟာကွာ၊ မင်း...ဘာမှ မဖြစ်ပါဘူး၊ တစ်သက်လုံး၊ ဘုရားနဲ့တရားနဲ့ မင်းက နေလာတာ၊ မနက်ဖြန်ခွဲပြီးရင်လည်း မင်းသိပ်ချစ်တဲ့ ကလေးတွေနဲ့ မင်း... အကြာကြီးဆက်နေရဦးမှာ၊ ဒါတွေ မပြောနဲ့လေ..."

"ပြောမှဖြစ်မယ်၊ သူတို့တွေ အဖေကို လိုအပ်နေဟာ နှစ်ပေါင်းနှစ်ဆယ်လေ၊ ကျွန်မ,မရှိရင်တော့ ရှင့်ပဲ...အဖေပြန်ခေါ်မှ ရမှာပေါ့၊ ဘယ်လောက်ပဲ သူတို့...လူကြီးတွေဖြစ်ဖြစ်...၊ အဖေဆိုတာ သူတို့ဘဝမှာ တစ်နေရာမဟုတ်၊ တစ်နေရာမှာ လိုအပ်နေဆဲပဲ၊ ပြီးတော့ ဒီက...သမီးငယ်...၊ ကျွန်မ စိတ်မချတာ သူ့ကို...၊ သူ့ကောင်လေးက..."

သမီးဖြစ်သူက မျက်ရည်လည်ရွဲနှင့် အမေလုပ်သူစကားကို ဝင်တားပါသည်။

"အို...မေမေကလည်း...၊ မေမေသဘောမတူရင် သမီး လက်မထပ်ပါဘူး...ဆိုမှ၊ ကိုဦးကိုလည်း သမီးအပြတ်ပြောပြီးသား၊ ဆယ်တန်းအောင်အောင် ဖရင်လုပ်လို့၊ မအောင်ရင် မစဉ်းစားဘူးလို့ ပြောပြီးသား၊ ဘာလို့အဲဒါတွေ...."

သားအကြီးဖြစ်ဟန်တူသူကလည်း အမေရဲ့စကားကို စိတ်ဆိုးဟန်နှင့် ဝင်ပြောသည်။

"အေးလေ...၊ အမေကလည်း...၊ ဘာလို့ ဒါတွေ အဖေ့ကို ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ယမင်းမှာ အစ်ကိုနှစ်ယောက်လုံး ရှိပါသေးတယ်၊ စောင့်ရှောက်ဖို့၊ ဘာတွေ စိတ်မချ၊ လက်မချ ဖြစ်နေတာလဲ၊ ကိုယ့်အတွက်ကိုယ်ပဲ ပူ...အမေ"

အန်တီကြီးက လုံးဝလက်မခံ။ ပြန်အော်သည်။

"ဟဲ့...စိတ်မချတာ ငါ့သမီးတင်မဟုတ်ဘူး၊ နင်တို့ကိုပါဟဲ့၊ နင်တို့ မိန်းမတွေလည်း ငါတစ်ယောက်မှ ကြည့်လို့ရတာမဟုတ်ဘူး၊ ငါမရှိရင် ငါ့သမီးကို နင်တို့မိန်းမတွေ ဘယ်နှစ်ရက်တင်ကျွေးထားမှာလဲ၊ ပြော၊ မငြိုနု၊ မစောင်းမြောင်းပဲ ယောင်းမလေးတစ်ယောက်ကို ကောင်းကောင်း စောင့်ရှောက်ပေးကြမယ့်ဟာတွေမှ မဟုတ်တာ၊ ဒီကြားထဲ မိယမင်းက ဦးနှောက်နည်းနည်း ကြိုက်တဲ့သူကလည်း ဆယ်တန်းလေးတောင်...မအောင်..."

ကျောင်းအုပ်ဆရာမကြီးဟောင်းပီပီ အသံသြဇာက အပြည့်ကျန်သေးသည်။ ရောဂါကြောင့် အသံက ဖြာပြီးအက်ချင်ချင် ဖြစ်နေတာတောင် အံကျိတ်ပြောနိုင်နေသေးသည်။

ဦးလေးကြီးက ဝင်တားရပါတော့သည်။

"တော်ပါတော့ မစန်းရယ်၊ ဒေါသတွေလည်း လျှော့ပါဦး၊ စိတ်ချစမ်းပါကွာ၊ ငါ....ငါ...သူတို့ကို စောင့်ရှောက်ပါမယ်၊ ကတိပါ၊ သူတို့ ကြည်ဖြူဖြူ၊ မကြည်ဖြူဖြူ ငါ...အဖေနေရာကပါ၊ လက်ပိုက်မကြည့်ပါဘူး၊ ပြီးတော့ သမီးရဲ့ကောင်လေး...မောင်ဦးကို ငါသိပါတယ်၊ တာမွေဘက်မှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားတဲ့ မျိုးကောင်းရိုးကောင်းလေးပါ၊ ငါစုံစမ်းပြီးသားပါ"

"အဖေ...ကိုဦးကို သိတယ်"

သမီးဖြစ်သူက ဝမ်းသာအားရ ခေါ်လိုက်သော 'အဖေ'ဆိုသည့် စကားလုံးလေးသည် အားလုံးရင်ကို နည့်ပျော့ပြောင်းသွားစေဟန်တူပါသည်။

လက်ပိုက်ပြီး မျက်နှာရှိုကာ ကျောခိုင်းနေသော သားအငယ်ဖြစ်သူက အဖေရဲ့မျက်နှာကို ဖတ်ကနဲ လှည့်ကြည့်သည်။

အန်တီကြီးသည် သူရဲ့ခင်ပွန်းဟောင်း မျက်နှာကို တည့်တည့်ကြည့်၍ အဲ့ဒီစကားကို ပြောလေသည်။

"အို...တော့်သမီးက ဘွဲ့ရပညာတတ်၊ ယောကျ်ားလုပ်မယ့်သူက ဆယ်တန်းလေးတော့...."



"အေးပါကွာ...၊ အေးပါ၊ မင်းကလည်း...၊ ဒါတွေ မစဉ်းစားနဲ့တော့၊ ငါတစ်ယောက်လုံး ရှိပါတယ်၊ ဆယ်တန်းအောင်မှ ပေးစားနိုင်းပါမယ်၊ ဟုတ်လား၊ ကျေနပ်တော့"

သားနှစ်ယောက်လည်း သူတို့အမေရဲ့ကုတင်နားကပ်လာကာ အားပေးစကားပြောကြလေသည်။

"အေးလေ...၊ အမေ..စကားတွေ အများကြီး မပြောနဲ့တော့၊ နားလိုက်ဦး၊ မနက်ဖြန်အတွက် အားမွေးဦး၊ ကျန်တာတွေ နောက်မှပြော၊ ခွဲပြီးမှ ပြောနော်၊ အမေ..."

"အို...နောက်မှဆိုတာ သေချာတာမဟုတ်ဘူး၊ ဒါအမှန်ပဲ၊ ကင်ဆာဆိုတာ ရှေ့...ဘာဖြစ်မယ် ပြောလို့ရတာ မဟုတ်ဘူး၊ ပြောစရာရှိတာ ခုပဲပြောမှရမှာ၊ အမြဲတမ်းလည်း ငါက အမှန်အတိုင်းပဲ ပြောထွက်တာ၊ သိလား၊ နင်တို့အဖေကို ငါမုန်းတယ်ဟဲ့၊ ဒါပေမယ့် မုန်းတာက မုန်းတာသက်သက်ပဲ၊ ပြောစရာကတော့ ပြောသွားရမှာပေါ့၊ ဒီမှာ...၊ ကျွန်မ အားလုံးအပ်ခဲ့မယ်နော်...ရှင့်ကို"

အန်တီကြီးရဲ့ လေသံသည် ခုနကထက် ပိုမိုပျော့ပြောင်းလာပြီး 'ရှင့်ကို...'ဆိုသော ခေါ်သံလေးက အတိတ်တွေ နောက်မှာကျန်ခဲ့ပြီ ဖြစ်ကြောင်း ပြောနေသလိုလို ရှိပါသည်။

ကုဋေက သူတို့သားအမိ၊ သားအဖ ငါးယောက်လုံး မမြင်အောင် နောက်ကနေ မျက်နှာရိပ်မျက်နှာကဲ ပြသည်။ သူမတို့လည်း စိတ်ချစွာ လူနာကို ထားခဲ့လို့ရပြီဖြစ်ကြောင်း အဓိပ္ပါယ်တိတ်အသိပေးသည်။

သူမ အဲ့ဒီမိသားစုလေးကို နှာကျင်အက်ကွဲစွာ ငေးကြည့်ရင်း ဘာကြောင့်မှန်းမသိဘဲ မျက်ရည်တွေ ဝေ့တက်လာတဲ့အထိ ဝမ်းနည်းလာမိသည်။

သူမနဲ့ကုဋေ အားလုံးကိုကျောခိုင်းပြီး ထားရစ်လှည့်ထွက်ခဲ့ကြပါသည်။

သူမနဲ့ကုဋေတို့နှစ်ယောက် ယှဉ်တွဲပြီး အဲ့ဒီ ကိုးတစ်ဆယ်လူနာဆောင်လေးထဲက ထွက်လာစဉ်မှာ သူမမျက်နှာမကောင်းတာကို ကြည့်ပြီး ပြုံးစိစိနဲ့ ကုဋေက မေးလေသည်။

"သူများတကာတွေ ပြန်အဆင်ပြေသွားတာကို နင့်မျက်နှာက အလိုမကျသလိုပဲ၊ ဘာတွေ ပုပ်မှုနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ရော ခွင့်လွှတ်နိုင်မလားဟင်...ကုဋ္ဌေ..."

"ဘာရယ်..."

"သြော်...စုနက လူနာအန်တီကြီးလိုလေ...၊ နှစ်ပေါင်းနှစ်ဆယ်ကြာတဲ့ အခါ၊ ကိုယ့်ကို ရက်စက်သွားတဲ့ ချစ်သူကို ပြန်ခွင့်လွှတ်နိုင်မလား၊ မျက်နှာ ချင်းဆိုင်ပြီး စကားပြောနိုင်မှာလား၊ ငါသာဆိုရင်တော့..."

"ဘာလုပ်ရမှန်း မသိပါဘူးလို့ ပြောမှာမဟုတ်လား....နိုင်၊ ငါ့သိတယ်၊ နင်ပြောမှာကို..."

"ဟုတ်တယ်၊ အမှားလုပ်တဲ့သူကို သူမှားခဲ့တာ သိသိကြီးနဲ့ ခွင့်လွှတ် ပေးရမှာ အရမ်းခက်တယ်"

"အန်တီကြီးက ပြောသားပဲ၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူးတဲ့၊ နင်ကြား တယ် မဟုတ်လား"

"ဒါပေမယ့် သူနောက်ဆုံးပြောလိုက်တဲ့...ကလေးတွေကို အပ်ခဲ့မယ် နော်...ရှင့်ကို...ဆိုတဲ့စကားက သူယောကျ်ားဟောင်းကို အားကိုးနေသေးတဲ့ အသံပဲ၊ သံယောဇဉ်တွေ ကျန်နေသေးတဲ့အသံပဲ၊ စိတ်နာတာက သတ်သတ်၊ ချစ်နေတာက သတ်သတ်နော်၊ ကုဋ္ဌေ...၊ သေချာတယ်၊ သူတို့ တကယ်ချစ်ခဲ့ ကြတယ်...ဟယ်"

"သေလိုက်ပါလား...နိုင်၊ သားကြီးသမီးကြီး အရွင်လတ်လတ် သုံးယောက်တောင်၊ နင်မြင်ခဲ့ရဲ့မဟုတ်လား၊ အဲ့ဒါတကယ်ချစ်ခဲ့ကြတယ်လို့ သုတ်ပြောစရာ လိုလို့လား၊ ပိန်းပါ၊ အဲ့ဒါကြောင့် အစောကြီးကတည်းက ဒါ..အဲ့ဒီဦးလေးကြီးကို ကုတင်နား မရောက်ရောက်အောင် ဆွဲခေါ်သွားတာ ပေါ့ဟ...မို့နိုင်ရ၊ တုံးလိုက်တာ"

ကုဋ္ဌေကနိပ်ကွပ်တာကို သူမ မနာနိုင်ဘဲ တခစ်ခစ်ရယ်မိရပြန်သည်။

"ဒါပေမယ့် အဲ့ဒီလို သားသမီးတွေကိုတောင် မငဲ့ဘဲ စွန့်ခွာသွားတဲ့သူကို ပြန်ခွင့်လွှတ်လက်ခံရမှာ...၊ နာကျည်းနေတာကို မေ့ဖျောက်ရမှာ..."

"ဒီမှာ...နိုင်..."

ကုဋ္ဌေရဲ့စကားက ချက်ချင်းလေးနက်ကာ တည်ကြည်သွားလေသည်။

"ငါပြောတာ သေသေချာချာနားထောင်၊ အမှားတွေကို တကယ်-



လုပ်ချင်တဲ့သူက ခွင့်လွှတ်မှုကို ဘယ်တော့မှ မတောင်းခံဘူး၊ သိလား၊ ခွင့်လွှတ် လွှတ်၊ မလွှတ်လွှတ်၊ ဘယ်သူမှ ဂရုမစိုက်ပဲ မှားနေတဲ့သူကမှ တကယ်နာကျည်း ထိုက်တဲ့သူ၊ နင့်ဆီက ခွင့်လွှတ်မှုကို သူတို့အချိန်ပေး စောင့်ဆိုင်းပြီး တောင်းခံ နေမှာမဟုတ်ဘူး၊ ဆက်မှားဦးမယ်၊ ဆက်မိုက်ဦးမှာပဲ၊ မြဲမြဲမှတ်ထား၊ အဲ့ဒီလို လူမျိုးက နင်...ခွင့်လွှတ်ပါတယ်ပြောလည်း ဝမ်းသာမယ့်သူ မဟုတ်ဘူး၊ တုန့်လှုပ်မယ့်သူမဟုတ်ဘူး"

သူ....ဘယ်သူ့အကြောင်းကို ပြောနေတာလဲ...။

သူမတွေဝေစွာ ပြန်မေးလိုက်မိသည်။

"ဒါဖြင့် အဲ့ဒီလို ရက်ရက်စက်စက် မှားတဲ့သူရဲ့ လုပ်ရပ်တွေကို ငါတို့က ဘယ်လိုများ လက်ခံရမှာလဲ၊ ဘယ်လိုများ တုန့်ပြန်ရမှာလဲ...၊ ပြောစမ်းပါဦး၊ သူတို့ရဲ့ မှားယွင်းမှုတွေအတွက် ငါတို့က လက်ပိုက် ခေါင်းငုံ့ခံရုံပဲလား၊ လည်စင်းပေးရုံပဲလား၊ ကလဲ့စားပြန်ချေပြရမလား၊ ကလဲ့စားချေနိုင်ဖို့ စွမ်းအင် ကိုယ့်မှာ မရှိဘူးဆိုရင်ကော...၊ ကဲ...ဘာလုပ်သင့်လဲ...ပြော"

"အဲ့ဒီလို ရက်စက်သူတွေက ဘာကိုကြောက်သလဲသိလား၊ သူတို့ ကြောက်တာ ခွင့်လွှတ်တာလည်း မဟုတ်ဘူး၊ မုန်းတီးနာကျည်းပြတာလည်း မဟုတ်ဘူး၊ ဂရုမစိုက်ခြင်းပဲ၊ သူတို့ကို လစ်လျူရှုခြင်းပဲ၊ သူတို့ရဲ့လုပ်ရပ်ကို လူတွေက ဘာမှမခံစား၊ မထိခိုက်မှာ သူတို့အကြောက်ဆုံးပဲ၊ သူတို့ ရက်စက် တာကို သိတော့သိတယ်၊ ဒါပေမယ့် နင်ပြုံးပြုံးလေးနေပြနိုင်ရင် နင်... သူတို့ကို နိုင်တယ်၊ သိလား၊ ကိုယ့်ကိုယ် ဘယ်လောက်နာကျင်အောင်လုပ်လုပ်၊ နင်က ကျောက်ရုပ်တစ်ရုပ်လို နေပြလိုက်၊ အဲ့ဒါဆို...သူတို့ အလိုလိုရှုံးသွားရော"

"အင်း..လွယ်တော့မလွယ်ဘူးဟဲ့၊ နာကျင်နေတာကို အပြုံးမပျက်ပဲ ဟန်ဆောင် အေးစက်ပြရမှာ..."

"အဲ့ဒါကြောင့် နင်...ငထိုက်ကို ခုချိန်ထိ ရှုံးနေတာလေ၊ ထိုက်တန်က နောက်ကွယ်မှာ ဖောက်ပြန်သမျှ နင်က ခေါသတွေထွက်ပြ၊ ကမူးရှူးထိုး ပေါက်ကွဲပြ၊ ငိုယို သောင်းကျန်းပြ၊ ထုရိုက်နက်...၊ ဆွဲဆောင့်...၊ လူတွေကြားထဲ အော်ဟစ်...၊ ရင်ဘတ်စည်တီး..."

"တော်တော့၊ ငါလုပ်တာတွေ အကုန်ထုတ်ပြောမနေနဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"ပြောမှရမှာပေါ့၊ နင်လုပ်တာတွေ…ဟိုကောင်က သနားမယ်ထင်နေသလား၊ ဒီကောင်မလေး ငါ့ကိုသဝန်တိုရှာတယ်၊ ချစ်ရှာတယ်လို့ ထင်ပေးမယ်နင်တွေးနေလား၊ သူက ကောက်ချက်ချထားမှာပေါ့၊ နင့်ဟာ…အချိန်မရွေး သူလိုအပ်တဲ့အခါတိုင်း ခူးဆွတ်ပြီး စားလိုက်လို့ရမယ့် သူ့ခြံထဲက ပန်းသီးတစ်လုံးပဲ…လို့၊ ဒီတော့ အခုအချိန်မှာ သူကခြံနုန်ပြီး တခြားခြံထဲက ပန်းသီးတွေ ဆက်ခူးစားနေဦးမှာပဲ၊ အချိန်တန်လို့ နင့်ကို သူသိပ်စွဲလမ်းရင် နင့်ဆီပြန်လာချင်လည်းလာမယ်၊ လာချင်မှလည်းလာမယ်၊ သူကခူးရင် အချိန်မရွေး ကြွေကျပေးလိုက်တော့မယ့် သစ်ကိုင်းပေါ်က ပန်းသီးတစ်လုံးလို နင်…ဆတ်ဆတ်ခါပြမနေနဲ့"

"ခြံနုန်ပြီး စားရတာ ပန်းသီးဟုတ်လို့လား၊ မြက်…မဟုတ်ဘူးလား၊ ငါကြားဘူးတဲ့ စကားပုံနဲ့ နည်းနည်း လွဲနေသလိုပဲ"

"သေလိုက်၊ နင့်ကို မြက်နဲ့ မနှိုင်းချင်လို့ပေါ့…နိုင်ရဲ့၊ နင်က အနှိုင်းခံချင်သေးလို့လား၊ ပန်းသီးလောက်တော့ ကိုယ့်ကိုယ်ကို သတ်မှတ်စမ်းပါ"

သူမ တခစ်ခစ် ရယ်လိုက်မိပြန်သည်။

"အံမယ်…၊ ကျေးဇူးပဲ နင့်ကို တင်ရဦးမယ်ပေါ့လေ၊ ဒါနဲ့…နေပါဦး၊ ခုနက စာမသင်ခင် နင်…ငါ့ကို ပြောမယ်ဆိုတဲ့ အရေးကြီးတယ်ဆိုတဲ့ဟာ…၊ ဒါလား၊ ဒီစကားလား၊ ငါက ကျောက်ရုပ်တစ်ရုပ်လို ငါ့ရည်းစားက ဘာပဲလုပ်လုပ်၊ အေးစက်ပြရမယ်ဆိုတဲ့ စကားလား…"

"ဝေးပြန်ပြီနော်၊ နင့်ကို အဲ့ဒီလောက်လေး ပြောဖို့ဟာ ငါက ဒီလောက်ရေးကြီးသုတ်ပျာ ဖြစ်နေမလားဟ၊ ဒီစကားကို ဘယ်အချိန်ပြောပြော ရတာကို၊ စာသင်ခန်းထဲက နင့်ကို ဆွဲထုတ်ချင့်လောက်အောင် ငါ လုပ်ပြနေတာက…"

"ဟင်…အဲ့ဒါဆို…ဘာလဲ၊ ဘာဖြစ်လို့လဲ၊ မောင်က ဘာပြောနိုင်းလို့လဲ"

သူမ စိတ်တွေ ဝုန်းကနဲ ခုမှ လှုပ်ရှားပေါက်ကွဲသွားတာကို ကုဋေက မျက်စောင်းလေးတစ်ချက်နဲ့ပဲ ငဲ့ကြည့်သည်။ ပြီးတော့ ပြုံးစိစိ။

အသည်းသိပ်ယားဖို့ကောင်းတာလေ…ကုဋေပေါ့။

"ဩော်…ဘာလဲ…ကုဋေရဲ့၊ ပြောလေ…"

"နင်ချစ်ချစ်ကြီး ဆေးရုံအောက်မှာ စောင့်နေတာ ပြောနိုင်းလို့လေ၊ ဝပ်ထဲကို မဝင်တော့ဘူးတဲ့၊ နင့်ကိုပဲ အောက်ကို ဆင်းလာခိုင်းတာ"



"သေပါလား၊ ကုဋေစုတ်၊ ကုဋေနွာ၊ အဲ့ဒါ…ခုမှ လာပြောရသလား၊ တစ်ထောင်တန်လောက်ပဲ တန်တဲ့ ကုဋေစုတ်၊ ကုဋေပဲ့…"

သူမ ဆဲဆို ရေရွတ်အော်ဟစ်ရင်း လက်ထဲမှာ ကိုင်ထားသော ဖတ်စာအုပ်တွေ၊ ဖိုင်တွဲတွေနဲ့ တဖုံးဖုံးမြည်အောင် သူ့ကို လှမ်းရိုက်ပစ်လိုက်သည်။

သူက တဟားဟားရယ်သည်။

"နင်ပဲ နင့်ရည်းစားက လူနာတွေ အသက်လောက် အရေးမကြီးဘူးဆို၊ အဲ့ဒီစကားကို အမြင်ကပ်လွန်းလို့ကို နင့်ကို ငါမပြောပဲ တမင်သက်သက်ကြီး အောင့်ထားလိုက်တာ၊ မှတ်ပလား…"

သူမ အောင့်သက်သက်နှင့် ငိုမလို၊ ရီမလို ဖြစ်ရပါသည်။

"ကုဋေ…၊ ငါနော်…၊ နင့်ကို သတ်ချင်တယ်၊ သိလား၊ ဟိုမှာ မောင်က အောက်မှာ ငါ့ကိုစောင့်ရင်း ဒေါသတွေထွက်၊ လည်ပင်းရှည်နေပြီပေါ့…ဟဲ့၊ မမဖင်စာသင်နေတာ တစ်နာရီခွဲကျော်ကြာတယ်၊ နှစ်နာရီလောက်တောင် ရှိပြီ၊ ငါ…ခုအောက်ဆင်း ပြေးသွားလို့ ငါ့ရည်းစားမရှိတော့ရင် နင့်ကို တစ်သက်လုံး စကားမပြောဘူး…သိလား"

"ပြေးမသွားနဲ့၊ ပုံမှန်ပဲသွား၊ ငါတစ်ခါတည်း မှာထားခဲ့ပြီးသား အပေါ်ရောက်လို့ ပရော်ဖက်ဆာ စာသင်နေပြီဆိုရင် နင့်ကို ခေါ်ထုတ်လို့ မရတော့ဘူး…လို့၊ (Blood Bank) ကန်တင်းမှာ သွားထိုင်စောင့်နေလို့ ပြောခဲ့တယ်၊ သူ…လဖက်ရည် မှာသောက်ရင်း အေးအေးဆေးဆေး နင့်ကို စောင့်နေမှာပါ၊ ဒီနေ့တော့ တစ်နေ့လုံး နင့်အတွက်ချည်းပဲနဲ့ တူပါရဲ့ မိန်း"

"နင်နော်…၊ ငါ့ကို လာရိမနေနဲ့၊ ဒေါသတွေ အတောင့်လိုက် ထွက်နေတယ်၊ သိလား၊ လဖက်ရည်ဆိုင်မှာ နှစ်နာရီလောက် သူက ငါ့ကို ထိုင်စောင့်နေရတာရော ကောင်းမလား…ဟဲ့၊ နဂိုကမှ ငါတို့ အခြေအနေက ခပ်လှုပ်လှုပ်ရယ်၊ သူ…ငါ့ကို စိတ်မပျက်၊ ပျက်အောင် လုပ်ပြီး ငါတို့ဇာတ်လမ်း အဆုံးသတ်သွားအောင် နင်လုပ်နေတာမဟုတ်လား၊ နင်နားညည်း သက်သာရအောင်လေ…"

ကုဋေက ရယ်သည်။

"အေး…ဒီကောင်…နင့်အပေါ် ဘယ်လောက်စိတ်ရှည်ရှည် ထားသလဲ ငါသိချင်တာလည်း ပါတယ်၊ တစ်ခါတစ်လေလည်း နင်သူ့ကို အဲ့ဒီလို ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စောင့်နိုင်း၊ မျှော်နိုင်းစမ်းပါ…နိုင်ရယ်၊ နင်ကချည်းပဲ စောင့်ရတာ၊ မျှော်ရတာ များနေတာကို၊ သွေးမပျက်ဘဲ နင်သူ့ကို ဒီတစ်ခါလောက် ဣန္ဒြေလေးထိန်းပြီး သွားတွေ့စမ်းပါ၊ တစ်ခါလောက်…၊ ခုနက ငါပြောထားတယ်လေ…၊ မလှုပ်ရှား သလို နင်နေပြလိုက်စမ်းပါ…လို့၊ ဒီတော့ ဒီကောင်ဘာဖြစ်လာမလဲ နင်… စောင့်ကြည့်"

"ဟိုရောက်လို့ သူကို ငါမတွေ့တော့ဘူး၊ ပြန်သွားပြီဆိုရင် ငါ ရှုံးပြီပေါ့၊ ဟုတ်လား"

"နင်မရှုံးပါဘူးဟာ၊ စိတ်ချစမ်းပါ၊ ထိုက်တန်အကြောင်းငါသိပါတယ်၊ လောင်းမလား၊ သူ…နင့်ကို စောင့်နေမှာ သေချာတယ်၊ နစ်နာရီလောက်နဲ့ သူ… နင့်ကို ဒီလိုအနိုင်နဲ့ပိုင်းပြီး အဆုံးမသတ်သွားဘူး၊ သူက သူဘာလိုချင်တယ်ဆို သူ့ဟာသူ သေသေချာချာသိတယ်"

"ဒါဖြင့် သူလိုချင်တာက ငါပေါ့…ဟုတ်လား"

ကုဋ္ဌေက မဖြေချင့် ဖြေချင်လေသံနဲ့ ခပ်တိုးတိုးဖြေသည်။

"ထင်ရတာပဲ"

"ဒမ်းမ်….ယူ….ကုဋ္ဌေ"

အင်္ဂလိပ်လို သူမ ကျယ်လောင်စွာ ဆဲရေးပစ်လိုက်သည်။

ကုဋ္ဌေက တဟားဟားရယ်သည်။ ကြည့်စမ်း…။

သူမရဲ့ ကိုယ့်ကို မယုံကြည်မှု၊ စိတ်မချမှု၊ မသေချာ၊ မရေရာမှုတွေကို သူ…ဒီလို လှောင်ရယ်ရက်သေးသည်။

သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းကြီး၏ သေချာမှုကိုကျတော့ သူက ချီးမွမ်း ပြနေခဲ့သည်။ ဘယ်လိုသေချာမှုမျိုးလဲ…။

ပြောစမ်းပါ။

သေချာတာကတော့ ကုဋ္ဌေပြောသလို သူမရဲ့ အရှုံးသည် နစ်နာရီ အတွင်းမှာ ရောက်မလာတာတော့ မှန်သည်။

နစ်နာရီနဲ့ မိနစ်လေးဆယ်လောက် ကြာမှ ရောက်လာခဲ့တာပါ။



သွေးလှူဘဏ်ဘေးနားက လဖက်ရည်ဆိုင်၊ ထမင်းဆိုင်လေးထဲကို ကုဋ္ဌေက နောက်ထပ်မိနစ်လေးဆယ်လောက် အကြာမှ ပြန်ရောက်လာသည်။

ထိုအခါ သူမကို စားပွဲပုလေးတစ်လုံးတွင် တစ်ယောက်တည်း ထိုင်နေတာ သူမြင်ရ၍ အံ့သြစွာ ဝင်လာထိုင်ရင်း မေးတော့သည်။

"ဟင်…နိုင်၊ ဟိုကောင်ရော…"

သူမ မတုန်မလှုပ်နှင့် ရေ့တည့်တည့်မှာ ချထားပြီး တစ်ဇွန်းမှ အရာ မယွင်းသေးသည့် ထမင်းဘူးလေးကိုပဲ စိုက်ကြည့်နေမိလျက်…။

ကုဋ္ဌေသည် သူမရဲ့မျက်နှာကို သေသေချာချာ ဖတ်တတ်ပါသည်။

"နိုင်…နင်…ဘာဖြစ်နေတာလဲ…၊ ထိုက်ရော…ဘယ်မှာလဲ…"

ကုဋ္ဌေရဲ့ အသံက တုန်တုန်ရီရီဖြစ်လာသည်။ သူမ မဖြေနိုင်သေး။

လွန်ခဲ့သည် မိနစ်လေးဆယ်လောက်က ဒီနေရာ၊ ဒီကန့်တင်း စားသောက်ဆိုင်ထဲကို သူကိုယ်တိုင် သူမကို လိုက်ပို့ပေးခဲ့တာ…။ စားပွဲတစ်လုံး မှာ မောင်က လဘက်ရည်သောက်ရင်း သူမကို စောင့်ဆိုင်းဆဲဆိုတာ မြင်ရတော့ သူက သူမနားရွက်ဖျားနားကပ်ကာ ပြောသွားသေးသည်။

"တွေ့လား၊ နင်နဲ့ငါ လောင်းရင် ရှုံးဦးမယ်၊ သူစောင့်နေပါမယ်ဆိုမှ"

ဘာပဲဖြစ်ဖြစ် သူမကတော့ ကျေနပ်သွားရင်း မောင့်ကို ဒီနေ့အဖို့ ရန်စကားမဆို၊ တည်ငြိမ်စွာ ဆွဲဆောင်မြှူဆွယ်မည်ဟု ဆုံးဖြတ်ကာ စားပွဲတွင် ဝင်စ,ထိုင်လိုက်ခဲ့တာပဲ။

ကုဋ္ဌေက သူမတို့နှစ်ယောက်လုံးကို ရှောင်ပေးလိုသည့် သဘောနှင့်… "ငါ ဒေါ်ပုဆောင်ဘက် ခဏသွားဦးမယ်၊ အမျိုးတစ်ယောက် ဆေးရုံတက်နေတာ သတင်းသွားမေးမလို့…၊ ထိုက်ကြီး၊ ငါလစ်မယ်" လို့ နှုတ်ဆက်ကာ ထွက်သွား ခဲ့တာ။

အခု…မိနစ်လေးဆယ်ကြာမှ ဒီလဖက်ရည်ဆိုင်ထဲကို သူပြန်ဝင်လာပြီး သူမတို့ ရှိသေး၊ မရှိသေး လာကြည့်ရင်း သူမတစ်ယောက်တည်း ဖြစ်နေတာကို မြင်ရတော့တာလေ။

တစ်ခုခုတော့ အကြီးအကျယ်မှားယွင်းကုန်ပြီဆိုတာ သူ့မျက်နှာ အမူအယာကို မြင်ပြီး သူသိနေသည်။ သူသိနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူမ...သူ့ကို ဘယ်လို ပြန်ပြောရပါမလဲ...။ ဘယ်ကနေ စပြောရပါမလဲလေ...။ ကုမ္မေက သူမလက်မောင်းကို ကိုင်လှုပ်သည်။

"နိုင်....သူ...ဘာတွေ ပြောသွားလဲ၊ ပြောစမ်း၊ အဲဒီလိုကြီး လုပ်မနေနဲ့၊ ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း"

သူမပါးပေါ် မျက်ရည်တစ်စက် စီးဆင်းကျသွားသည်။

လက်ဖမိုးနှင့် ဖတ်ကနဲ ပင့်သုတ်ပစ်လိုက်ပြီး ခေါင်းကိုမော့လိုက်သည်။

"ငါ..မငိုမိဖို့ ကြိုးစားနေပါတယ်၊ နင်ပြောထားသလိုလေ၊ အေးစက်တည်ငြိမ်အောင် ကိုယ့်ကိုယ်ကို စတင်ကြိုးစားကြည့်နေတယ်၊ ဒါပေမယ့် မရပါဘူး၊ မျက်ရည်ဆိုတာ ထိန်းကွပ်လို့မရတဲ့ ခန္ဓာကိုယ်ရဲ့ အလိုအလျောက် တုန့်ပြန်မှု စံနစ်ပဲ၊ ကံကောင်းတာကတော့ သူရှိနေတုန်းက ငါမျက်ရည်မကျခဲ့ဘူး၊ ခု...ခု...နင်ရောက်လာမှ ငိုချချင်လာတာ"

"နိုင်ရယ်...နင်တို့ ဘာတွေဖြစ်ကြပြန်ပြီလဲ"

သူမ ခြောက်ကပ်ကပ်တစ်ချက် ရယ်မောလိုက်သည်။

"စိတ်မပူပါနဲ့ ကုမ္မေ၊ နောက်ကို နင်နားမညည်းတော့ပါဘူး၊ ငါနဲ့သူ အခု ကွဲသွားကြပြီ"

"ဘာရယ်..."

ကုမ္မေက မယုံနိုင်သလို မျက်မှောင်ကျုံ့ကြည့်သည်။

သူမ အပြုံးမပျက် အဲဒီစကားကို ပြောထွက်လိုက်ပါသည်။

"ဟုတ်တယ်၊ တရားဝင် လမ်းခွဲပြတ်စဲခြင်းလေ၊ သူကိုယ်တိုင် ငါ့ကို မျက်နှာတည့်တည့်ကြည့်ပြီး ပြောသွားတာ၊ အဲဒီစကား...၊ မောင်တို့ လမ်းခွဲမှ ဖြစ်မယ် မရ...တဲ့၊ သူငါ့ကို တကယ်ထားခဲ့ပြီ၊ သိလား၊ ကုမ္မေ...၊ နင်ပြောတော့ ငါက မတုန်မလှုပ် ကျောက်ရုပ်လို နေပြလိုက်ဆို၊ အဲဒါဆို သူ့ဘက်က ပြောင်းလဲလာမယ်ဆို၊ ဟင်...၊ ခုတော့...သူက အစွမ်းကုန်ပြောင်းလဲ သွားလိုက်တာ၊ ငါ့ကို ရှေ့မှာထားပြီး အဲဒီစကားကို သူပြောရက်ခဲ့တယ်၊ ငါ..ငါ...ဘာလုပ်ရမလဲ၊ ငါ ဘာဆက်လုပ်ရမှာလဲ၊ ပြီးပြီလား၊ တကယ်ပြီးသွားပြီလား..."

သူမတစ်ကိုယ်လုံး လေဟာနယ်ထဲကို လွင့်မျောသွားသလို ခံစားနေရသည်။ ကုမ္မေက သူမလက်ဖမိုးလေးတစ်ဘက်ကို အုပ်ကိုင်သည်။



"နိုင်....နင်ကလည်းဟာ...၊ နင်တို့တွေ ခဏခဏ ဒီလိုပဲ စကားများ၊ ရန်ဖြစ်၊ ကတောက်ကဆ ဖြစ်နေကျ...ဟာကို၊ ထိုက်တန်က စနေသား၊ စိတ်ဆိုးတုန်း သူ့ပါးစပ်က အဲဒီလိုပဲ နင့်နင့်သည်းသည်း နင်ရင်နာအောင် သူပြောထွက်နေကြဥစ္စာ၊ နင့်ကိုလား...သူပြတ်မှာ၊ သက်သက်အနိုင်လိုချင်လို့ ပြောသွားတဲ့ စကား၊ နင်သိရက်သားနဲ့"

သူမခေါင်းကို ဖြည်းဖြည်းလေး ခါယမ်းလိုက်မိသည်။

"မဟုတ်ဘူး...ကုမ္မေ၊ ငါသိနေတယ်၊ ဒီတစ်ခါ သူနောက်ဆုံး ပြောသွားတာ၊ တကယ်ပြောသွားတာ၊ ငါတို့ခွာတ်လမ်းပြီးပြီ၊ ဒီနေ့ဟာ သူ...တကယ် ငါ့ကို ထားသွားတဲ့နေ့ပဲ"

သူမရဲ့ ပြတ်သားတိကျလှသော စကားကြောင့် ကုမ္မေ တွေဝေတုန်လှုပ်စွာ ငြိမ်သက်သွားသည်။ သူမမျက်လုံးတွေကို မိနစ်တော်တော်ကြာ ဘာစကားမှ မပြောပဲ ငေးကြည့်နေခဲ့သည်။ ပြီးမှ...။

"ထမင်းစားဦး...နိုင်၊ ယင်ကောင်တွေလာနေတယ်၊ ထမင်းစားရင်းနဲ့ နင်....ငါ့ကို ဘာတွေ ဖြစ်ကုန်တယ်ဆိုတာ ပြောပြ၊ ဟုတ်လား၊ မစားဘဲနဲ့တော့ မနေနဲ့၊ ငါ...နင့်လက်ကို ချုပ်ပြီး ခွံ့ကျွေးဖို့ ဝန်မလေးဘူး"

သူမ ပြုံးနေလိုက်မိ၏။

သူမရဲ့ ထမင်းဘူးထဲက ထမင်းလုံးလေးတွေတောင် မာတောင့်အေးစက်ကုန်ကြပြီ။ ကုမ္မေက အလိုက်တသိ ထပ်ပြောပြန်သည်။

"ထမင်းမစားချင်ရင် စမူဆာသုတ် မှာစားမလား၊ ငါမှာလိုက်မယ်"

"အေး...၊ ကောင်းသားပဲ၊ ချဉ်ချဉ်စပ်စပ်လေး"

ကုမ္မေရဲ့ မျက်နှာက ခုမှ ပြုံးတော့သည်။

သူမက အစားအသောက် ကိုတော့ မက်မက်စက်စက် ရှိတာ သူသိထားသည်။ ပြီးတော့ သူမအားနားမှာ စကားပြောဖော်၊ အဖော်လေးတစ်ယောက်ယောက်နဲ့ဆို စားလို့သောက်လို့ ပိုဝင်တာ သူသိသည်။

အိမ်က သေသေချာချာ ချက်ပေး၊ ထည့်ပေးလိုက်သော သန့်သန့်ရှင်းရှင်း အစားအသောက်များထက် လမ်းဘေးဆိုင်၊ အပြင်ဆိုင်မှ အစားအစာများ၊ မုန့်ပဲသရေစာတွေပဲ သူမ...ပိုကြိုက်တတ်တာ သူသိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကုဋေက စမူဆာသုတ်မှာပေးပြီး သူမဘက်ပြန်လှည့်လာသည်။

"ကဲ…ပြော၊ နိုင်…၊ နင်တို့နှစ်ယောက် ဒီဆိုင်မှာ ဘာစကားတွေ ပြောပြီး ဒီလို အခြေအနေ ရောက်သွားတာလဲ၊ ငါ့ကို အကုန်ပြောပြ၊ တစ်ခွန်းမကျန် ပြောပြစမ်း၊ ပြီးမှ ငါဆုံးဖြတ်မယ်၊ နင်တို့နှစ်ယောက်…တကယ်ပဲ ကွဲပြီလားလို့"

သူမရယ်ဖို့ ကြိုးစားကြည့်ပါသည်။ ရယ်လို့မရပါ။

သူမရဲ့အသည်း…တကယ်ကွဲပြီလား…။ အသည်းကွဲတယ်ဆိုတာ ဒါလား…။ အဲ့ဒီလိုမျိုး ပြင်းထန်တတ်သတဲ့လား…။

"အကုန်ပြောပြရမယ်"

သူမက ကုဋေကို ပြန်မေးလိုက်မိသည်။ သူခေါင်းညိတ်သည်။

"အေးလေ…၊ အရင် နင်တို့ရန်ဖြစ်ရင် ငါ့ဆီပဲ အကုန်လှမ်းတိုင် ပြောပြနေကျ၊ ငါကြားသင့်တာရော၊ မကြားသင့်တာတွေရော၊ အိတ်သွန်ဖာမှောက် ပြောပြနေပြီး…"

"တကယ်ငါတို့နှစ်ယောက် ဇာတ်လမ်းပြတ်ပြီဆိုတာကို ပြောလိုက်ရုံနဲ့ နင်မယုံနိုင်ဘူးလား ကုဋေရယ်"

"အမှန်အတိုင်း ပြောရင် မယုံဘူး"

"ဘာကြောင့်လဲ…"

"ကိုယ့်ကိုယ်ကို ပြန်မေးကြည့်လေ၊ နိုင်…၊ နင် သူ့ကို တကယ်ပြတ်နိုင်လို့လား…"

"ခုကိစ္စက ငါသူ့ကို ပြတ်နိုင်တာ၊ မပြတ်နိုင်တာနဲ့ ဘာမှ မဆိုင်ဘူးလေ…ကုဋေ၊ သူက ငါ့ကို ထားသွားတာ၊ ငါက သူ့ကို ထားခဲ့တာ မဟုတ်ဘူး၊ ငါဘာလုပ်လို့ ရမှာလဲ"

"နင် မျက်ရည်ကျလို့လား…"

"ဘာ…"

အဲ့ဒီမေးခွန်းရဲ့ အဓိပ္ပါယ်ကို သူမ နားမလည်ပဲ အံ့အားသင့် မှင်သက်မိသွားသည်။

"နင်…သူ့ရှေ့မှာ မျက်ရည်ကျပြခဲ့သလား…နိုင်၊ ငါမေးတာ ဖြေလေ၊ နင်…ငိုပြလိုက်သလား၊ နင်မျက်ရည်လည်ရွှဲနဲ့ သူ့ကို ဒူးထောက်မတတ်



တောင်းပန်လိုတ်သလား၊ နင့်ကို ထားမသွားဖို့၊ လမ်းမခွဲဖို့ နင်အနူးအညွတ် တောင်းပန်ခဲ့သလား၊ နင်…မပြောလိုက်ဘူး မဟုတ်လား၊ အခုလို မတုန်မလှုပ်၊ နင်ငြိမ်သက်အေးစက်ပြီး နေပြလိုက်တယ်မဟုတ်လား၊ ဒါဆို…ဒီကောင့်ဘက်က မပြတ်သေးဘူး၊ စိတ်ချ၊ နင်တို့ဇာတ်လမ်း အဆုံးမသတ်သေးဘူး၊ သိလား၊ ဒီကောင်လိုချင်တာ နင်နဲ့ လမ်းခွဲဖို့မဟုတ်ဘူး၊ နင့်ရဲ့ အရှုံး၊ နင့်ရဲ့မျက်ရည်၊ အဲ့ဒါမြဲမြဲမှတ်ထား…နိုင်၊ နင်…အကြီးအကျယ် မနာကျင်သေးသ၍ သူ နင့်ကို ထားမသွားသေးဘူး"

"ရက်စက်လိုက်တာ ကုဋေရယ်၊ အဲ့ဒီထက် ရက်စက်တဲ့ အားပေးနှစ်သိမ့်မှုမျိုး နင်မှာ ရှိသေးရဲ့လား"

"ဒါအမှန်တရားပဲ နိုင်၊ နင်တို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်လည်း အသည်းအသန်ချစ်တယ်၊ တစ်ယောက်ကို တစ်ယောက်လည်း အသည်းအသန် နိုင်ချင်တယ်၊ အဲ့ဒီနှစ်ခုက တစ်ပြိုင်တည်း ဖြစ်နေရင် နင်တို့ နှစ်ယောက် ဘယ်တော့မှ မပြတ်ဘူး၊ တစ်ယောက်ယောက် အကြီးအကျယ်ရှုံးသွားမှ…၊ အရှုံးပေးလိုက်မှ ပြီးသွားမှာ…၊ သိလား"

အချစ်ဆိုတာ ရှုံးနိမ့်ခြင်းလား။ သူမ မသိခဲ့ရပါလား…ဟင်…။

သေချာတာကတော့ ခုလောလောဆယ် သူမ မောင့်ကို အရှုံးပေးလိုက်ရတာပဲ မဟုတ်လား။ မောင်လိုချင်တဲ့ လမ်းခွဲမှုကို သူမ အသာတကြည် လက်သင့်ခံ ခေါင်းညိတ်ပြလိုက်ရတာပဲ မဟုတ်လား…။

အဲ့ဒါကို သူမ မရှုံးသေးဘူးလို့ ကုဋေက ရက်ရက်စက်စက် ပြောချင်သေးသတဲ့။

"ကုဋေ…ငါလေ…အခု…ရှုံးသွားတာ သေးသေးမွှားမွှားလေး ရှုံးသွားတာမဟုတ်ဘူး၊ လုလုပပနဲ့ အကြီးအကျယ်ကြီးကို ကျဆုံးသွားတာပါဟယ်၊ နင်…ငါ့ရင်ထဲကို မြင်ကြည့်စမ်းပါ၊ အဲ့ဒီအရှုံးကို ငါအလွယ်တကူ လက်ခံ၊ ငြိမ်သက်နေပြနိုင်တယ်ဆိုပြီး အထင်မကြီးစမ်းပါနဲ့၊ ဒီမှာ…ငါပြောပြမယ်၊ အဲ့ဒီ ကျဆုံးမှုက ငါ့ဆီ လွယ်လင့်တကူ ရောက်လာတာမဟုတ်ဘူး၊ မောင်နဲ့ငါ ဘာစကားတွေ ဘယ်လိုပြောပြီး၊ ဘယ်လောက်ပြင်းခုန်ရန်ဖြစ်ပြီးမှ ရှုံးလိုက်တယ်ဆိုတာ နင်နားထောင်ကြည့်၊ ပြီးတော့ သိလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မရ...မနေ့က စီးတီးမတ်ကို လိုက်လာတယ်လို့ မောင်ကြားတယ်"

မောင်က စပြောသည်။ သူမ စိတ်ထဲက ရေရွတ်လိုက်မိ၏။

ရန်မတွေ့နဲ့။ ရန်မထောင်နဲ့။ ပုံမှန်လေသံနဲ့ မျက်နှာအမူအယာနဲ့ပဲနေ။

ကုမ္ပဏီက မှာထားတယ်လေ။ သွေးမပျက်နဲ့။ မလှုပ်ရှားနဲ့။ ကိုယ့်ဘက်က စပြီးမကျဆုံးနဲ့...တဲ့။

အဲ့ဒီကိစ္စကို ပုံမှန်မြင်တွေ့နေကျ အဖြစ်တစ်ခုလို ငါ...ရိုးအီနေပြီဆိုတာ မောင်သိအောင် လုပ်ပြ...။ အဲ့ဒီလိုလား...။ သူမစိတ်ထဲကတော့ ယောက်ယက်ခတ်အောင် စဉ်းစားတွေးခေါ်နေရပြီး အပြင်ဘက်မှာတော့ တည်ငြိမ်အေးခဲနေသယောင် ဟန်ဆောင်လိုက်ပါသည်။

အပြုံးမပျက် မောင့်ရှေ့မှာ ထိုင်ချရင်း အအေးပုလင်းတစ်လုံးကို အရင်အေးအေးဆေးဆေး မှာသောက်နေလိုက်သည်။

"မောင် ဘယ်ကကြားတာလဲ"

"ဖိုးကုမ္ပဏီပေါ့"

သူမ မျက်နှာလွှဲ၊ ခေါင်းငုံ့ရင်း ပြုံးနေလိုက်သည်။ မောင်က သူမ မျက်နှာကို ငုံ့စိုက်ကာ အတင်းခိုးကြည့်နေရင်း ထပ်မေးသည်။

"မောင့်ကို လှမ်းပြီး မနှုတ်ဆက်တာ မောင့်ဘေးမှာ မိန်းကလေးတစ်ယောက်ပါနေလို့ဆို..."

မောင်က မိန်းကလေးတစ်ယောက်...ဟု စကားကိုဖေါ်ကာ သုံးနှုန်းသွားသည်။ ကျွန်မရဲ့ချစ်သူသည် အဲ့ဒီလို စကားအပြောအဆိုလေးတွေ နည်းက်လှပပါသည်။

ရိုစရာကောင်းလိုက်တာနော်။

အဲ့ဒီမိန်းကလေးတစ်ယောက်က လူပုံ အလယ်မှာ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ခါးကိုဖက်ပြီး ဈေးဝယ်ထွက်ရဲသည်ဆိုတော့ သူနဲ့မောင်က ဘယ်လို အနေအထားလဲ...မောင်...ရဲ့။



ရင်ထဲကနေ ယားကျိကျိဖြစ်အောင်ကို မေးချင်နေသော မေးခွန်းအားသူမ တိတ်တိတ်ကလေးပဲ မျိုချလိုက်ရပါသည်။

အဲ့ဒီလို မေးငေါ့၊ အရွဲ့တိုက် မေးခွန်းထုတ်တော့ရော မောင့်ဆီက ဘယ်လိုအဖြေမျိုး ငါပြန်ရမှာမို့လဲ။ ဒေါ်မရနိုင်...၊ ရှင်...မမိုက်နဲ့တောလေ။

အဲ့ဒီ သွေးဆူလွယ်၊ ပေါက်ကွဲလွယ်တဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ မောင့်ကို ဆက်ဆံလို့ မရတော့။ မောင်သိစေရမယ်။ ကျွန်မ ဘယ်လောက် ဟန်ဆောင်ကောင်းတယ်ဆိုတာ...။

"အင်းလေ...၊ မောင့်ကို ဘေးမှာ မိန်းကလေးတစ်ယောက်ပါနေတာ သိသိကြီးနဲ့ မောင်ရေ...ဈေးလာဝယ်လာတာလား...လို့ သူစိမ်းတွေလို ကျွန်မက နှုတ်ဆက်ပြရမှာလား၊ မောင်ကရော အဲ့ဒီမိန်းမနဲ့ ကျွန်မကို ဘယ်လိုအနေအထားနဲ့ မိတ်ဆက်ပေးမှာလဲ၊ မောင်ပဲ အိုးတိုးအမ်းတမ်း ဖြစ်နေမှာစိုးလို့ ကျွန်မ ရှောင်ပေးလိုက်တယ်၊ မောင့်ကို လူတွေရှေ့မှာ မောင်လို့ မခေါ်ပဲနဲ့ ကျွန်မ ဘယ်လိုခေါ်ရမလဲ၊ ကျွန်မ သိပ်ဟန်မဆောင်တတ်ဘူး"

မောင်မယုံပါ။ သူမအဖြေကို မောင်မယုံပါ။

သူမ ဒီလို တည်ငြိမ်အေးစက်စွာ ပထမဆုံးအကြိမ် ပြောင်းလဲသွားတာကို မယုံသလို စိုက်ကြည့်နေသည်။

တကယ်ကတော့ သူမရဲ့ရန်တွေ့စကားတွေ၊ မနာလိုဝန်တိုမှုတွေ၊ ဒေါသဖေါက်ခွဲမှုတွေကို ဒီနေ့...နားထောင်ဖြေရှင်းပေးဖို့ မောင်ရောက်လာတာ ဖြစ်သည်။ သူမ...သိတာပေါ့။

သို့ပေမယ့် အခုလိုမျိုး တည်ငြိမ်အေးစက်နေမှုမျိုးကို သူမဆီက မောင် မျှော်လင့်ထားပုံ မရပါ။

မောင်ကြောင်ကြည့်နေသည်။

ပြီးတော့ မေးလေသည်။

"မရ,က နောက်ကျတော့ မောင့်ကို အဲ့ဒီမိန်းကလေးနဲ့ အထင်မှားပြီး ဖိုးကုမ္ပဏီရှေ့မှာတင် မျက်ရည်ကျတယ်ဆို၊ ငိုတယ်ဆို၊ မောင်...ရှင်းပြပါရစေ..."

သူမ လက်ဖဝါးလေးပဲ ထောင်ပြကာ မောင့်စကားကို ရပ်တန့်အားမြစ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


တော်ပြီလေ...။ မောင်ရဲ့ ရှင်းပြပါရစေ...ဆိုသော မဆုံးနိုင်သည့် ဖြေရှင်းချက်တွေကို နားထောင်ရတာ သူမ...နားတွေလည်း မဆန့်တော့ပါဘူး။ ဒီတစ်ခါတော့ မလိုအပ်တော့ပါဘူးမောင်...။

“မောင်...၊ ပလီစ်၊ တဆိတ်...၊ ရှင်းမပြပါနဲ့၊ ကျွန်မ နားမထောင်ချင်ဘူး၊ သိပြီးသားလေ၊ အဲ့ဒီမိန်းကလေး ဘယ်သူလဲဆိုတာ ကျွန်မသိပြီးသား၊ ကျွန်မမျက်ရည်ကျရတာ အကြောင်းတစ်ခုတည်း...၊ ကျွန်မချစ်မိတဲ့ ချစ်သူက ညာပြောတတ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေတယ်ဆိုတာ သိလိုက်ရလို့”

“မဟုတ်ဘူး မရ၊ မောင်...အဲ့ဒါကို...”

“ဟုတ်တယ်လေ၊ မောင်...ကျွန်မကို အခါခါ ရှင်းပြပြီးခဲ့ပြီပဲ၊ အဲ့ဒါ... ဝင်ဒီ မဟုတ်လား၊ မောင်နဲ့အတူ မနေ့က တွဲပြီးတွေ့လိုက်တာ ဝင်ဒီပဲ မဟုတ်လား၊ ပြီးခဲ့တဲ့လေးရက်ကပဲ ဝင်ဒီနဲ့မောင့်ရဲ့ ဇာတ်လမ်းကပြီးသွားပြီလို့ ကျွန်မကို မောင်ပြောခဲ့သလား...လို့၊ ကျွန်မများ နားကြားမှားခဲ့သလား...”

သူမရဲ့ထေ့ငေါ့စကားကြောင့် မောင် မျက်နှာတစ်ချက် ပျက်သွားသည်။

“မောင်မညာဘူး မရ၊ အဲ့ဒါအမှန်ပဲ၊ ဝင်ဒီ့ကို မောင် မချစ်ဘူးလို့ ပြောပြီးသားပဲ၊ မောင့်မှာ သိပ်ချစ်ရတဲ့ချစ်သူ...၊ မရ...ဆိုတာ ရှိပြီးသားလို့ မောင်ပြောပြီးသား”

“အင်း...ဒါဆိုရင် အံ့ဩစရာ သိပ်ကောင်းတာပေါ့၊ မောင်ရဲ့ဘေးနားမှာ အမြဲမြင်တွေ့နေရတဲ့ မိန်းမတစ်ယောက်က မောင်ရဲ့ချစ်သူ မဟုတ်ဘဲ၊ မောင်... မချစ်တဲ့ မိန်းမတစ်ယောက် ဖြစ်နေတာပဲ...နော်”

“မရ...အဲ့ဒီလို မပြောနဲ့၊ သူနဲ့မောင်ရဲ့ ဆက်ဆံရေးက ခုချိန်မှာ မိတ်ဆွေ သူငယ်ချင်းအဆင့်ထက် ဘာမှ မပိုတော့ဘူး၊ အဲ့ဒါ မရယုံအောင် မောင်...ဘယ်လိုပြောရမလဲ”

“မိတ်ဆွေသူငယ်ချင်းအဆင့်က လူပုံအလယ်မှာ မောင့်ကို ခါးဖက်ခွင့် ရှိသလား”

မောင်မျက်နှာ ပိုပျက်သွားသည်။

“ဝင်ဒီက အမေရိကားမှာ ခြောက်နှစ်ကျောင်းသွားတက်ပြီး ပြန်လာတာ ခရ၊ သူ့ရဲ့အဲ့ဒီလောက် အပြုအမူနဲ့ မောင့်ကို သစ္စာဖောက်ဖျက်တယ်လို့ မစွပ်စွဲနဲ့၊



သူက ပွင့်လင်းတယ်၊ အနောက်တိုင်းဆန်တယ်၊ ပြောရရင်...ရဲတင်းတယ်၊ သူ့ဘက်က အနေအထိုင်မတတ်တာကို မောင့်အပေါ်မှာ အပြစ်ပုံချရင် မရ မတရားဘူး”

သူမ ခပ်လှောင်လှောင်ရယ်ချလိုက်သည်။

“အပြစ် မပြောရဲပါဘူး၊ မစွပ်စွဲရဲပါဘူး၊ မောင်က သစ္စာတွေ စောင့်သိတတ်တယ်ဆိုပြီး ခဏခဏ ပြောလွန်းလို့၊ ယုံပါတယ်၊ မောင့်ကို အမြဲယုံတယ်၊ မျက်လုံးက မြင်မိတာလေးပဲ ပြန်ပြောပြနေတာ၊ မောင့်ကို ကျွန်မ နားလည်နိုင်ပါတယ်”

သူမ လေသံအေးအေးလေးနဲ့ ပြန်ပြောတော့လည်း မောင် မကျေနပ်ပြန်။

“မရ...နှုတ်က ယုံတယ်လို့ ပြောပေမယ့်၊ မောင်က မရမျက်လုံးတွေကို လှမ်းမြင်နေရတယ်၊ မရ...ရင်ထဲမှာ မရှင်းဘူး၊ မောင်သိတယ်၊ မောင့်ကိုဆို...အမြဲ သံသယမျက်လုံးတွေနဲ့ ကြည့်တယ်၊ ယောကျ်ားတစ်ယောက်ကို သူ့ချစ်သူက အမြဲ အဲ့ဒီလိုကြည့်တတ်နေရင် အဲ့ဒီယောကျ်ားဟာ ဘယ်လိုခံစားရမလဲ...၊ မရ...တွေးကြည့်ဖူးသလား၊ ကိုယ်သစ္စာမဖောက်ပါပဲ ဖောက်သူလို စွပ်စွဲခံရတာ စော်ကားခံနေရတာနဲ့ မတူဘူးလား”

ဘုရားရေ...။ သူပြောနေသော စကားလုံးတွေက သူမ ကျဆုံးပျော်ဝင်ပစ်လိုက်ဖို့ အလွန်ကောင်းတာပဲ။

ဒါပေမယ့် ထိုက်တန်ဆိုသော ယောကျ်ားတစ်ယောက်အကြောင်းကို သူမ လ,ပေါင်းတော်တော် ကြာကြာကတည်းက သိထားပြီးပြီမို့ သူမ ထိုစကားလုံးတွေမှာ မနစ်မြုပ်နိုင်တော့ပါ။

ခွင့်လွှတ်ပါမောင်...။ မောင့်ကို ကျွန်မ ချစ်တယ်လို့ အဖြေပေးလိုက်တဲ့ အချိန်တုန်းကလို ကျွန်မဟာ ဆယ့်ကိုးနှစ်အရွယ်...၊ တိမ်းမောသာယာတတ်လွယ်တဲ့ ခပ်ပေါ့ပေါ့ ဒုတိယနှစ်ဆေးကျောင်းသူ ကောင်မလေး တစ်ယောက် မဟုတ်တော့ဘူး။

ဒဏ်ရာတွေ၊ အစိမ်းချုပ်တွေနဲ့ အသားမာတက်နေတဲ့ ဘဝတစ်ခုကို ကျွန်မကောင်းကောင်း လက်ဆောင်ရထားပြီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"မောင်....ကျွန်မရင်ထဲက အတွေးတွေ၊ ကျွန်မမျက်လုံးက အကြည့်တွေကို မကျေမနပ်မဖြစ်နဲ့၊ ကျွန်မကိုယ်တိုင်ရော..အဲ့ဒီလို သံသယတွေ၊ မနာလိုဝန်တိုမှုတွေ၊ ပူပင်သောကတွေနဲ့ တွေးချင်၊ စဉ်းစားချင်တယ်လို့ မောင်...ထင်သလား၊ ဒီလို နာကျင်အက်ကွဲတဲ့ အကြည့်တွေ ရှိချင်တယ်လို့ မောင်...ထင်သလား၊ ဘယ်လိုလုပ် ရှိချင်မှာလဲ၊ ဒါတွေက သူ့အလိုလို ဖြစ်လာတာလေ၊ မြင်ရကြားရတာတွေ၊ အပြင်မှာ တကယ်ဖြစ်နေတာတွေ...၊ အဲ့ဒါတွေကြောင့် သူ့အလိုလို ပြောင်းလဲလာတာ၊ ဒီအကြည့်တွေ၊ အမြင်တွေ သူ့ဟာသူ မရှင်းတာ ကျွန်မ ဘာမှ မတတ်နိုင်ဘူး"

"မရ...က သူများပြောတာ၊ တလွဲမြင်သွားတာကိုပဲ ယုံပြီး မောင်ကိုယ်တိုင်က ရှင်းပြနေတာကို မယုံတာ...၊ ဆိုးတာပေါ့"

"ဒါဖြင့် ပြောပြပါဦး၊ မောင်က ဓာတ်လမ်းပြီးသွားပြီလို့ဆိုတဲ့ ဝင်ဒီနဲ့ မောင်ရဲ့ဓာတ်လမ်းက ဘာလဲ၊ ရှော့ပင်းစင်တာမှာ ခါးဖက်ပြီး ဈေးဝယ်ခွင့်တော့ အတူတူ ရှိသေးတယ်ဆိုတဲ့ ဓာတ်သိမ်းမျိုးလား"

"မရ..."

မောင့်လေသံက ကျယ်လောင်စွာထွက်လာသည်။

"ပလိစ်....အမြင်မကျဉ်းပါနဲ့၊ မောင်ဘယ်နှစ်ခါပြောရမလဲ၊ ဝင်ဒီက မောင့်ညီမတွေနဲ့၊ မောင်တို့ တစ်အိမ်လုံးနဲ့၊ မိသားစုလို၊ မောင်နှမတွေလို တစ်သက်လုံးနေလာတာ၊ ယူအက်စ်သွားတဲ့ ခြောက်နှစ်တောင် အဆက်အသွယ်ပြတ်တာ မဟုတ်ဘူး၊ အပတ်တိုင်း ဖုန်းဆက်နေတာ၊ ခု...သူပြန်လာတော့လည်း အရင်အတိုင်းပဲ ဒီလိုဆက်ဆံနေတာ၊ မောင် ချက်ချင်းပြောင်းလဲပစ်လို့ မရဘူး၊ သူ့ခင်မင်မှုကို စော်ကားရာရောက်တယ်၊ မောင့်မိဘတွေရော၊ သူ့မိဘတွေရော သူနဲ့မောင့်ကို မြန်းထားတာ မောင်သိတယ်၊ ဒါပေမယ့် မောင့်မှာ ချစ်သူရှိတယ်လို့ ဝင်ဒီ့ကို မောင်ကျိတ်ပြီး ပြောထားပြီးသားလေ၊ အဲ့ဒါ...မောင့်ရဲ့ သစ္စာစကားပဲ၊ သူကလည်း လက်ခံပြီးသား၊ ခုချိန်မှာ လူကြီးတွေကို အစီအစဉ်ဖျက်ဖို့ မပြောသေးတာက အတိုက်အခံမလုပ်ချင်သေးလို့၊ သူလည်း ပြန်ရောက်လာကာစ၊ စိတ်မညစ်စေချင်သေးလို့၊ ဒါပဲ၊ အဲ့ဒီအခြေအနေကို မရ...မကျေနပ်နိုင်တာ မောင်လည်း ဘာလုပ်ပေးရမှန်း မသိတော့ဘူး"



"ဒီတော့ ကျွန်မကပဲ မနာလို ဝန်တိုသူကြီးပေါ့နော်၊ ဟုတ်လား...၊ မောင်က သူ့ကိုပဲ စိတ်မညစ်စေချင်တာကိုး၊ ကျွန်မကတော့ စိတ်ညစ်ရုံမကလို့ ထိုင်ပဲ ငိုငို၊ လဲပဲသေသေပေါ့၊ ဟုတ်လား"

"မရ...စိတ်ညစ်စရာအကြောင်း...ဘာမှကို မရှိတာ၊ မောင်...ရှင်းပြနေတယ်လေ"

ရယ်ဖို့ပင် ကောင်းသေးတော့။

ချစ်တယ်လို့ပဲ ပြောခဲ့တာ တစ်ခွန်းလောက် ကြားခဲ့ရပြီး မောင့်ဘေးနားမှာ အချိန်တိုင်း နေပိုင်ခွင့်ရနေတာက မောင်နဲ့ တရားဝင်စေ့စပ်ထားပြီးတဲ့ မိန်းကလေးတစ်ယောက်လေ...။

အဲ့ဒီလို အခြေအနေမျိုးကိုမှ သူမ စိတ်မညစ်ရဘူးဆိုလျှင် ဘယ်လိုအရာကို သူမ စိတ်ညစ်ရမည်တဲ့လဲ...။

"မောင့်မိဘတွေကို စေ့စပ်ထားတာ ဖျက်ဖို့ ပြောသင့်တယ်၊ ဝင်ဒီသာ မောင့်ကို မျှော်လင့်ချက် လုံးဝမထားတော့ဘူးဆိုတာ သေချာရင်လေ..."

"ပြဿနာက ဝင်ဒီမဟုတ်ဘူး...မရ၊ မောင့်မိဘတွေ၊ သူတို့က မေးမယ်၊ ဘာလို့ ဒီကိစ္စကို ဖျက်ချင်တာလဲ မေးရင် မောင်ဘယ်လိုဖြေရမလဲ၊ မောင့်မှာ ချစ်သူရှိတယ်၊ မရနိုင်...ဆိုတာ မောင့်ရဲ့ ချစ်သူပဲလို့ မောင်ဖြေရမှာလား"

"ဖြေလိုက်လေ၊ ကျွန်မက မောင့်ရဲ့မိဘတွေမုန်းတဲ့ မိန်းမတစ်ယောက် ဖြစ်နေလို့လား၊ မဖြေရဲစရာ ဘာအကြောင်း ရှိလို့လဲ"

"မောင် မဖြေရဲတာ မရကို မောင့်မိဘတွေက မုန်းမှာစိုးလို့ မဟုတ်ဘူး၊ မောင့်ကို မရရဲ့မိဘတွေက 'မုန်းနေလို့ပဲ...၊ အဖြေက အဲ့ဒါပဲ၊ ရှင်းရှင်းလေး"

"ဖေဖေ...မောင့်ကို မမုန်းပါဘူး၊ မောင့်ဟာမောင် ထင်နေတာ"

"မမုန်းပေမယ့် သဘောတော့ မတူဘူးလေ"

"သဘောမတူဘူးလို့လည်း မပြောပါဘူး၊ ဘယ်တုန်းက ပြောလို့လဲ"

မောင်သည် သူရယ်မောနေကျ ပုံစံအတိုင်း လူကို ခနဲ့သလိုလို၊ ရွဲ့သလိုလို မျက်လုံးများကို မေးစင်းကာ အကြည့်ကိုလွှဲပြီး တိုးတိုးဖွဖွ ထုတ်ရယ်သည်။

အဲ့ဒီလို ရယ်မောတတ်ပုံမျိုးကို မိန်းကလေးများက သိပ်အမြင်ကတ်တတ်ကြောင်း သူမရဲ့သူငယ်ချင်းများက သက်သေခံဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေနိုင်ကဆိုလျှင် "နင့်လူရယ်တဲ့ပုံက လုံးဝ ယောင့်မကျိုးဘူး၊ အဲ့ဒီလိုမျိုး မခိုးမခန့် ငါတို့ရေ့မှာ လာမရယ်နိုင်းနဲ့၊ အနားမှာရှိတဲ့ ရေနွေးခွက်နဲ့ လှမ်းပက်မိလိမ့်မယ်"လို့ပင် ပြောဖူးသည်။

ဒီလိုမျိုး ရယ်တတ်သော မောင့်ကိုမှ သူမက အသည်းယားစွာနှင့် ပြန်ချစ်မိခဲ့တာ သူမ အမှား...။ ခုလည်း သူ ဒီလိုရယ်ပြန်ပြီလေ။

ရယ်သံတစ်ဝက်နှင့် မောင်က ခပ်လှောင်လှောင်ပြောသည်။

"တည့်တည့်ထုတ်ပြောမှ မောင်ကနားရမယ်ဆိုရင် မောင် သိပ်တုံးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်သွားမှာပေါ့၊ မရရဲ့ အသက်နှစ်ဆယ်ပြည့်မွေးနေ့ပွဲမှာ မရရဲ့အဖေက ကိတ်မုန့်မလှီးခင် ပြောသွားတဲ့ဆုတောင်းစကားလေ...၊ မရ...နားနဲ့ဆတ်ဆတ်ကြားတယ်၊ သူငယ်ချင်းတွေ အားလုံးလည်း ကြားတယ်၊ မောင်ဘယ်တော့မှ မမေ့ဘူး၊ အဲ့ဒီတုန်းက မောင်နဲ့ မရချစ်သူတွေ ဖြစ်နေကြပြီ၊ မရဖေဖေ ဘာပြောခဲ့လည်း မရ...သတိရရဲ့လား၊ လိုရာဆန္ဒ ပြည့်ဝပါစေ၊ အမြဲတမ်း ကံကောင်းပါစေ၊ အဲ့ဒီစကားတွေနောက်မှာ...ငါ့သမီးချစ်ခင်မြတ်နိုးတဲ့သူ တွေ့တဲ့အခါ အဖေလိုပဲ သမီးဖြုန်းသမျှ ငွေရှာပေးနိုင်တဲ့သူဖြစ်ပါစေ...တဲ့၊ အနည်းဆုံးတော့ အဖေ့လောက် ငွေမရှာနိုင်တောင် တစ်ဝက်လောက် ရှာပေးနိုင်ပါစေ...တဲ့၊ ရယ်သလိုမောသလိုနဲ့ ဆုတောင်းသွားတာ၊ အဲ့ဒါ... ဘာစကားလဲ၊ မရရဲ့အဖေက ငွေ...၊ ငွေ...၊ ငွေစကားသိပ်ပြောလွန်းတယ်၊ သူသိတယ်၊ အဲ့ဒီအချိန်မှာ မောင်နဲ့မရ ချစ်သူတွေဖြစ်နေပြီဆိုတာ သူတနည်းနည်းနဲ့သိနေပြီ၊ ပြီးတော့ မောင်က မရတို့ရဲ့ ဆယ်ပုံတစ်ပုံလောက်တောင် မချမ်းသာဘူးဆိုတာလည်း သူသိနေပြီ၊ သိလို့ ဒီစကားကို ပညာသားပါပါ ထုတ်ပြောသွားတာ"

သူမ "ကျစ်"ကနဲ ပါးစပ်က စုတ်သပ်လိုက်မိပြီး မောင့်ရဲ့စကားတွေကို ဆတ်ကနဲ ခေါင်းခါ ငြင်းဆန်လိုက်မိသည်။

"အဲ့ဒါ ဖခင်တစ်ယောက်က သူ့သမီးရဲ့ မွေးနေ့ပွဲမှာ ပျော်စရာဖြစ်အောင် နောက်ပြောင်ပြီး ဆုတောင်းလိုက်တဲ့ စကားသက်သက်ပဲ၊ မောင်... ဒီစကားကိုပဲ စွဲလမ်းပြီး တစ်သက်လုံး စိတ်ဆင်းရဲနေ...၊ အဲ့ဒါမောင့်ဟာမောင်ဖြစ်နေတာ၊ စကားအကျလိုက်ကောက်ပြီး ဖေဖေ့ကို သက်သက်မဲ့ မောင်... အထင်လွဲတာ၊ ဖေဖေက မရရဲ့အချစ်ရေး၊ အိမ်ထောင်ရေး...လုံးဝလှည့်ကြည့်



စိတ်ဝင်စားတဲ့ အဖေမျိုးမဟုတ်ဘူး၊ ခုချိန်ထိ သူ့စီးပွားရေး၊ သူ့လုပ်ငန်းအကြောင်းပဲ ခေါင်းထဲထည့်ထားတာ၊ ဖေဖေ့ကို မောင်ပြဿနာမရှာနဲ့၊ ပြဿနာက မောင့်တစ်ယောက်တည်းဖြစ်နေတာ"

"မဟုတ်ဘူး၊ ပြဿနာက မရရဲ့ဖေဖေလို့ ကိုယ်မပြောဘူး၊ ဒါ... အဖေတစ်ယောက်အနေနဲ့ ပြောသင့်ပြောထိုက်တဲ့ စကားပဲ၊ ဒီလိုပဲ အဖေတိုင်းက ပြောမှာပဲ၊ ကိုယ့်သမီးလက်ထပ်တဲ့အခါ ကိုယ်ထားပေးနိုင်တဲ့ အဆင့်အတန်းထက် နိမ့်ကျသွားမယ့် ယောကျ်ားမျိုးနဲ့ မတွေ့စေချင်တာလည်း ဒါ... တရားတယ်၊ မောင်...သူပြောတာကို လက်ခံတယ်"

"ဒါဖြင့် ပြဿနာက ဘာလဲ...မောင်"

"ပြဿနာက မရရဲ့ဖေဖေ သိပ်ချမ်းသာတာပဲ"

သူမ မောင့်စကားကြောင့် ဒေါသထွက်နာကျည်းသွားပါသည်။

"အဲ့ဒီတော့ မရက ဘာလုပ်ပေးရမလဲ၊ မရရဲ့ဖေဖေက သိပ်ချမ်းသာတာနဲ့ မောင်က မရကို တရားဝင်ချစ်သူတစ်ယောက်အဖြစ် မကြေငြာရဲတာ၊ ဟုတ်လား၊ ဒီလို ပြောချင်တာလား၊ မရကို လူပုံအလယ်မှာ တွဲလျှောက်မပြချင်တာ၊ ချစ်သူသက်တမ်း သုံးလေးနှစ်ကျော်အထိ ဆယ်ကျော်သက်ရည်းစားတွေလို ခိုးကြောင်ခိုးဝှက် ချိန်းတွေ့နေရတာ၊ တစ်ပါတ်မှာ တစ်ရက်လောက် မောင့်ကိုတွေ့ရဖို့ ဖုန်းတွေအခါခါဆက်၊ အချိန်းအချက်တွေ အမျိုးမျိုးလုပ်ရတာ၊ မရရဲ့ဖေဖေက သိပ်ချမ်းသာလို့....ဟုတ်လား၊ ဝင့်ဒီဆိုတဲ့ မိန်းမက မောင့်အိမ်ကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်၊ တွဲသွားချင်သလို တွဲသွားနေတာကျတော့ရော၊ ကျွန်မ ဖေဖေက သိပ်ချမ်းသာလို့ပဲလား....ဟင်...မောင်"

"မရ...အကြောင်းအရာနှစ်ခုကို ရောထွေးမပစ်နဲ့၊ ဝင်ဒီက မောင်တို့ရဲ့ ချစ်သူတွေဘဝနဲ့ ဘာမှမပါတ်သက်ဘူး၊ အဓိကပါတ်သက်နေတာ မရရဲ့ဖေဖေ"

"ဒီတော့ ကျွန်မက ဖေဖေ့ကို မချမ်းသာပါနဲ့ ၊ ဆင်းရဲပေးပါလို့ သွားပြောရမှာလား...မောင်"

မောင်သည် လေးပင်စွာ သက်ပြင်းတစ်ချက်ကို နင့်နင့်သည်းသည်း ရှိုက်သည်။ မျက်လုံးတွေ နာကျင်စွာ အဝေးသို့ငေးရီသွားတာ သူမတွေ့ရ၏။

မောင်...ဘာဖြစ်နေတာလဲ။ ဘာကိုလိုချင်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

သူမ... နားမလည်နိုင်ပါ။

သူမတို့ရဲ့ ချစ်သူဘဝသည် အဲ့ဒီလိုမျိုး နားမလည်နိုင်မှုတွေ၊ လိပ်ခဲတည်းလည်းတွေနှင့်ပဲ အမြဲစတင်ခဲ့တာရတာပါလေ...။

မောင်က အက်ကွဲစွာပြောသည်။

"မရရဲ့ဖေဖေက ဆင်းရဲသွားပြီလို့ ပြောရင်တောင် သူမောင်တို့မိသားစုထက် ချမ်းသာပါဦးမယ်၊ မရရဲ့ဖေဖေ ဘယ်လောက်ချမ်းသာသလဲ... မရကိုယ်တိုင် သိရဲ့လား"

"အို...မသိချင်ပါဘူး၊ သိစရာလည်း မလိုဘူး၊ ဖေဖေ့ကို ချမ်းသာလို့ မရတို့ ချစ်တာမဟုတ်ဘူး၊ တကယ်တော့ အဖေဆိုတာ အဖေတစ်ယောက်လို မိသားစုကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရင် ဖခင်ပီသတာပဲ၊ မရတို့ ချစ်ရမှာပဲ၊ အမိုးအကာနဲ့ စားစရာရယ်၊ ပညာအမွေရယ်၊ အဲ့ဒါတွေ ရှာဖွေပေးဆပ်နိုင်ရင် ပြည့်စုံတာပဲ၊ ကိုယ့်ဖခင်က ဘုရင်တစ်ပါး ဖြစ်စရာမလိုဘူး၊ ဖေဖေဟာ အလုပ်ကြမ်းသမားကြီးတစ်ယောက် ဖြစ်နေလည်း မရ...ဖေဖေ့ကို ချစ်မှာပဲ၊ အဲ့ဒီအတွက် မောင်က ဘာတွေ ဝင်ပြီး စိတ်ဆင်းရဲနေတာလဲ"

"မောင်...သိပ်ချမ်းသာတဲ့ သူဌေးသမီးတစ်ယောက်ကို ချစ်ခဲ့မိတယ်လေ၊ အဲ့ဒီအတွက် မောင့်မှာ ပေးဆပ်ရမယ့် ဝတ္တရားရှိတယ်၊ မောင်နဲ့ လက်ထပ်မှ မရရဲ့ဘဝက အရင်ထက်နိမ့်ကျသွားတယ်လို့ မောင် အပြောမခံနိုင်ဘူး၊ ရှင်းရှင်းလေးပဲ...မရ၊ အဲ့ဒါ ယောကျ်ားမာနလို့ ခေါ်တယ်၊ ဒါကြောင့် မောင်ငွေရှာနေတာ၊ မောင်အသည်းအသန် ငွေရှာနေတာ၊ မောင်လည်း မရတို့လိုပဲ ဆေးကျောင်းသား၊ ဆေးရုံမှန်မှန်သွား၊ လူနာတွေစမ်း၊ ဆရာတွေသင်တာ နားထောင်၊ အချိန်တန်ဆရာဝန်ဖြစ်မယ့် ပုံမှန်ဘဝလေး လိုချင်တယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူး၊ ဘာလို့လဲ သိလား၊ မရကိုချစ်လို့၊ မရကိုလက်ထပ်ချင်လို့၊ လက်ထပ်တဲ့အခါ မရဖေဖေက မောင်နဲ့ညားမှ ဆင်းရဲသွားတယ်လို့ အပြောမခံနိုင်ဘူး၊ ခုခေတ်မှာ ဆင်းရဲနေတဲ့ ဆရာဝန်တွေ တစ်ပုံကြီး၊ ဆရာဝန်တစ်ယောက်ရဲ့ လခက မရရဲ့နားကပ်တစ်ရံကိုတောင် ဝယ်မပေးနိုင်ဘူး၊ ဒါကြောင့် မောင်...ကျောင်းတစ်ဘက်နဲ့ စီးပွားရေးတွေ လုပ်နေရတယ်၊ အင်တာနက်ဆိုင်တွေ ဘီယာဆိုင်တွေ ရှယ်ယာထည့်ဖွင့်ထားတယ်၊ ဆေးဆိုင်လည်း ထောင်ထားတယ်၊ အဲ့ဒါမရနဲ့ မောင်တို့နှစ်ယောက်



ရဲ့ရှေ့ရေးအတွက်ပဲ၊ အဲ့ဒီအတွက် မောင့်အချိန်တွေ ဖဲ့ပေးရသေးတယ်၊ ဒါတွေကြောင့် မရအားနားမှာ ချစ်သူရည်းစားအစစ်တွေလို အချိန်ပြည့်နေမပေးနိုင်တာ၊ တခြား ဆေးကျောင်းသားတွေထက် ပိုအလုပ်ရှုပ်နေရတာ...၊ မရ...နားလည်ခွင့်လွှတ်ပေးသင့်တယ်"

"ခွင့်မလွှတ်ပေးနိုင်ဘူး...မောင်၊ မောင် အဲ့ဒီအလုပ်တွေ လုပ်နေတာ... မရအတွက် မဟုတ်ဘူး၊ မောင့်အတွက် မောင်လုပ်နေတာ၊ မရရဲ့ဖေဖေအထင်သေးမှာ၊ မရဖေဖေရဲ့ မျက်လုံးတွေအောက်မှာ မောင်ဂုဏ်ငယ်မှာ၊ မောင့်ကိုလူတွေက မေးငေါ့စကားတင်းပြောမှာတွေကို မောင်ကြောက်လို့ ငွေရှာနေတာ၊ မောင့်ဂုဏ်သိက္ခာအတွက် မောင်...ငွေရှာနေတာ၊ မရကို ဆွဲမထည့်နဲ့"

"မရ..."

မောင်သည် ဒေါသတကြီး သူမကို စတင်အော်ဟစ်ပါသည်။

"မရ...မင်းဘာလို့ ခေါင်းမာနေတာလဲ၊ မောင့်ကို ဘာလို့နားမလည်ပေးတာလဲ၊ ယောကျ်ားတစ်ယောက်ရဲ့ မာနကို မင်းဘာလို့ နားမလည်ပေးနိုင်တာလဲ မရ...၊ မင်းသိထားဖို့က မောင်က လက်ထပ်ချင်တယ်ဆိုရင် လိုလိုလားလား သားမက်ဖမ်းတော်မယ့် ယောက္ခမလောင်းတွေ မောင့်မှာအများကြီးရှိတယ်၊ အဲ့ဒီထဲကမှ မောင်က...မင်းကို ချစ်မြတ်နိုးလို့၊ မရကိုလက်ထပ်ချင်လို့...၊ တောင်းရမ်းတဲ့အခါ ယောက္ခမဘက်က ကိုယ့်ကို လမ်းဘေးက၊ ဂျပိုးလို၊ ကလေကချေလို၊ ငခွဲတစ်ယောက်လို သဘောမတူဘူး၊ အဆင့်နိမ့်တယ်၊ ဘာဘာညာညာတွေ မောင်အပြောမခံနိုင်ဘူး၊ လုံးဝအပြောမခံနိုင်ဘူး၊ မောင် သာမန်ယောကျ်ားမဟုတ်ဘူး၊ မရ...မြဲမြဲမှတ်ထား၊ ထိုက်တန်ဆိုတဲ့ကောင်က သမီးရှင်တိုင်းက မငြင်းနိုင်တဲ့ သားမက်လောင်းမျိုးဖြစ်နေစေရမယ်၊ မရရဲ့ဖေဖေ... မြန်မာနိုင်ငံက အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီး ဦးမင်းနိုင်အပါအဝင်ပဲ၊ အဲ့ဒီအခြေအနေရောက်မှ မောင်...မင်းကိုလက်ထပ်မယ်၊ သိလား"

သူမ ခါးသက်စွာရယ်လိုက်သည်။

"နောက်ဆုံးကျတော့ ပြဿနာက မောင့်ရဲ့မာနပဲ"

မောင်...ကျွန်မကို စိမ်းကားစွာ စိုက်ကြည့်သည်။

"မရ...မောင့်ကိုချစ်ရင် မောင့်ရဲ့ မာနကို နားလည်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com

"မောင့်ရဲ့မာနကို ကျွန်မနားလည်ပါတယ်၊ ဒါပေမယ့် မောင် မျှော်လင့်တဲ့နေ့မျိုး ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူးမောင်၊ ဝမ်းနည်းပါတယ်"

"ဘာ..."

မောင်တစ်ကိုယ်လုံး ဆတ်ကနဲ ခါသွားသည်။ မောင် တုန်လှုပ်သွားပါလိမ့်မည်။ စိတ်မကောင်းပါဘူး။

မောင့်ကို ဒီစကားပြောဖို့ အချိန်ရောက်ပါပြီ။ မောင်...ဒီစကားကို ခုချိန်မှာ ကြားသင့်နေပါပြီ။

"ဆောရီးပါ၊ ဖေဖေရဲ့ သမ်းတွေထဲမှာ ကျွန်မက အထူးချွန်ဆုံးလေ၊ ဆေးကျောင်းသူ၊ စာတော်တယ်၊ ထက်မြက်တယ်၊ လိမ္မာတယ်၊ အချစ်ဆုံးလို့လည်း ပြောတယ်၊ ဒီလို သမီးတစ်ယောက်အတွက် သင့်တော်မယ့် အိမ်ထောင်ဘက်ကို ဖေဖေ...ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ဘူး၊ အဲ့ဒါအမှန်တရားပဲ၊ မောင်ပြောသလို သူဌေးကြီးဦးမင်းနိုင်ရဲ့ သမီးမျိုးအတွက်ဆိုတော့ ပိုဆိုးတာပေါ့၊ မောင့်ကို တကမ္ဘာလုံးက သမီးရှင်တွေ လိုချင်လည်း ဖေဖေက ဂရုစိုက်မှာ မဟုတ်ဘူး၊ ဒါ...ဖခင်တစ်ယောက်ရဲ့ အတ္တပဲလေ၊ ဖေဖေ့ရဲ့ အတ္တကိုလည်း မောင်နားလည် ပေးနိုင်ရမယ်၊ ဒါဆို ကျွန်မတို့လက်ထပ်လို့ ရတယ်"

"မရ..."

မောင်သည် သူမကို ဘယ်တုန်းကမှ မကြည့်ဖူးသည့် စိမ်းကားအေးစက်လွန်းသည့် အကြည့်တစ်ချက်နှင့် စိုက်ကြည့်ကာ ဟစ်ခေါ်လေသည်။

"မင်း...ပြောချင်တာ မင်းအဖေက မောင့်ကို ဘယ်တော့မှ သူ့သမီးနဲ့ သဘောတူမှာ မဟုတ်ဘူးလို့ ပြောနေတာလား"

"မောင်မှ မဟုတ်ဘူးလေ၊ သိကြားမင်းဆင်းပြီး ကျွန်မကို လက်ထပ်ခွင့်တောင်းရင်တောင်...၊ အသက်ကြီးတယ်၊ နှုတ်ခမ်းမွှေးကြီးနဲ့ဆိုပြီး ဖေဖေက ငြင်းဦးမှာ"

သူမက ရယ်ရယ်မောမော ပြောလိုက်သော်လည်း မောင် လိုက်မရယ်ချေ။ လုံးဝ လိုက်မရယ်မောခဲ့ပါ။ တစ်ချက်ကလေးတောင်လည်း မပြုံးခဲ့ပါ။

သေချာပါသည်။ သူမ မပြောသင့်သော စကားကို အဆိုးရွားဆုံး ပြောချလိုက်မိပါပြီ။ သူမ နောက်ကျသွားပြီဆိုတာ သူမကိုယ်သူမ သိလိုက်သည်။



ဘယ်လိုမှ ပြန်လည်ပြင်ဆင်လို့ မရတော့ပါ။ အဲ့ဒါ အမှန်တရားပဲ ဖြစ်သည်လေ။

မောင်...ခေါင်းကို ဖြည်းညှင်းခါယမ်းပြီး ငုံ့စိုက်သွားသည်။

ပြီးတော့...။

"ဒါဆိုလည်း မောင်တို့ လမ်းခွဲကြတာပေါ့...မရ.."

"ဘယ်လို..."

အဲ့ဒီလို စကားကို မောင်...အလွယ်တကူ ပြောထွက်ရက်သည့်အတွက်လည်း မောင့်ကို သူမ အံ့သြလွန်းစွာ ငေးကြောင်စိုက်ကြည့်လိုက်မိသည်။

"မောင်...တကယ်ပြောနေတာလား"

သူမ မယုံကြည်နိုင်လွန်းစွာ ပြန်မေးလိုက်တော့...။

မောင်က မဲ့ပြုံးလေးတစ်ချက်နဲ့...။

"ဒီလိုဆို မောင်တို့ လမ်းခွဲမှ ဖြစ်မယ်....မရ၊ မောင်က သမီးရှင်တွေကိုယ်တိုင် သဘောမတူ၊ မကြည်ဖြူနိုင်ပဲ မိန်းမတစ်ယောက်ကို အလွယ်တကူ ကောက်ယူလက်ထပ်မယ့် ယောကျ်ားမျိုး မဟုတ်ဘူး၊ ဘယ်တော့မှလည်း ခိုးပြေးမှာ မဟုတ်ဘူး၊ ခိုးပြေးတယ်ဆိုစကားကို မောင်က...၊ သူတစ်ပါး သားမယားကို ခိုးယူပေါင်းသင်းတယ်ဆိုတဲ့ စကားလိုပဲ စက်ဆုပ်ရွံရှာတယ်၊ မောင်လည်း အရည်အချင်းမဲ့၊ အခြေအနေမဲ့မဟုတ်ဘူး၊ မရနဲ့မောင့်ကို မရရဲ့ ဖေဖေက မတူမတန်ဘူးလို့ထင်ရင် မရကို မောင်....လက်မထပ်ရဲပဲ၊ ဒီတော့ နောက်တစ်ချိန်မှ စိတ်ဆင်းရဲကြမှာထက်စာရင်..."

မောင်....သူမမျက်လုံးတွေထဲသို့ စူးရဲစွာ စိုက်ကြည့်ပြီး အဲ့ဒီစကားကို ပြောသည်။

"ခုချိန်ကတည်း လမ်းခွဲလိုက်ကြရင် ကောင်းမယ်"

သူမ အသည်းနှလုံးတွေ ချက်ချင်း အေးစက်မာကျောသွားတယ်ဆိုတာ မောင်သိလိုက်မှာ မဟုတ်ပါဘူး။

ကျွန်မရဲ့ချစ်သူက ကျွန်မကို ချစ်ဖို့ထက် သူ့ရဲ့ဂုဏ်သိက္ခာကို ပိုတန်ဖိုးထားတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေတယ်လေ။ အဲ့ဒီလို ယောကျ်ားမျိုးကို ချစ်မိတဲ့အတွက် သူမ...ကိုယ့်ကိုယ်ပဲ အပြစ်တွေ တင်နေရတော့မှာလား...။

www.burmeseclassic.com

www.burmeseclassic.com



သူမ နာကျင်စွာ ခြောက်ကပ်ကပ် ပြန်မေးလိုက်သည်။

"အဲ့ဒါ...ကျွန်မတို့ ခုဖြစ်နေတဲ့ ပြဿနာအတွက် မောင့်ရဲ့အဖြေလား..."

သူမက ဝေ့ပြီးမေးတော့ မောင်ကလည်း ဝေ့တော့တော့ ဖြေသည်။

"ဆိုပါတော့"

သူမ အေးစက်စွာ ခေါင်းညိတ်လိုက်သည်။ သွေးပျက်တုန်လှုပ်စွာ ခြောက်ခြားနေတာတွေ သူမ ရင်ထဲမှာပဲ သိမ်းထားသည်။ အဲ့ဒါ... မောင်မမြင်စေရပါ။ ဘယ်တော့မှ မမြင်စေရတော့...။ ကောင်းပြီလေ...။

ဒီနေ့ကစပြီး မောင့်ကို သူမတောင်းပန်မည် မဟုတ်ပါ။

လမ်းခွဲလိုသည့်ကိစ္စမှာ သူမအပြစ်တွေ ဘယ်တစ်ထောင့်၊ တစ်နေရာကများ ပါဝင်ခြင်း ရှိခဲ့သလဲ။ ကျွန်မ ဘယ်နေရာများ မှားခဲ့သလဲ။

ပြောကြစမ်းပါကွယ်။ သူ့ကို ကျွန်မတောင်းပန်ရမှာလား။ သွားစမ်းပါ။

သူမ သိပ်သည်းစွာ ပြောချလိုက်သည်။

"မောင့်သဘောပဲလေ"

သူမ မငိုပါ။ မျက်ရည်များနှင့် မတန်လောက်အောင် မောင့်ကို နာကျည်းနေလို့ ဖြစ်သည်။

"အရာအားလုံး မောင့်သဘောနဲ့ မောင်၊ ကိုယ့်ဟာကိုယ်တွေးပြီး၊ ကိုယ့်ဟာကိုယ်ဆုံးဖြတ်၊ မောင့်အတွက်...၊ မောင့်ဘက်ပဲ မောင်ကြည့်ပြီး လမ်းခွဲ၊ ကောင်းပါတယ်၊ ကျွန်မဘာမှ ဝင်မပါတော့ပါဘူး၊ မောင်က လမ်းခွဲမှ ဖြစ်မယ် ဆိုတော့လည်း မောင့်သဘောပဲပေါ့၊ ကျွန်မ ဒီလိုပဲ နေတတ်အောင်နေရမှာပေါ့၊ ထားရစ်ခဲ့ရင်လည်း ထားရစ်တဲ့အတိုင်း ကျွန်မ... နေခဲ့ရမှာပေါ့"

မောင်သည် သူမကို ငေးကြောင် စိုက်ကြည့်ရင်း ဖြည်းဖြည်းလေး ထိုင်ရာမှ ထသည်။

ပြီးတော့ ခေါ်သည်။

"မရ..."

မောင့်အသံတွေ တုန်နေသည်။

အဲ့ဒါကို မောင်ရဲ့ ကြင်နာမှုလက်ဆောင် သေးသေးလေးအဖြစ် နောက်ဆုံးအနေနဲ့ ကျွန်မ မှတ်ယူလိုက်ပါမယ်။



ကျေးဇူးတင်ပါတယ်...မောင်။

မောင်က တိုးတိုးလေးပဲ ထပ်ပြောသည်။

"မောင်တို့လမ်းခွဲတာ...မချစ်တော့လို့ မဟုတ်ဘူးဆိုတာ မောင်... ကိုယ့်ဟာကိုယ် သိသလို၊ မင်းလည်း သိမှာပါ"

"ကျွန်မသိတယ်လေ...၊ ကျွန်မတို့ လမ်းခွဲကြတာ မောင့်ရဲ့ အတ္တအတွက်ပေါ့"

သူခေါင်းခါနေသည်။

"မရ...မင်း...မောင့်ကို နားလည်အောင် ဘယ်တော့မှ မကြိုးစားဘူး၊ ထားလိုက်ပါလေ၊ မောင်ကလည်း မောင့်ကို နားမလည်တဲ့ မိန်းမကိုမှ အသည်းအသန် ချစ်ခဲ့မိတာကိုး၊ အရာအားလုံး နောက်ကျကုန်ပါပြီ"

သူမ စကားတစ်ခွန်း မောင့်ကို မခံချင်စွာ ပက်ကနဲ ပြန်ပြောလိုက်မိသည်။

အဲ့ဒီစကားက မောင်နဲ့ သူမရဲ့အကြားက တစ်ချောင်းတည်းသော ကြိုးကို ဖြတ်ချလိုက်တာ ဖြစ်သည်။

"နောက်မကျသေးပါဘူး...မောင်ရဲ့၊ မောင်နဲ့ ဝင်ဒီတို့ လူကြီးချင်း မြန်းထားတဲ့ကိစ္စက ဖျက်မှ မဖျက်ပစ်ရသေးပဲ၊ အချိန်မရွေး ဝင်ဒီဆီ မောင်... ပြေးသွားလို့ ရပါသေးတယ်၊ မောင့်ကို လိုလိုလားလား သားမက်ဖမ်းတော်ချင်တဲ့ ယောက္ခမတွေဆီကိုလေ...၊ ပြေးသွားလိုက်ပါ"

မောင်သည် မျက်လုံးလေးတွေ ကျဉ်းမြောင်းစူးရှစွာ သူမကို ပြန်စိုက်ကြည့်နေရင်း ခေါင်းကို ဆတ်ကနဲခါသည်။

ပြီးတော့ "မင်းကွာ...မရ..."လို့ ညည်းညူရေရွတ်ပါသည်။

မောင်လှည့်မကြည့်တော့ပါ။ သူမကို ပြန်လှည့်မကြည့်တော့ပါ။

တကယ်ပဲ ထားခဲ့ပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ · · ·
အသည်းရောင် အသားဝါ ဘီပိုးနဲ့ တူတယ်။
ဘီပိုးက ဘယ်လိုကူးစက်သလဲ · · · သိလား။
ဖန်ခွက်တစ်ခွက်တည်း
အတူတူ သောက်မိတဲ့အခါ · · ·
ပန်းကန်တစ်ပန်းကန်တည်း · · ·
ဇွန်းတစ်ချောင်းတည်း · · · အတူတူ စားမိတဲ့အခါ
တစ်ယောက်နဲ့ တစ်ယောက်
နှုတ်ခမ်းချင်း ထိတွေ့နမ်းရှိုက်တဲ့အခါ · · ·
တစ်စုံတစ်ယောက်ရဲ့ သွေး သို့မဟုတ်
သွေးရည်ကြည်ပဲ ဖြစ်ဖြစ်
လက်ခံမိတဲ့အခါ · · · ကူးစက်သွားတတ်ပါသတဲ့။
ခန္ဓာကိုယ်ထဲ ဘီပိုးရောက်သွားပြီဆိုရင်
ပျောက်အောင် ကုနိုင်တဲ့ဆေး · · · မရှိဘူးနော်။
ပြီးတော့ ကံမကောင်းရင်
အသည်းလည်း ကျွမ်းတတ်တယ်။
အင်း · · · မတူတာက
ဘီပိုးမကူးစက်အောင်
ကာကွယ်ဆေး ကြိုထိုးထားလို့ရတယ်၊
အချစ်ကိုလည်း မကူးစက်နိုင်အောင်

# အခန်း ၈

ဖုန်းကို ပိတ်ထားလို့ မရ။

မေမေဆက်ချင်ရင် ဆက်လို့ ရအောင်။ သို့ပေမယ့် ဖုန်းကို ပိတ်ပစ်ချင်လောက်အောင် ကုဠေက သူမအား ငါးမိနစ်ခြားတစ်ခါလောက် ခေါ်နေသည်။

ဖုန်းသံကို တုန်ခါမှုအနေနဲ့ လုပ်ထားသော်လည်း စားပွဲပေါ်ချထား၍ တဒီးဒီး မြည်နေသံက စိတ်ရှုပ်ထွေးလာစေသည်။

သူမ ပေပြီး မကိုင်ဘဲ ငြိမ်နေတာကို ဖေဖေက မြင်သည်။

"ဘယ်သူလဲ…၊ သမီး…၊ အရေးကြီးတာ တစ်ခုခု ဖြစ်နေဦးမယ်"

ဖေဖေက ကုတင်ပေါ်မှာ ခပ်စောင်းစောင်းထိုင်နေရာမှ နေပြီး မေးသည်။ သူမက ကုတင်ဘေးမှာ ထိုင်နေရာကနေ နေရာမရွှေ့ဘဲ ခပ်စူစူ ဖြေလိုက်သည်။

"အရေးမကြီးဘူး ဖေဖေ၊ ကုဠေ…"

သူမက ပိတ်ပြောလိုက်သော်လည်း ဖေဖေက ကုဠေကို သိနေတော့ ပြောရခက်သည်။

"သမီးကျောင်းမတက်လို့ စိတ်ပူပြီး လှမ်းမေးတာနေမှာပေါ့…၊ ဖြေလိုက်ပါလား၊ ခဏနေရင် စပါယ်ရှယ်နာ့စ်လည်း လာတော့မှာပဲ၊ သမီးကျောင်းကို မှီသေးတယ်၊ လာမယ်လို့ ပြောလိုက်လေ၊ ဖေဖေက ဘာမှ ဖြစ်တော့တာမှ မဟုတ်ဘဲ သမီးရဲ့"

သူမ ခေါင်းခါလိုက်ပြီး…။

www.burmeseclassic.com

www.burmeseclassic.com



"အို...မေမေကလည်း...၊ သမီးကို အတင်းပဲ တွန်းလွှတ်နေတော့တာပဲ၊ ဖေဖေ ပထမဆုံး ဆေးရုံတက်ရတဲ့နေ့မှ မေမေကလည်း မရှိ၊ သမီးတွေလည်း တစ်ယောက်မှ အနားမှာမရှိ၊ ဘယ်လိုလုပ်ဖြစ်မလဲ၊ မရ...ကျောင်းတစ်ရက် မတက်လည်း ဘာမှ မဖြစ်ဘူး၊ ပြီးမှ သူငယ်ချင်းတွေ ပြန်မေးလည်း ရတယ်၊ ဘာလဲ...၊ ဖေဖေက သမီးပြုစုတာ မခံချင်ဘူးလား၊ စပါယ်ရှယ်နာ့စ် ချောချော လေး ပြုစုမှလား၊ တော်ကြာ...ရောက်လာမှ အဖွားကြီးဖြစ်နေရင် ဒုက္ခ"

ဖေဖေက အောင့်တင်းနေသော သူ့ဝမ်းဗိုက်လေးကို သူမွှေ့ရင်း ခပ်ဖွဖွ ရယ်သည်။

"ရယ်စရာ သိပ်မပြောနဲ့၊ သမီးကြီး...၊ ဖေဖေ့ဗိုက်က ရယ်ရင် အောင့်တယ်"

"တွေ့လား၊ စိတ်မချတာ...အဲ့ဒါကို၊ ခံစားနေရတာ ဘယ်တော့မှ အကုန်အစင် မပြောချင်ဘူး၊ ခုနတုန်းကတော့ သက်သာနေသလိုလိုနဲ့၊ ဖေဖေ အဲ့ဒီလို ရောဂါကို အောင့်အောင့်ထားလို့ ပိုဆိုးကုန်တာ၊ နည်းနည်းလေးပါ၊ နည်းနည်းလေးပါနဲ့၊ ပြောပြ ဖေဖေရဲ့၊ ပြောပြမှ ဆရာဝန်တွေက သက်သာတဲ့ ဆေး ပေးလို့ရမှာပေါ့"

ဖေဖေသည် အပြုံးလေးနှင့် သူမနဖူးပြင်က ဆံစလေးတွေကို သပ်သည်။ ဖေဖေ့အပြုံးကို သူမသိသည်။ ဖေဖေ အဲ့ဒီစကားကို ပြောတော့မည်။

"ငါ့သမီးက ဆရာဝန်တောင် မဖြစ်သေးဘူး၊ ကောင်းကောင်း ဆရာ လုပ်တတ်နေပြီ၊ ဟား...ဟား..."

ဖေဖေက မေ့ပြီး အော်ထုတ်ရယ်လိုက်ပြီးမှ အောင့်နေသော ဗိုက်ကြောင့် မျက်နှာလေးရှုံ့သွားသည်။

"ကဲ...ဖေဖေ၊ စကားလုံးဝ မပြောနဲ့တော့ ၊ နားတော့၊ နားမှ အသည်း ရောင်အိသားဝါက သက်သာမှာ၊ အဲ့ဒီ ကုဋ္ဌေစုတ်ကလည်း ပြန်ထူးမှပဲ အေးမှာပဲ၊ ဖေဖေလည်း အနှောက်အယှက်ဖြစ်..."

သူမ ထိုင်ရာမှ ထတော့ ဖေဖေ ပြုံးသည်။

သူမ ဖုန်းကို ကောက်ကိုင်ပြီး ခပ်[illegible]င့် ထူးလိုက်သည်။

"ဟဲ့...ဘာလဲ"



"အလို...၊ အသံက ဘာဖြစ်နေတာလဲ၊ မယ်မရ"

"ဒီမှာ အလုပ်ရှုပ်နေတယ်၊ ဘာလို့ အလိုက်ကန်းဆိုးမသိ ဖုန်းကို ဆက်တိုက်ခေါ်နေတာလဲ၊ အားတဲ့အချိန် ပြန်ဆက်မှာပေါ့၊ ဘယ်လိုဖြစ်နေတာလဲ"

ဖုန်းထဲမှာ ကုဋ္ဌေရဲ့ ရယ်သံကို ကြားရသည်။ ရယ်သံတစ်ဝက်နှင့် သူက ပြောသည်။

"ငါ့ရဲ့ နင် ဒီနေ့ကျောင်းမလာတာ နေများ မကောင်းလို့လား....လို့၊ အသံက ခုတော့ စုနစ်သံချိုနေတယ်၊ ဒါဆိုရင်တော့ အကောင်းကြီးပေါ့၊ မသေနိုင် သေးဘူး၊ အဝေးကြီး၊ ဝမ်းသာပါတယ်၊ ငါက စိတ်ပူလို့"

ဘေးနားမှာ ဖေဖေ ရှိနေ၍ ကုဋ္ဌေကို သူမ ကောင်းကောင်း မေတ္တာမပို့ လိုက်ရပါ။ ကြည့်လေ...။ ပြောတဲ့စကားကိုက...။

"ဘာဖြစ်နေတာလဲ၊ လူပဲဟဲ့၊ တစ်ရက်တစ်လေ ကျောင်းမတက်တာ၊ ဆေးရုံမဆင်းတာ ဘာဖြစ်လဲ၊ နင်ကိုက အပူကို ကြီးတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စ...ဘာညာ မရှိရတော့ဘူးလား"

"ဘာကိစ္စလဲ..."

သူမ ဖေဖေ့ကို ငဲ့ကြည့်လိုက်တော့ ဖေဖေက မျက်လုံးတွေ မှေးစင်းပြီး ဆေးရုံကုတင်ပေါ်မှာ မှိန်းနေသည်။

ဖေဖေ ဒီတစ်ခါတော့ တော်တော်လေးခံစားရပုံ ပေါ်သည်။ ဟန်တောင် သိပ်မဆောင်နိုင်ပါ။ အသားဝါတာကလည်း ဆေးရုံပေါ်ရောက်မှ ပိုတောင် ဝါလာသလိုလို။

အနားမှာ သူမလို စိတ်ပူပင်တတ်ပေးမယ့် မေမေကလည်း မရှိ။ သူမလည်း အားကိုးရာမရှိတော့ ခုမှ...ကုဋ္ဌေကို ပြောပြချင်လာသည်။

"ဖေဖေ ဆေးရုံတင်ရလို့..."

"ဟင်..,ဘယ်လိုဖြစ်လို့လဲ"

ကုဋ္ဌေ့အသံက သူမထက်ပင် ပိုပျာလောင်သွားသည်။

"အေး...၊ ဟက်ပတိုက်တစ်စ်(Hepatitis)...၊ မနေ့ညကတည်းက ဘာစားစား အန်နေတာ၊ ဖေဖေ့ညီဝမ်းကွဲ ဆရာဦးမင်းခံကို နင်သိတယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လား၊ အေး...မနေ့ညက သူပဲ အိမ်မှာလာပြီး ဆေးထိုးဆေးပေး၊ လာကြည့်သွားတာ၊ မနက်ကျတစ်ခေါက် ထပ်လာကြည့်တော့ ဖေဖေ့မျက်လုံးတွေ ဝါနေတယ် ပြောပြီး ဒီမနက်ပဲ ဆေးရုံတက်မှဖြစ်မယ်ဆိုလို့...၊ စိုးတော့ မစိုးရိမ်ရပါဘူး၊ ဆေးရုံမှာ လုံးဝ(Bed Rest)လေ၊ မလှုပ်မရှားနဲ့ ကုတင်ပေါ်မှာပဲ အနားယူရမှာ၊ ဒရစ်ပုလင်းတွေလည်း ဆက်တိုက်ချိတ်နေရတာပေါ့၊ မနက်ကတော့ ဗိုက်တော်တော်အောင့်တယ်လို့ ပြောတယ်၊ ခုတော့ ဆေးအရှိန်နဲ့ မှိန်းနေပြီ၊ ဒီနေ့တော့ ဆေးရုံမှာ ငါရှိမှဖြစ်မှာပေါ့ကုရွှေရဲ့၊ မေမေက နင်သိပါတယ်...စကားပုမှာလေ"

"ဟာ...ငါက အန်တီ ရှိတယ်အောက်မေ့လို့၊ နင့်အမေပြန်မရောက်သေးဘူးလား"

"အေး...မနေ့ကရော၊ မနက်ကရော ဖုန်းဆက်တော့ မေမေလည်း ရရာလေယာဉ်နဲ့ ပြန်လာမယ်၊ ပြောတယ်၊ ဒီနေ့ သို့မဟုတ် မနက်ဖြန်ပေါ့၊ အလုပ်တွေတောင် ပြီးပြီး၊ မပြီးပြီး ဖြတ်ခဲ့မယ် ပြောတာပဲ၊ အဲ့ဒါ ဖုန်းပြန်မဆက်သေးလို့၊ ဖုန်းဖွင့်ပြီး မေမေ့ဖုန်းကို စောင့်နေတာ၊ လေယာဉ်လက်မှတ်ရမရ သိချင်လို့၊ နင်ကချည်း တဒီးဒီးခေါ်နေတယ်၊ ကဲ...ဒါပဲမဟုတ်လား၊ နင်သိချင်တာ အကုန်သိရပြီ၊ ဖုန်းချတော့မယ်"

"ငါအခု လိုက်လာမယ်၊ ဘယ်ဝါ့ဒ်မှာလဲ"

"အာရုတော်ဝင်မှာ...ဟဲ့၊ နင်လိုက်မလာနဲ့လေ၊ နင်ပါကျောင်းလိုက်ပျက်တော့ ငါက ဘယ်သူ့ဆီ စာလိုက်မေးရမှာလဲ"

"ကေခိုင်တို့ မေးပေါ့ဟ...နင်ကလည်း...၊ ငါပါ နင့်နားမှာ လိုရမယ်ရရှိနေမှ ဖြစ်မှာပေါ့၊ နင်တစ်ယောက်တည်း ဆေးရုံပေါ်မှာ သွေးရူးသွေးတမ်းဖြစ်နေမှာ မြင်ယောင်သေး၊ မီးငယ်ကလည်း ချောင်းသာမှာ မဟုတ်လား"

သူမရဲ့ သူငယ်ချင်းလေး ကုရွှေက အဲ့ဒီလိုမျိုးပါ။

သူမရဲ့ တစ်အိမ်သားလုံးအကြောင်း အားလုံး သူသိထားပြီးနေပြီ။ သူမကပဲ ခဏခဏ ထုတ်ပြောလွန်း၍ပဲလား၊ သူကိုယ်တိုင်ကပဲ သူမရဲ့ အိမ်သူအိမ်သားတွေကို ခင်မင်ရင်းစွဲ ရှိလို့ပဲလား မသိ။

သူမ...လိုလို၊ မလိုလို၊ အတင်းကာရော အကူအညီကို မတောင်းဘဲနဲ့ ပေးတတ်သူ။



ခုလည်း အိမ်က သူမရဲ့ ညီမနှစ်ယောက်စလုံး ဖေဖေ့အနားမှာ ရှိပေးမနေနိုင်ကြတာ သူသိနေပြီ။

သူမရဲ့ ညီမအငယ်ဆုံးလေးက သူငယ်ချင်းတွေနဲ့ ချောင်းသာကို အလည်သွားကြတာ သုံးလေးရက်ရှိပြီ။ ဒါကလည်း ဒီလို။

ကုရွှေရဲ့ ညီဝမ်းကွဲ လေးတစ်ယောက်နဲ့ မီးငယ်နဲ့သည် ဂျီးစီအီးအေ လယ်ဗယ်ဖြေမလို့ စောင့်နေကြသူတွေ၊ ကျောင်းအတူတူတက်ခဲ့ကြသူတွေ။ ချောင်းသာကို သူ့ညီဝမ်းကွဲလေးလည်း ပါသွားကြသည်။

ဒါကြောင့် သူသိနေသည်။

သူမရဲ့ ညီမအကြီး မီးကြီးကတော့ အင်္ဂလန်မှာ စာရင်းကိုင် ကောလိပ်၊ ဘာညာကွိကွတွေ တက်နေသည်။ နှစ်နှစ်ကျော်ပြီ။ ပြန်လာနိုင်မှာ မဟုတ်...။

ဒီတော့ ဖေဖေ့အနားမှာ သူမသာလျှင် အားကိုးအားထားဖွယ် လူနာရှင်ဖြစ်ကာ လူကြီးသူမ လုပ်ပေးနေရတာပင်။

"မီးငယ်ကို ငါဖုန်းဆက်ပြီးပြီ၊ ဖေဖေ...ဆေးရုံတက်ရမယ်ဆိုတော့ သူလည်း ဒီနေ့ပဲ ချောင်းသာကနေ ပြန်လာမယ်တဲ့၊ ညနေလောက်ဆို မီးငယ်ပြန်ရောက်မှာပါ"

ကုရွှေက ဖြည့်ပြောသည်။

"မီးကြီးကလည်း ယူကေမှာ...၊ နင်ဟာ...ငါ့ကို ဖုန်းဆက်ပြီး စောစောပြောပါတော့လား၊ ခု...အာရုတော်ဝင်ပေါ် ရောက်မှ ငါသိရတယ်၊ လူတစ်ယောက် ဆေးရုံတက်ရတာ ဘယ်လောက် အလုပ်ရှုပ်မှန်း..."

"ဟဲ့...တော်တော့၊ ဆရာမလုပ်နဲ့၊ ငါတစ်ယောက်တည်း ဘယ်လိုလုပ်ရမလဲဟဲ့၊ မနက်က ဖေဖေ့ညီ...အန်ကယ်ဦးမင်းဖုံလည်း ပါတယ်၊ အိမ်က မစောရော၊ ကားမောင်းတဲ့ ဦးလေးထူးကိုရော ၊ အကုန် ငါခေါ်ချလာရတာပေါ့၊ အိမ်က ကားချည်းပဲကနှစ်စီး၊ တစ်စီးက ဖေဖေနဲ့ငါ၊ အန်ကယ်ဦးမင်းဖုံက မောင်းတယ်၊ နောက်တစ်စီးက ဒရိုင်ဘာဦးလေးထူးနဲ့၊ မစောနဲ့...၊ ဆေးရုံမှာ လိုမယ့်ပစ္စည်းတွေက သတ်သတ်၊ ခု...သူတို့ကို အပြင်ထမင်းထွက်စားခိုင်းထားလို့၊ ဖေဖေ့နားမှာ ငါစောင့်ပေးနေတာ၊ ဖေဖေ့ကုမ္ပဏီက တပည့်တွေလည်း လာသေးတယ်၊ လူတွေများလွန်းလို့ ငါ...မောင်းတောင်ထုတ်နေရတာ...၊ ကဲ..."

www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေက ခပ်တိုးတိုးရယ်သည်။ ပြီးတော့…။

"နင်…ထမင်းမစားရသေးဘူး မဟုတ်လား"

ကုဋ္ဌေကို သိပဲသိနိုင်လွန်းဟု သူမ စိတ်ထဲကနေ အပြစ်တောင်တင်လိုက်မိပြန်သည်။

"အို…ငါမှ မဆာသေးတာ"

"ခုပဲ နေ့လည် တစ်နာရီ ထိုးတော့မယ်၊ နင့်မှာ ဂတ်စထရစ်ရှိတယ်လေ၊ တော်ကြာ နင်ပါ အူပေါက်မယ်၊ ဘာလုပ်နေတာလဲ၊ တစ်ခုခု စားလေ"

"မစောတို့ပြန်လာတော့ ငါထွက်စားမှာပေါ့၊ ခု…သူတို့ကို လိုမယ်ထင်တာတွေ ထွက်ဝယ်ခိုင်းထားလို့၊ သူတို့လည်း ထမင်းပြန်စားခိုင်းရင်း…"

"မရ…၊ ဘယ်မှ မထွက်နဲ့၊ အဲဒီမှာပဲ ထိုင်စောင့်၊ ဘာမှလည်း နားမလည်ဘူး၊ ဘယ်သူမဆို ဘယ်လောက်ပဲ မာကျောတဲ့ လူဖြစ်ဖြစ် နေမကောင်းလို့ ဆေးရုံတက်တဲ့အချိန်ဆိုရင်တော့ စိတ်အားငယ်ကြတာချည်းပဲ၊ ကြည့်ပါဦး၊ သူဌေးကြီးဦးမင်းနိုင်က ဆေးရုံတက်တော့ အနားမှာ သားရင်း သမီးရင်းလည်း တစ်ယောက်မှ မရှိဘူးဆို…၊ လူမြင်လို့မှ မကောင်း၊ နင်…နင့်အဖေနားက ဘယ်မှ မခွာနဲ့…မရ၊ ငါလာခဲ့မယ်၊ နင်ကြိုက်တဲ့ ဝိုင်ကေကေအိုး ဝယ်လာခဲ့မယ်၊ အရည်နဲ့လား၊ ဆီချက်နဲ့လား"

"အရည်နဲ့၊ မီနီပဲ၊ ကြက်ဥမထည့်နဲ့နော်"

သူမ ပါးစပ်ကလည်း အဲ့ဒါမျိုးဆို ပက်ကနဲ ပြန်ပြောထွက်သည်။

ဘယ်တတ်နိုင်မလဲ။ ဝိုင်ကေကေအိုးဆိုတဲ့ အသံကြားတာနဲ့ သူမ ဗိုက်ထဲက ဟောင်းလောင်းဖြစ်နေတဲ့ ဝှီ…ဝှမ်မြည်သံစုံကို ခုမှ ကြားလာရတော့တာကိုး…။ သူမက ကြေးအိုး အလွန်ကြိုက်သည်လေ…။

ကုဋ္ဌေစုတ်…။

သူမရဲ့ အားနည်းချက်ကို သူပဲ ကိုင်တတ်လွန်း။



ကုဋ္ဌေက မချိုမချဉ် မျက်နှာပေးနဲ့ ထိုစကားကို စထုတ်ပြောသည်။

"ငါက အစတုန်းက ထင်လိုက်မိသေး၊ နင် ဒီနေ့ဆေးရုံ မဆင်းတာ ရည်းစားပုမိနေပြီလို့လေ"

သူမကုဋ္ဌေကို မျက်စောင်းထိုးလိုက်သည်။

မျက်လုံးကတော့ ဖေဖေ့အနားမှာ စကားပြောနေတဲ့ မိမိအေးကို လှမ်းငေးကြည့်လိုက်မိသည်။

ကုဋ္ဌေက သူမဖေဖေ ဆေးရုံတက်နေတဲ့ အာရုံတော်ဝင်ဆိကို လိုက်လာပါသည်။ သူမ စားချင်တဲ့ ကြေးအိုးလည်း ဝင်ဝယ်လာသည်။ ဒါပေမယ့် တစ်ယောက်တည်း လာတာတော့ မဟုတ်။

မိမိနဲ့။

မိမိကို ကြည့်ရတာလည်း ဒီနေ့ပိုလှနေသလိုပဲ။

အမှန်ကတော့ မိမိသည် သူမ ထက်ပိုလှပါသည်။ အသားအရေကို ကြည့်မလား…။ သူမက ညိုသည့်ဘက်ကို နွယ်သည်။ မိမိအသားအရေက ဝင်းဖန့်နေသည်။

သူမက အရပ်ပုသည်။ ငါးနှစ်ပဲ ရှိသည်။ မိမိက ငါးပေ ငါးလက်မ။

ကိုယ်လုံးကိုယ်ပေါက်…။

သူမဘယ်လောက်ပဲ အစားရှောင်ပြီး ဝိတ်ချချ၊ အရပ်ကပုတော့ ဘယ်လိုမှ ကြည့်မကောင်းပါဘူးဟု ကိုယ့်ကိုယ့်ကို ထင်သည်။ မိမိကတော့ ခါးသေးရင်ချီ။ မြန်မာဆန်ဆန် ရင်စေ့ရင်ဖုံးတွေကိုများ ကိုယ်နဲ့ချပ်ရပ်အောင် မိမိ ဝတ်ထားလျှင် မိန်းကလေးတွေတောင် ငေးကြည့်ရသည်။ မိမိ့ ခါးဆိုက်ဇ်က နှစ်ဆယ့်လေးလောက်ပဲ ရှိမှာ…။

ပြီးတော့ မိမိက စာကျတော့လည်း တော်ပြန်သည်။

မိမိနဲ့ကုဋ္ဌေ…ဒါဆို လမ်းမှာ ကြေးအိုးဆိုင် နှစ်ယောက်တည်းအတူထိုင်ခဲ့ကြသည်။ ကုဋ္ဌေရဲ့ ကားပေါ်မှာလည်း သူနဲ့မိမိ နှစ်ယောက်တည်းပေါ့။

သူမအဖေ ဆေးရုံတက်ရသည်ဆိုတာ ကုဋ္ဌေက သူငယ်ချင်းအားလုံးကို ပြောပြလိုက်ပြီးနောက် ကုဋ္ဌေသွားရင် လိုက်ခဲ့မည်ဟု မိမိက စပြီးပြောသလား…။

ကုဋ္ဌေကပဲ မိမိရေ…ငါနဲ့ လိုက်ခဲ့ပါလားဟု စတင်ဖိတ်ခေါ်ခဲ့သလား။

www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုမေးခွန်းကို မေးချင်လှသော်လည်း မနည်းကြီး အောင့်အည်း မျိုသိပ်လိုက်ရသည်။

ကုဋေ ရှက်သွားလိမ့်မည်။ အားလုံးက ကုဋေကို မိမိနှင့် ပေါ်ပေါ်ထင်ထင် စနောက်လျှင် သူ...ယောကျ်ားလေးတန်မဲ့ အရှက်ကြီးတတ်သည်။ သို့ပေမယ့် သူဘာလို့ အဲ့ဒီလို ရှက်တတ်နေလဲ...သူမ စဉ်းစားလို့မရ။

မိမိရဲ့ မျက်လုံးတွေကို မိန်းကလေးအချင်းချင်း ဖတ်ကြည့်ရသလောက်ကလည်း ကုဋေကသာ ကြိုက်နေသည်ဆိုလျှင် စိတ်ဆိုးငြင်းဆန်မည့်ပုံစံ လုံးဝမဟုတ်။ ကုဋေ့လိုလူမျိုး၊ ရုပ်ချော၊ မနောဖြူ ဆေးကျောင်းသားလေး တစ်ဦးကို ဘယ်လို မိန်းကလေးကရော ငြင်းဆန်နိုင်မှာလဲ...နော်။

ကုဋေ-- ဘာတွေ စောင့်ဆိုင်းနေပါလိမ့်...။

"ဟဲ့....ငါ ပြောတာ ကြားလား...နိုင်၊ ရည်းစားပူမိနေလား....လို့"

ကုဋေက ထပ်ပြောသည်။

သူမ ခေါင်းခါပြလိုက်၏။

"ငါ့မှာ ရည်းစားမှ မရှိတော့တာ...ကုဋေရယ်..."

သူရယ်သည်။

"အဲ့ဒါကိုက ရည်းစားပူမိနေတာ သေချာတယ်"

သူမ ဘယ်လိုရှင်းပြရမလဲ။

သူမရဲ့ ခေါင်းအုံးပေါ်က မျက်ရည်စက်တွေ အကြောင်း....။ မောင်နဲ့ အတူထိုင်ဖူးတဲ့ ကန်တင်းတွေ၊ စားသောက်ဆိုင်တွေ၊ ကျောင်းက လှေကားထောင့်တွေ၊ ဗန်ဒါပင်ရိပ်တွေ...၊ သူမကျောင်းထဲကို ကားမောင်းပြီး ဝင်လာချိန်အထိ ကျောင်းရှေ့ဆင်ဝင်အောက်မှာ သူ့ငယ်ချင်းတွေနဲ့ ရယ်သလိုမောသလို စကားပြောရင်း အမြဲငေးကြည့်နေတတ်တာတွေ၊ ကျောင်းစာသင်ခန်းထဲကို သူမထက်နောက်ကျဝင်ပြီး သူမစားပွဲပေါ် ခပ်တည်တည်နဲ့ မန်းတော့စ် (Mentos) ပူရှိန်းထုပ်လေး ချသွားတတ်တာတွေ....။

ငါ သူ့ကိုမေ့လိုက်ပါပြီလို့ နင့်ကို ညာပြောရမှာလား...ကုဋေရယ်။

ကုဋေရဲ့ ကလေးလေးလို ဖြူစင်သော မျက်နှာတစ်ခုကို သူမ... ငေးကြည့်လိုက်ပါသည်။



ခုနေများ ကုဋေအစား၊ သူမဘေးနားမှာ ရှိနေတာ မောင်ဖြစ်နေရင် ဘယ်လောက်ကောင်းလိမ့်မလဲ။

အဲ့ဒီအတွေးကို တွေးမိနေတာ ကုဋေများသိရင် သူမကို စိတ်ဆိုးစွာ တစ်သက်လုံး စကားပြောချင်မှ ပြောတော့မည်။ သေချာသည်။

အို...ငါဘာလို့ မာနတွေ မိုးလောက်ကြီး၊ ဂုဏ်သိက္ခာတွေ အငမ်းမရလိုချင်၊ အောက်ကျို့ရိုကျိုးဖို့ နည်းနည်းလေးမှ မစဉ်းစားတတ်၊ အရှုံးပေးဖို့လည်း အင်မတန်ခက်ခဲသော တဖွတ်ထိုး၊ တယူသန်၊ လူကြမ်းလေး မောင့်...ကိုမှ ချစ်မိရတာပါလဲ။

ကုဋေလို အင်မတန် စိတ်ရှည်၊ နားလည်ပေးနိုင်လွန်းပြီး သူမအပေါ်လည်း ဂရုစိုက်၊ ခင်မင်လွန်းတတ်တဲ့သူကို သူမ ဘာလို့ အစကတည်းက မချစ်ခဲ့ရတာလဲ။

နေစမ်းပါဦး။ ကုဋေကရော နင့်ကို ချစ်မှာမို့လို့လား ဒေါ်မရနိုင်။

လောဘတွေ ကြီးနေပြန်ပြီနော်...မိန်းမ။

ကုဋေရဲ့ မျက်လုံးတွေက တစ်ခါတစ်ခါ မိမိအေးဘက်ကို ဝေ့ဝေ့သွားသလိုပဲ။

"ကုဋေ....နင်ပြောသလိုပဲ ရည်းစားထားတာ အပူပဲဟယ်၊ အဲ့ဒီအပူတွေကို ခု....မောင်းထုတ်ထားတယ်၊ ငါ...ကြိုးစားနေပါတယ်"

ကုဋေက အဲ့ဒီလိုကျတော့လည်း မျက်နှာထားပျော့ပြောင်းသွားပြီး သူမကို နှစ်သိမ့်ပြန်ပါသည်။

"ငါပြောတာ နားထောင်စမ်းပါ နိုင်ရာ...၊ ဒီကောင်...နင့်ကို မပြတ်ပါဘူး၊ စိတ်ချ၊ ခု....သေွးပူနေတုန်း လွှတ်ထားလိုက်၊ အချိန်တန်ရင် ပြန်လာလိမ့်မယ်၊ နင့်ဆီကို၊ သူကစပြီး တောင်းပန်လိမ့်မယ်၊ နင်ကစပြီး တောင်းပန်စရာ မလိုဘူး၊ ဘယ်တော့မှ မလိုဘူး၊ ကြာလာတဲ့အခါ ဘယ်သူမှားသလဲ၊ ဘယ်သူမှန်သလဲ သူသိလိမ့်မယ်၊ တစ်ချိန်တည်း နင့်ကို သူ့ဘဝမှာ လိုအပ်တယ်ဆိုတာ သူ သိလာလိမ့်မယ်၊ အဲ့ဒီအတွက် သူ...နင့်ဆီ ပြန်ကိုပြန်လာမှာ"

"ကျေးဇူးတင်ပါတယ်"

သူမ ခပ်လျောင်လျောင်လေး ကုဋေ့ကို ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ...နိုင်၊ ငါထိုက်တန်အကြောင်းကို ကောင်းကောင်းသိတာပေါ့၊ သူ့ဘဝမှာ နင့်လိုမိန်းမကို အလိုအပ်ဆုံးပဲ၊ ဒီကောင်က သိပ်တဖွတ်ထိုးနိုင်တာ၊ သူမှန်တယ်ထင်ရင် ဖွတ်တိုးတာ၊ သူ့ကို ကြိုးကိုင်ပေးနိုင်တဲ့မိန်းမက နင်ပဲ၊ နင်က သူ့ကို အလျှော့မပေးဘူးလေ၊ နင်ကလည်း အင်မတန်ခေါင်းမာတဲ့ မိန်းမ၊ အလျှော့မပေးတတ်တဲ့ မိန်းမ၊ ဒီတော့ သူမှားနေရင် နင်ကလည်း ထောက်ပြရဲတယ်၊ နင်လွန်နေရင်လည်း သူက နင့်ကို ထိန်းမှာပဲ၊ ယောကျ်ားနဲ့ မိန်းမဟာ....အိမ်ထောင်တစ်ခုမှာ တစ်ဖက်စောင်းနင်း၊ တစ်ယောက်စကားကို တစ်ယောက်က အမြဲရှိသေ လိုက်နာနေစရာ မလိုဘူး၊ အပြန်အလှန်အမှားတွေ ထောက်ပြမှ၊ ဝေဖန်မှ အကောင်းဆုံးဖြစ်လာမှာ၊ ထိုက်တန်လုပ်သမျှခေါင်းညိတ်၊ ဟုတ်ကဲ့၊ ထောက်ခံပေးမယ့် မိန်းမမျိုးဆို ဒီကောင်သွားပြီ၊ ချောက်ထဲကျပြီ၊ သေချာတယ်၊ နင်ကမှ သူ့ကို ချောက်ထဲမကျအောင် ဆွဲထုတ်ပေးနိုင်တဲ့မိန်းမ... ၊ အဲဒါ...ဒီကောင် သိလာတဲ့တစ်နေ့...."

သူမ ကုဋေစကားကို အမြင်ကပ်ကပ်နှင့် ပိတ်ပြောလိုက်သည်။

"ဩော်...ငါက နင့်ရဲ့ အချစ်ဆုံးသူငယ်ချင်းကြီး ချောက်ထဲမကျအောင် ကယ်တင်ပေးနိုင်လို့ ငါ့ကို သူနဲ့ လွတ်...သဘောတူနေတာပေါ့၊ ဟုတ်လား...ကုဋေ..."

ကုဋေရယ်သည်။

"ဒါပေါ့..." ဟု သူမ မခံချင်အောင် တမင်သက်သက် လုပ်ပြောပါသည်။ သူမက ကုဋေ့လက်မောင်းကို ဖတ်ကနဲ ရိုက်ပစ်လိုက်သည်။

ပြီးတော့မေးလိုက်သည်။

"ဒါနဲ့...နေစမ်းပါဦး၊ ငါကလည်း သိချင်သေးတာပ၊ ကုဋေ...နင်ရော...နင့်ဘဝအတွက်ဆို ဘယ်လို မိန်းမမျိုးကို လိုအပ်သလဲ...ဟင်၊ ငါသိခွင့်ရှိသလား"

သူမက ထိုမေးခွန်းကို ကုဋေကြားသာရုံ လေသံတိုးတိုးလေးနဲ့...၊ မျက်လုံးတွေကတော့ ဖေဖေ့ကုတင်ဘေးနားမှာ စကားပြောပေးနေတဲ့ မိမိုဆီ တမင် စူးစိုက်ကြည့်သလိုလုပ်ပြီး ထုတ်မေးလိုက်တာဖြစ်သည်။

ကုဋေသဘောပေါက်သည်။



သူမ ဘာကိုဆိုလိုတယ်ဆိုတာ ကုဋေသိတာပေါ့။ အသားဖြူပြီး ဝိုင်းစက်သော ကုဋေ့မျက်နှာတစ်ခုလုံး ရဲတွတ်သွားပါသည်။

"ဟော့...ငါ့ဘက်လှည့်မလာနဲ့၊ ငါက နင်တို့တွေ ကြည့်ပြီး၊ သားစိတ်မယားစိတ် ကုန်ချင်နေတာ"

"အကောင်စုတ်...စကားကိုက...၊ ကုန်ချင်နေတာပဲ ရှိတာပါ၊ ကုန်တော့မကုန်သေးပါဘူး၊ ဟိုလေ...ခါးသေရင်ချိုး၊ ပဒုံမှာဆိုလား...၊ အသားအရည်၏ကောင်းခြင်း...၊ ဆံပင်၏ ကောင်းခြင်း...၊ ကောင်းခြင်းငါးဖြာ...၊ ဘာညာကွကွ...အဲဒီလိုမျိုး အားလုံးပြည့်စုံနေရင်တော့ နင်စိတ်ကုန်မှာ မဟုတ်ပါဘူး"

မိမိအြေးက သူမတို့ မိန်းကလေးသူငယ်ချင်းတွေ အားလုံးထဲတွင် ဆံပင်အုံ အကောင်းဆုံး၊ ဆံပင်လည်း အရှည်ဆုံး။ ဆံထုံးထုံးဖို့လိုအပ်လာလျှင် ကိုယ့်ဆံပင်နှင့်ကိုယ်...၊ ဆံတု၊ ဆံလိပ် ဘာအကူမှမလိုပဲ ထုံးဖွဲ့နိုင်သူ...။

"ပညာအရည်အချင်းကလည်း တစ်နေ့အထူးကု ဆရာဝန်ကြီး ဖြစ်နိုင်တဲ့အရည်အချင်း၊ အနည်းဆုံးတော့ အမ်အာရ်စီပီပေါ့၊ ခုကတည်းက ဆရာတွေပါးစပ်ဖျားမှာ နာမည်ကြီးလောက်အောင် စာကတော်နေပြီး...၊ ပြီးတော့..."

ကုဋေက သူမရဲ့ လက်ဖမိုးလေးကို လာဆွဲဆိတ်သည်။

အဲဒါ...ကုဋေ အရှက်ကြီးလာလျှင် လုပ်နေကျ။

"ဟဲ့...နာတယ်ဟဲ့ ပုရွက်ဆိတ်ရဲ့"

"နာရင်တော်တော့...နိုင်၊ နင် ပွဲစားသိပ်လုပ်ချင်နေတယ်ဟုတ်လား၊ ကိုယ့်ကိစ္စကိုယ်ပဲ ခေါင်းထဲထား မရနိုင်၊ ပွဲစားအလုပ်ကောင်းလို့ နင်နဲ့ထိုက်တန်ကြား ငါ...ခုထက်ထိ နားညည်းခေါင်းကိုက်ခံနေရတာ၊ သင်ခန်းစာယူစမ်းပါ"

သူမ တခစ်ခစ် ရယ်လိုက်မိပါသည်။

အဲဒါလည်း သူပြောတာ ဟုတ်ပြန်သည်။ ကုဋေက သူမနဲ့မောင် သမီးရည်းစားတွေ ဖြစ်ကြဖို့ ကိစ္စမှာ အဓိက ပါဝင်ပတ်သက်သူ။

အောင်သွယ်ပေးခဲ့သူလေ။

မောင့်ကို သူမနဲ့ စတင်မိတ်ဆက်ပေးတာလည်း သူ။ (အဲဒီကတည်းက မောင်က သူမကို ကြိုက်နေသည်ဆိုတာ ကုဋေက သိနေပြီးသား...ဟဲ့)။

www.burmeseclassic.com



ကုဋေကလည်း အကြံနှင့် မိတ်ဆက်ပေးခဲ့တာ...တဲ့။

သူမတို့ ဆေးကျောင်းသူ၊ ဆေးကျောင်းသားများ ဘဝတွင် အမည်နာမရဲ့ ပထမဆုံးစာလုံးသည် တော်တော်လေးအရေးပါသည်။

အတန်းထဲတွင် ခုံနံပါတ်များကို နာမည်အက္ခရာအတိုင်း စီစဉ်နေရာချထားပေးတာကိုး။ ဥပမာ...ကကြီးနှင့်စသော နာမည်ရှင်များ ခုံနံပါတ်တစ်မှစနိုင်ပြီး အ,၊ ဥနှင့် စသော နာမည်ရှင်များက နောက်ဆုံးခုံနံပါတ်ကို ရကြသည်။

ထိုခုံနံပါတ်များနှင့်ပဲ ဆေးကျောင်းသားဘဝတစ်လျှောက်လုံး၊ ဆေးရုံအုပ်စု အတူတူကျတတ်၊ လက်တွေ့စမ်းသပ်ခန်းအတူတူ ဆင်းရတတ်၊ လေ့လာရေးခရီး၊ ကွင်းဆင်းမှတ်တမ်းကောက်ယူခြင်းများကို အတူလုပ်ရတတ်သည်။

သည်တော့ နီးစပ်ရာ နာမည်တူ၊ ခုံနံပါတ်နီးကြသူခြင်းသာ အပေါင်းအသင်းဖြစ်၊ ခင်မင်ရင်းနှီးကုန်ကြတာ များသည်။

ဥပမာ သူမတို့ မိန်းကလေးသူငယ်ချင်းလေးယောက်ကို ကြည့်။

မရနိုင်လို့ ခေါ်တဲ့သူမ။ ကေခိုင်လို့ ခေါ်တဲ့ မြကေခိုင်။ မီမီအေး။ ပြီးတော့ ခက်ခက်လို့ခေါ်တဲ့ မိုးခက်ခက်၊ အားလုံး 'မ'အက္ခရာနှင့် စသောနာမည်ရှင်တွေချည်း။ ထို့ကြောင့် ဘယ်တော့မဆို သူမတို့အုပ်စုက အမြဲတတွဲတွဲ မခွဲပဲ ဆေးရုံအတူဆင်းရ၊ လက်တွေ့ခန်း အတူဆင်းရ၊ အရင်းနှီးဆုံး သူငယ်ချင်းများ ဖြစ်လာကြတာ။

ဒီအထဲမှာ ပြောစရာဖြစ်လာတာက ကုဋေ...။ ကုဋေရဲ့ နာမည်အတိုင်းသာဆိုလျှင် သူမတို့နဲ့ သူငယ်ချင်းအုပ်စု တူစရာအကြောင်းကို မရှိ။ သို့ပေမယ့် ပထမဆုံး သူမတို့ ဆေးကျောင်းရောက်ရောက်ချင်း ကုဋေဆိုတဲ့နာမည်ကို သူမတို့ လက်တွေ့အုပ်စုတစ်ခုထဲမှာ အတူတူကျမှန်း သိသိချင်း တအံ့တသြ ဝိုင်းမေးကြတာပင်။

"ဟင်...ဘယ်လိုဖြစ်လို့ ကုဋေဆိုတဲ့ နာမည်က မ,တွေ ကြားထဲရောက်နေတာလဲ၊ ကကြီးအုပ်စု၊ အုပ်စု...တစ်မှာ မဟုတ်ဘူးလား..."

အားလုံးက စပ်စုပြီး မေးကြမြန်းကြတော့...ကုဋေရယ်လေ...။

စပ်ဖြီးဖြီးမျက်နှာလေးနဲ့....။

"အမေက မှတ်ပုံတင်လုပ်တော့ မောင်ကုဋေလို့ ရေးလိုက်တယ်လေ၊ ဆယ်တန်း အောင်လက်မှတ်မှာ မောင်မောင်ကုဋေ ဖြစ်နေတယ်၊ ဘယ်သူလက်ဆော့လိုက်သလဲ မသိဘူး"

အကုန်လုံး မပြုံးပဲနှင့် ဝါးလုံးကွဲရယ်မိခဲ့ကြပါသည်။

ပြီးတော့ ကုဋေက ပြောသေးသည်။

"ရေစက်ပဲပေါ့၊ ကကြီးအုပ်စုထဲ မကျဘဲ၊ မ,တွေ အုပ်စုနဲ့ သူငယ်ချင်းဖြစ်ရတာပေါ့" လို့ ရယ်ရယ်မောမော ပြောသေးသည်။

သူ့ရေစက်...၊ သူ့အတွက်မဟုတ်ဘဲ သူမအတွက်သက်သက် ဖြစ်လာရတာကိုတော့ သူမတို့အားလုံး နောက်ကျပြီးမှ သိခဲ့ရပါသည်။

ကုဋေက ပထမနှစ် သင်တန်းတစ်ဝက်လောက်မှာပဲ လာပြောခဲ့သည်။

"ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ရှိတယ်၊ ထိုက်တန်တဲ့၊ ကျွန်တော်နဲ့မူကြိုကတည်းက သူငယ်ချင်း၊ သူက တခြားအုပ်စုမှာ၊ ဒါပေမယ့် ကျွန်တော်တို့ မ,အုပ်စုနဲ့ပဲ လာရောချင်နေတယ်၊ ကျွန်တော်နဲ့ မခွဲနိုင်လို့လို့ အကြောင်းပြတာပဲ၊ မယုံနဲ့၊ သိလား၊ ဒါပေမယ့် ခေါ်လာပြီး မိတ်တော့ဆက်ပေးမယ်၊ ကျန်တာခင်ဗျားတို့အပိုင်း..."

ကဲ....အဲ့ဒီလိုပြောပြီး နောင်တစ်ချိန်မှာ သူမက 'မောင်'လို့ ခေါ်ရမယ့်ချစ်သူဟာ သူမတို့အားလုံးနဲ့ ပါတ်သက်ရင်းနှီးခွင့်ရတော့တာ။

ကုဋေရဲ့မျက်နှာနဲ့ မောင့်ကိုလည်း သူမတို့ သူငယ်ချင်းတွေအားလုံးကအသိအမှတ်ပြု ခင်မင်ခဲ့ကြပါသည်။

ကုဋေက စာသင်နှစ်တစ်ဝက် မကျိုးခင်မှာကို ငယ်ပေါင်းကြီးဖော်တွေလို သူမတို့နဲ့ရင်းနှီးခဲ့သူ...။ အင်မတန်ဖော်ရွေ သဘောကောင်းသူ၊ အကူအညီပေးတတ်သူ၊ ဖြူစင်ရိုးသားလွန်းသူဟု အားလုံးတညီတညွတ်တည်း ကောက်ချက်ချ၊ အမှတ်ရခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ကုဋေက အချစ်ဆုံးသူငယ်ချင်းလို့ ညွှန်းလာတော့လည်း သူမတို့က တူညီစွာ ခင်မင်မှုပြခဲ့မိသည်ပေါ့။

မောင်ကတော့... ...။ စပြီး သိသိချင်းမှာကို ကေခိုင်က မောင့်အပေါ်ဒီလို မှတ်ချက်ချခဲ့ဖူးသည်။

"ငါတို့အားလုံးနဲ့ ခင်ချင်လို့ ရောက်လာတယ်သာ ဆိုတယ်၊ ထိုက်တန်မျက်လုံးတွေက နင့်ဆီမှာချည်းပဲ မရ..."



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတုန်းက သူမ သိပ်ကျေနပ်ခဲ့သည်။

နောက်သလို ပြောင်သလိုနှင့် ဂုဏ်ယူဝင့်ကြွားစွာ ပြောခဲ့ဖူးသေးသည်။

"ဒီလိုပဲ အကြောင်းပြပြီးမှ ငါ့အနား ရောက်ရတော့မှာပေါ့ဟယ်၊ နင်တို့ကလည်း...၊ မနာလိုမဖြစ်ကြနဲ့"

အဲ့ဒီတုန်းက သူမရဲ့အသက် ဆယ့်ရှစ်နှစ်မပြည့်သေး။ အချစ်ဆိုတဲ့ စကားလုံးဟာ အဲ့ဒီလောက်မာယာများပြီး ရှုပ်ထွေး ဆန်းကျယ်လိမ့်မယ်လို့ သူမ မသိတတ်သေး။ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဝင်စားမှုခံရတာကို ခြေဖဝါးလေး ထောက်၊ ဂုဏ်ယူပြချင်တုန်းလေ...။

နောက်ဆုံးတော့ လပေါင်းများစွာ၊ နှစ်ပေါင်း အနည်းငယ်၊ ကြာမြင့်ပြီးသည့် အချိန်မှာတော့ အရာအားလုံး ပြောင်းလဲကုန်ကြပါပြီလေ...။

အရာအားလုံးပေါ့...။

မပြောင်းလဲတာကတော့ ကုဋ္ဌေနဲ့ သူမတို့ သူငယ်ချင်းအုပ်စုလေးရဲ့ ခင်မင်ရင်းနှီးမှုပါပဲ။ ပြီးတော့...ကုဋ္ဌေကို မိမိရဲ့အလှနဲ့ပညာမှာ ကျဆုံးနေသည်လို့ အားလုံးထင်မှတ်ထားတဲ့ အယူအဆတောင် ဘာမှတိုးပြီး ပြောင်းလဲမလာသေး။ ကုဋ္ဌေက ခုထက်ထိ သူမဟုတ်သလို၊ မခုတ်တတ်တဲ့ ကြောင်လေးလို မိမိရှေ့ ရောက်လျှင် နေပြနေတုန်း။

မိမိနဲ့ကုဋ္ဌေရဲ့ ခင်မင်မှုသည် သူမတို့ အားလုံးနှင့်တန်းတူ ဖြူစင်သန့်ရှင်း နေတုန်း။ ရိုးသားစင်ကြယ်နေတုန်း...။

သူမနဲ့ကုဋ္ဌေကမှ မောင်နဲ့ပါတ်သတ်ပြီး၊ ပိုပြီး စကားတွေပြောရ၊ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်အသိပေးရ၊ တစ်ခါတစ်ခါ ငြင်းခုန်ရန်ဖြစ်ရ၊ ငိုရ၊ ချော့ရနဲ့ ပိုရင်းနှီးလာခဲ့သော်လည်း ကုဋ္ဌေကို မိမိနှင့် ဖြစ်စေချင်ကြတဲ့ သူငယ်ချင်းတွေ ဆန္ဒကတော့ ဘာမှ ပိုတိုးတက်မလာ...။

ကဲ...ဒီလိုဆိုတော့ သူမရဲ့သူငယ်ချင်းလေး ကုဋ္ဌေ...တစ်ယောက် မိမိနဲ့ နီးစပ်ဖို့ရန် သူမရဲ့အကူအညီ ဝင်ပါရတော့မည်...ထင်ပါရဲ့။

ထို့ကြောင့် မိမိနှင့် ပါတ်သက်လျှင် ဘယ်တော့မဆို အကြောက်အကန် နောက်ဆုတ်ရက်စွဲ့နေတတ်သူ ကုဋ္ဌေကို သူမ သိသိသာသာ စနောက်ပစ်လိုက်သည်။



"ကုဋ္ဌေ...နင်...ဘယ်လိုဖြစ်နေတာလဲ၊ လူပျိုကြီးလုပ်မှာမို့လို့လား၊ ဖြစ်နေတာ"

"လူပျိုကြီးတော့ လုပ်ပါ့မလားဟ..."

"အေးလေ...ဒါဆိုလည်း လှုပ်ရှားတော့လေ၊ ဆေးကျောင်းလည်း ပြီးတော့မယ်၊ နင်ဘာလုပ်နေတာလဲ"

"ငါဘာလုပ်ရမှာလဲ"

"သေလိုက်ပါလား...၊ နင့်ကိုတည့်တည့်ပြောမှပဲ ရမှာလား၊ မိမိကို ဖွင့်ပြောဖို့ ပြောနေတာ"

"မိမိကို ငါကြိုက်နေတယ်လို့ နင့်ကို ဘယ်သူပြောလဲ"

အင်...အဲ့ဒီလိုကြီးကျတော့ သူမလည်း ဘယ်သူ့ကို ပုံချရမှန်း မသိပြန်။

မိမိက သူမတို့ထဲမှာ စာအတော်ဆုံး...။ ထို့ကြောင့် စာနှင့်ပါတ်သက်လျှင် စာကြည့်တိုက်မှာ စာအုပ်ငှားကြတာ၊ စာရဖတ်ကြတာ၊ နားမလည်တာတွေ ပြန်ရှင်းပြရတာ...အားလုံးမှာ မိမိက ဦးဆောင်တတ်သည်။ မိမိဦးဆောင်လျှင် လည်း အမြဲတမ်း မိန်းကလေးတွေချည်း ဖြစ်နေလျှင် "ကုဋ္ဌေရော၊ ကုဋ္ဌေကို ခေါ်ဦး၊ သူ့ကို စာကျက်ခိုင်းဦး" အမြဲပြောတတ်သည်။

စာမေးပွဲနီးလို့ အရေးကြီးသင်ခန်းစာတွေကို ဆရာတွေက သင်လျှင် လည်း "ဟဲ့...ကုဋ္ဌေရော၊ အတန်းတက်ရဲ့လား၊ ဒါတွေဒါတွေ စာမေးပွဲမှာ မေးမှာ သေချာတယ်၊ အဲ့ဒါသူ သိပြီးပြီလား" လို့ အမြဲ စိုးရိမ်ကြောင့်ကျ ပူပန်ပေး တတ်သည်။

ကြာလာတော့ သူမရဲ့သူငယ်ချင်းမိမိကို စေတနာတွေ ပိုလွန်းသူဟု သူမတို့ကိုယ်တိုင် မကြားတကြားရော၊ ကြားကြားရော ပြောဆိုလာလည်း မိမိက ပြုံးပြုံးပင်။

"ငါ...နင်တို့အပေါ်ရော...အဲ့ဒီလို စေတနာမထားလို့လား၊ အတူတူပဲ၊ ကုဋ္ဌေကိုလည်း ငါတို့အုပ်စုထဲက သူငယ်ချင်းအရင်းလိုပဲ သဘောထားတာ၊ ယောကျ်ားလေး၊ မိန်းကလေးခွဲပြီး ငါဆက်ဆံတာမဟုတ်ဘူး၊ အားလုံးအတွက် ငါပူပေးနေတာဟဲ့"လို့ ပြန်ချေပတတ်သည်။

သို့ပေမယ့် ကုဋ္ဌေနဲ့ မိမိဟာ ရုပ်ရည်အပြင်ပန်းရကြည့်ရင်တော့ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်ဖက်ညီ၊ ချောမောဖွေးဖြူ သန့်စင်ကြသည့် သူလေးနှစ်ယောက်မို့ သူမတို့ သူငယ်ချင်းတွေ ကျိတ်ပြီး သဘောတူနေကြတာပါ။

ကုငွေက ကြိုက်သည်လို့လည်း တစ်ခါမှ ထုတ်မပြောဖူးခဲ့....။ မိမိက လည်း သူငယ်ချင်းထက် ပိုနေပါသည်လို့လည်း အရိပ်အယောင် ပာစ်ခွန်းတစ်စ ပိုမပြခဲ့။ အဲဒီလိုကြီးကျ သူမလည်း ဖြေရှင်းရခက်ပါ့။

ထို့ကြောင့် သူမလည်း စိတ်ရှုပ်ရှုပ်နှင့် ကုငွေကိုပဲ လှည့်ပြီး ရန်တွေ့ လိုက်ပါသည်။

"အောင်မယ်...ဒါဆို နင်က မကြိုက်ဘူးပေါ့"

"အေးလေ၊ မကြိုက်ပါဘူးဆိုမှ နင်တို့ဘာလို့ မိမိနဲ့ပဲ အတင်းလိုက်လိုက် စနေကြတာလဲ၊ သဘောမပေါက်ဘူးလား၊ ငါကြိုက်ရင် နင်တို့တောင် သိလိုက် မှာ မဟုတ်ဘူး၊ အစောကြီးတည်းက...၊ လွန်ခဲ့တဲ့ လေးငါးနှစ်ကတည်းက သူနဲ့ငါ ရည်းစားဖြစ်နေပြီပေါ့ဟ၊ နင်တို့ကို ဘာကိစ္စ ငါက အားကိုးနေရဦးမှာလဲ၊ နှစ်ဆယ့်တစ်ရာစု ခေတ်ကြီး၊ ထိုက်တန်လို ငါက အုံ့ပုံးမှ မဟုတ်တာ၊ နင်... သိသားနဲ့၊ ထိုက်တန်သာ ငါ့အကူအညီနဲ့ ရည်းစားတစ်ယောက်ရချင်ရမယ်၊ ငါက ဘယ်သူ့အကူအညီမှ မလိုဘူး၊ ငါကြိုက်ရင် ငါက လိုက်ပြောပြီးသားပဲ"

အိုး...ဒါလည်း ဟုတ်တာပဲ။

ကုငွေနဲ့ သူမတို့တစ်အုပ်စုလုံး စတင်ရင်းနှီးခဲ့ကြကတည်းက မိမိနဲ့ပါ ရင်းနှီးခွင့်ရနေတာပဲဟာ။

ကုငွေကသာ ရှေတိုးဇာတ်လမ်းစလျှင် မိမိကရော တံခါးပိတ်၊ ငြင်းဆန် မောင်းထုတ်မည့်သူမှ မဟုတ်တာလေ။ ဖြစ်မယ်ဆို အစောကြီး၊ သူမနဲ့ မောင်တို့လို ဆေးကျောင်းဒုတိယနှစ်၊ တတိယနှစ်လောက်ကတည်းက ချစ်သူ ရည်းစားတွေ ဖြစ်နေကြမှာပေါ့။

သို့ပေမယ့် ကုငွေရဲ့ ပြောစကားကို သူမက မယုံကြည်နိုင်သလို အတင်း ဇွတ်ခံငြင်းပစ်လိုက်သေးသည်။

"အို...သိဘူးလေ၊ နင်က...နင်ဟာနင်များ ဆုံးဖြတ်ချက် မကျသေး တာလားလို့၊ ဝေခွဲမရ စောင့်ဆိုင်းနေတာများလားလို့၊ ငါက တွန်းကြည့်ပေးတာ"

ကုငွေက ရယ်သည်။



"ငါ့ကို ထိုက်တန်လို...ရင်ထဲမှာ ရှိတာတစ်မျိုး၊ အပြင်မှာ ထုတ်ပြောတာ က တစ်မျိုးလို့ မအောက်မေ့နဲ့၊ ငါက ရင်ထဲမှာရှိတာ အပြင်မှာ အကုန်ထုတ်ပြော တတ်တဲ့ကောင်၊ နင်ငါနဲ့ ဒီလောက်ပေါင်းနေပြီး ငါ့အကြောင်းမသိတာ အံ့ပါရဲ့... နိုင်၊ ငါက ရိုးရိုးပဲ၊ တည့်တည့်ပဲ၊ ကွေ့ဝိုက်ပြီးတော့လည်း မပြောဘူး၊ စိတ်ထဲမှာ လည်း အောင်းမထားဘူး၊ မကြိုက်ဘူးဆိုတာ မကြိုက်လို့ပေါ့ဟ၊ ရှင်းရှင်းလေး"

သူမ စိတ်ဆိုးဆိုးနှင့် ထပ်ပြောလိုက်မိပြန်သည်။

"အောင်မယ်...ရာရာစစ၊ ပြန်ပြောစမ်း၊ မိမိအေးလို မိန်းကလေးမျိုးကို နင်မကြိုက်ဘူးဆိုတဲ့ စကား ပြန်စဉ်းစားစမ်း၊ ပြန်စဉ်းစားပြီး ပြောစမ်းပါဦး၊ မိမိမှာ ဘာများ အပြစ်ဆိုစရာရှိလဲ၊ ဒီလောက် အေးဆေးတည်ငြိမ်ပြီး စာကလည်း တော်၊ ရုပ်ရည်ကလည်း ပြောစရာမရှိ၊ နင့်အပေါ်လည်း ဒီလောက်စေတနာထား၊ ခင်မင်တဲ့ဥစ္စာ၊ နင်ကများ ငြင်းချင်သေး၊ နင်...ဘာတွေ ဂျီးထူနေတာလဲ...ကုငွေ"

ကုငွေက စိတ်ပျက်လက်ပျက် သူ့နဖူးသူ ရိုက်သည်။

"သေတော့မှာပဲ၊ နင်တို့ မိန်းကလေးတွေဟာလေ...၊ အဲဒါဆိုးတ.. ... သိလား၊ နင်တို့ဟာ နင်တို့ စိတ်ထဲမှာ တွေးချင်ရာတွေ...လိုရာဆွဲတွေး၊ ပြီးတော့ နင်တို့ဟာနင်တို့ ဆုံးဖြတ်၊ မှတ်ချက်ချ၊ တခြားလူတွေရဲ့ ခံစားချက်ကိုပါ ဝင်ခံစားပေးသလိုလိုနဲ့ နင်တို့ရဲ့ အယူအဆတွေက ဝင်စွက်ဖက်၊ လူတွေကို ရုပ်ရှင်မင်းသားမင်းသမီးတွေလို၊ ဟိုလူကတော့ ဟိုလူနဲ့လိုက်တယ်၊ ဟိုကောင်က ဟိုကောင်မလေးကို ကြိုက်ရင် သိပ်ကောင်းမယ်၊ ဒီကောင်မလေးနဲ့ ဟိုကောင်ကြီး နဲ့ မလိုက်ပါဘူး၊ သိပ်ပြီး ဆုံးဖြတ်ချက်တွေ ပေးချင်ကြတယ်"

"အံမယ်...မိန်းကလေးတိုင်း မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ နင်တို့တွေ အကုန်လုံး ဒီပုံချည်းပဲ၊ နင်ကို့တွေ ပြော ပြောနေကြတာလေ၊ ဘရက်ပစ်က ဂျနီဖာအန်နီစတန်နဲ့ မလိုက်ပါဘူး၊ အန်ဂျလီ နာဂျိုလီနဲ့မှ လိုက်တာ၊ တွမ်ခရူးစ်က နီကိုးကစ်မင်းနဲ့မှ လိုက်တာ၊ နယူလိုက်တဲ့ ကေတီဟုမ်းနဲ့ လုံးဝမလိုက်ဘူး၊ နင်တို့တွေ သိပ်ပြောတယ်၊ ငါ့ကိုလည်း အဲဒီလို မျိုး နင်တို့လုပ်ချင်တာယ်၊ ကုငွေနဲ့မိမိအေးက သိပ်လိုက်တယ်၊ ဒီလိုမျိုး ပြောနေ ကြတာ မဟုတ်လား၊ တော်တော့၊ ရှေ့ဆက်ဘာမှ မပြောကြနဲ့၊ ငါ...ဘရက်ပစ် မဟုတ်ဘူး၊ မိမိလည်း....အန်ဂျလီနာဂျိုလီ မဟုတ်ဘူး၊ ငါကြိုက်တဲ့သူ ငါ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ငါရှာမယ်၊ နင်တို့ ဘာမှဝင်မပါနဲ့"

သူမကို ကုဋေက လေသံမာမာနဲ့ ပိတ်ပြော၍ စိတ်နာသွားသည်။

သူမက စေတနာနဲ့…၊ မိမိလို ခြောက်ပစ်ကင်းသဲလဲစင် မိန်းကလေးမျိုးလေးနဲ့ သူ့ကို ချစ်ကြိုက်စေချင်တဲ့ စေတနာလေးကိုမှ အားမနာ…။ သူ… ပြောရက်လိုက်တာလေ။

"ဒါဆိုလည်း ပြောစမ်းပါဦး၊ နင်ကြိုက်တာ ဘယ်သူလဲ"

"နင့်အပူ မပါဘူး"

သူမ မျက်စောင်းကို ခပ်နာနာလေး ပစ်ထိုးမိသည်။

"ကေခိုင်လား၊ မဖြစ်နိုင်ဘူး၊ နင်တို့နှစ်ယောက်က တွေ့တာနဲ့ ကိုက်နေတာ၊ ခက်ခက်ကလည်း ဘဲရှိပြီးသား"

"အလိုလေး….၊ တစ်လောကလုံးမှာ နင်တို့လေးယောက်တည်း မိန်းမရယ်လို့ ရှိတာလား"

"ဒါဆို…"

သူမ တစ်ချက်တွေသွားသည်။

ပြီးတော့ လက်ဖျောက်တစ်ချက်တီးလိုက်မိသည်။

"ဟယ်…ဒါဆို အပြင်ကပေါ့၊ ကုဋေ…၊ ငါသိပြီ၊ မှန်မှန်ပြောစမ်း၊ နင်…ရည်းစားရနေပြီ မဟုတ်လား၊ ငါတို့ကို မပြောဘဲ နင်ဖွတ်ထားတယ် မဟုတ်လား….အကောင်စုတ်"

"စပြီ၊ စပြီ၊ လာပြီ၊ နင်တို့က အမှုမစစ်ရသေးဘူး၊ အမိန့်က ချပြီးနေပြီ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငါ့မှာ ဘာရည်းစားမှ မရှိသေးဘူး"

"မယုံဘူး"

"နင်မယုံလည်း ငါမတတ်နိုင်ဘူး၊ ငါအမှန်ပြောတာပဲ"

"ရည်းစားရယ်လို့ မဟုတ်သေးဘူး…၊ နင့်မှာ နင်ကျိတ်ပြီး ကြိုက်နေဘာတော့ ရှိနေပြီ မဟုတ်လား၊ ပြောစမ်းပါ၊ ကုဋေရ၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ါတို့ ဘာကူညီပေးရမလဲ၊ ငါ စိတ်ကောင်းကောင်းထားပြီး ပြောနေတာနော်"

"ဩော်…စက်နေပြန်ပြီနော်၊ ဒီ…မရနိုင်ဆိုတဲ့ မိန်းကလေးတော့၊ ၛွန်တော့်မှာ နောက်ပိုးတာရော၊ ကျိတ်ပိုးတာရော၊ ရည်းစားရော၊ ချစ်သူရော



ဘာဆိုဘာမှ မရှိသေးပါဘူး…ခင်ဗျ"

"မယုံဘူး၊ နင် ငါတို့မိန်းကလေးလေးယောက်ကိုမှ ဖွင့်မပြောရင် ဘယ်သူ့ကို သွားပြောမှာလဲ၊ ဒီမှာ…ငါတို့က မိန်းကလေးအချင်းချင်း ပိုပြီး မျက်နှာရိပ်၊ မျက်နှာကဲ အကဲခတ်တတ်တယ်၊ နင်ကြိုက်နေဟာ ဘယ်သူလဲ၊ ငါတို့ကို ခေါ်လိုက်ပြ၊ ငါတို့ဆုံးဖြတ်ပေးမယ်၊ အဲ့ဒီမိန်းကလေးက နင့်ကို ပြန်ကြိုက်နိုင်၊ ပြန်မကြိုက်နိုင်၊ ငါတို့ ချက်ချင်းအကဲခတ်တတ်တယ်၊ သူ့ဘက်က ခါးခါးသီးသီးဖြစ်နေရင် နင်နောက်ဆုတ်ဖို့ ငါတို့ သတိကြို့ပေးလို့ ရတာပေါ့၊ နင်…အသည်းမကွဲဘူးပေါ့ ကုဋေရဲ့"

သူမရဲ့ စကားအဆုံးမှာ ကုဋေရဲ့ မျက်နှာက တစ်ချက်တည်ဟန့်သွားသည်။ သူမမျက်နှာကို ရူးရဲစွာ ဖျတ်ကနဲ လှည့်ကြည့်လေသည်။

ပြီးတော့ မဲ့ပြုံးလေး တစ်ချက်ပြုံးပါသည်။

"နိုင်…၊ နင်…တွေ့တဲ့ ယောကျ်ားတိုင်းကို ထိုက်တန်လို မအောက်မေ့နဲ့"

"နင်…ဘာကို ပြောတာလဲ"

သူမ တကယ်ပဲ နားမလည်၍ ပြန်မေးလိုက်မိသည်။

ကုဋေရဲ့ မျက်နှာက ဘာကို စိတ်ဆိုးမာန်ဆိုးနဲ့ တင်းမာခက်ထန်သွားရတာလဲ…။ သူမ ဘာစကားများ မှားသွားလို့လဲ။ မမှားပါဘူး…။

သူမ အဖြေမသိနိုင်ခင်မှာ ကုဋေရဲ့ပေါက်ကွဲစွာ မာကျောအေးစက်သည့် စကားတွေကို သူမကြားလိုက်ရသည်။

"နိုင်…၊ ငါထိုက်တန်မဟုတ်ဘူး၊ ထိုက်တန်လို ဒီမိန်းကလေးက ငါ့ကို ပြန်ကြိုက်နိုင်မှ ငါသူ့ကိုချစ်မယ်၊ သူကသာ ပြန်မချစ်နိုင်ရင် ငါလည်း သူ့ဆီမှာ ဘယ်တော့မှ အကျရှုံးမခံဘူးဆိုတဲ့ လောင်းကစားသမား စိတ်ဓါတ်…တစ်စက်ကလေးမှ ငါ့မှာမရှိဘူး၊ ယောကျ်ားတိုင်းကို နင့်ရဲ့ထိုက်တန်လို အတ္တသမား၊ ကိုယ့်အတွက်ရစရာရှိမှ တစ်စုံတစ်ခု ရင်းနှီးမြှုပ်နှံမယ့်ဆိုတဲ့၊ မှောက်ထားတဲ့ ဖဲချပ်ကို အဖြေသိမှ လှန်ကြည့်မယ့်သူတွေချည်းလို့ မထင်နဲ့၊ ငါဆိုတဲ့ကောင်က ငါ့ကို ပြန်ချစ်ချစ်၊ မချစ်ချစ်၊ ငါက ချစ်မိပြီဆိုရင် ကျဆုံးဒူးထောက်ပေးလိုက်ဖို့ အချိန်မရွေး အဆင်သင့်ပဲ၊ နင်မြဲမြဲမှတ်ထားဖို့က အချစ်ဆိုတာ တစ်စုံတစ်ခု ပေးလိုက်လို့ တစ်စုံတစ်ခု ပြန်ရနိုင်တဲ့ အလျော်အစား မဟုတ်ဘူး၊ ဈေးရောင်း

www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်မဟုတ်ဘူး၊ တစ်ခါတစ်လေ...ကိုယ်ကချည်း ပေးလိုက်ရပြီး ဘာမှ ပြန်မရတဲ့ အချစ်တွေ လောကကြီးမှာ အများကြီးပဲ၊ အဲ့ဒါ...နင်...တစ်သက်လုံး မှတ်ထားလိုက်"

သူ...ဘာကို ပြောနေတာလဲ။ ကျွန်မနားမလည်ပါ။ ခုနကပြောတော့ သူ့မှာ အချစ်ဆိုတာ မရှိသေးဘူးဆို။ သူချစ်ရမယ့်သူဆိုတာ မတွေ့သေးဘူးဆို။ သူပြောလိုက်သလားလို့။

ခုလိုကျတော့ သူ့မှာ တစ်စုံတစ်ယောက်ကို နင့်နင့်သည်းသည်းကြီး ချစ်မိနေသလိုမျိုး အချစ်တွေ ထုထည်ကြီးကြီး၊ လေးလေးပင်ပင်ကြီးနဲ့။

ဘယ်လိုမျိုးကြီးလဲ။ သူမ တုန်လှုပ်တွေဝေစွာ ကုဋ္ဌေကို မော့ကြည့်ရင်း ခပ်တိုးတိုး ပြန်မေးလိုက်မိသည်။

"နင်ဘာကို ပြောချင်တာလဲ...ဟင်၊ ကိုယ်ကချည်း ပေးလိုက်ရပြီး ကိုယ်က ပြန်မရတဲ့ အချစ်...ဟုတ်လား၊ အဲ့ဒါ...ဘယ်လို အချစ်မျိုးလဲ၊ ငါ နားလည်တာ မေတ္တာဆိုတာ အသွားအပြန်..."

"ဘိုးတော်ဘုရားလက်ထက်က အယူအဆတွေ၊ သွားစမ်းပါ၊ နင်... မှတ်ထား...နိုင်၊ တကယ့်အချစ်မှာ ကိုယ့်ရဲ့အတ္တကို မေ့သွားတယ်၊ သူ့အတ္တ အတွက် ကိုယ်အသက်ရှင်ပေးရတယ်၊ သိလား..."

သူမ နာကျင်စွာ အက်ကွဲသွားပါသည်။ အဲ့ဒီစကားက သူမကို အထိခိုက်နိုင်ဆုံးဖြစ်ပါသည်။

ခုချိန်မှာတော့ ကုဋ္ဌေရဲ့စကား ဆိုလိုရင်းကို သူမ သဘောပေါက်သလို ရှိသွားပါသည်။ အေးစက်ခြောက်သွေ့စွာ သူမ နာနာကျည်းကျည်း ထုတ်ပြောမြ လိုက်မိ၏။

"ဒါဆို...မောင်က သူ့ရဲ့အတ္တအတွက် ငါ့ကိုထားသွားတာ ငါ့ကို တကယ်မချစ်လို့ပေါ့၊ ငါ့အတ္တအတွက်နည်းနည်းလေးမှ မစဉ်းစားပဲ သူ့ဟာသူ ဆုံးဖြတ်ချက်ချသွားတာ ငါ့ကိုထက်...သူ့ကိုယ်သူ ပိုဂရုစိုက်လို့ပေါ့နော်...၊ ဟုတ်လား....ကုဋ္ဌေ"

ကုဋ္ဌေသည် သူမကို သနားကြင်နာသော မျက်လုံးနက်နက်လေးများနဲ့ လှည့်ကြည့်ပါသည်။ ကုဋ္ဌေရဲ့မျက်လုံးတွေ ပျော့ပြောင်းနည့်နေကြပြီ။



သို့ပေမယ့် ကုဋ္ဌေသည် အမှန်အတိုင်းကိုသာ အမြဲထုတ်ပြောတတ်သူ ဖြစ်ပါသည်။

"အဲ့ဒါ...နင်အခုမှ သိသလား..."...တဲ့။

သူ့အဖြေက...။

"ဒါဖြင့် ကိုယ်ကသာပေးလိုက်ရပြီး ကိုယ်က ဘာမှပြန်မရတဲ့ အချစ် ဆိုတာ...ငါ့ရဲ့အချစ်ကို နင်...ဆိုလိုတာပေါ့၊ ဟုတ်လား..."

သူသည် လျှို့ဝှက်စွာ ခေါင်းငုံ့ပြုံးလေသည်။

"ဆိုပါတော့...."

ကုဋ္ဌေရဲ့ မလှုပ်မယှက်၊ တည်ငြိမ်နေသော အမူအရာကို သူမ အားမလို အားမရ ဆောင့်ဆွဲလှုပ်ချင်လာသည်။ ဖေဖေ့ဆေးရုံခန်းထဲမှာ မဟုတ်လျှင်၊ မိမိအေးသာ မလှမ်းမကမ်းမှာ ရှိမနေတူးဆိုလျှင်၊ သူမ ကုဋ္ဌေကို ကိုင်လှုပ်မိ ပါလိမ့်မည်။

သို့ပေမယ့် ကုဋ္ဌေရဲ့ လက်ဖဝါးလေးတစ်ဖက်ကိုပဲ ကောက်ရိုးမျှင် တစ်ချောင်းလို သူမ တုန်ရီစွာ ဆုပ်ကိုင်ဆွဲခါလျက် မေးလိုက်မိ၏။

"ဒါဆို...ငါရှုံးပြီပေါ့၊ ဟုတ်လား...ကုဋ္ဌေ၊ ဖြေပါဦး၊ ငါတကယ် ရှုံးသွားပြီလား"

သူခပ်တိုးတိုးရယ်နေ၏။ သူ့ရယ်သံသည် သူမမေးခွန်းကို နာကျင်စွာ လှောင်ရယ်တာလား၊ သဘောကျစွာ ရယ်မောသံလား...သူမ မဝေခွဲတတ်ချေ။

သူကဖြေသည်။

"တချို့ရင်းနှီးမြှုပ်နှံမှုတွေက လောင်းကစားဝိုင်းမှာလို အရှုံးအနိုင်ကို ချက်ချင်းသိလို့ ရတာမျိုးမဟုတ်ဘူး နိုင်၊ အချိန်အကြာကြီး ရင်းနှီးပေးဆပ်ပြီးမှ အမြတ်ပြန်ရမယ့် နှစ်ရှည်မြှုပ်နှံမှုတွေ ဘဝမှာ ရှိတယ်၊ နင်...အခု...ထိုက်တန် အတွက် အများကြီး ပေးဆပ်လိုက်ရပြီ မဟုတ်လား၊ သူ့ဆီက နင်တစ်ခုခု ပြန်လို ချင်သေးတယ်ဆို...စောင့်၊ စိတ်ရှည်ရှည်နဲ့စောင့်...နိုင်၊ အဓိကက နင်... စိတ်ရှည်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကုဋ္ဌေ...ကုဋ္ဌေ...ငါပြောတာ သေသေချာချာ နားထောင်စမ်း၊ ငါ... အခု နင့်အကူအညီကို အရမ်းလိုနေတယ်၊ နင်...ငါအခုရှိတဲ့နေရာ အမြန်လိုက်လာပေးမလား၊ ငါ့ကား...ငါ့ကား အက်ဆီးဒင့် ဖြစ်လို့..."

"ဘာ..."

ကုဋ္ဌေ့အသံက ဖုန်းထဲမှာ အကျယ်ကြီး ပေါ်လာသည်။

ချက်ချင်းပဲ သူ့ရဲ့ စိုးရိမ်ပူပန်စွာမေးသံက ဆက်တိုက် အဟောသုံးဆယ် ထွက်လာသည်။

"နိုင်....နင်...နင် ဘာဖြစ်ခဲ့သေးလဲ၊ နင်...အခု ဘယ်မှာလဲ"

"ရွှေဂုံတိုင် မီးပွိုင့်၊ အပေါ်ပွိုင့်မှာ ဖြစ်တာ၊ ငါ...ဘာမှ မဖြစ်ပါဘူး၊ ငါက စမှားတာ၊ ငါက ရှေ့ကားကို နောက်ကနေသွားဆောင့်တာ၊ ခု... ဟိုဘက်လူက အလျော်တောင်းနေတယ်၊ ငါက ဘယ်လို၊ ဘယ်လောက် ဆုံးဖြတ်ပြီးပေးရမှန်းမသိဘူး၊ ဟိုလူကလည်း ငါ...နောက်မှရှင်းပါမယ်၊ လိပ်စာနဲ့ ဖုန်းနံပါတ်မှတ်ထားပါဆိုလည်း မရဘူး၊ အတင်းကပ်တောင်းနေတယ်၊ မီးပွိုင့်ပုလိပ်က မမြင်သေးလို့၊ ငါက ကျိတ်ရှင်းနေဟာ၊ နင်...နင်မြန်မြန်လာပြီးကြည့်ပေးစမ်းပါ...ကုဋ္ဌေရယ်၊ မြန်မြန်လေး"

"နင့်ကားက အခုဘယ်မှာ ရပ်ထားတာလဲ၊ နေရာအတိအကျ ပြော"

"စက်ဘုံ သံရုံးရှေ့တည့်တည့်နားမှာပဲ၊ အဲဒီမှာ 'ကားနှစ်စီးဆင့်ရပ်ထားတာ နင်တွေ့ရင်..."

သူမ စကားမဆုံးသေး၊ ကုဋ္ဌေက ဖုန်းကို ဒွပ်ကနဲ ပစ်ချသွားပါသည်။

တကယ့်တကယ် ကားနဲ့ပါတ်သတ်ပြီး အရေးကြုံလာပြီဆိုတော့ သူမမှာ အားကိုးစရာ၊ အကူအညီတောင်းစရာ ယောကျ်ားလေးသူငယ်ချင်းရယ်လို့ ပြေးကြည့်မှ သူတစ်ယောက်တည်း ရှိတာပါလား။

စိတ်ထဲက မောင့်ကို ချက်ချင်း သတိရမိပြန်ပြီး ရင်ဘတ်ထဲက စူးကနဲ အောင့်သွားပြန်သည်။

ထားလိုက်ပါလေ....။

ငါ့ဘဝမှာ ထိုက်တန်ဆိုတဲ့ ယောကျ်ားတစ်ယောက် ဘယ်တုန်းကမှ မရှိခဲ့သလို နေကြည့်ဦးမှပါပဲ။



ဘယ်လောက်ကြာသွားပြီလဲ။ မောင်က သူမကို ထားသွားတဲ့နေ့ကနေစပြီး ရေတွက်ရင်လေ...။ နှစ်လနဲ့ဆယ့်တစ်ရက်...တိတိ....ပြည့်တော့မယ်။

သူမ အတွေးတွေကို ကိုယ့်ဟာကိုယ် ခေါင်းထဲကနေ ခါထုတ်လိုက်ရင်း ဟိုဘက်က ကားပိုင်ရှင်ကို သွားတောင်းပန်ရသေးသည်။ သူငယ်ချင်းတစ်ယောက် ခုပဲလိုက်လာတော့မှာ၊ သူက ကားအကြောင်းနားလည်လို့၊ သူ့ကို ဆုံးဖြတ်ခိုင်းမလို့ပါ၊ ခဏစောင့်ပါ...ဘာညာနဲ့ ချော့ထားရသည်။

မကြာပါ။ ကုဋ္ဌေတစ်ယောက်ရဲ့ကားက စက်ဘုံသံရုံးရှေ့မှာ ဝေါကနဲ ထိုးရပ်လာသည်။ ဆယ်မိနစ်လောက်ပဲ ရှိမှာ။ သူမတို့ စာသင်ရတဲ့ ဆေးရုံကြီးကနေ ရွှေဂုံတိုင်ကို သူ...ဘယ်လို ဒီလောက်မြန်မြန်မောင်းလာပါလိမ့်။

ကုဋ္ဌေရောက်လာတော့လည်း သူတို့ယောကျ်ားလေး အချင်းချင်း ပြောလို့ဆိုလို့ လွယ်လွယ်နဲ့ အဆင်ပြေသွားကြပါသည်။

ဟိုဘက်ကားက နောက်မီးလုံးကြီးကွဲသွားသည်။ ဘန်ပါ ပွန်းသွားသည်။ ဒါပဲ။ ကုဋ္ဌေက သူပြင်နေကျ ဝပ်ရှော့ဆိုင်သို့ ခေါ်သွားမည်။ ကားပိုင်ရှင် စိတ်တိုင်းကျ၊ အော်ရိဂျင်နယ် မီးလုံးလဲပေး၊ ဘန်ပါကို ဆေးပြန်မှုတ်ပေးမည်။ ကုန်ကျတာကို သူမက ရှင်းပေးလိုက်ရုံ။

တော်ပါသေးသည်။ ကုဋ္ဌေရဲ့ ဝပ်ရှော့ဆရာကို တစ်ဘက်ကားပိုင်ရှင်ကပါ သိနေနှင့်နေပြီး အလွယ်တကူ လက်ခံလိုက်ပေလို့။

ကုဋ္ဌေက ဟိုလူနဲ့ ညှိပြီးမှ သူမကားဘက်လှည့်လာသည်။

"ဟင်....နင့်ကားကမှ ပိုဆိုးတာ၊ မီးလုံးရော၊ ဘန်ပါရော၊ ရဲပါ အက်သွားသေးတယ်၊ ဆေးလည်း ဘေးမှာပွန်းလို့၊ နင်ကားပါ အပ်ရမှာပဲ၊ တစ်ခါတည်း လိုက်ခဲ့တော့ ဝပ်ရှော့ကို ၊ မောင်းလို့ရော...ရရဲ့လား"

"မောင်းလို့ကတော့ ရပါတယ်"

ဒီလိုနဲ့ ကုဋ္ဌေက ဦးဆောင်ကာ သူမတို့ကားသုံးစီး ကုဋ္ဌေရဲ့ကားဝပ်ရှော့ဆီ ချီတက်မောင်းနှင်ခဲ့ကြသည်။

ဝပ်ရှော့မှာကတော့ အဆင်ပြေသည်။ ဟိုတစ်ဘက်လူရဲ့ ကားကို အရေးကြီးသည်ဟုဆိုကာ ဈေးပိုပေးပြီး နေ့ချင်းပြီး ရအောင်လုပ်ခိုင်းရသည်။ သူမကားကတော့ တစ်ရက်ထားခဲ့ရမည်။ မနက်ဖြန်ညနေမှ ရမည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကားက ဆိုးဆိုးဝါးဝါး မထိမိုက်ပဲ အကောင်းအတိုင်းပဲ ပြန်ရမည်ဆိုသော်လည်း မနက်ဖြန်ညနေမှ ဆို၍ သူမ စိတ်ညစ်သွားရသည်။ သူမလည်း နေ့ချင်းပြီးပဲ လိုချင်တာလေ...။

"ဟိုလေ....ကုဋေ၊ ဒီနေ့ပဲ ရအောင် လုပ်ခိုင်းလို့ မရဘူးလားဟင်၊ နောက်ကျရင် ကျပစေ၊ ညရောက်လည်း ရတယ်၊ ငါစောင့်ယူ..."

ကုဋေက သူမစကားကို ပိတ်ပြောသည်။

"မလောနဲ့...နိုင်၊ ဘော်ဒီပွန်းတာ...နင်သွားလောရင် ဟိုက ပြီးစလွယ် လုပ်ပေးလိုက်လိမ့်မယ်၊ နင့်ကားကို ပြန်ရောင်းချင်တဲ့ အခါကျတော့ စကားပြောနေရလိမ့်မယ်၊ အချိန်ပေးလုပ်မှ တိုက်ရာ၊ ပွန်းရာပျောက်ပြီး အရင်ကာလာအတိုင်းထွက်မှာ၊ တစ်ရက်ပဲဟာကို၊ ဘာဖြစ်နေတာလဲ၊ သူများတွေဆို ဒီဆိုင်က တစ်ပါတ်လောက် ချိန်းလိုက်လိမ့်မယ်၊ ငါနဲ့က အရမ်းရင်းနှီးနေလို့..."

သူမရဲ့မျက်နှာရှုံ့မဲ့မဲ့ကို ကြည့်ပြီး ကုဋေ စတင် မသင်္ကာဖြစ်သွားပါသည်။ ခပ်ဆောင့်ဆောင့် ထုတ်မေးသည်။

"နင်...ခုဖြစ်တာ အိမ်ကို အကြောင်းကြားပြီးပြီလား"

သူမ ကုဋေကို မျက်စောင်းပဲ လှည့်ထိုးလိုက်မိသည်။

"အိမ်ကို အကြောင်းကြားချင်မှတော့ နင့်ကို ငါက တကူးတက လှမ်းခေါ်မလား ကုဋေရယ်၊ အိမ်ကို မသိစေချင်လို့ပေါ့ဟ၊ အိမ်မှာ ဒီလောက် စိတ်ရှုပ်စရာတွေ ဖြစ်နေတာ၊ ငါ့အတွက် ထပ်ပူပန်နေကြမှာ၊ ကားကို ပေးမမောင်းတော့မှာတွေ ဖြစ်မှာစိုးလို့ နင့်ကို ကျိတ်ပြီး ပြင်ခိုင်းရတာပေါ့"

ကုဋေ သဘောပေါက်မှာပါ။

ဖေဖေ ဆေးရုံမှ မဆင်းရသေးဘူးလေ...။

ဆေးရုံမှာ မေမေရယ်၊ မီးငယ်ရယ် တစ်ယောက်တစ်လှည့် ပြုစုနေရင်းကြားထဲ သူမရဲ့ ကားအက်ဆီးဒင့်သတင်းကို ကြားပြီး ပူပန်သောကရောက်မှာတွေ သူမ မလိုလားမှန်း ကုဋေ နားလည်ပါသည်။

ကုဋေပြန်မေးသည်။

"ဒါဆို...ဒီနေ့ နင့်ကားကြီး မပါပဲ နင်အိမ်ပြန်တော့ အိမ်ကမေးရင် နင်ဘယ်လိုဖြေမှာလဲ"



"အေး...ဒီနေ့တစ်ရက် စာကျက်မယ်ဆိုပြီး ကေခိုင်တို့အိမ်မှ အိပ်လိုက်မှပဲ၊ မနက်ဖြန်ကို ကေခိုင်တို့အိမ်ကနေပဲ ကျောင်းတက်၊ ညနေကျတော့ ကားကို ဝင်ယူပြီးမှ ပြန်၊ ကုဋေ...မနက်ဖြန်ညနေကော့ ငါကားရမှ ဖြစ်မယ်နော်...ဟဲ့"

ကုဋေက အာမခံသည်။

"မနက်ဖြန်ညနေကတော့ ရပါတယ်"

သူမလည်း ခုမှပဲ သက်ပြင်းတွေကို အလီလီအခါခါ ချရင်း စိတ်အေးနိုင်တော့သည်။ ခုနတုန်းကတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပဲ တစ်ကိုယ်လုံး ထူပူသွေးပျက်နေတာလေ...။

"ကျေးဇူးတင်ပါတယ် ကုဋေရယ်"

သူမရဲ့ စိတ်ပျက်လက်ပျက် ညည်းညူသံရောစွက်သော ကျေးဇူးတင်စကားကြောင့် ကုဋေက ပြုံးပြီး သူမကို ငုံ့ကြည့်သည်။

"ကျေးဇူးဘာင် မစောနဲ့ဦး...မမ၊ ငါခေါ်လာတဲ့ ဒီကားဝပ်ရှော့က သူများတွေထက်လက်ရာကောင်းတယ်၊ ရက်ချိန်းမှန်တယ်၊ မြန်တယ်၊ ဒီတော့ ဈေးကြီးတယ်၊ နင်က ပိုက်ဆံကို ဂရုစိုက်မယ့်သူမဟုတ်လို့ ဒီဆိုင်ခေါ်လာတာ၊ နောက်မှ ဈေးကလည်း ဝီခေါ်နေတာပဲ မအော်နဲ့၊ ကဲ...ခု...နင့်မှာ ပိုက်ဆံဘယ်လောက်ပါလဲ၊ ထုတ်..."

"ငါအိတ်ထဲမှာ ရှစ်သောင်းလောက်တော့ ပါ..."

သူမစကားမဆုံးသေး ကုဋေရဲ့မျက်နှာက ရှုံ့မဲ့သွားတော့သည်။

"အမလေး...ခေါ်မရနိုင်ရယ်၊ လာနောက်မနေနဲ့၊ နင်တို့ကားနှစ်စီးလုံး အပေါ်ကားတွေချည်းကို လောက်မလား...ဟဲ့၊ ရှစ်သောင်းနဲ့၊ ကဲ...ပြော၊ ပိုက်ဆံက ငါစိုက်ထားရမှာလား၊ နင်မှာ ထုတ်ပေးစရာ လွယ်လွယ်ကူကူရော ရှိရဲ့လား၊ အဲ့ဒါခက်တာပေါ့၊ သူဌေးသမီးတွေ၊ ကားသာ မောင်းချင်တယ်၊ ကိုယ့်ကားကိုယ် ဘယ်လောက်တန်လို့ တန်မှန်းမသိ..."

"နင်ပြောလည်း ခံရမှာပဲ ကုဋေရယ်၊ ကားအကြောင်း ငါမှ မသိတာ၊ ပိုက်ဆံကတော့ ငါ့မှာ ကိုယ်ပိုင်ဘဏ်အကောင့် ရှိပါတယ်၊ ခုသွားထုတ်လိုက်လို့ ရပါတယ်၊ ကူညီလက်စနဲ့ နင်ပဲ လိုက်ထုတ်ပေးပါတော့ဟယ်"

ကုဋေသည် ငူးကနဲ လေပူတစ်ချက်ကို မှုတ်ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကူညီလို့က ရပါတယ်၊ နင့်ကို မေးချင်တာ၊ မီးဖွိုင်မှာ ရပ်ထားတဲ့ ကားကို နောက်က ဝင်ဆောင့်ရအောင် နင့်စိတ်တွေ ဘယ်ရောက်နေသလဲလို့ပါ၊ ဟိုက ဘရိတ်မီးလင်းတာလည်း နင်မတွေ့လိုက်ဘူးပေါ့၊ ဟုတ်လား၊ ခုကြည့်... ပိုက်ဆံတွေ တထောကြီး နင်ကုန်တော့မယ်၊ ပိုက်ဆံကုန်တာက နောက်ထား၊ ခုဖြစ်တာ လူကို ဘာမှအန္တရာယ် မဖြစ်လိုက်လို့ပေါ့၊ လူသာဖြစ်ရင် ကျော် မကောင်း၊ ကြားမကောင်း နိုင်ရယ်၊ ဟိုဖက်က လူထိလည်း နင်ထောင်ကျမယ်၊ နင်ထိလည်း ဆေးရုံတက်ရ၊ ဆေးကုရနဲ့၊ စာမေးပွဲကလည်း နီးနီးလေး၊ တစ်လ တောင် လိုတော့တာ မဟုတ်ဘူး၊ နင်...အဲ့ဒီလို ပေါ့နေရင် ကားမမောင်းသင့် တော့ဘူး...သိလား၊ ဖိုင်နယ်မပြီးမချင်း နင်အဲ့ဒီကားကို ကိုယ်တိုင်မမောင်းရင် ကောင်းမယ်"

ကုဋ္ဌေရဲ့ စေတနာ ဗရပွစကားတွေကို သူမမှာ ရင်နာနာနဲ့ နားထောင် လိုက်ရပါသည်။ ကုဋ္ဌေဆိုလိုသော သူမရဲ့ စိတ်တွေ ဘယ်ရောက်နေသလဲ ဆိုတာကို သူမ နာနာကျည်းကျည်း ကိုယ့်ဟာကိုယ် သိနေလို့လေ။

"ငါလည်း...စိတ်တွေအရမ်းရှုပ်နေလို့...၊ ပြီးတော့..."

သူမရဲ့စကားက အဆုံးမသတ်လိုက်ရပါ။

ခုနကတည်းက သူစိမ်းတွေရဲ့ ရှေ့မှာမို့လို့၊ ကားဝပ်ရှော့ဆရာနဲ့ စကားပြောဆိုနေရလို့မို့....လူက တောင့်ပြီး စိတ်တင်းထားနေရတာ။

ခုတော့...လူလည်းရှင်းသွားပြီး...။

ကုဋ္ဌေရဲ့ကားပေါ်လည်း နှစ်ယောက်တည်းရောက်နေပြီမို့ ရင်ထဲက ဝမ်းနည်းဆို့နင့်နေတာတွေ အလိပ်လိုက်၊ အလိပ်လိုက်ကို တက်လာပြီး ပါးပေါ်ကို မျက်ရည်စက်တွေ လိမ့်ဆင်းကျလာတော့သည်။

ကုဋ္ဌေက "ဟင်"...လို့ အာမေဋိတ်သံပြုကာ လှည့်ကြည့်သည်။

"ဘာဖြစ်တာလဲ...နိုင်ရာ၊ ငါက...ငါက နင်နောက်တစ်ခါ သတိရှိ အောင်လို့ ပြောတာပါ၊ ဆူတာ မဟုတ်ပါဘူး၊ နင့်ကို စိုးရိမ်လို့၊ နင်က စိတ်က သိပ်မြန်၊ စိတ်ကထစ်ကနဲဆို လက်ကပါပြီ၊ အဲ့ဒီလိုစိတ်နဲ့ ကားမောင်းရင် အန္တရာယ်များလွန်းလို့ သတိပေးတာပါ၊ မငိုစမ်းပါနဲ့ဟာ...၊ နင်ကလည်း...၊ ကဲ...ကဲ...မငိုနဲ့၊ တိတ်...၊ ငါဘာမှ မပြောတော့ဘူး၊ ငါပဲ အကုန်လိုက်လုပ်



ပေးမယ်၊ ထုတ်...ထုတ်...ဘဏ်စာအုပ်ရော ပါရဲ့လား၊ ဘယ်ဘဏ်လဲ၊ လာ... သွားမယ်၊ ငါလိုက်ပို့ပေးမယ်၊ ဘရိတ်ဖက်စ်ရော စားလာရဲ့လား"

ကုဋ္ဌေရဲ့ အစစအရာရာ ထောင့်စေ့ပြီး စေတနာပါလွန်းတဲ့ စကားတွေကို ကြားမှ သူမ ပိုလို့တောင်ဝမ်းနည်း ငိုရှိုက်ချင်လာတာ ဘာကြောင့်ပါလဲ။

သူမရဲ့ဘေးနားမှာ သူမကို ချော့ဖို့၊ အားပေးဖို့၊ နှစ်သိမ့်ဖို့ မောင်ရှိနေရ မယ့်အစား ကုဋ္ဌေပဲ ရှိနေတာ ဘာကြောင့်ပါလဲ။ သူမကို အစစအရာအရာ ကူညီဖေးမပေးတဲ့သူဟာ မောင်မဟုတ်ပဲ ဘာလို့ ကုဋ္ဌေဆိုတဲ့ သဘောကောင်း လွန်းတဲ့ ကောင်လေးတစ်ယောက် ဖြစ်နေရတာလဲ။

သူမ ဘယ်လိုအမှားတွေများ လုပ်ခဲ့လို့ ဒီလောက် လောကကြီးက သူမအပေါ် ရက်စက်စွာ ဒဏ်ခတ်ရတာလဲ။

သူမ ရှိုက်သံတစ်ဝက်နှင့် တိုးညှင်းစွာ စပြောလိုက်ပါသည်။

"ကုဋ္ဌေ...၊ ငါငိုတာ...နင်...ငါ့ကိုပြောလို့ မဟုတ်ပါဘူးဟယ်၊ နင် စေတနာနဲ့ ပြောတာကို ငါနားမလည်ပဲ နေပါ့မလား၊ နင်...ဒီ့ထက်မက ပြောလာ တာတွေကိုတောင် ငါခံလာရပြီးပြီပဲ၊ ငါ...ငါ ငိုတာ တခြားကြောင့်ပါ"

ကုဋ္ဌေက မျက်မှောင်ကျုံ့ကြည့်သည်။

"ဒါဖြင့်..."

သူ့စကားက တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားသေးသည်။

"နင်...ဟိုကောင့်ကို လွမ်းလို့ ငိုတာပေါ့၊ ဟုတ်လား"

ကုဋ္ဌေ့လေသံက အေးစက်စက်။

သူမပါးပေါ် မျက်ရည်စက်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာ တာကို သူငေးကြည့်နေပါသည်။

သူမ မျက်ရည်များကြားမှ ပြောလိုက်သည်။

"ကုဋ္ဌေရယ်...သိပ်မှန်တာပဲ၊ ဒုက္ခဆိုတာ ဘယ်တော့မှ တစ်ခုတည်း မလာဘူး....တဲ့၊ ငါ့ကြီးက ဆိုးလိုက်တာ ကုဋ္ဌေရယ်..."

ကုဋ္ဌေသည် သူမပြောတာကို နားမလည်နိုင်စွာ ပြန်အားပေးသည်။

"နင်ကလည်းဟာ...၊ အဲ့ဒီလိုမပြောပါနဲ့၊ ထိုက်တန်...နင့်ဖိုထား သွားတာနဲ့ ကားအက်ဆီးဒင့်ဖြစ်တာလေးနဲ့ ပေါင်းပြီး ဒုက္ခရယ်လို့ ချိုပြီး

www.burmeseclassic.com

www.burmeseclassic.com



မပြောစမ်းပါနဲ့ နိုင်ရာ၊ ဒီလောက်လည်း စိတ်ဓါတ်မကျစမ်းပါနဲ့၊ ကားကလည်း ဘာမှ ဖြစ်ပာမဟုတ်ဘူး၊ လူလည်း ဘာမှ မထိမခိုက်မိတာ နင်ကံကောင်းတယ်လို့ ပြောရဦးမယ်၊ ဘာမှ စိတ်ညစ်မနေနဲ့၊ နင့်ဆီလည်း ဟိုကောင်က ပြန်လာဦးမှာ၊ အချိန်တန်ရင်..."

"ဟင့်အင်း...ကုဋ္ဌေ၊ ငါ့ကံက အဲ့ဒီထက်ဆိုးတယ်၊ သိလား...၊ အဲ့ဒီဒုက္ခလောက်လေးနဲ့ ငါမျက်ရည်မကျပါဘူး ကုဋ္ဌေရယ်၊ ငါ...မရနိုင်ပါ၊ ငါ...မောင်နဲ့ပါတ်သက်တဲ့ ဒုက္ခမှန်သမျှ ဟားကိုက်ရယ်ဖို့ ကြိုးစားခဲ့တဲ့ မိန်းမပါ၊ ခုတော့ ငါ့မှာ အဲ့ဒီထက်ပိုပြီး ဆုံးရှုံးရမယ့်၊ သိပ်ကိုကြီးမားတဲ့ ဆုံးရှုံးမှုကို တွေ့ရတော့မယ်၊ ငါ...ငါ...ခံနိုင်ရည်တွေ သိပ်နည်းလာပြီဟာ၊ ငါငိုပါရစေ"

သူမ ငိုချလိုက်သည်။

ကုဋ္ဌေရဲ့မျက်လုံးများသည် အံ့အားသင့်ဝိုင်းစက်စွာ သူမကို ထိတ်လန့်တကြား ငုံ့ကြည့်နေပါသည်။

သူ့မျက်လုံးတွေ ဝေခွဲမရ နားမလည်နိုင်စွာ ဖြစ်နေသေးသည်။

သူမ ရှိုက်သံတွေကြားမှာ သူ...အရာအားလုံးကို တခဏအတွင်း သဘောပေါက်သွားခဲ့ပါသည်။

စက္ကန့်အနည်းငယ်ကြာမှ သူ...လေးပင်စွာ အဲ့ဒီမေးခွန်းကို မေး၏။

"နိုင်....နင့် အဖေ....ဘာဖြစ်သလဲ၊ ငါ့ကို ပြောစမ်း၊ နိုင်..."

သူမ ချက်ချင်းပြန်မဖြေနိုင်ခဲ့။ ငိုရင်းနဲ့ ခေါင်းပဲ ညိတ်ပြလိုက်မိသည်။ သူက "ဩော်...." ဟု နားလည်သွားသလိုလို ရေရွတ်ညည်းတွားလေသည်။

သူမ တိုးဖွစွာ ဖြေရသည်။

"ကင်ဆာ...တဲ့...ကုဋ္ဌေ..."

သူမ ရှိုက်ငိုနေမိဆဲ။

သူက ဘာမှ ပြန်မပြောပါ။ သူမ ကုဋ္ဌေကို စပယ်ရှင်းပြလိုက်မိသည်။

"ငါတို့အားလုံးလည်း ဘယ်သူမှ ထင်မထားမိပါဘူး ကုဋ္ဌေရယ်၊ အားလုံးရဲ့အရှိက်ကို အထိုးခံရသလိုပဲ၊ ဖေဖေ့မှာ ဘီပိုးရှိတယ်၊ နင်...သိလား"

သူခေါင်းခါသည်။

"အသားဝါတယ်ဆိုကတည်းက ငါစိတ်ပူနေတာ၊ ရိုးရိုးအသည်းရောင်



တာပဲ ဖြစ်ပါစေလို့ ငါဆုတောင်းနေတာ၊ ငါဆုတောင်း မပြည့်ပါဘူး... ကုဋ္ဌေရယ်၊ ဓါတ်ခွဲစမ်းသပ်ချက်အဖြေတွေ ထွက်လာတော့ ဘီပိုးရော၊ စီပိုးရော တွေ့တယ်တဲ့၊ ဖေဖေ့ရဲ့ လစ်ဗာပရိုဖိုင်လ်တွေလည်း မကောင်းဘူး၊ ပြီးတော့ ကျူမာအင်ဒိုင်းတွေလည်း တွေ့တယ်၊ အာထရာဆောင်းမှာလည်း ဂေါလ်ဘလက်ဒါနားမှာ အလုံးလိုလို၊ ဂေါလ်စတုန်းနဲ့ပဲ ယောင်နေသလိုလို တွေ့တယ်၊ သိပ်မသေချာကြဘူး၊ မနေ့က စီတီစကန်ရိုက်တယ်၊ ကျူမာဆိုတာ သေချာသွားပြီး ကုဋ္ဌေ၊ အိပ်ရှ်စီစီလေ၊ အဆုတ်မှာတောင် စပေါ့တွေ့တယ်...တဲ့ ကုဋ္ဌေရယ်၊ ငါတို့သိတာ နောက်ကျတယ်တဲ့...၊ အသည်းကင်ဆာက ဒီလိုပဲတဲ့၊ အထဲမှာ မြုံနေပြီး သိတဲ့အချိန်မှာ ပြန့်နေကြတာ များတယ်...တဲ့၊ မနေ့ကပဲ အွန်ကော်လော်ဂျစ်စ်ပါ ခေါ်ပြပြီးပြီ....၊ သူတို့က ကီမိုကိုပဲ..."

သူမပါးပေါ်က မျက်ရည်တွေကို သူ သုတ်ပေးနေသည်။

"ခွဲလို့ မရဘူးတဲ့လား..."

"အခုအချိန်မှာ ခွဲလို့ လုံးဝမသင့်ဘူးတဲ့လေ...၊ လစ်ဗာ၊ ဟုတ်လား၊ နင်သိပါတယ်၊ (Coagulation Profile)တွေပါ အကုန်ကျနေတာ၊ ခွဲရင် သွေးမတိတ်တာနဲ့၊ အနာမကျက်တာနဲ့ ကွန်ပလီကေးရှင်းတွေ အများကြီး ကုဋ္ဌေ၊ ဘယ်သူမှ ခွဲဖို့ အားမပေးကြဘူး၊ ဆေးပဲ အရင်သွင်းကြည့်ပြီး..."

သူမစကားတွေ ငိုရှိုက်သံများကြားမှာ တိမ်ဝင်ပျောက်ကွယ်သွားပြန်ပါသည်။ သူမ ဆက်ပြောဖို့ မလိုပါ။ သူမ ဘာမှဆက်ပြောပြဖို့ မလိုတော့ပါ။

သူမရော၊ ကုဋ္ဌေပါ နောက်ဆုံးနှစ် ဆေးကျောင်းသားတွေလေ။ အသည်းကင်ဆာရဲ့ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲအန္တရာယ်များ၊ ကုထုံးများ၊ အဆုံးသတ်နိဂုံးများကို သူမတို့ အားလုံးသိပြီးကြပါပြီ။

(H.C.C.) လို့ အတိုကောက်ခေါ်ကြတဲ့ အသည်းမှာဖြစ်တဲ့ ကင်ဆာရောဂါဟာ နောက်တစ်လအတွင်းမှာ ဖြေရတော့မယ့် သူမတို့ရဲ့ နောက်ဆုံးနှစ်၊ အပိုင်း(ခ) စာမေးပွဲကြီးတွင် မသိမဖြစ်၊ ကျောင်းသားအားလုံး ကျက်ကြရမည့် သင်ခန်းစာတစ်ခု ဖြစ်ပါသည်။

ကုဋ္ဌေကို ဘာမှ ဆက်ပြောဖို့ မလိုပါ။ သူမ ဘာကြောင့် ငိုရှိုက်အစ်ကြွေးရသလဲဆိုတာလည်း သူ နားလည်သဘောပေါက်သွားပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ…ကံမကောင်းဘူးဆိုတာ နင်ယုံပြီလား…ကုဋေရယ်။

သို့ပေမယ့် သူမ လောကကြီးရဲ့ လှည့်စားချက်ကို ရှောင်ပြောင်လို့စွာ ခြောက်ကပ်ကပ် ရယ်မောပစ်လိုက်သည်။ မျက်ရည်များနဲ့ပေါ့။

"ကုဋေ…၊ နောက်တစ်လမှာ ငါတို့ ဘဝရဲ့အရေးအကြီးဆုံး နောက်ဆုံး စာမေးပွဲကြီးကို ငါဖြေရတော့မယ်၊ ဆရာဝန်အားလုံးက အခက်ခဲဆုံးလို့ တညီတညွတ်တည်း ပြောခဲ့ကြတဲ့ စာမေးပွဲ၊ ဆရာဝန်ဖြစ်၊မဖြစ် ဆုံးဖြတ်ပေး နိုင်တဲ့ စာမေးပွဲ၊ အဲ့ဒီအချိန်မှာ ဖေဖေက ကင်ဆာနဲ့ ဆေးရုံပေါ်က မဆင်းရသေး ဘူး၊ ငါ့ရည်းစားက ငါ့ကို ထားသွားတယ်၊ ငါ့ကားက အက်ဆီးဒင့်ဖြစ်တယ်၊ တစ်ခါတစ်ခါ…လောကကြီးကို ငါသိပ်မုန်းတာ အဲ့ဒါတွေပေါ့ ကုဋေ…"

မျက်ရည်များနဲ့ နာကျည်းစွာ ရယ်နေသော သူမရဲ့ လက်ချောင်း လေးတွေကို ကုဋေ ဆုပ်ကိုင်ပါသည်။

"နင်တို့ နိုင်ငံခြားမှာ သွားကုဖို့ရော…စဉ်းစားသေးလား"

သူမ ခေါင်းညိတ်လိုက်သည်။

"မေမေပဲ အားလုံးစီစဉ်နေတယ်၊ စင်္ကာပူက တန်ဒေါ်ဆယ်လ် ဖြစ် မလား မသိဘူး၊ ဖေဖေကတော့ မသွားချင်ဘူးလို့ ငြင်းသေးတယ်၊ ဒါပေမယ့် ဆရာဝန်တွေအကုန်လုံးကပါ တိုက်တွန်းကြပါတယ်၊ ဘိုင်အော့ပ်စီတွော့ ဟိုမှာပဲ လုပ်လိမ့်မယ်၊ နင်သိသားပဲ၊ အိပ်ချ်စီစီက အသားစယူရင်လည်း ဘယ်လို အန္တရာယ်များတယ်ဆိုတာ၊ ဒါ့ကြောင့် စင်္ကာပူမှာပဲ အသားစယူရင်း၊ ပြီးတော့ ကီမိုဆေးပါ စသွင်းဖို့…သွားကြမယ်၊ ပြီးမှ အခြေအနေကောင်းတယ်ဆိုရင် ဒီမှာ ပြန်လာပြီး ဆက်ကုရမှာပေါ့၊ အဲ့ဒါပြီးမှ ခွဲဖို့၊ မခွဲဖို့ ဆုံးဖြတ်ကြမှာ ကုဋေ"

"ငါထင်တယ်၊ နင့်အဖေ ဒီလောက်ကြီး မြန်မြန် နင်တို့နဲ့ ခွဲမသွား သေးပါဘူး နိုင်ရယ်၊ ဒီလောက် စိတ်ဓါတ်မကျပါနဲ့၊ နင်တို့က ငွေကြေးပြည့်စုံတာ တစ်ပန်းသာနေတယ်၊ နိုင်ငံခြားအဆက်အသွယ်တွေလည်း အများကြီးရှိတယ်၊ နဲ့…ဟိုမှာ အိပ်ချ်စီစီကို တော်တော်ကြီး သက်သာအောင်ပေးလို့ရတဲ့ အင်တာ လျူကင်…ဆိုတာတွေလည်း သိပ်ကောင်းတယ်လို့ ငါကြားတယ်၊ ဘာပဲ ဖြစ်ဖြစ်… အဆိုးထဲကအကောင်း၊ နင်တို့ သူ့ကို သေသေချာချာ ဂရုစိုက်ပြုစုလို့ ရနေတယ်လေ၊ နင်တို့ ကုသိုလ်တွေ အများကြီးရှိဦးမှာ…"



သူမ ပြုံးလိုက်သည်။

"နင်ထင်သလောက် ငါကံမကောင်းသေးဘူး၊ သိလား၊ မေမေက ပြောတယ်၊ သူနဲ့ဖေဖေ စင်္ကာပူကိုသွားကြမယ်၊ မီးငယ်လေးလည်း ပါလိမ့်မယ်၊ ငါလိုက်လို့ မရဘူး၊ ဘာဖြစ်လို့လဲ သိလား၊ တန်ဒေါ်ဆေးမှာ ရတဲ့ရက်က ငါ့ ဗိုင်နယ်ပါတ်တူးအိပ်ဖမ်းနဲ့ ကွက်တိပဲ ကုဋေ၊ ငါက စာမေးပွဲဖြေဖို့ ဒီမှာပဲ နေခဲ့ရမှာ၊ ငါတစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့ရမှာ၊ မီးကြီးတောင် ယူကေကနေ ဖေဖေရှိတဲ့ စင်္ကာပူကို လိုက်လာမယ်ပြောတယ်၊ ငါ…ငါ့အဖေကို နောက်ဆုံး အချိန်တွေမှာ စိတ်ထင်သလိုတောင် ပြုစုခွင့်၊ အနားမှာ နေခွင့်မရဘူး၊ အဲ့ဒါ မရနိုင်ရဲ့…ကံ…လို့ ခေါ်တယ် ကုဋေရဲ့"

"နိုင်….ရာ…."

ကုဋေ သူမကို နားလည်ကြင်နာစွာ ငုံ့ကြည့်ပါသည်။

"နိုင်ရာ…ဒီတစ်ခေါက်မလိုက်ရလည်း နင်နောက်တစ်ခေါက်ပေါ့၊ နင့်အဖေက ခုမှ ကီမို ဖတ်စ်ဆိုက်ကယ်လ် စသွင်းမှာလေ၊ ပြီးတော့ အခြေအနေ ကောင်းရင် ခဏပဲနေပြီး ပြန်လာကြမှာပဲ၊ သူတို့ကြာမယ်ဆိုရင်လည်း နင်… စာမေးပွဲပြီးတော့ လိုက်သွားလို့ရတာပဲ၊ စာမေးပွဲက နင့်အတွက် ပိုအရေးကြီး တယ်လေ၊ နင်…ဒီစာမေးပွဲကို လက်လွှတ်လို့မှ မရတာ"

"သိပ်သေချာတာပေါ့…ကုဋေရယ်၊ ခုတောင် ငါ့မှာ ဖေဖေ့ဆေးရုံကို ခဏသည်သွား၊ ခဏသည်လာပဲ သွားပြန်လုပ်နေရတယ်၊ ငါ့ကို အချိန်ကြာကြာ ပေးမနေကြဘူး၊ စာမေးပွဲအတွက် စာကျက်ပျက်မယ်တဲ့၊ မေမေက ငါ့ကို ဆေးရုံမှာ တစ်နာရီထက်တောင် ပိုနေခွင့်မပေးဘူး၊ စာကိုပဲ ဂရုစိုက်ချည်း ပြောနေတယ်၊ ငါ…ငါ…ဖေဖေနဲ့ ရှားရှားပါးပါး အနားမှာ နေရမယ့်အချိန်တွေကို ဆရာဝန်ဖြစ်ဖို့အတွက် ဖဲ့ပေးနေရတယ် ကုဋေ၊ အဲ့ဒါ…တရားသလား၊ ဆေးရုံ ပေါ်က ကင်ဆာရောဂါရှင် ဖခင်အနားမှာထက် ငါ့ရဲ့ ကျောင်းစာအုပ်ပုံတွေကြား မှာ မျက်နှာအပ်ထားတာ ငါတရားရဲ့လား ကုဋေ၊ အဲ့ဒါဆရာဝန် တစ်ယောက်ရဲ့ ဘဝလား၊ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အဲ့ဒီလောက် ရင်းနှီးပေးဆပ်သင့်လို့လား၊ ငါ…မုန်းတယ်၊ ငါ့ဘဝကြီးကို ငါမုန်းတယ် ကုဋေရယ်"

သူမ ငိုမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုမ္မွေ့ရဲ့ရင်ခွင်တစ်ခုကို ချစ်သူတစ်ယောက်လိုပဲ သဘောထားကာ မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုလိုက်မိပါသည်။

ကုမ္မွေ ခွင့်လွှတ်နိုင်မှာပါ။ မောင်ရော...ခွင့်လွှတ်နိုင်မလား...။

မောင်မှ ကျွန်မအနားမှာ မရှိဘဲ မောင်ရယ်။ ကျွန်မမှာ အားကိုးအားထား မှီတွယ်နိုစရာ ရင်ခွင်တစ်ခုကို လိုအပ်လှပါတယ်။

ကုမ္မွေက သူမကို နည်းသိမ်မွေ့စွာ ပြန်ပွေ့ဖက်ထားပါသည်။ သိမ့်သိမ့် ခါနေသော သူမကျောကို သူသပ်ပြီး နှစ်သိမ့်ပေးပါသည်။

"နိုင်ရယ်...၊ မငိုပါနဲ့ဟာ၊ အဲ့ဒီလို နင်တွေးတွေးပြီး စိတ်မညစ်စမ်းပါနဲ့၊ ဒါတွေအားလုံး လောကကြီးက နင့်ကို ရင့်ကျက်အောင် သင်ခန်းစာတွေ၊ အတွေ့အကြုံတွေ ပေးနေတယ်လို့ သဘောထားလိုက်ဟာ...နော်၊ နင်လေ... ဆရာဝန် တစ်ယောက်ဖြစ်လာရင် အသည်းကင်ဆာနဲ့လာတဲ့ လူနာတွေ အများကြီးကို နင်ကုပေးရဦးမှာ၊ ပြုစုပေးရဦးမှာ၊ နော်...၊ အဲ့ဒီလို စဉ်းစားကြည့်ပေးလိုက်ပါ၊ ဆရာဝန်တစ်ယောက်ဖြစ်လာဖို့ဆိုတာ မလွယ်ဘူးဆိုတာ လူတိုင်းသိတယ်၊ အဲ့ဒီထဲကမှ နင်...ဒီလို အခက်အခဲတွေ၊ အတားအဆီးတွေကို ကျော်ဖြတ်ပြီး ဆရာဝန်ဖြစ်လာရင် နင်ရတဲ့ ဆရာဝန်ဘွဲ့က သူများတွေထက်ကို ပိုတန်ဖိုး ရှိတာပေါ့...နိုင်၊ နင်...အဲ့ဒီလို စိတ်မွေးပြီး အားလုံးကို ကျော်ဖြတ်လိုက်ပါ၊ ဟုတ်လား"

သိပ်ကို အားပေးနှစ်သိမ့်တတ်တဲ့ သူမရဲ့ သူငယ်ချင်းလေးပါ။

ကုမ္မွေ့စကားတွေက သူမရဲ့ ပူလောင်ပြင်းထန်နေသော ရင်ကို ခဏ လေးလောက်တော့ ငြိမ်းအေးသွားစေသည်မှာ သေချာသည်။

သူမကို ဘာလို့ သူ...ချော့တတ်ရတာလဲ။ ဘာလို့ အဲ့ဒီလို သူမရဲ့ ပြဿနာတိုင်းအတွက် သူ့မှာ အဖြေရှိနေရတာလဲ။

သို့ပေမယ့် စကားတစ်ခွန်းကိုတော့ နာနာကျင်ကျင်နဲ့ပဲ ကုမ္မွေသိအောင် သူမ...ထုတ်ပြောလိုက်မိပါသေးသည်။

"ကုမ္မွေ...၊ ကမ္ဘာပေါ်မှာ ငါ့ရဲ့ အချစ်ဆုံး ယောကျာ်းနှစ်ယောက်စလုံး တစ်ချိန်တည်းမှာ ငါ့ကို ထားသွားကြမှာ ငါ မခံစားနိုင်ဘူး ကုမ္မွေ၊ ငါ...သူတို့ကို ဒီအချိန်လေး တစ်ခုထဲမှာ ဆုံးရှုံးလိုက်ရဖို့ အင်အားမရှိပါဘူး....ကုမ္မွေရယ်"



သူခေါင်းခါသည်။ သူမပါးပေါ်က မျက်ရည်တွေကို သူ့လက်ဖဝါး လေးနဲ့ ညင်သာစွာ ဖိသုတ်ပေးခဲ့ပါသည်။

"နိုင်...၊ နင်....ဘယ်သူ့ကိုမှ မဆုံးရှုံးစေရဘူး၊ ငါပြောတာ နားထောင်၊ ထိုက်တန်လည်း အချိန်တစ်ခုအတွင်းမှာ နင့်ဆီပြန်ရောက်လာစေရမယ်၊ ငါ... အာမခံတယ်၊ စိတ်ချ၊ နင့်အဖေရဲ့ရောဂါကလည်း လုံးဝကြီး သက်သာပျောက် ကင်းသွားမှာ မဟုတ်တောင် နှစ်တွေအများကြီး နင်တို့နဲ့နေခွင့်ရဦးမှာ၊ ငါသိနေ တယ်၊ အရာအားလုံး အဆင်ပြေသွားမှာ မိနိုင်၊ စိတ်မလျှော့နဲ့၊ ခွဲတင်းထား၊ မငိုနဲ့...၊ ငိုလို့လည်း နင့်ကို လောကကြီးက သနားမှာ မဟုတ်ဘူး၊ နင်... ရင်ဆိုင် ရဦးမှာတွေ၊ ကျော်ဖြတ်ရဦးမှာတွေ ဘဝမှာ အများကြီးကျန်သေးတယ်၊ မှတ်ထား၊ လူ့ဘဝဆိုတာ အဲ့ဒါပဲ၊ အခက်အခဲတွေ၊ နာကျင်မှုတွေ တွေ့မှ၊ ကြုံမှ လူ့ဘဝလို့ ခေါ်တာ၊ လောကဓံဆိုတာ လူတိုင်းအတွက် ရှိတယ်၊ သူဌေးကြီး ဦးမင်းနိုင်ရဲ့သမီး မရနိုင်မှာလည်း ရှိမှာပဲ၊ နင်လည်း ပြေးလို့ မလွတ်ဘူး၊ ဟုတ်တယ်မဟုတ်လား နိုင်...၊ ဆင်းရဲသည့်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူဖြစ်နေတဲ့အတွက် ဒုက္ခ ဆိုတာ ရှိရတယ် နိုင်ရဲ့၊ မငိုနဲ့တော့နော်၊ တိတ်"

သူမ ပြုံးမိပါသည်။

သူမရဲ့ သူငယ်ချင်းလေးသည် သူမထက် အများ ကြီး ပိုရင့်ကျက်ကာ ပိုပြီးလိမ္မာပါးနပ်နေတာ ဘာကြောင့်ပါလဲ။ လောကကြီးအကြောင်းကို သူများ တွေထက် ပိုပြီးသိနေတာ ဘာကြောင့်ပါလဲ...။

သူရော...။ လောကကြီးရဲ့ ဒဏ်ခတ်မှုတွေ၊ လှည့်စားမှုတွေကို ဘယ်လောက်များ ခံခဲ့ရလို့ပါလဲ။ သိချင်လှသေးသည်။

သူမ မျက်ရည်တွေကို သူပြောသလို သုတ်လိုက်ရင်း နှုတ်ကတော့ မဲ့ပြုံးလေးတစ်ခု ပြုံးနေမိခဲ့သည်။

"ဟုတ်တယ်နော်...ကုမ္မွေ၊ လူတွေကတော့ ထင်ကြမယ်၊ ငါက ဖေဖေ့ရဲ့ သမီးအကြီးဆုံး...မရနိုင်၊ ဆေးကျောင်းသူ နောက်ဆုံးနှစ်၊ ဘဝမှာ အကုန် ပြည့်စုံပြီး လိုတရနေတဲ့ဘဝ၊ အခက်အခဲဆိုတာ၊ ဒုက္ခဆိုတာ...မြူမှုန်တစ်ခုစာမှ ရှိမှာမဟုတ်ဘူးလို့ အပြင်ပန်းကနေ ကြည့်ပြီးဆုံးဖြတ်ကြမှာပဲ၊ ငါ့ဘဝကြီးက သိပ်ကို ပျော်စရာကောင်းမှာပဲလို့ တော်တော်များများကလည်း တွေးကြမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ချောချောလှလှ သူဌေးသမီး၊ ဆရာဝန်လောင်း ကောင်မလေးတစ်ယောက် ထက်ပိုပြီး မြင်နိုင်၊ သနားနိုင်မှာ မဟုတ်ဘူး၊ တကယ်တော့ ငါ့ဘဝ မှာလည်း ငိုရမယ်ဆိုရင် မျက်ရည်တွေ နေ့စဉ်အိုင်ထွန်းနေနိုင်တာ လူတွေသိမှာမဟုတ်ဘူး၊ ဘဝဆိုတာ အဲ့ဒါလား၊ ဟုတ်လား…ကုဋေရယ်…”

ကုဋေက သူမ့မေးခွန်းကို တစ်ခွန်းတည်း ဖြေ၏။

“ဘဝဆိုတာ့ထက်….အဲ့ဒါ…သံသရာလို့ခေါ်ရင် ပိုမှန်တယ် နိုင်”

ကုဋေ့ရဲ့ စကားကို သူမ အံ့အားသင့်စွာ ဆက်နားထောင်ရပါသည်။

“ဒီလို သံသရာက မလွတ်သေးသ၍၊ နိဗ္ဗာန်ကို မရောက်သေးသ၍ ငါတို့အားလုံး ဒီလို ဆင်းရဲပူပန်မှုတွေ၊ ဒုက္ခတွေ ခံစားရမယ်နိုင်၊ ဗုဒ္ဓက အတိအကျ ဟောပြီးသားလေ၊ ဆင်းရဲသူချမ်းသာသူမရွေး၊ ကြီးသည်ငယ်သည်မရွေး၊ မျိုးရိုးဇာတိ၊ အယုတ်အလတ်အမြတ်မရွေး ခံစားရမှာ၊ ဒီဒုက္ခတွေက လွတ်တဲ့ နေရာက နိဗ္ဗာန်ပဲ ရှိတာ၊ တို့တွေ နိဗ္ဗာန်ကို မရောက်သေးသ၍ကတော့ ဒီဒုက္ခတွေကြားကပဲ ကိုယ်အားအင်ရှိသလောက် ဆက်ရင်ဆိုင်ရမှာပေါ့၊ အကောင်းဆုံးတွေပဲ တတ်နိုင်သလောက် လုပ်ကြရမှာပေါ့…ဟာ”

သူမက ကုဋေ့ရဲ့စကားကို သဘောကျစွာရယ်မောလိုက်တော့ ကုဋေက နားမလည်သလို မျက်မှောင်ကြီး ကျုံ့ကာ ကြည့်လေသည်။

“ဘာရယ်တာလဲ၊ ငါ့စကားက ဘာရယ်စရာပါလို့လဲ၊ ဘုန်းကြီး လေသံပေါက်နေလို့လား၊ မရိုနဲ့နော်၊ ဘုရားဟောတရားကို ကိုးကားပြီး ပြောနေတာ၊ ငရဲကြီးမယ်”

သူက မရယ်နဲ့ပြောမှ ပိုရယ်ချင်လာတာလည်း ဘာကြောင့်မှန်းမသိ။

ဘာပဲဖြစ်ဖြစ် သူမရင်ထဲက နာကျင်နေသည်များ လျော့ပါးလွင့်ကျသွားအောင် ကုဋေလုပ်နိုင်တာကိုတော့ သူမတကယ်ပဲ ကျေနပ်စွာ ကျေးဇူးတင်နေမိပါသည်။

သူမ အရယ်မျက်နှာကို မျက်နှာပိုးသတ်ရ၏။

“ကုဋေရယ်…၊ နင်ပြောတာနဲ့ ငါလေ….စိတ်ပုတီးနဲ့ ရိပ်ကြီးတောင် ခိုချင်လာပြီ၊ တကယ်ပြောတာ၊ သိပ်မပြောနဲ့၊ ဒုက္ခတွေ အကြောင်း…၊ ငါ တောထွက်မိနေဦးမယ်”



ကုဋေက သူမစကားကြောင့် မျက်နှာတွေ မဲ့ပြသည်။

ထုံးစံအတိုင်း သူမနဲ့ကုဋေတို့ရဲ့ တစ်ယောက်ကို တစ်ယောက် ရင်ထဲမှာ ရှိတဲ့အတိုင်း ပစ်ပစ်နစ်နစ် ပြောချင်ကြသော အကျင့်စုတ်ကလေးတွေ ချက်ချင်း ပြန်ပေါ်လာပါပြီ။

မရနိုင်သည်လည်း မရနိုင်၊ ကုဋေသည်လည်း ကုဋေပါတည်း။

ကုဋေက တစ်ခွန်းမခံ သူမကို ပြန်ပက်တော့သည်။

“အောင်မယ်…ထွက်စမ်းပါ၊ နင်သာ တောထွက်မယ်ဆိုလို့ကတော့ ငါလည်း ကတုံးတုံးပြီးသားပဲ…နိုင်၊ နင့်လိုလူမျိုးလား….ဟွန်း…တောထွက်မှာ၊ လည်ပင်းတောင် အဖြတ်ခံတယ်၊ ဒီလောက်…ရည်းစားပူမိပြီး မေ့မရ၊ မျောက်မရ စွဲလမ်းရူးသွပ်နေတာ၊ တဏှာတွေ ဒီလောက်များနေတာ၊ တရားရဖို့ ‘သေး”

“အကောင်စုတ်…၊ ငါပုထုဇဉ်….ဟဲ့၊ ပုထုဇဉ်…၊ အရိယာ မဟုတ်ဘူး၊ ဒီလောက်တော့ ပူလောင်မှာပဲ၊ ရည်းစားကထားသွားတာ နှစ်လနဲ့ ဆယ့်တစ်ရက်ပဲ ရှိသေးတယ်၊ ဒီအချိန်မှာ ဒီလောက်တော့ လွမ်းမှာပဲ၊ ဆွေးမှာပဲ၊ ဒီလောက်တော့ လွမ်းဆွတ်ပိုင်ခွင့် ရှိတယ်၊ ရည်းစားမရှိသေးတဲ့၊ ခုထက်ထိ အကောင်ကြီးပြီး အမြီးမပေါက်သေးတဲ့ နင့်လိုလူမျိုးတွေကို ဒါတွေပြောလည်း နားလည်မှာ မဟုတ်ဘူး၊ ကိုယ်ချင်းစာတတ်မှာလည်း မဟုတ်ဘူး”

“ကြည့်ပါလား၊ ရက်တောင် အတိအကျနဲ့၊ နင်ကိုက သူများတွေထက်ကို နည်းနည်းလွန်တယ်”

“ငါလည်း သူများတွေထက်ကို နည်းနည်းတော့ လွန်တယ်ဆိုတာ ငါ့ဟာငါ သိပါတယ်…ကုဋေရယ်၊ ငါလည်း ကြိုးစားနေပါတယ်၊ မစွဲလမ်းဖို့လေ…”

“နင့်ခေါင်းထဲမှာ အခုအချိန် နင့်အမေရယ်၊ စာမေးပွဲရယ်…၊ ဒါပဲ ထည့်ထားတော့ မိနိုင်၊ တခြားဟာတွေ မစဉ်းစားနဲ့၊ ဒီကောင့်အကြောင်းကို ခေါင်းထဲက မထုတ်တော့ ဖယ်ထားလိုက်ဟာ….၊ စိတ်ဆင်းရဲစရာတွေချည်း နင်တွေးမနေနဲ့၊ ကြားလား၊ ငါပြောတာ၊ ပြီးတော့ နင်…အရမ်းပိန်သွားတယ်၊ ကိုယ့်ကိုယ်လည်း ဂရုစိုက်ဦး၊ နင်…ထမင်းကောင်းကောင်းစားလေ၊ စာမေးပွဲနီးပြီဟ၊ အားဆေးတစ်ခုခု နင်မသောက်ဘူးလား၊ ငါထင်ပါတယ်၊ နင်တို့အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



နင့်အဖေအတွက်ပဲ အားလုံးက ဂရုစိုက်ချက်ပြုတ် ပေးနေကြမှာပေါ့၊ နင်...ထမင်း ဘယ်အချိန်စားလဲ၊ ဘာတွေစားလဲ...ဘယ်သူမှ စောင့်ကြည့်မနေကြဘူး မဟုတ်လား၊ နင်ကလည်း စားချင်သလိုစား၊ အိပ်ချင်သလို အိပ်မဟုတ်လား၊ နိုင်...နင်... နှချိန်ကျမှ စိတ်တွေသိပ်မပျော့နဲ့ဟာ၊ မရနိုင်ရဲ့ စိတ်ဓါတ်တွေ ဘယ်ရောက် သွားလဲ၊ လွန်ခဲ့တဲ့နှစ်လတုန်းက ဟိုကောင့်နောက်ကို အသည်းအသန်လိုက်ပြီး နှစ်ယောက်လုံးကို ငါကသတ်မှာ...ဆိုတဲ့ စိတ်တွေ ဘယ်ရောက် သွားလဲ၊ အဲ့ဒီလို စိတ်မျိုး နင်...ခုမွေးစမ်းနိုင်၊ နင်...ဒူးထောက်လဲကျသွားလို့ မရဘူး၊ အားလုံးကို နင်အရှုံးပေးလို့မရဘူး၊ နင်...အနိုင်ယူရမယ့်လူတွေ ရှိသေးတယ်၊ အဲ့ဒီထဲမှာ စာမေးပွဲဆိုတာကြီးလည်း နင်အနိုင်ယူရမယ့် စာရင်းထဲမှာပါတယ်...၊ နိုင်... ဒီမှာ...၊ ငါ့ကို ကြည့်စမ်း"

ကုဋ္ဌေက သူမပါးကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်ကာ လှည့်သည်။ ဒီအင်္ဂါန် မှာတော့ သူမရဲ့သူငယ်ချင်းလေးကို သူမ စိတ်မဆိုးနိုင်ပါ။

သူ့ရဲ့စကားတွေက သိပ်ကို အံ့သြစရာကောင်းလွန်းလှပါသည်လေ။

"နိုင်...ငါတို့ ဆေးကျောင်းစ,ရောက်ပြီး သူငယ်ချင်းတွေ ဖြစ်ကြတော့ နင်ငါ့ကို ပြောဖူးတယ်လေ၊ နင်...ဘာလို့ ဆရာဝန်ဖြစ်ချင်တယ်ဆိုတာ၊ နင့် အဖေက ပြောတယ်ဆို၊ အငယ်နှစ်ယောက်ကို အားမရဘူး၊ သမီးကြီးပဲ ဆရာဝန် ဖြစ်အောင်လုပ်နော်၊ အဖေနေမကောင်းရင် နားကျပ်လေးနဲ့ ငါ့သမီးက စမ်းသပ် မှာ၊ ဆေးကုမှာကို ဖေဖေက ခံချင်တာလို့ ပြောတယ်ဆို၊ အဲ့ဒါကြောင့် နင် ဆေးကျောင်းကို ရအောင်လုပ်ခဲ့တာဆို၊ နင်မှတ်မိလား၊ ကဲ...အခု...နင့်အဖေ နေမကောင်းဖြစ်ပြီ၊ နင်...ကုပေးနိုင်အောင်၊ နင်ဆရာဝန်ဖြစ်မှ ရမယ်နိုင်၊ နင်... ဒီစာမေးပွဲကို အောင်မှဖြစ်မယ်"

"စာမေးပွဲပြီးမှ ငါတို့ အလုပ်သင်ဆရာဝန်ဖြစ်မှာ၊ ငါတို့ အလုပ်သင် ဆရာဝန်လေးဘဝလေးနဲ့ ငါ့အဖေရောဂါကြီးကို ငါ...ဘာလုပ်ပေးလို့ရမှာလဲ... ကုဋ္ဌေရယ်"

သူခေါင်းခါသည်။

"နိုင်...၊ နင်ကလည်းဟာ....၊ နင့်အဖေလိုချင်တာ သူ့ရောဂါပျောက် သွားဖို့ မဟုတ်ဘူးလေ၊ သူ့သမီးက ဂျူတီကုတ်ဖြူဖြူလေးနဲ့ နားကျပ်ကလေး



ကုပ်ပေါ်တင်ပြီး လူနာတွေကြားထဲ လူးလာခေါက်တုန့် သွားနေတာကို မြင်ချင်နေတာ၊ ဆေးရုံပေါ်မှာ သူ့လို နာမကျန်းဖြစ်နေတဲ့ လူနာတွေကို ငါ့သမီး ကလည်း ကုပေးနေတာပါလားဆိုတဲ့ ခံစားချက်ကို လိုချင်တာ၊ အနည်းဆုံး... သူ့ကို ကုပေးနေတဲ့ ဆရာဝန်ကြီးတွေ၊ အထူးကုဆရာဝန်တွေ သူ့ကုတင်ဘေးနား ရောက်လာတဲ့အခါ...နင်ကပြောလို့ရပြီ၊ ကျွန်မပဟောက်ဆာဂျင်ပါ...ဆရာ၊ ကျွန်မအဖေရဲ့ရောဂါအကြောင်း ဆရာတို့ အားလုံးမခြွင်းမချန် ကျွန်မကိုပြောလို့ ရပါတယ်...လို့ နင့်ကိုပြောစေချင်တာ၊ အဲ့ဒီဆရာဝန်ကြီးတွေနဲ့ သူ့ရောဂါ အကြောင်းကို နင်က ဆွေးနွေးနေတဲ့အခါ...နင့်အဖေက နင့်ကို ကြည့်နေမယ့်...၊ ငေးကြည့်နေမယ့် အကြည့်တွေကို နင်သိရဲ့လား၊ နင်...တကယ်နားလည်ရဲ့ လား...နိုင်၊ အဲ့ဒီအကြည့်တွေကို နင်...မလိုချင်ဘူးလား၊ နင့်အဖေက အဲ့ဒီလို ကျေနပ်၊ အားရ၊ ဝမ်းသာပီတိဖြစ်စေမယ့် အကြည့်မျိုးတွေ ကြည့်နိုင်အောင် နင်...ဆရာဝန်ဖြစ်မှ ရမယ်လေ၊ နင်...ဒီစာမေးပွဲကို အောင်အောင်ဖြေရမယ်"

ကုဋ္ဌေရဲ့ စကားအဆုံးမှာ သူမ...မျက်ရည်ကျရ၏။

ခေါင်းကိုညိတ်ပြီး သူမ အသံတိတ်ရှိုက်နေမိစဉ် သူ...ထပ်ပြောပြ နေခဲ့ပါသည်။

"ငါတို့ ဒီစာမေးပွဲကိုကျသွားရင် နောက်ခြောက်လကြာမှ ပြန်ဖြေရမယ်၊ နောက်ခြောက်လဆိုတာ သိပ်မသေချာဘူး...နိုင်၊ နင်...ခုတစ်ခါတည်း အောင်မှ ရမယ်၊ ငါပြောတာ နားလည်လား၊ နင့်အဖေအတွက် ခြောက်လဆိုတာ မသေချာ တဲ့ အချိန်ကာလတစ်ခုဖြစ်နေတယ်၊ နင့်အတွက်၊ သူ့အတွက် အချိန်ဟာ သိပ်အရေးကြီးနေတယ်၊ နင့်အဖေကို နောက်ဆုံးအချိန်မှာ ဆရာဝန်တစ်ယောက် အနေနဲ့ ကျေးဇူးဆပ်နိုင်ဖို့ နင်...ဒီစာမေးပွဲကို အခုအောင်မှရမယ်...နိုင်၊ နင်... တစ်ခါတည်း အောင်အောင်ဖြေရမယ်..."

သူမ...ပါးပေါ်က မျက်ရည်တွေကိုသုတ်ရင်း ကုဋ္ဌေ့ကို ပြုံးပြီး ခေါင်း ညိတ်ပြလိုက်မိပါသည်။

သူမ နားလည်သွားပါပြီ။

တစ်ခါတစ်လေကျတော့ ဘဝမှာ စာမေးပွဲပေါင်းများစွာရှိသည်။

ကျောင်းမှာသင်သော သင်ခန်းစာတွေချည်း သူမတို့မဖြေလို့မရနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အချို့သော စာမေးပွဲရလာဒ်များသည် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းနှင့်ဘာမှ မသက်ဆိုင်ပါ။

လောကကြီးက တစ်ခါတစ်ရံ သူမတို့ဖြေတတ်သော အဖြေများထက်ပိုဆန်းကျယ်သော မေးခွန်းတွေ မေးတတ်၏။

သူမတို့အားလုံး ဖြေကြည့်ဖို့ ကြိုးစားနေတုန်း...။

# အခန်းကိုး

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ . . .
ဆာဂျရီ (**Surgery**) လို့ခေါ်တဲ့
ခွဲစိတ်ကုသခြင်း ပညာရပ်နဲ့တူတယ် . . . ၊
လူနာတစ်ယောက်ကို ခွဲစိတ်ချင်တဲ့အခါ
ခွဲစိတ်ကုသတတ်ရုံနဲ့ မပြီးဘူးလေ . . .
မခွဲခင်ကရော၊ ခွဲပြီးတဲ့အချိန်မှာပါ
အကောင်းဆုံးအခြေအနေဖြစ်အောင်
ခွဲစိတ်ကုဆရာဝန်က စောင့်ကြည့်ပြီး
ပြုစုကုသပေးရတယ်။
အဲ့ဒါမှ . . . ခွဲစိတ်ကုသမှုက ထိရောက်တယ်၊
အနာလည်း မြန်မြန်ကျက်တယ်။
ပြီးတော့ ခွဲစိတ်ဖို့ အချိန်ကိုလည်း ဆရာဝန်က
အမြန်ဆုံး ဆုံးဖြတ်နိုင်ဖို့လိုတယ် . . .
နောက်ကျပြီးခွဲလို့လည်း မရဘူး
မခွဲသင့်တဲ့လူနာကိုလည်း ခွဲပေးလို့မရဘူး
အချို့လူနာတွေ ခွဲမယ်လို့ ဗိုက်ဖွင့်ပြီးမှ
ဘာမှမလုပ်နိုင်ပဲ ပြန်ပိတ်လိုက်ရတာ ရှိတယ်။
သိပ်နောက်ကျသွား . . လို့တဲ့ . . . ။
အချစ်မှာလည်း
အဲ့ဒီလို အချိန်ကိုက်ဖြစ်ဖို့ သိပ်အရေးကြီးတယ်၊
မဟုတ်ရင် ခွဲစိတ်ခန်းကုတင်ပေါ်မှာတင်
လူနာသေဆုံးနိုင်တယ်။

# သဿန်မျိုး

"မမဇင်နဲ့ ဖြေရရင်တော့ သေပြီဟယ်"

မြကေနိုင်က ပါးစပ်ကနေကို ထုတ်ညည်းသည်။

ခက်ခက်က ကေနိုင်စကားကို ထောက်ခံသည်။

"ဟုတ်တယ်၊ ရေရေလည်လည် ချွတ်တာတဲ့၊ မနေ့က ညီညီကို ဆဲလွှတ်လိုက်တာ....ပက်ပက်စက်စက်ပဲ...တဲ့၊ ယူ့ဆာဂျရီက သဘ်အမ်ဘီ အဆင့်ပဲ ရှိတယ်လို့ကို ပြောတာတဲ့၊ ညီညီ ခေါင်းတွေကျနေတယ်၊ သူတော့ ဆပ်ပလီထိပါပြီဆိုပြီး...."

မီမီအေးက အားလုံးကို မျက်မှောင်ကျုံ့ကြည့်ပြီး ဖြတ်ပြောသည်။

"ဟဲ့...ညီညီဆိုတဲ့ကောင်က တစ်ပါတ်မှ ဆေးရုံကို တစ်ရက်လောက် ဆင်းတာ၊ နင်တို့ သူနဲ့သွားမနှိုင်းနဲ့လေ၊ နင်တို့က ညီညီထက်အများကြီး စာပိုတတ်တယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိစမ်းပါဟာ၊ နင်တို့ကလည်း... စစ်မရောက်ခင် မြားကုန်နေကြပြန်ပြီ"

"ခွေးခွေးက မမဇင်စားပွဲမှာ ငိုရတာ...တဲ့၊ ငိုတော့လည်း ယူ့... ကျက်သရေမရှိ အိုင့်ရှေ့မှာ လာငိုပြမနေနဲ့...လို့ ဟောက်သေးသတဲ့၊ တစ်လုံးမှ လည်း မထောက်ပေးဘူးတဲ့၊ အိပ်စတာနယ် ဆရာကမှ သူ့ထက် ပိုသဘော ကောင်းသေးသတဲ့"

မီမီ အားလုံးကို စိတ်မရှည်စွာ အော်ဟစ်တားမြစ်တော့သည်။

"ဟယ်...တော်ကြတော့၊ နင်တို့တွေဟာလေ...၊ စမိရင် အဲ့ဒီလိုပဲ အလုပ်ကိုမဖြစ်ဘူး၊ အမြဲပဲ စာကျက်မယ်ဆိုပြီး လူစုရင် စကားတွေဟာ တောင်စဉ်

www.burmeseclassic.com



ရေမရ များချင်တယ်၊ အမြဲဘေးထွက်တယ်၊ တော်တော့၊ စာကိုပဲ အာရုံစိုက်ကြစမ်းပါဟာ၊ မဖြစ်သေးတဲ့ဟာတွေကို စဉ်းစားမနေနဲ့"

မိမို့စကားကို ဝင်ထောက်ခံသည့် အနေနှင့် သူမကပါ သူငယ်ချင်းတွေကို အားပေးရသည်။

"အေးလေ...၊ ကေနဲ့ခက်၊ သိပ်လည်း ကြောက်မနေကြနဲ့၊ ညီညီတို့ ဋ္ဌေးဋ္ဌေးတို့က သူ့ဝပ်က ထွက်တာမဟုတ်ဘူး၊ သူ့တပည့်တွေ မဟုတ်ဘူး၊ ငါတို့အားလုံးက သူ့ဝပ်က ထွက်တာ၊ သူ့တပည့်တွေ၊ သူ့တပည့်တွေဆို သူက သိပ်မှတ်မိတာတဲ့၊ အဲ့ဒီလောက်ကြီး မကျပ်ဘူးလို့ ငါကြားတယ်၊ သူသင်ထားတာတွေပဲ ပြန်မေးတာ၊ သူသင်ထားတဲ့အတိုင်းသာ ဖြေ...တဲ့၊ သိပ်သဘောကျတာ....တဲ့၊ သူ့တပည့်...သူ့ဝပ်ကထွက်တဲ့သူဆို ဘယ်တော့မှ မချဘူးတဲ့...."

သူမက ရှင်းပြလိုက်ရသည်။

သူမဘေးနားမှာလာရပ်ပြီး ကော်ဖီဖျော်ဖို့ ကြိုးစားနေသော ကုဋ္ဌေကပါ ဝင်ပြောလေသည်။

"မမဖင်ရဲ့အထာကို နင်တို့မသိဘူးလား၊ သူက ပြတ်သားမှုကြိုက်တာ၊ သူမေးခွန်းတစ်ခုမေးရင် နင်တို့က သိရင်သိတယ်၊ မသိရင်မသိဘူးလို့ အပြတ်ပြောမှ ကြိုက်တာတဲ့၊ သိသလိုလို၊ မသိသလိုလိုနဲ့ အမှားတွေ ဆက်ရွှီးနေရင် သွားရော၊ သူက အဲ့ဒီလိုလူမှ အသကုန်ဆဲတာ၊ သူပြောပြောနေတဲ့ စကားတစ်ခွန်း ရှိတယ်လေဟာ၊ မမှတ်မိဘူးလား၊ လူနာတစ်ယောက်ကို ကိုယ်က ခွဲနိုင်တယ်၊ မခွဲနိုင်ဘူး ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲမှ ဆာဂျင်...တဲ့၊ ခွဲနိုင်သလိုလို မခွဲနိုင်သလိုလိုနဲ့ လူနာကို သွားမကိုင်နဲ့တဲ့၊ လူနာသေမယ်...တဲ့၊ ဆာဂျင်ဆိုတာ ပြတ်သားရတယ်...တဲ့လေ၊ သူအမြဲ ပြောပြောနေတာ၊ အေး...နင်တို့ သူမေးတာကို မသိရင် မမ...အဲ့ဒါ ကျွန်မတို့ မကျက်မိဘူးလို့သာဖြေ၊ အဲ့ဒါဆို မဆဲဘူး၊ ဘာလို့မကျက်တာလဲ... သေတော့မှာပဲဆိုပြီး တစ်ခွန်းလောက်နဲ့ ပြီးသွားရော၊ ဟို...ညီညီနဲ့ဋ္ဌေးဋ္ဌေးတို့က လုံးဝ မသိတာကို အသကုန် အမှားတွေ ရွှီးနေတာ၊ အမှားတွေ...ဆက်ဖြေနေတာ၊ အဲ့ဒါကြောင့် ဆဲတာ..."

ကေခိုင်က မျက်နှာငယ်လေးနဲ့ ဝင်ထောက်သည်။

"ငါတို့ မသိတာတွေက အရမ်းများနေရင်ရော...ကုဋ္ဌေ"



သူမတို့အားလုံး တခစ်ခစ် ရယ်မိကြပါတော့သည်။

ကေနိုင်က လိုတာထက်ပိုကြောက်နေတာကို ခက်ခက်ကလည်း မီးလောင်ရာလေပင့်သလို ပြောပြန်သည်။

"ဟုတ်တယ်၊ မသိတာတွေက ပိုပိုများလာပြီ၊ ဆရာဦးအေးနိုင်က အနာတော်မီပါ ပြန်မေးတာတဲ့...နော်"

အနာတော်မီ (Anatomy) လို့ခေါ်တဲ့ ခန္ဓာဗေဒဘာသာရပ်က လွန်ခဲ့တဲ့လေးငါးနှစ်လောက်...၊ သူမတို့ ဒုတိယနှစ်တုန်းက သင်ခဲ့တဲ့ဘာသာရပ်လေ။ သို့ပေမယ့် နောက်ဆုံးနှစ်ဆေးတက္ကသိုလ် စာမေးပွဲကြီးဟာ ဘယ်နှစ်က ဘာသာရပ်မဆို ပြန်မေးပိုင်ခွင့်' ရှိတယ်တဲ့။ ဆေးကျောင်းရဲ့ စာသင်မှုစံနစ်ထူးခြားချက်က တစ်တန်းပြီးတစ်တန်း သင်လိုက်တဲ့စာတွေကို လုံးဝ မေ့ပစ်လိုက်လို့မရပါ။ အမြဲလိုလို ပြန်အသုံးချနေရတာ ဆရာဝန်ဖြစ်တဲ့အထိလေ။

သို့ပေမယ့် ခက်နေတာက အဲ့ဒီပြန်မှတ်မိရမယ်ဆိုတဲ့ ဘာသာရပ်တွေရဲ့ ဖတ်စာအုပ်တိုင်းက လက်လေးလုံးလောက်စီ အုပ်တိုင်းအုပ်တိုင်း ထူနေတာပဲ။ ဘယ်လိုလုပ် ငါးနှစ်အကြာမှာ အကုန်မှတ်မိပါတော့မလဲ။

ဒါကြောင့် ဆေးကျောင်းသူ၊ ကျောင်းသားတွေ အားလုံးကြောက်ကြရတဲ့ နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲဆိုတာ ဒါပဲလားလေ။

ပိုဆိုးတာက ရေးဖြေဆို ကိစ္စမရှိ။

ကိုယ်သိသိ၊ မသိသိ၊ စိတ်ထဲရှိတာ တွေ ချရေး။ ဘယ်သူမှ လာမဆူ၊ လာမဟောက်၊ လာမဆဲဘူးလေ။ နောက်မှ စာမေးပွဲသာ ကျရင်ကျသွားရော။

ခု...မနက်ဖြန်မှာ နှုတ်ဖြေလို့လည်း ပြောလို့ရ၊ ဘက်ဒ်ဆိုက်ဒ် (Bed Side)စာမေးပွဲလို့လည်း ပြောရင်လည်းရတဲ့ လူနာနဲ့လက်တွေ့ ရင်ဆိုင်ထိတွေ့ စမ်းသပ်ပြီးမှ ဖြေဆိုရမယ့် လက်တွေ့နှုတ်မေးခွန်းကို သူတို့ဖြေကြရမှာ။

ဆရာဝန်တစ်ယောက်လို ကုထုံးတွေ၊ ခါတ်ခွဲစမ်းသပ် စစ်ဆေးမှုတွေကို ဆရာများနဲ့ မျက်နှာချင်းဆိုင် ပြောပြ၊ ဆွေးနွေးရမှာလေ။ ဆရာတွေက ဘယ်လို မေးခွန်းမျိုးတွေ မေးမယ်ဆိုတာ မှန်းလို့မှ မရပဲ။

သူတို့စိတ်ထဲ ရှိတာတွေ ချမေးဆို...၊ မေးရိုးမေးစဉ်လည်း ဖြစ်နိုင်သည်။ ဖတ်စာအုပ်ထဲက ချောင်ကြိုချောင်ကြားမှာ ရေးထားတဲ့ စာပုဒ်တစ်ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်။ လွန်ခဲ့သော သုံးလေးငါးနှစ်က သင်ခဲ့သည့် ဘာသာတွေမှလည်း ပြန်မေးချင်မေးမည်။ ဘယ်လိုမှ မှန်းလို့မရ။

ဒီကြားထဲ လူအချင်းချင်း သတင်းဆောင်၊ မနေ့က ဖြေပြီးသွားသည့် အတန်းကြီးတွေဆီမှရော…၊ သူမတို့ဖြေမည့် ခွဲစိတ်ကုဘာသာကို မနေ့က၊ တစ်နေ့က ဖြေပြီးသွားသည့် သူမတို့အတန်းဖော် သူငယ်ချင်းတွေဆီကရော၊ သတင်းဆိုးတွေက နေ့တိုင်းကြားသည်။

ဘယ်သူကတော့ ဘယ်လူနာကုတင်မှာ ဘယ်ဆရာနဲ့ ဖြေလိုက်တာ ခွေးကျ၊ ဝက်ကျ…ကျသွားသည် ဆိုတာတွေ…။

ဘယ်မိန်းကလေးကတော့ ဘယ်ဆရာရှေ့မှာ မျက်ရည်လည်ရွဲနဲ့ ငိုချပြရတာတွေ…။ (ဆေးကျောင်းမှာ နှစ်တိုင်း နှုတ်ဖြေစာမေးပွဲများတွင် မိန်းကလေးတွေ ဒီလိုပဲ ဆရာတွေဆူလိုက်၊ ငေါက်လိုက်တာနှင့် ရက်တာရော၊ စာမေးပွဲကျမှာ ကြောက်တာရော ပေါင်းကာ ကြီးဒေါ်သေသလို ငိုနေကျဖြစ်သည်၊ အဆန်း မဟုတ်ပါလေ)။

ဘယ်ဆရာကတော့ အပြောကြမ်းပြီး…ငါနဲ့ကိုင်တုတ်တတ်တာတွေ။ (ဆရာဝန်တွေဆိုတာ လူနာအပေါ်မှာသာ စိတ်ရှည်ချင်ရှည်မယ်၊ တပည့်တွေ စာမရလို့၊ စာမကျက်လို့ကတော့ ဘီလူးလိုလည်း ဒေါသအမျက်ချောင်းချောင်း ထွက်နိုင်ပါသည်လေ)။

ဘယ်ဆရာကတော့ “သွား…၊ စာပြန်ကျက်၊ ခြောက်လ”ဆိုပြီး ကိုယ့်အောင်စာရင်းကို တစ်ခါတည်း ထုတ်ပေးလိုက်တာတွေ။ (အောင်စာရင်း မဟုတ်ဘူးပေါ့၊ ကျစာရင်း…လို့ပြောရင် ပိုမှန်မှာပါလေ)။

ဘယ်ဆရာကတော့ ပေါက်ပေါက်ရှာရှာမေးခွန်းတွေ၊ ဟိုး… ငယ်စဉ်တောင်ကျေး၊ ကလေးဘဝက (ဆေးကျောင်းသားပေါက်စဘဝ…က) စာတွေ နှိုက်နှိုက်ချွတ်ချွတ် ပြန်မေးတတ်တာတွေ…။

ကြားရသမျှက သတင်းဆိုးချည်းပါပဲ။ သတင်းကောင်းကို တစ်ခုမှ မပါ။ စာမေးပွဲမှာ သူမတို့ရဲ့ ဆရာမကြီး မမဖင်ကလည်း နာမည်ဆိုးထွက်သည်။ ပြီးတော့ ခက်ခက်ပြောတဲ့ ဆရာဦးအေးနိုင်….။

ခက်ခက်က အသေးစိတ်ပြောသည်။



“အဲ့ဒီဆရာဦးအေးနိုင်ကလေ…၊ နနကို မေးတာ…၊ မေးတာများ…တဲ့၊ လူနာကလည်း နျူရိုဖြစ်နေတယ်ဆိုရင်…သေပြီဆရာ၊ ဆင်ပသက်တစ်၊ ပါရာဆင်ပသက်တစ်တွေ ရောက်ကုန်ရောတဲ့၊ နနဆို တစ်လုံးမှ မဖြေနိုင်ဘူးတဲ့၊ နနခများ တစ်လုံးမှလည်း မရ၊ မျက်ရည်က တစ်ပေါက်နှစ်ပေါက်ကျတာကို ဆက်မေးသေးသတဲ့၊ မျက်ရည်ကျတာ ပါရာဆင်ပသက်တစ်ကြောင့်လား၊ ဆင်ပသက်တစ်ကြောင့်လား….ဆိုပြီး၊ အဲ့ဒီလို ရက်စက်တာ”

ငယ်ငယ်ကတည်းက သင်ခဲ့ရသမျှသည် အဲ့ဒီနျူရို (Neuro)လို့ခေါ်တဲ့ ဦးခေါင်းနဲ့ ဦးနှောက်ပိုင်းဆိုင်ရာက အခက်ဆုံးပါ။ ကျက်ရလည်းခက်၊ မှတ်ရလည်းခက်၊ အစိတ်အပိုင်းတွေက များလည်းများ၊ ကိုယ်လည်း မမြင်ရတဲ့ အသေးစိတ်ကလေးတွေ ဦးခေါင်းထဲ၊ ဦးနှောက်ထဲ ရှုပ်ထွေးမွှေလီနေတာကို…။

စာမရလို့၊ စာမေးပွဲကျမှာကြောက်လို့ ငိုတဲ့ ကျောင်းသူကိုပဲ အဲ့ဒီမျက်ရည်တွေက ဘယ်အာရုံကြောစံနစ်ကြောင့် ကျလာရတာလဲ…ဆိုတဲ့ မေးခွန်းကို ဘယ်လိုဖြေရပါ့။

ဟော့ဒီရင်ဘတ်ထဲကပါ အောင့်အောင့်ပြီး ကျလာရတာပါ… ဆရာရယ်လို့ ဟစ်ဟစ်ပြီး ဖြေကြည့်လိုက်ချင်တယ်။

တစ်ခါတည်း ခေါက်ထိုးမိမျှော်ကျသွားနိုင်တယ်နော်…စာမေးပွဲကို။

ခက်ခက်ကလည်း အဲ့ဒီလို မီးမွှေးလိုက်ရော…ကေနိုင်တို့ အပူသည်များ ဖြစ်ပျက်သွားလိုက်တာ…။

“ဟယ်…လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ပါရာဆင်ပသက်တစ်..တဲ့၊ ဆင်ပသက်တစ်…တဲ့၊ မရရေ…၊ လုပ်ဦး၊ ဘယ်မှာလဲ၊ ဖတ်စာအုပ်တွေ၊ ကာနင်ဟန်ရော…ကာနင်ဟန်”

“မဟုတ်ဘူး၊ ဂျီဂျီအိုကို ဖတ်၊ အဲ့ဒီမှာ နျူရိုက….”

တဝုန်းဝုန်းနဲ့ ဖတ်စာအုပ်ပုံကြီးကို သူမတို့တတွေ မွှေနေကြစဉ်… ကုမ္မေက ကော်ဖီတွေဖျော်ပြီး အားလုံးအတွက် လာချပေးနေသည်။

ကြည့်…။ ကုမ္မေကို ကြည့်လိုက်ရင် အမြဲ…အဲ့ဒီလို အေးအေးပဲ။

သူမတို့နဲ့ အတူတူ စာမေးပွဲဖြေမယ့်သူတစ်ယောက် မဟုတ်သလို။ အမြဲ အေးဆေးတည်ငြိမ်လွန်းနေတာ။ အဲ့ဒါတွေ မနာလိုချင်စရာကောင်းတာ။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးဖြစ်တာနဲ့လည်း မဆိုင်။ ယောကျ်ားလေးတွေဖြစ်ပြီး စာမေးပွဲကို တုန်နေအောင် ကြောက်ကြ၊ ပျူးပျာနေကြတဲ့သူတွေ သူမ အများကြီး တွေ့ဖူးသည်။

ကုဋေက ဒီလိုမဟုတ်။ အမြဲ (Cool and Calm)။

ခုလည်းကြည့်။ အားလုံးက မှီတက်နေတဲ့ ဖတ်စာအုပ်တွေပါမကျန် မှောက်ဖတ်ပို့ ကြိုးစားနေတာကို ကြည့်မရတဲ့ ဟန်နဲ့…။

"နင်တို့ မိန်းကလေးတွေကလည်းဟာ…၊ ဆရာတွေ မေးတတ်တယ် ဆိုတဲ့ မေးခွန်းတွေသာ အကုန်လိုက်ဖတ်ရရင် နောက်တစ်နှစ် ထပ်ကျက်လည်း ဆုံးမှာမဟုတ်ဘူးဟ၊ ဒီလိုရှိတယ်၊ တချို့ဆရာတွေက နင်တို့သိတယ်ထင်လို့ မေးတာမဟုတ်ဘူး၊ နင်တို့ ဒါတွေ…ဒါတွေ မသိဘူး၊ မဖြေနိုင်ဘူးဆိုတာ သူတို့ သိပြီးသား၊ နားလည်ပြီးသား၊ ကျောင်းသားလေဟာ၊ ဆရာလောက်တော့ ဘယ် တတ်ပါ့မလဲ၊ သူတို့မေးသမျှ ငါတို့အကုန်သိရမယ်လို့ သူတို့ မမျှော်လင့်ပါဘူး၊ ဒါပေမယ့် ငါတို့ကို ဘာလို့အဲ့ဒီလို ပေါက်ပေါက်ရှာရှာ၊ ဇွဲဇွဲစပ်စပ်တွေ မေးလဲ သိလား၊ နင်တို့ငါတို့မှာ ဆရာဝန်သာဖြစ်တယ်၊ မသိတာတွေ၊ မလေ့လာရသေး တာတွေ အများကြီးကျန်နေပါသေးလားဆိုတာ သိစေချင်လို့၊ ငါတို့ရဲ့ လေ့လာ သင်ကြားမှုကြီးက ဆုံးခန်းမတိုင်သေးပါလားဆိုတဲ့…အတွေးရစေချင်လို့၊ နင်တို့ မဖြေနိုင်အောင်ကို မေးနေတာ၊ သိပြီလား၊ ဆရာတွေကိုကြည့်လေ ပါမောက္ခကြီး ဖြစ်သွားလည်း စာကတော့ အမြဲဖတ်နေရတာ…၊ ဆေးပညာဆိုတာက နေ့စဉ်နဲ့ အမျှ ပြောင်းလဲတိုးတက်နေတာ မဟုတ်လား၊ ကုထုံးတွေရော၊ ရောဂါအသစ်တွေ ရော အမြဲပေါ်နေတာ၊ ဒီတော့ လေ့လာတာ၊ သင်ယူတာ ရပ်သွားလို့မှ မရတာ၊ ငါတို့တိုယ့်ကိုယ်ကို သိပ်တတ်နေပြီထင်မှာစိုးလို့ ဒီလိုမျိုးဆရာတွေက ချွတ်တာ၊ ဆရာတွေက ချွတ်တိုင်း စာမေးပွဲကျပါပြီ မအောက်မေ့နဲ့"

"အမလေး…ကျွန်မတို့ မတတ်ပါဘူး၊ သိပါတယ်၊ ကိုယ့်ကိုယ်ကို သိပါတယ်၊ ဘာမှကို မတတ်သေးပါဘူး၊ အဲ့ဒီလိုမျိုးကြီး နှိုက်နှိုက်ချွတ်ချွတ်တွေ မေးပြီးတော့တော့ မနှိပ်စက်ပါနဲ့၊ ဘာမှကို မတတ်သေးပါဘူးရှင်"

ကေနိုင်က အမလေး…ဘာလေးတ,ပြီး ညည်းညူအော်ဟစ်တော့ ကုဋေက နှာခေါင်းရှုံ့သည်။



"အဲ့ဒီလောက်ကြီး မတတ်ရင်တော့ စာမေးပွဲချမှာဗျ၊ ဆရာဝန် မဖြစ်သင့်ဘူးဆိုပြီး…"

"အကောင်စုတ်…."

ကေနိုင်က ကုဋေကို အနားမှာရှိတဲ့ စာအုပ်တစ်အုပ်နဲ့ ကောက် ပေါက်သည်။ သူမတို့ ခိုးခိုးခစ်ခစ်နဲ့ ရယ်မိကြသည်။

အဲ့ဒီလိုနေတုန်း သူမရဲ့ ဖြတ်ခါးဝက လူခေါ်ခေါင်းလောင်းသံကို သူမတို့အားလုံး ကြားလိုက်ရတာ ဖြစ်သည်။

သူမက မကြားချင်ယောင်ဆောင်ပြီး စာကိုပဲ ငုံ့မဲဖတ်နေတော့ ကုဋေ က သတိပေးသည်။

"ဟဲ့…အဲ့ဒီ နင့်ခြံထိပ်က ဘဲလ်မြည်သံနော်၊ ဒီအချိန်ကြီး…၊ ညကိုးနာရီ ထိုးနေပြီ၊ ဘယ်သူလဲမသိဘူး၊ သွားကြည့်လေ…နိုင်"

"ဘယ်သူဖြစ်ဖြစ်ပေါ့၊ မဓောတို့ သွားဖွင့်လိမ့်မယ်"

"မဓောတို့ ခုနက ငါ့ကို ရေနွေးတည်ပေးပြီး အိပ်တော့မယ်လို့ ပြောသွားတယ်၊ သူတို့က မနက်ကျလည်း ထပြီး ငါတို့အတွက် ညာရိတ်ဖတ်စ် လုပ်ရမှာမို့လို့ စောစောအိပ်နေကျလေဟာ…၊ နင်မေ့နေပလား"

"အယ်….ခက်တာပဲ….၊ နင်သွားကြည့်ပေးပါလားဟင်…၊ လိမ္မာ ပါတယ်နော်….ကုဋေနော်"

"ငါ့များဆို နိုင်းဖို့ပဲ၊ ငါလည်း စာမေးပွဲဖြေရမှာဟ…နော်…"

"လိမ္မာပါတယ်၊ နင်ပြန်လာရင် ငါတို့ ဆင်ပသက်တစ်နှာဗ့်အကြောင်း အကုန်ဖတ်ထားသမျှ ပြန်ပြောပြမယ်လေ၊ နော်…၊ သွားကြည့်လိုက်ပါဟယ်၊ ဖေဖေတို့ မေမေတို့ ဧည့်သည်ဆို နင်အကုန် ဖြေရှင်းလိုက်လေ၊ နင်သိတာပဲ၊ စကားပွဲမှာလို့၊ တစ်အိမ်လုံးရောက်နေကြတယ်လို့သာ ပြောလိုက်ဟယ်၊ ငါလည်း အလုပ်ရှုပ်ခံပြီး ဧည့်မခံနိုင်မယ့် အတူတူ…"

ကုဋေ့မျက်နှာက ရှုံ့မှုံ့နဲ့ သူမကို မကျေမနပ် စောင်းငဲ့ကြည့်ကာ ထွက်သွားတော့ ကြည့်ပေးပါသည်။

သူမကတော့ ဒီလိုပဲ စာမေးပွဲကို ရင်တုန်အောင် ကြောက်နေကျမို့ ဆေးစာအုပ်တွေနဲ့ တစ်ပေအကွာတောင် ဝေးဝေးရွှေ့လို့မရပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆေးကျောင်းသူ အစစ်ဖြစ်ပါသည်။

ဆယ်မိနစ်လောက်ကြာမည်။ မိမိကတော့ ကုမ္မေ့အတွက် နှုတ်ကနေ တောင် စိတ်ပူပြီး ထုတ်ညည်းလိုက်သေးသည်။

"ဟဲ့...ဇြပေါက်ဝမှာ လှသွားကြည့်တာ ကုမ္မေကလည်း ကြာလိုက်တာ၊ ဒီမှာ ဖတ်စရာတွေ အများကြီးကျန်သေးတယ်နော်၊ မော်ဘစ်တက်စ်အတွက် ဘာမှ မပြင်ဆင်ရသေးဘူး"

ဧကနိုင်နဲ့ သူမတို့နှစ်ယောက်သား မိမိအေးစကားကို မကြားချင်ယောင် ဆောင်သော်လည်း မျက်လုံးတွေကတော့ အချင်းချင်း မျက်စပစ်မိကြသေးသည်။ ခဏကြာမှ ကုမ္မေက သူမတို့ စာကျက်နေကြသော အပေါ်ထပ် ဘုရားခန်းရှေ့ အခန်းကျယ်ကြီးဆီ ပြန်ရောက်လာသည်။

သူမက စိတ်မပါလက်မပါ၊ ဝတ်ကြေတန်းကြေတော့ မေးလိုက်ရသေးသည်။

"ဘယ်သူလဲ...ဟင်၊ ဘာတဲ့လဲ"

"ဧည့်သည်က နှင်ဆင်းတွေ့မှ ရမယ်"

"ဟင်...ဘယ်သူလဲ၊ ဟာ...ရှုပ်လိုက်တာဟာ...ဒီမှာ စာကျက်နေ တယ်လေ၊ မနက်ဖြန် စာမေးပွဲလေ၊ အလိုက်ကန်းဆိုး...မသိ..."

"ခု...အောက်ထပ် ဧည့်ခန်းမှာ သူစောင့်နေတယ်"

သူမရဲ့ ရင်တွေ ဝုန်းကနဲ ခုန်ပေါက်ပြီး ပထမဆုံးအကြိမ် သဘော ပေါက်သလိုလို ရှိသွားသည်။

"ဘယ်သူလဲ..."

သူမလေသံက ဟိန်းပြီး ထွက်သွားတော့ ကျန်တဲ့ မိန်းကလေး သုံးယောက်လည်း စာဖတ်နေတာတွေရပ်ပြီး ကြောင်ကြည့်ကုန်ကြသည်။

တခန်းလုံးတိတ်ဆိတ်သွားတော့မှ...။ ကုမ္မေက တစ်ခွန်းတည်း ခပ်တည်တည်ဖြေသည်။ သို့သော် သူ့မျက်လုံးတွေ ပြုံးနေသည်။

"ထိုက်တန်"



မောင့်မျက်လုံးတွေသည် သူမမျက်နှာကို မျက်တောင်မခတ် စူးနစ်စွာ စိုက်ကြည့်နေသည်။

ဧည့်ခန်းကုလားထိုင်တစ်လုံးမှာ ကျုံ့ကျုံ့လေးထိုင်နေသော မောင်က သူမ အပေါ်ထပ်မှ ဆင်းလာတာကို ငေးမော့ကြည့်နေ၏။

မောင့်နှုတ်ခမ်းတွေက ရေးရေးလေးပြုံးလို့ရယ်....။

မောင့်ကို လွမ်းခဲ့တဲ့ သုံးပတ်လောက်အလို ရေးဖြေစာမေးပွဲတွေမဖြေခင် စာကျက်ချိန်ပေးသော အချိန်ကတည်းက မတွေ့ရတော့တာလေ။ ကျောင်းမှာ စာသင်ချိန် တစ်ခါတစ်ရံတွေ့ဆုံသော်လည်း မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေတတ်သော မောင့်ကို သူမ အနီးကပ်ဒီလိုမျိုး မမြင်မိတာ အတော်ကြာ နေပြီမို့ သူမ အံ့သြနေသည်။

မောင့်ရှေ့က ဧည့်ခန်းစားပွဲပေါ်တွင် စက္ကူဘူးလေးနဲ့ ကိတ်မုန့်လိုမျိုး ဘူးတစ်ခုကို တွေ့သည်။ သူမ ဝေခွဲမရ ဖြစ်နေစဉ်မှာ...။

မောင်က စပြောသည်။

"မရ...စားဖို့၊ (Season) က ဝင်ဝယ်လာတာ၊ မရကြိုက်တဲ့ ပူတင်း ကိတ်..."

သူမ မျက်မှောင်ပဲကျုံ့လိုက်မိပြီး ဘာမှ ထပ်မပြောနိုင်ရခင်မှာ မောင်က ဖြေရှင်းချက် သူ့ဟာသူပေးသည်။

"မရ...စာကျက်ရင်းနဲ့ ဒီအချိန် ဗိုက်ဆာတတ်တာ သိလို့၊ ကော်ဖီ ချည်းပဲ သိပ်မသောက်နဲ့၊ ဗိုက်အောင့်နေမှာ စိုးလို့၊ မုန့်လေးနဲ့ စားလေ"

သူ့အကြောင်းပြချက်ကြီးက သိပ်မဟုတ်သလိုပဲ။

နေပါဦး...။ မောင်နဲ့သူမက အခုအချိန်မှာ....ဘာလဲ...။ အဲဒါ သူမ... အသိချင်ဆုံး အဖြေဖြစ်သည်။

သူမဟန်ဆောင်လို့ မရပါ။ စိတ်ရှုပ်ထွေးလာမှုက မျက်နှာမှာ သွား ထင်ဟပ်သည် ထင်၏။ မောင်က ချက်ချင်း ပြန်ပြောသည်။

"မရ...ဘာမှ မပြောပါနဲ့ဦး၊ မောင်ပြောပါရစေ၊ မောင့်မျက်နှာကို မရ...တွေ့ရင် စိတ်ဆိုးမယ်ဆိုတာ မောင်သိပါတယ်၊ အနည်းဆုံးတော့ မောင့်ကို သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး မောင်ပြောတာ နားထောင်ပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com



မောင်....မရဆီကို လာတာ...တောင်းပန်ဖို့ပါ၊ မောင်...မရကို တောင်းပန်ပါတယ်၊ မောင့်ကို ခွင့်လွှတ်ပေးပါ....၊ နော်"

ဘုရားရေ...။

အဲ့ဒီစကားက ထိုက်တန်ဆိုတဲ့ ယောကျ်ားတစ်ယောက်ဆီက ကြားလိုက်ရတာ ဟုတ်ပါတယ်နော်။ သူမ...နားကြားများ မှားသလားလို့။ သူမ တစ်သက်တာမှာ ဘယ်တော့မှ ကြားရမှာမဟုတ်ဘူးလို့ ထင်ထားတဲ့ စကားလေ။ မောင်က သူမကို တောင်းပန်သတဲ့...။ ဟုတ်လား။

ဘာအတွက်လဲ...။

အပေါ်ထပ်က ကုဋ္ဋေကတော့ မျက်နှာကြီးကိုခွက်အောင် ကျိတ်ပြုံးနေပြီး "ငါပြောတာ မမှန်ဘူးလား...နိုင်၊ နင့်ရေ့ကို ဒီကောင် လာဒူးထောက်ပြီ မဟုတ်လား" လို့ တွေးနေမှာ သေချာတာပေါ့။

ဒါပေမယ့် ခက်တာက သူမ အနိုင်မယူတတ်ချေ။ သူမသည် မောင်မဟုတ်....။

မောင့်ရဲ့ ညိုမှောင်းမာကျောသော ယောကျ်ားပီသသည့် မျက်နှာချောချောတစ်ခုကို စွဲလမ်းစွာ သူမ တွေ့မြင်ချင်နေတာ ဘယ်လောက်ကြာပြီလဲ။ မောင်က သူမအိမ်ကို ဒီလိုကိုတ်မှန့်ဘူးလေးတစ်ခုနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး "တောင်းပန်ပါရစေ..." လို့ နှစ်နှစ်ကာကာ ပြောနေတဲ့ အချိန်မှာ သူမက ဟန်ဆောင်မာန်တင်း စိတ်ဆိုးနိုင်ပါ့မလား။

ရင်ထဲမှာ ဘုရားပွဲလှည့်သလို ဝမ်းသာဆူညံနေတာ မောင်မှမသိဘဲ။

ဒါပေမယ့် ချက်ချင်းကြီး စိတ်ဆိုးပြေရရင် အဲ့ဒါ မိန်းကလေး ဘယ်ပီသပါ့မလဲနော်...။ အပေါ်ထပ်က ချောင်းနားထောင်နေကြမည့် သူမရဲ့သူငယ်ချင်းလေးတွေကလည်း သေသေချာချာမှာကြသည်။

"လွယ်လွယ်နဲ့ ပြန်လက်မခံနဲ့..."တဲ့။

ကုဋ္ဋေကဆို...."ချော့တိုင်း မပျော့နဲ့ဦး...နိုင်၊ နည်းနည်းတော့ တင်းခံထားဦး၊ သိပ်မလွယ်နဲ့...သိလား" ဟုပင် ပြောထည့်လိုက်သေးတာ။

သူမ ရင်ထဲကအပျော်ကို မသိချင်ယောင်ဆောင်ပြီး မောင့်ကို စပ်တည်တည်ပဲ စိုက်ကြည့်လိုက်ပါသည်။



"မောင်က တောင်းပန်မယ်ဆိုတော့ မောင်မှားတယ်လို့ ဝန်ခံ နေတာလား....ဟင်"

သူမ ပြန်မေးတော့ မောင်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မောင် မှားသွားတယ်၊ မောင့်ဆုံးဖြတ်ချက်တွေ အရမ်းမှားသွားတယ်၊ မရကို ဘယ်တုန်းကမှ ထားမသွားသင့်ဘူး၊ နော်...ဟုတ်တယ် မဟုတ်လား၊ မရကို မောင်မစွန့်လွှတ်နိုင်တာ ဝေးကြာတော့မှ ပိုသိတယ်၊ မရကို မောင်အရမ်းချစ်ပါတယ်၊ အဲ့ဒါလည်း မရသိပါတယ်၊ ဒါကြောင့် မောင့်ကို ပြန်လက်ခံပါ၊ နောက်ကို...မရ ရင်နာအောင် မောင်...ဘယ်တော့မှ မလုပ်...."

သူမ လက်ဖဝါးလေးထောင်ပြီး မောင့်စကားရပ်အောင် တားမြစ်လိုက်သည်။ မောင့်စကားက တစ်ဝက်တစ်ပျက် ရပ်တန့်သွားသည်။

"နေပါဦး...၊ ထားခဲ့တုန်းက မောင့်သဘောနဲ့ မောင်၊ ခု ပြန်လက်ခံပါ ဆိုတော့လည်း မောင့်သဘောနဲ့ မောင်ပဲ၊ မရရဲ့ ဆုံးဖြတ်ချက်ကရော... မောင့်အတွက် အရေးမပါဘူးလား...၊ မရက ဘယ်လိုဆုံးဖြတ်မှာလဲ မောင်နားမထောင်တော့ဘူးလား"

မောင့်မျက်နှာတစ်ချက်ပျက်သွားသည်။

"မရ...အဲ့ဒီလို မလုပ်ပါနဲ့၊ မရကို မောင်မခွဲနိုင်ပါဘူး၊ မောင့်ကိုရော... မရ ခွဲနိုင်လို့လား၊ မရရော...ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ရဲ့လား"

"အဲ့ဒီလို မေးနေရင်းနဲ့ပဲ သုံးလကျော်ကြာသွားပြီလေ...မောင်၊ ဒီလိုပဲ ဖြစ်သွားမှာပေါ့၊ ဘယ်အရာမှ မြဲတယ်လို့မှ မရှိတာ၊ အားလုံးက ခဏပါပဲ၊ လွမ်းရဆွေးရလည်း ခဏပဲ၊ နာကျင်ရလည်း ခဏပါပဲ၊ ကြာရင်...၊ အချိန်တန်တော့လည်း အရာအားလုံး ပြောင်းလဲသွားကြမှာပေါ့"

"မဟုတ်ဘူး..."

မောင်က ထိတ်လန့်တကြား အော်ဟစ်သည်။

မောင်အဲ့ဒီလောက် သွေးပျက်တုန်လှုပ်လိမ့်မည်ဟု သူမ မထင်ခဲ့ပါ။ မောင်....သူမကို တကယ်ပဲ ဆုံးရှုံးလက်လွှတ်မခံနိုင်ဘူးတဲ့လား....။

ဒါဆို....တစ်ချိန်က၊ မောင်သိပ်ကို လိုချင်တဲ့ ဂုဏ်သိက္ခာတွေရော ဘယ်နားသွားထားလိုက်ပြီလဲ...ဟင်...၊

www.burmeseclassic.com

www.burmeseclassic.com



သူမ မောင့်ကို ပြုံးပြီး ကြည့်နေလိုက်သည်။ မောင်က တုန်လှုပ်စွာ သူမရဲ့လက်ချောင်းလေးတွေကို တင်းတင်းကျပ်ကျပ် လာရောက်ဆုပ်ကိုင်သည်။

မောင်ရဲ့လေသံတွေ တစ်ခါမှ ဒီလောက် မပျော့ပြောင်း၊ မနည့်စဖူး။

"မရ...မောင်တို့ တစ်ယောက်ကိုတစ်ယောက် မလှည့်စားကြကြေး၊ ကိုယ့်ကိုယ်ကိုလည်း မလှည့်စားကြေး၊ မောင်တို့နှစ်ယောက်ဟာ ဘယ်လိုမှ ဝေးလို့ မဖြစ်ဘူး၊ အဲဒါ မရလည်းသိတယ်၊ မောင်လည်း သိနေတယ်၊ နော်... မောင့်ကို ရင်နာအောင် မလုပ်ပါနဲ့"

"ကျွန်မက မောင့်ကြောင့်သာ ရင်နာခဲ့ရတာ၊ နောက်ထပ်ရင်နာဖို့ ကျွန်မမှာ သတ္တိတွေ သိပ်နည်းသွားပြီမောင်၊ အဲ့ဒါ...မောင်သိလား"

"မရ..."

မောင့်အသံတွေ တုန်ခါနေပါလား....။

"မောင့်ကို မရ ငြင်းနေတာလား...."

မောင့်မျက်လုံးတွေ တွေဝေခြောက်ချားစွာ လှုပ်ရှားလွင့်မျောနေ၏။

မောင်...တစ်ခါမှ ဒီလောက်မကျရှုံးခဲ့ဖူးပါ။ ဒီလောက်လည်း သူမ အပေါ် မနှိမ့်ချစဖူးပါ။ မောင့်လို လူဆိုးလေး တစ်ယောက်ကို ဒီလိုပျော့ပြောင်း နည့်သွားအောင် ဘယ်သူတွေက ပြောင်းလဲပေးလိုက်သလဲ။

ဟို...ဝင်ဒီဆိုတဲ့....မိန်းမလား။ မဟုတ်သေးဘူးထင်ပါရဲ့။

မောင့်ရဲမျက်လုံးတွေက ဒီတစ်ခါလောက် သူမကို တပ်မက်စွာ ငေးစိုက်ကြည့်နေခြင်းမျိုး သူမ...မတွေ့ဖူးခဲ့။

ကောင်းပြီလေ....။

မောင်ဒီလောက်တောင် ကျဆုံးပေးနေရင်လည်း ကျွန်မ ဒီထက်ပိုပြီး မောင့်ကို နှိပ်စက်ဖို့ မသင့်ဘူးထင်ပါရဲ့....။

"ပြောပါဦး မောင်ရဲ့...၊ မောင့်ကို ကျွန်မက ပြန်လက်မခံတော့ဘူးဆိုရင် မောင်...ဘာများ ကျွန်မကို လုပ်နိုင်မှာလဲ၊ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြောင်းလဲသွားအောင် မောင်ဘာတွေများ ထပ်ပြောမလဲ၊ ကျွန်မကြားချင်သေးတယ်"

သူမ ပြုံးစေ့စေ့နဲ့ပြောတော့ သူမရဲ့စကားနောက်က အဖြေကို မောင်... ချက်ချင်းသဘောပေါက်ပါသည်။ မောင်...လူလည်ပဲ။ သိတာပေါ့။



ထိုက်တန်ဆိုသော ကိုယ့်ကိုယ်ကို သိပ်ယုံကြည် စိတ်ချထားသည့် ယောကျ်ားတစ်ယောက်၏ ပုံစံချက်ချင်း ပြန်ပေါ်လာသည်။ မောင့်မျက်နှာနဲ့ အကြည့်တွေက တည်ငြိမ်သွားသည်။ သူမကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း ကျေနပ်စွာ မောင် ပြုံးလိုက်သေးသည်။

"ပြောမှာမဟုတ်ဘူး၊ လုပ်မှာ၊ မရအိမ်ကနေ ဒီနေ့မပြန်ဘူးပေါ့၊ မရ... မောင့်ကို ပြန်လက်မခံမချင်း...."

သူ့ညစ်ကျယ်ကျယ်အပြုံးကို သူမ လှောင်ရယ်ပစ်လိုက်သည်။

"ရတယ်လေ၊ မပြန်နဲ့ပေါ့၊ ဒီနေ့က စာမေးပွဲနောက်ဆုံးနေ့အတွက် စာစုကျက်ဖို့ အိမ်မှာ လာအိပ်ကြတာ လူတွေ တစ်ပုံကြီးပဲ၊ ဒီနေ့ အိပ်ချင်မှလည်း အိပ်ရမှာ၊ ဖတ်စရာတွေ အများကြီးကျန်သေးတယ်၊ ကျွန်မတို့အားလုံးက ဆရာဂျိ ဖြေရမှာ၊ မောင်တစ်ယောက်တည်း (Child) ၊ ကျက်ပေါ့၊ ကိုယ့်ဟာကိုယ်..."

မောင်က ခေါင်းခါသည်။

"ဟင့်အင်း...ခုတော့ အဲဒီအကြံကို လက်လျှော့ရတော့မှာပေါ့၊ မရရဲ့ သူငယ်ချင်းတွေ ဒီနေ့ည မရအိမ်မှာ လာအိပ်ကြမယ်လို့ မောင်ကမှ မသိထားတာ၊ မောင့်ရဲ့ အဲဒီလိုအကျပ်ကိုင်တဲ့ ပထမနည်းလမ်းကို စွန့်လွှတ်လိုက်ရမှာပေါ့၊ အစက မရတစ်ယောက်တည်း အိမ်မှာ စာကျက်နေမယ်အောက်မေ့လို့ လာတာ"

"တော်တော် အကြံပက်စက်တဲ့ မောင်ပဲ၊ ကဲ...ပြော၊ ဒါဖြင့် မောင်မှာ ဒုတိယအကြံရော ရှိသေးလား၊ ပလန်ဘီ(Plan B)...လေ၊ ကျွန်မက မောင့်ကို ပြန်လက်ခံလာအောင် ဆွဲဆောင်ဖို့..."

မောင်ပြုံးနေသည်။

"ရှိတာပေါ့၊ မရက မောင့်ကို ပြန်လက်မခံရင်..."

မောင်က မေးစေ့ကို လက်ညှိုးလေးနဲ့ ပွတ်ရင်း ပြောသည်။

"မနက်ဖြန်စာမေးပွဲကို မောင်သွားမဖြေတော့ဘူး၊ အကျခံလိုက်မယ်"

"ဗုဒ္ဓေါ..."

ဒီတစ်ခါတော့ သူမတုန်လှုပ်အောင် မောင်လုပ်လိုက်နိုင်သည်။

မောင့်စကားက ကြောက်စရာကောင်းသည်။ သူ...တကယ်ပဲ အဲဒီလို လုပ်လိမ့်မည်လို့ ယုံကြည်ရမှာလား။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူပြောသလို လုပ်မလုပ်၊ အဲ့ဒီစာမေးပွဲကို သွားဖြေ၊ မဖြေ၊ အဲ့ဒါ...စမ်းသပ်ကြည့်လို့ ရကောင်းသည့် အရာမဟုတ်ပါ။

သူမ...ဒီလိုဆို မောင့်ကို အရှုံးပေးလိုက်ရမည်ပေါ့။

မောင်က ချော့တာကို သူမ ပျော့လိုက်ရတော့မည်ပေါ့။ ဒီလိုလား။

"မောင့်အကြံ...ဒါအကုန်ပဲလား..."

"အကုန်ပဲ"

ရယ်ကျဲကျဲနဲ့ မောင်ပြောသည်။

သူမက မျက်နှာကို ခပ်မဲ့မဲ့လေးနဲ့ မောင့်ကို မကျေမနပ် ပြန်ပြောလိုက်ရပါသည်။

"ကောင်းပြီလေ...၊ မောင့်ဘဝမှာ ကျွန်မက မရှိမဖြစ် လိုအပ်နေတုန်းပဲဆိုရင် မောင့်ကို နောက်တစ်ကြိမ်တော့ အနည်းဆုံး အခွင့်အရေးပေးလိုက်ပါ့မယ်၊ ကဲ...မောင်ကြားချင်တာ ဒီအဖြေပဲ မဟုတ်လား၊ နဲ...ကြားရပြီ၊ ပြန်တော့၊ စာပြန်ကျက်တော့၊ ကျွန်မလည်း စာပြန်ကျက်ရတော့မယ်၊ ပြန်တော့၊ မနက်ဖြန် စာမေးပွဲပြီးမှ ကျွန်မဆီ မောင်လာခဲ့တော့"

မောင်က သူမလက်ကို မလွှတ်သေး။

သို့ပေမယ့် မောင့်မျက်နှာကတော့ ပြုံးရွှင်ကျေနပ်အားရစွာ ဝင်းလက်နေပါပြီ။

"ခဏလေးနေပါရစေဦးဗျာ၊ ဘာလို့ အတင်းနှင်နေတာလဲ၊ သုံးလစာ အလွမ်းတွေ ဘယ်နားသွားထားမလဲ"

မောင်က သူမရဲ့ဘေးတစ်ဘက် ကုလားထိုင်ကို ဆွဲကာနဲ လာပြောင်းထိုင်သည်။

"မောင်နော်....ခုမှ...ဟွန်း၊ အပေါ်ထပ်မှာ အားလုံးရှိတယ်၊ အကုန်ဒီက ပြောတာတွေ ကြားရတာ၊ လှမ်းကြည့်ရင် မြင်ရတာ"

"အို...သူတို့တွေ ခုမှ...ဒါမြင်ဖူးတာ မဟုတ်ဘူး၊ မကျေနပ်...လဲသေလိုက်ကြ"

"အို...ဘယ်လိုဖြစ်နေတာလဲ၊ မောင်ဟာ...ပြောလေကဲလေ....၊ ပြန်တော့ဆို..."



"ဘာလို့ အတင်းကို ပြန်ခိုင်းနေတာလဲ၊ မရဘေးနားမှာ မောင်ရောက်နေတာ မရက မကြိုက်လို့လား၊ မရသူငယ်ချင်းတွေတောင် ဒီမှာ တစ်ညလုံး အိပ်ကြမယ် ဥစ္စာ၊ မောင်က သူတို့လောက်တောင် အခွင့်အရေးမရပါလား"

"မောင်ကလည်း....မနက်ဖြန် ဖြေရမယ့် ဘာသာချင်းမှ မတူတာ၊ မောင်က တစ်ဘာသာ၊ မရတို့အားလုံးက တစ်ဘာသာလေ၊ ကျက်ရမယ့် စာမတူပဲ မောင်ဒီမှာ အိပ်လို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့ မောင်က ယောကျ်ားလေး"

"ဗိုးကုဋေကရော ယောကျ်ားမဟုတ်လို့လား...."

အလို...။ သိပ်အံ့ဩစရာကောင်းသည်။ အဲ့ဒီလို မနာလို ဝန်တိုစကားကို မောင့်ဆီက ပထမဆုံးအကြိမ် သူမ ကြားရခြင်းဖြစ်သည်။

မောင့်မျက်လုံးတွေ သိုဝှက်စွာ ကမူးရှူးထိုး ပေါက်ကွဲနေတာ ဘာလဲဟု အခုမှ သူမ,သိသလိုလို ရှိသွားသည်။ မောင်...သူမကို ဝန်တိုနေတာပါလား။

ဒါပေမယ့် ဒီတစ်ခေါက် သဝန်တိုပုံက ထူးဆန်းသည်။

ကုဋေက သူ့သူငယ်ချင်း အရင်းခေါက်ခေါက်ပဲလေ။ တစ်ယောက်အကြောင်းလည်း တစ်ယောက်မသိတာ မရှိ။ မောင်ကိုယ်တိုင်က ကုဋေကို သူမနဲ့ အောင်သွယ်ပေးဖို့ ခိုင်းစေခဲ့တာပဲ။

ရည်းစားဘဝ သက်တမ်းတစ်လျှောက်လည်း သူမတို့ ရန်ဖြစ်သမျှ၊ မပြေလည်သမျှ၊ စိတ်ဆိုးစိတ်ကောက်ကြသမျှ ကုဋေက တောက်လျှောက် ပုဏ္ဏားတိုင်...။ ဖြေရှင်းဖြောင်းဖျပေးနေကျ ကြားလူသက်သက်။

သူမကို ဘယ်ယောကျ်ားလေးမှ အနားမကပ်နိုင်အောင် စောင့်ရှောက်ပေးဖို့ပင် တစ်ခါတုန်းက မောင်...ကုဋေ့ကို ပြောနေတာ သူမကြားခဲ့ဖူးသည်။

အဲ့ဒီလို သိပ်ချစ်ကြသည့် သူငယ်ချင်းနှစ်ယောက်ကြားမှာ မနာလို သဝန်တိုခြင်းဆိုတာ ဘယ်သောအခါမှ ဖြစ်ပေါ်လိမ့်မည် မဟုတ်လို့ သူမ ထင်ထားတာ။

"မောင်...၊ ကုဋေကို ဘာလို့ မနာလိုဖြစ်နေတာလဲ၊ သူလည်း မရတို့နဲ့ အတူတူပဲလေ၊ မနက်ဖြတ်ကို ဆာကျရိ ဖြေရမှာ၊ ပြီးတော့ သူက သူငယ်ချင်း၊ မောင်က...ရည်းစား၊ တူမလား၊ မောင်က မရအိမ်မှာ အိပ်ပြီး စာကျက်တော့ ကောင်းမလား၊ သူများတွေက ဘာပြောမလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဩော်...မိန်းကလေးတွေချည်း စာစုကျက်ပြီး ဒီမှာညအိပ်ကျရင် မောင်ဘာမှ မပြောပါဘူး၊ ဖိုးကုဋေပါရောက်နေလို့ မောင်က အံ့ဩနေတာ"

သူမ မျက်မှောင်ကုပ်လိုက်သည်။

မောင့်စကားတွေက သူမနဲ့ကုဋေရဲ့ ကိုယ်ကျင့်တရားတွေကို စော်ကားနေသလိုပဲ။ သူမနဲ့ သူ့အချစ်ဆုံးသူငယ်ချင်းအကြောင်းလည်း မောင်အသိဆုံးပါ။ ဘယ်လောက် ရိုးသားစွာ တစ်ယောက်ကိုတစ်ယောက် ဖြူစင်ခဲ့ကြသလဲဆိုတာ။ အဲ့ဒါကို မောင်က ထပ်ခါတလဲလဲ မယုံသင်္ကာစကားတွေ ဆိုနေတော့...။

အပေါ်ထပ်မှ ကုဋေတို့ကြားမှာ စိုးတာကတစ်ဘက်၊ မောင့်ကို စိတ်ဆိုးတာက တစ်ဘက်နှင့် လေသံကိုပဲတိုးဖွကာ မောင့်ကို ရန်တွေ့ရသည်။

"မောင်...ဒီနေ့ဘယ်လိုဖြစ်နေတာလဲ၊ ကုဋေ့ကို ဘာလို့မဲနေတာလဲ၊ အရင် မောင်ဒီလို မဟုတ်ပါဘူး၊ ကုဋေ့ကို ကျွန်မက မကောင်းပြောရင်တောင် မောင်က ခံတာမဟုတ်ဘူး၊ ခု...ကုဋေက အားလုံးနဲ့အတူတူ မရအိမ်မှာ စာလာကျက်နေတာ...မောင်ဘာကို မကျေနပ်ဖြစ် ဖြစ်နေတာလဲ၊ ပြီးတော့ ကုဋေလာရတာလည်း ကေကေရဲ့မောင်လေးကိုပါ ဒီမှာ ဖုန်းကိုင်ဖို့၊ အရေးကြီးစပေါ့တွေ လိုက်ဖို့ ခေါ်ထားရင်းနဲ့ သူ့မောင်လေး...မရတို့နဲ့ ရှိန်မနေအောင်...၊ ယောကျ်ားလေးအဖော်ရအောင် ကေကေးကိုယ်တိုင် ကုဋေ့ကို ခေါ်ခိုင်းတာ၊ ဒါနဲ့မရက ဒီည...ခေါ်ထားလိုက်တာ၊ အိမ်မှာကလည်း တစ်အိမ်လုံး စက်ာပူသွားနေကြတယ်၊ အခန်းတွေအကုန် အားနေတယ်လေ၊ မိန်းကလေးနှစ်ယောက်စီက...တစ်ခန်း၊ ပြီးတော့ ကုဋေနဲ့ ကေကေ့မောင်လေးက တစ်ခန်းအိပ်ကြမှာ၊ ဒါကို မောင်...ဘာတွေဖြစ်နေတာလဲ၊ ဘာမှ မနာလိုစရာမရှိ....ကုဋေကို၊ ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်ကို...၊ မောင်နော်"

"မနာလိုတာ...မနာလိုစရာ ရှိလို့ပေါ့ မရရဲ့"

"ဘာ..."

သူမ အလွန်အံ့အားသင့်သွားပြီး မောင့်စကားကြောင့် မှင်သက်မိသွားသေးသည်။

"မောင်....ဘာတွေပြောနေတာလဲ၊ မဟုတ်တာ...မောင်ရယ်၊ ကုဋေနဲ့ ကျွန်မနဲ့..."



သူမ ရယ်မောချင်လွန်း၍ ဟက်ကနဲ မအောင့်နိုင်ပဲ ရယ်ချလိုက်မိပါသည်။ မောင်ကလေ....သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းနဲ့ ကျွန်မကို သဝန်တိုစရာ ရှိတယ်တဲ့...။ ဘယ်လောက် ဆန်းကျယ်တဲ့ စကားပါလိမ့်...။

မောင်က ခပ်တည်တည် သူမကို စကားလွှဲသည်။

"ကဲ...ဒါဆို ပြောပါဦး၊ ဒီကောင်နဲ့ မိမိအေးကရော ဖြစ်သွားကြပြီလား..."

သူမ...ခေါင်းခါလိုက်သည်။ ပြီးတော့ ပြန်မေးလိုက်မိသည်။

"မောင့်ကို သူက ပြောလို့လား၊ မိမို့ကို သူကြိုက်နေတယ်လို့..."

"မပြောပါဘူး၊ အကုန်လုံးက ဒီလိုထင်နေတာပဲကို..."

"အဲ့ဒီလို မဟုတ်ပါဘူး၊ မိမို့ကို မရတို့လိုပဲ...၊ သူငယ်ချင်းတွေလိုပဲ ကုဋေက ရိုးရိုးခင်တာပါ၊ ဘာမှ မဟုတ်ပါဘူး၊ ကုဋေ....မိမို့ကို မကြိုက်ပါဘူး"

"ဒါဆို သူကြိုက်တာက ဘယ်သူလဲ...၊ မရ...လား"

"မောင်..."

သူမ မောင့်မျက်နှာကို တအံ့တဩ လှည့်စိုက်ကြည့်မိလိုက်သည်။

ဘုရား...ဘုရား...မောင် ဘယ်လိုစကားတွေ ပြောနေတာလဲဆိုတာ မောင် ကိုယ့်ဟာကိုယ် သိရဲ့လား။

"မောင်...ဘယ်လိုဖြစ်နေတာလဲ၊ ဘာလို့ ဒီနေ့ဒီလောက် သွေးရူးသွေးတမ်းဖြစ်နေတာလဲ၊ ဘာမှ သဝန်တိုစရာမရှိ ကုဋေနဲ့ မရကို မောင်ဘာလို့ သဝန်လိုက်တိုနေတာလဲ၊ မောင်နော်...ပြဿနာလာရှာမနေနဲ့၊ ဒီမှာ စာမရလို့ ခေါင်းခြောက်နေရတဲ့အထဲ"

သူမက ခပ်တည်တည်ပြောတော့ မောင်က ပြုံးပြုံးလေး လုပ်နေတုန်း...။

"ဒါပေမယ့်...မရအနားမှာ မောင့်ထက် ဖိုးကုဋေက ပိုရှိနေခွင့် ရနေတာတော့ မရဝန်ခံရမယ်၊ သူနဲ့အမြဲ မရ...တွဲသွား၊ တွဲလာလုပ်နေတာ မောင့်ထက် အကြိမ်ရေပိုများတယ်"

"အဲ့ဒါကရော...ဘယ်သူ့အပြစ်ဖြစ်မယ်လို့ မောင်ထင်သလဲ..."

သူမစကားကို မောင်က ခပ်မဲ့မဲ့ လှောင်ပြုံးပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ မောင်က မရကို ထားသွားလို့ပဲ ထားပါတော့၊ ဒါပေမယ့် သူ့ကားပေါ်မှာ မရငိုတာကို သူကမှေ့ဖက်ပြီး ချော့တယ်ဆိုတာကျတော့ မောင်သဝန်တိုသင့်တယ်၊ ပါးပေါ်က မျက်ရည်ကို ကိုယ်တိုင်သုတ်ပေးတယ်ဆိုတာကျတော့ မောင်ဘယ်လိုခံစားရမလဲ၊ မရ…မောင့်ဘက်ကို တွေးကြည့်လိုက်လေ…"

"သြော်…လက်စသတ်တော့ ဒါကိုး၊ အဲ့ဒီနေ့ကအကြောင်းကို မောင်က ပြောချင်လို့ ဒီနေ့…မရအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် မောင်…ရောက်လာတာကိုး…."

ခုမှပဲ သူမ သဘောပေါက်ပါသည်။

တကယ်တော့ မောင်သည် မောင်သာဖြစ်ပါသည်။ ဘယ်တော့မဆို ကျဆုံးပေးဖို့ ၊ ရှုံးနိမ့်ပေးဖို့ ခက်ခဲလွန်းသည့် ယောကျ်ားတစ်ယောက်သာတည်း။

မောင်က ဆက်ရှင်းပြသည့် စကားတွေသည် အခုအချိန်မှာတော့ သူမရဲ့နားထဲတွင် ခါးသက်ကုန်ပါပြီ။

"မရကားတိုက်တုန်းက ပြင်ပေးတဲ့ ကားဝပ်ရှော့ဆရာက ကိုယ့်ကားကိုရော၊ ဖိုးကုမ္မေကားရော အရင်ကတည်းက ပြင်နေကျ၊ အလိုင်းမင့်ချိန်၊ ပစ္စည်းထည့် လုပ်နေကျနေရာ၊ ဒီနေ့ ကိုယ်…အဲ့ဒီဝပ်ရှော့ဆီ ကိစ္စရှိလို့ရောက်တော့ ရောက်ရောက်ချင်း ကားပြင်ဆရာက ဘာပြောတယ်အောက်မေ့လဲ၊ ဆရာနဲ့ဆရာ့ကောင်မလေး ပြတ်သွားကြပြီလား…တဲ့၊ ကိုယ်တောင် အံ့သြပြီး မောင်နဲ့မရ…တွဲတာ မတွေ့တော့လို့ မေးတယ်ပဲအောက်မေ့တာ၊ ပြီးစလွယ် ဟုတ်တယ်လို့ပဲ ဖြေလိုက်တော့ သူကပြန်ပြောတယ်၊ မေ့လိုက်ပါဆရာရယ်၊ မိန်းမတွေက ဒီလိုပဲ၊ မျက်နှာများတဲ့သူနဲ့ ဆရာက တွေ့သွားတာကိုး၊ ဆရာပဲ ကျန်ခဲ့မှာပေါ့…တဲ့၊ မောင်က နားမလည်လို့ ခင်ဗျား…ဘယ်သူ့ကို ပြောနေတာလဲဆိုတော့… ဟာ…ဆရာ့ကောင်မလေးလေ၊ ဒီကို ကားလာ ပြင်သွားတယ် တဲ့၊ သူ့နောက်လူက လိုက်ပို့တာလေ…တဲ့၊ ဒါပေမယ့် အဲ့ဒါကတော့ ဆိုးပါတယ်ဗျာ…တဲ့၊ ဆရာ့ရဲ့ သူငယ်ချင်းအရင်း ခေါက်ခေါက်ကလည်း မလုပ်သင့်တာ၊ ဆရာ့လက်ထဲကနေမှ ဖြတ်ဆွဲသွားတယ်လို့၊ ဆရာ့သူငယ်ချင်းကားထဲမှာ သူတို့နှစ်ယောက်က…."

"တော်တော့…မောင်ဘာမှ ဆက်မပြောနဲ့တော့…"



သူမ မတ်တပ်ထရပ်လိုက်တော့ မောင်က အံ့အားသင့်စွာ သူမလက်ကို ပြန်ဆွဲထားသည်။

သူမ မောင့်မျက်နှာကို မကြည့်ပဲ ပြောလိုက်သည်။

"မောင်…အခု ကျွန်မအိမ်က ပြန်ရင်ကောင်းမယ်၊ ဘာမှ ဆက်မပြောရင် ကောင်းမယ်…မောင်"

"ဘာလို့ဆက်မပြောရမှာလဲ၊ ကားပြင်ဆရာက သူမြင်တာပဲ ပြောသွားတာ၊ ဘာမှ ပိုပြောတာမဟုတ်ဘူး၊ ပြီးတော့ အဲ့ဒါအမှန်တွေပဲလေ၊ မရက ဘယ်လိုငြင်းမှာလဲ၊ ထားလိုက်ပါ၊ မရနဲ့ ဖိုးကုမ္မေကို မောင်က စိတ်ချတယ်ထား၊ တကယ်ပဲ မရတို့ ရိုးသားတယ်ပဲထား၊ အဲ့ဒီလို လူမြင်ကွင်းမှာ မရကို ဖိုးကုမ္မေက ချစ်သူတစ်ယောက်လိုပဲ မျက်ရည်သုတ်ပေးရတာ၊ အငိုတိတ်အောင် ချော့ပေးရတာတွေက မဖြစ်သင့်တာလေ၊ အပြင်လူက ဘယ်လိုမြင်မလဲ၊ မောင်က မရတို့…ဂုဏ်သိက္ခာအတွက်…."

"လွှင့်ပစ်လိုက်စမ်းပါ…အဲ့ဒီဂုဏ်သိက္ခာတွေ….မြောင်းထဲကို"

သူမ မောင့်ကို နာနာကျည်းကျည်း အော်ထည့်လိုက်သည်။

သူမရဲ့ အော်ဟစ်သံကို အပေါ်ထပ်မှ လူတွေကြားလည်းပဲ သူမ ဂရုမစိုက်နိုင်တော့ပါ။ သူမရင်ထဲမှာ နာကျင်ကြေမွသွားတာတွေကို လူတွေ ပိုသိတော့ရော… ဘာများထူခြားပြီး ပိုပြောင်းလဲသွားမှာမို့လဲ…။

ခွင့်လွှတ်ပါမောင်…။ မောင်က သိပ်ကိုချစ်မြတ်နိုးလှပါသည်ဆိုတဲ့ အဲ့ဒီဂုဏ်သိက္ခာတွေကို မောင့်လောက် ကျွန်မက မချစ်မြတ်နိုးနိုင်တာ…. ကျွန်မကို ခွင့်လွှတ်လိုက်ပါ…။

သူမ မောင့်မျက်နှာကို မတ်တပ်ရပ်နေလျက်က ငုံ့ပြီး စူးစိုက်နစ်ဝင်အောင် တစ်ချက်ကြည့်လိုက်မိသည်။

ပြီးတော့ အေးစက်စွာ မေးလိုက်မိသေး၏။ *

"အဲ့ဒီနေ့က ကျွန်မ ငိုရတာတွေ၊ မျက်ရည်ကျရတာတွေက ဘယ်သူ့ကြောင့်လဲလို့ ဆိုတာရော မောင်သိရဲ့လားဟင်"

မောင်ရဲ့မျက်နှာက တစ်ချက်ပျက်သွားသော်လည်း မောင်…ချက်ချင်း ပြန်ပြင်ထိန်းသိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ချစ်သူသည် အင်မတန်မှ ဟန်ဆောင်ကောင်းပါသည်။ သူ့ရဲ့နဂိုအတွင်းစိတ်မှ ခံစားချက်များကို အမှန်အတိုင်း ဖော်ပြဖို့ရန် အင်မတန်ခက်ခဲသူ ဖြစ်ပါသည်။

ဒါပေမယ့် မောင်ကံမကောင်းတာက မောင့်အကြောင်းကို သူမ အမှန်အတိုင်း သိမြင်သွားလို့ပဲ ဖြစ်၏။

မောင်က သူ့ရဲ့ ခံစားချက်တွေကို ဖုံးကွယ်သည့်စကားကို ပြောသည်။

"မောင် သိပါတယ်၊ မောင့်ကြောင့် မရငိုခဲ့ရတာ၊ မရစိတ်ဆင်းရဲရတာ၊ မောင်သိတယ်လေ၊ မရအနားမှာ မောင်နေမပေးနိုင်တဲ့အချိန် ဖိုးကုဋေက မောင့်အစား မရကို ကူညီဖေးမခဲ့တာ...၊ မောင့်ရှောက်ပေးတာတွေအတွက် မောင်က သူ့ကို ကျေးဇူးတောင်တင်သေးတာ၊ အဲ့ဒါကြောင့် မရနဲ့ကုဋေ့ကို မောင်ဘာမှ မပြောတာပေါ့၊ စိတ်မဆိုးတာပေါ့၊ မောင်သဘောထားသေးတဲ့သူ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီနေ့ကစပြီး မရအနားမှာ မျက်ရည်တွေကို သုတ်ပေးခွင့်...၊ မရငိုရင် ချော့ပိုင်ခွင့် မောင်ပြန်လိုချင်တယ်လေ၊ မောင်...အဲ့ဒီလို မရအနားမှာ ရှိနေခွင့်ရချင်တာ၊ မရရဲ့ချစ်သူတစ်ယောက်အနေနဲ့ ဒီလောက်တော့ တောင်းဆိုနိုင်ခွင့်ရှိပါတယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒီတစ်ခါ...မရအနားက မောင်ဘယ်မှ မသွားတော့ဘူး၊ နော်...ကတိပါ၊ အဲ့ဒီကတိအကြောင်းကို မောင်...အခုဒီကိုလာပြောတာပါ၊ တခြားဘာအဓိပ္ပါယ်မှ မပါပါဘူး၊ မောင့်ကို သဝန်တိုတယ်၊ သဘောထားသေးတယ်လို့ လျှောက်တွေးပြီး မဆုံးဖြတ်ပါနဲ့၊ ဒီနေ့...မရဆီ မောင်ရောက်လာတာ ဒီစကားပြောဖို့သက်သက်ပဲ၊ တခြား ဘာအဓိပ္ပါယ်မှ မပါဘူး"

"ဟုတ်လား....မောင်....၊ ဟုတ်ရဲ့လား..."

သူမ ငေါ့တော့တော့မေးလိုက်မိသည်။

"မောင်ပြောတဲ့ ဒီနေ့စကားတွေ အားလုံးရဲ့ အဓိပ္ပါယ်ကတော့ ကျွန်မနားလည်သလောက်ပြောရရင်...ကျွန်မကို ကုဋေနဲ့ အဲ့ဒီလိုမျိုး ရင်းရင်းနှီးနှီး မနေစေချင်တာပဲ မဟုတ်လား..."

"အဲ့ဒါလည်း...မရနဲ့ သူ့ဂုဏ်သိက္ခာ..."

"လာပြန်ပြီလား....ဒီဂုဏ်သိက္ခာ...၊ ဒီမှာ...မောင်သိထားဖို့က ကျွန်မရော...၊ ကုဋေရော...၊ မောင့်လောက် အဲ့ဒီဂုဏ်သိက္ခာကို မမက်ဘူး...သိလား၊



ကိုယ်ချင်းစာတရား၊ ထောက်ထားငဲ့ညှာမှုတွေနဲ့ ဂုဏ်သိက္ခာကို လဲပြီး မရက်စက်တတ်ဘူး၊ ဂုဏ်သိက္ခာကျဆင်းမှာစိုးလို့ လူတစ်ယောက်ရဲ့ မျက်ရည်တွေတွေစီးကျနေတဲ့အဖြစ်အပျက်ကို လက်ပိုက်ကြည့်...၊ ကျေနပ်နေကြတဲ့ ရက်စက်သူလူတန်းစားထဲမှာ ကျွန်မတို့မပါဘူးမောင်ရဲ့...၊ အဲ့ဒီ ကြင်နာမှုတွေ၊ ကိုယ်ချင်းစာတရားတွေအကြောင်း မောင်နားလည်အောင်တော့ ကျွန်မ ရှင်းမပြတတ်တာခွင့်လွှတ်ပါ၊ သေချာတာက ဂုဏ်သိက္ခာကြီးဆိုတာကြောင့်တော့ ကျွန်မနဲ့ကုဋေက သူစိမ်းတွေလို နေဖြစ်မှာ မဟုတ်ဘူးဆိုတာပဲ"

"မရ...၊ မရကို မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ...၊ လူတွေအမြင်မှာ..."

"မောင်...ပလိစ်...."

သူမ လက်ဖဝါးကာပြီး မောင့်စကားကို ခပ်ရိုင်းရိုင်းပဲ ဖြတ်ချပစ်လိုက်သည်။

ဆောရီးပါ...မောင်။ ဒီတစ်ခါ မောင့်ကို ကျွန်မ အမှန်အတိုင်း မြင်တတ်နေပါပြီ။

"မောင်...ပလိစ်...၊ မပြောပါနဲ့၊ ဒီနေ့ကျွန်မဆီ အပြေးကလေး မောင်ရောက်လာတာ ကျွန်မရဲ့ဂုဏ်သိက္ခာကြီး ကျဆင်းမှာစိုးလို့...ဆိုတဲ့ အကြောင်းပြချက်ကြီးကိုပဲ ထပ်ခါတလဲလဲ ပြောမနေပါနဲ့၊ တကယ့်တကယ် မောင်...ကျွန်မကို တောင်းပန်ခဲ့ယ်ပြီး အရင်လိုချစ်သူတွေ ပြန်ဖြစ်ချင်တဲ့ အကြောင်းက မောင့်ထက် ကျွန်မပိုသိတာပေါ့၊ အဲ့ဒီအကြောင်း အစစ်အမှန်ကို မောင်ကြားချင်လား၊ မောင်ကြားရဲလို့လား..."

"ဘာလို့ မကြားရဲရမှာလဲ...၊ အဲ့ဒါ မရကို မောင်သိပ်ချစ်လို့လေ...၊ မောင်...မရကိုချစ်လို့ မရအနားက ဘယ်မှ မခွာချင်တော့လို့ ဒီနေ့ မရရှေ့မှာ လာဒူးထောက် တောင်းပန်ပြီး ပြောနေတာပေါ့"

သူမ နှာကျင်အက်ကွဲစွာ ခြောက်ကပ်ကပ် လှောင်ရယ်လိုက်၏။

အထွာတွေ ထုထည်ကြီးမားစွာနဲ့ ပုလောင်နေသေးတဲ့ သူမရဲ့ ချစ်သူကို သနားကြင်နာစွာ သူမငေးကြည့်လိုက်မိပါသည်။

ခွင့်လွှတ်ပါ...မောင်။ အဲ့ဒီစကားကို မောင်ကြားမှ ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနားလည်တာကတော့ ကိုယ့်လက်ထဲက ချစ်သူကို ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်တစ်ယောက်က ဖြတ်လုသွားတယ်လို့ အများကမြင်မှာ...၊ ထင်မှာ...စိုးပြီး အရှက်တွေ ဟက်တက်ကွဲမှာကြောက်တာနဲ့ မောင်...ကျွန်မကို ပြန်လိုချင်တာပါ၊ အဲ့ဒါ...မောင့်ရဲ့ယောကျ်ားဂုဏ်သိက္ခာတွေ ဘုံးဘုံးလဲကျ ဆုံးရှုံးမှာ စိုးလို့ပါ...မောင်၊ ကျွန်မရဲ့ဂုဏ်သိက္ခာကို မောင် မြတ်နိုးလွန်းလို့ 'လုံးဝမဟုတ်ပါဘူး"

မောင်ရဲ့ မျက်နှာက မည်းကနဲ တွေဝေသွားပါသည်။

မောင်စိတ်ဆိုးချင်လည်း ဆိုးတော့လေ။ ဒါအမှန်တရားပါပဲ။ တကယ်ကတော့ မောင်ဆိုတဲ့ ကျွန်မချစ်သူလေးဟာ အရာအားလုံးထက်၊ တစ်လောကလုံးထက်၊ ပြီးတော့ သူ့ရဲ့ချစ်သူထက်ကို...၊ ကိုယ့်ကိုယ်ကိုသာ ပိုချစ်ဘတ်လွန်းတဲ့ အတ္တကြီးလွန်းသူလေး တစ်ယောက်ပါ။

ကျွန်မထက်ကို သူ့ရဲ့ဂုဏ်သိက္ခာတွေက ပိုပြီး ကြီးမားမြင့်မြတ်နေတတ်လွန်းသူပါ။ ကျွန်မ ဘာများတတ်နိုင်မှာတဲ့လဲ။

နောက်ဆုံးတော့ မောင့်ကိုပြန်ဖို့ သူမက အိမ်ရှေ့တံခါးမကြီးကို သွားဆွဲဖွင့်ပေးလိုက်သည်။ ဒါလောက်ဆို မောင် သဘောပေါက်သင့်တယ်။

မောင်...အဲ့ဒီ ညှော်ခန်းဆက်တီ တုလားထိုင်မှာပဲ ခေါင်းငုံ့ကာ တွေဝေထိုင်ချထားဆဲ...။ မောင့်မျက်နှာက ဒေါသနဲ့ တင်းမာနေသည်။ သူမရဲ့ မှန်လွန်းသော စကားကြောင့်လား...။

မဟုတ်ပါ။ မောင်သည် သူလိုချင်သော အဖြေကို သူမဆီမှ မရသေး၍ ဖြစ်သည်။

"အဲ့ဒီတော့ မရက နောက်ဆုံး မောင့်ကို ဘာပြောချင်တာလဲ၊ မောင့်ကို ပြန်လက်မခံတော့ဘူးဆိုတဲ့ သဘောလား၊ မောင့်ကို ခွင့်မလွှတ်ဘူးဆိုတဲ့ သဘောလား..."

သူမ ခေါင်းခါလိုက်သည်။

"လုယူမယ့်သူ ပေါ်လာမှ ပစ္စည်းတစ်ခုကို အငမ်းမရလိုချင်တာ အချစ်လို့ ကျွန်မ မထင်ဘူး"

သူမရဲ့ တစ်ခွန်းတည်းသော အဖြေဖြစ်၏။



သူမဆက်ပြီး မောင့်ကို နင့်သည်းစွာ ပြောပစ်လိုက်သည်။ မောင်...အဲ့ဒီလိုပြောခံရဖို့ သိပ်ကို ထိုက်တန်ပါတယ်။

"အဲ့ဒါ...မစ္ဆရိယ...စိတ်ပဲ"

မောင့်တစ်ကိုယ်လုံး သူမ စကားကြောင့် ဆတ်ကနဲ ခါသွားသည်။

"ဒါဆို...လုယူမယ့်သူက တကယ်ပေါ်လာပြီလို့ မရဆိုလိုတာလား..."

သူမရယ်လိုက်သည်။

"မောင်ကထင်တာလေ...၊ တကယ့်တကယ် မောင်...အဲ့ဒီလိုမျိုး ခံစားရတာ ကျွန်မသိပ်ကျေနပ်တယ်၊ ကျွန်မ အဲ့ဒီလိုမျိုးခံစားခဲ့ရတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလို့ မောင်ထင်လဲ၊ မောင့်ကို ကျွန်မဆီကနေ လုယူမယ့်သူကမှ တကယ်ရှိသေးတယ်၊ ကျွန်မကို လုယူမယ့်သူ တစ်ဦးတစ်ယောက်မှ ခုချိန်ထိ မရှိသေးဘူး၊ အဲ့ဒါကိုကြားရရင် မောင် ကျေနပ်လိုက်ပေါ့"

"ဟုတ်ပါပြီ...၊ လုယူမယ့်သူ မရှိသေးလည်း မောင်က မင်းကို ချစ်သေးတယ်...မရ၊ အငမ်းမရ လိုချင်သေးတယ်၊ ကဲ....မင်း ဘာပြောမလဲ၊ မောင့်ကို ခွင့်လွှတ်မှာလား၊ ခွင့်မလွှတ်ဘူးလား၊ အဲ့ဒါကို ဖြေလေ၊ ဒီည ကိုယ်အိပ်ပျော်နိုင်အောင် မရ...ဖြေပေးပါ၊ တစ်ဆိတ်...."

သူမ ခက်လှောင်လှောင် ရယ်လိုက်မိပါ၏။

"မောင်ရယ်....ခက်တာက အဲ့ဒီအဖြေကို ကျွန်မကိုယ်တိုင် မသိသေးဘူးလေ"

သူမစကားက မောင့်ကို အတော်ကြီး ထိခိုက်သွားစေဟန် တူပါသည်။ မောင်ရဲ့မျက်လုံးတွေသည် အံ့အားသင့်တွေဝေစွာ သူမကို ငေးစိုက်ကြည့်နေသည်။

မောင့်နှုတ်ခမ်းတွေ တဖွဖွ လှုပ်ရှားလာသော်လည်း ဘာစကားသံမှ ထွက်မလာတော့ပါ။

မောင်...သူမရဲ့စကားကို တကယ်ပဲ နားကျင်သွားပြီ ဖြစ်လေသည်။

မောင်ထင်တာက ကျွန်မဟာ...မောင်က အချိန်မရွေး ဆော့ကစားချင်လျှင် ကောက်ယူဆော့ကစားနိုင်သည့် ကော်ပတ်ရုပ်ကလေး။ မလိုချင်သော အခါ ဘီဒိုဟောင်းတစ်လုံးထဲ သော့ခတ်သိမ်းလိုက်လို့ ရတဲ့ သက်မဲ့အရုပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသက်သက်။

နောက်ထပ်ကစားဖော်တစ်ယောက်က ခဏလောက် ငှား...စား ပါလားဟု ပြောလာလျှင် "ဟင့်အင်း...ပေးဘူး"လို့ သဝန်တိုခြင်းများစွာနဲ့ ငြင်းဆန်ချင်သည့် အတ္တကြီးကြီး ကလေးငယ်လေး။ အဲဒါ မောင်ဖြစ်သည်။

မောင့်ကို ကလေးသိပ်ဆန်သည့် ယောကျ်ားတစ်ယောက်အဖြစ်ထက် သူမ...ပိုမြင်ကြည့်လို့ မရတော့။

သို့ပေမယ့် မောင်က ဘယ်သူ့ကိုမှ မပေးချင်သည့် အဲဒီကော်ပတ်ရုပ် ကလေးမှာလည်း သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ ချပိုင်ခွင့် ရှိနေနိုင်တယ်လို့ မောင်မမြင်ခဲ့တာ မောင်မှားတာပေါ့။ မောင်သိပ်မှားတာပေါ့။

ကျွန်မမှာ ကျွန်မလိုချင်တာကို ရွေးချယ်ပိုင်ခွင့် ရှိရမယ်လေ။

ကျွန်မရဲ့ရွေးချယ်မှုက မောင်....ပဲ တစ်သက်လုံး ဖြစ်လိမ့်မယ်လို့ မောင် သိပ်မသေချာပါနဲ့။

မောင်က မတ်တပ်ထရပ်ရင်း သူမကို လှမ်းပြောသည်။

"မရ....မောင်တို့ ဝေးလို့ မဖြစ်ဘူးနော်၊ မောင်တို့...တစ်ယောက်ကို တစ်ယောက် သိပ်ချစ်တယ်၊ မောင်တို့နှစ်ယောက် ဝေးစရာ ဘာအကြောင်းမှ မရှိဘူး၊ မရ...မောင့်ကို အထင်သေးချင်လည်းသေးပါ၊ ဒါပေမယ့် မောင်...မင်းကို ချစ်တယ်၊ မောင်တို့နှစ်ယောက်ကို မနီးစပ်နိုင်အောင် လုပ်နေတဲ့ အကြောင်းတွေ ဘာမှ မရှိတော့တဲ့ အခုလိုအချိန်ကျမှ မောင့်ကို မရ မငြင်းပါနဲ့၊ မောင်လက်မခံနိုင်ပါဘူး"

မောင့်စကားရဲ့ အံ့ဩစရာကောင်းမှုကို သူမ ငြိမ်ပြီး နားမထောင် နေနိုင်ပါ။ မောင်...ဘာကို ပြောနေတာလဲဆိုတဲ့ အဓိပ္ပါယ်ကို သူမ ထိတ်လန့် တကြား သဘောပေါက်လိုက်လို့ ဖြစ်သည်။

မောင်...အဲဒီလောက် မိုက်မဲလွန်းသည့်စကားကို ပြောနေသလား။

သူမက မောင့်ကို အမိုက်မဲဆုံးဖြစ်အောင် မသိချင်ယောင်ဆောင်ပြီး ထုတ်မေးလိုက်သည်။

"မောင် ဘာကိုပြောနေတာလဲ၊ ကျွန်မတို့နှစ်ယောက် ဝေးသွားစေနိုင်တဲ့ အကြောင်းက...အရင်တုန်းကရော ရှိခဲ့လို့လား...ဟင်၊ မသိလို့ မေးပါရစေ"



မောင်သည် သူမရဲ့ထောင်ချောက်ကို တည့်တည့်ကြီးဆင်းပါသည်။

"မောင်ကြားပြီးပါပြီ၊ မရရဲ့ဖေဖေ နေမကောင်းဘူးဆိုတာ...၊ ကင်ဆာ ဆို...၊ မောင် စိတ်မကောင်းပါဘူး"

"အဲဒီတော့...."

"မောင်က မရရဲ့ဖေဖေ သဘောမတူနိုင်မယ့် ခင်ပွန်းလောင်းလေ၊ ဒါပေမယ့် မရရဲ့ဖေဖေက မောင်တို့လက်ထပ်မယ့်အချိန်ထိ ဘယ်ရှိနိုင်တော့ မှာလဲ၊ ဟုတ်တယ် မဟုတ်လား၊ မရ....ဘယ်လိုလူမျိုးကို ရွေးချယ်ပြီး ဘယ်လို လူမျိုးကို လက်ထပ်မယ်ဆိုတာ မရဖေဖေ သိနိုင်တော့မှာ မဟုတ်တော့ဘူး၊ မောင့်ကိုလည်း ယောက္ခမဘက်က သဘောမတူဘူးလို့ ပြောမှာ မပူရတော့ဘူး၊ မရရဲ့မေမေက မရဖေဖေလောက် ဇွဲမမက်ဘူးလေ၊ မောင်သိတယ်..."

မောင်သည် နောက်ဆုံးစကားတစ်ခွန်းကို မိုက်မိုက်မဲမဲ ဆက်ပြော လိုက်ပါသည်။ အဲဒီစကားက သူမရဲ့ရင်ကို ဝုန်းကနဲဖေါက်ခွဲလိုက်တာ ဖြစ်သည်။

"မရရဲ့ဖေဖေ မရှိတော့တဲ့အချိန်ကျရင် မရနဲ့မောင် အချိန်မရွေး လက်ထပ်လို့ရပြီ၊ မောင်တို့ ဘယ်တော့မှ မဝေးတော့ဘူး"

"ဖြန်း...."

မောင့်မျက်နှာတစ်ခုလုံး လည်ထွက်သွားပါလိမ့်မည်။ အဲဒီလိုမျိုး အားကုန်ရိုက်ထည့်လိုက်ဖို့ သူမ အစောကြီးကတည်းက ပြင်ဆင်ခဲ့တာ။

မောင်သည် ရုတ်တရက် အံ့အားသင့်စွာ သူမကို ကြောင်ပြီး စိုက်ကြည့် နေသည်။

သူမသည် နောက်ထပ်ရိုက်ချလိုက်ဖို့တောင် ဝန်မလေးစွာ လက်ကို ထပ်မံရွယ်နေစဉ် အပေါ်ထပ်မှ လူတွေ အပြေးဆင်းလာကြသဖြင့် တဒုန်းဒုန်း ခြေသံတွေကို ကြားကြရပါသည်။

ကုဋေရော၊ မိမိရော၊ ကေခိုင်၊ ခက်ခက်တို့ပါ အောက်ကို ရောက်လာ ကြတာ သိပ်မြန်သဖြင့် သူတို့အားလုံး ဒီလို...မောင့်ကို သူမ...ရိုက်ထည့်လိုက် လိမ့်မည်ဆိုတာ အစောကြီးကတည်း သိနေ၊ ကြားနေကြပုံရပါသည်။

မောင့်စကားမဆုံးခင်သေးကတည်း သူတို့ အောက်ဆင်းပြေးလာဖို့ ကြံနေကြတာနေမှာ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တောင် မောင့်စကားကို အဲ့ဒီလိုမြင်တတ်၊ နားလည်တတ်သေးရင် မောင်က ဘာလို့မမြင်ရတာလဲ။ သူမဟာ မောင့်ရဲ့…အဲ့ဒီစကားကို တစ်သက်တာ နာကျည်းစွဲလမ်းသွားလိမ့်မယ်လို့ မောင်…ဘာကြောင့် မမြင်ခဲ့တာလဲ။

သူမပါးပြင်ပေါ် မျက်ရည်စီးကြောင်းတွေ တလက်လက် ကျဆင်းနေလျက်က စူးဝါးစွာ အော်ဟစ်လိုက်ပါသည်။

"နင်…ငါ့ရှေ့က ခု…ထွက်သွား၊ ထိုက်တန်…နင်…ငါ့အဖေအိမ်ထဲက ခုထွက်သွား…"

မောင်သည် သူမကို ငေးကြောင်ကြည့်နေလျက် သူ့ပါးပြင်ကိုယ်သူ ပွတ်သပ်နေသည်။ မောင့်မျက်လုံးတွေ သုန်မှုန်ထိုင်းမှိုင်းနေခဲ့သည်။

သူမ ရှိုက်ကြီးတငင်ငိုတော့ သူငယ်ချင်းတွေက ဝင်ဆွဲတားမြစ်ကြပါသည်။ နှစ်သိမ့်ပေးကြသေးသည်။

"ခြော်…မရရာ၊ မငိုပါနဲ့ဟာ၊ နင်ကလည်း…မနက်ဖြန် စာမေးပွဲကြီးနဲ့ကို၊ ဟိုကောင်က အပြောမတတ်လို့ပါဟာ၊ သူ…အဲ့ဒီလိုပဲ ဒုတ်ထိုးအိုးပေါက် ပြောနေကျဟာကို…၊ နင်ကလည်း သူ့အကြောင်း သိပြီးသားနဲ့"

ကေခိုင်နဲ့ ခက်ခက်က မောင့်ကို သူမရှေ့က ပျောက်ကွယ်သွားရန် ဆွဲထုတ်ကြသည်။

"နင်တို့ကလည်းဟာ…၊ ဖြစ်ကြပြန်ပြီ၊ ပြီးတော့ ဘယ်သူ့ဘယ်သူမှ လည်း စိတ်ကောင်းကြတာမဟုတ်ဘူး…၊ ကိုထိုက်…၊ သွား…၊ ပြန်တော့၊ စာပြန် ကျက်ချိတော့ဟယ်၊ စိတ်ညစ်တယ်၊ နင်တို့နှစ်ယောက်ဟာ…"

"အေးလေ…၊ ဘာမှန်းကို မသိဘူး၊ သွား…၊ ပြန်တော့ ထိုက်တန်၊ ဒီညတော့ ထားလိုက်တော့၊ မနက်ဖြန် စာမေးပွဲပြီးမှ…နင်တို့ကိစ္စ ဆက်ရှင်းကြ၊ ဒီညကိုမှ ဘာလာရှုပ်ရတာလဲ ထိုက်တန်ရယ်၊ ခက်တယ်…ဟာ"

သူမက ခက်ခက်စကားကို မကျေနပ်စွာ ငိုရှိုက်နေရင်းက ထပြောလိုက်သည်။

"စာမေးပွဲပြီးလည်း ငါ…သူ့မျက်နှာကို တွေ့စရာအကြောင်း မရှိဘူး၊ ဘာစကားမှ ထပ်ပြောစရာ မရှိတော့ဘူး၊ အားလုံးရှေ့မှာ လုံးဝ အပြတ်ပြောလိုက်မယ်…သိလား၊ ငါ့ရင်ထဲမှာ ကုန်သွားပြီ"



မောင်က ကြားမှ သူငယ်ချင်းတွေ ရှိနေတာကို ဂရုမစိုက်ပဲ သူမကို အေးစက်စွာ စိုက်ကြည့်ရင်း မာကျောခက်ထန်စွာ စိန်ခေါ်သည်။

"သေချာလား…မရ၊ မင်းရင်ထဲမှာ မောင့်ကို ချစ်တဲ့အချစ်တွေ ကုန်ပြီ ဆိုတာ သေချာရဲ့လား"

မောင့်ရဲ့ စိမ်ခေါ်သံစကားကို သူမ နာကျည်းစွာ လှောင်ရယ်ပစ်လိုက်သည်။ မျက်ရည်များနဲ့ပေါ့။

ပြီးတော့ ကျားရဲမလေးတစ်ကောင်လို မောင်နဲ့မျက်နှာချင်းဆိုင်ကာ ရဲရဲကြီး အော်ဟစ်လိုက်မိသည်။

"ဒီမှာ…ထိုက်တန်၊ နင်…ငါ့အဖေကို အဲ့ဒီလောက် မုန်းနေမှန်း မသိလို့ ငါ…နင့်ကို ချစ်ခဲ့တာ၊ သိလား၊ ငါ့အဖေ မြန်မြန်သေအောင် နင် ဘယ်အချိန် ကတည်းက ဆုတောင်းနေသလဲ၊ ငါခုမှပဲ နင့်ရင်ထဲ…"

"ကိုယ့်မှာ…အဲ့ဒီစိတ်မရှိဘူး"

မောင်ကလည်း အော်ဟစ်နေသည်။

"မောင်…အဲ့ဒီလို မယုတ်မာဘူး"

မောင်သည် ဒေါသဟကြီး သူမကို ငြင်းဆန်ပါသည်။ သို့သော် အရာ အားလုံး နောက်ကျကုန်ကြပြီ ဖြစ်လေသည်။

"ဒီမှာ…ခုကိစ္စက နင် ယုတ်မာတာ၊ မယုတ်မာတာနဲ့ ဘာမှ မသက်ဆိုင်ဘူး၊ အေး…ငါ့ရဲ့ဆုံးဖြတ်ချက်…၊ နင်ခုနကတည်းက သိပ်ကြားချင်တဲ့အဖြေကို ငါ…အခုပြောလိုက်မယ်၊ နားထောင်သွား၊ ငါ့အဖေရဲ့ အသက်နဲ့တောင် လဲပြီး ငါကချစ်မြတ်နိုးရလောက်အောင် နင့်ကိုယ်နင်…သိပ်အဖိုးတန်လိမ့်မယ် ထင်မထားနဲ့ ထိုက်တန်ရဲ့…သိလား၊ ခုချိန်မှာ နင့်ကိုလက်မထပ်လို့ ငါ့အဲဖေ ရောဂါ…လုံးဝပျောက်သွားမယ်ဆို…နင့်ကို ရက်ရက်ရောရောကြီး စွန့်လွှတ်လိုက်ဖို့ ငါလုံးဝ၊ဝန်မလေးဘူး…သိလား၊ ငါ့အဖေကို ငါအဲ့ဒီလောက်ချစ်တယ်"

သူမ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာရင်း အံကိုကျိတ်ပြီး မောင့်ကို ပြောပြလိုက်ပါသည်။

"ထိုက်တန်…ငါ့အဖေသာ သေသွားခဲ့ရင်…နင့်ကို ငါဘယ်တော့မှ လက်မထပ်တော့ဘူး၊ အဲ့ဒါ မြဲမြဲမှတ်ထားလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"နှိုင်..."

"မရ..."

ယောကျ်ားနှစ်ယောက်စလုံးက သူမရဲ့ဆုံးဖြတ်ချက်ကို ထိတ်လန့်တုန်လှုပ်စွာ တူတူညီညီ လှမ်းတားကြသည်။

သို့ပေမယ့် အချိန်တွေ သိပ်ကိုနောက်ကျကုန်ကြပြီဆိုတာ သူတို့နှစ်ယောက်စလုံးသိပါသည်။ သူမရဲ့ခေါင်းမာမှု၊ အစွန်းရောက်မှုတွေကို သူမကိုချစ်သော ထိုယောကျ်ားနှစ်ယောက်စလုံး သိကြ၏။

သူမ...ဆက်ပြောလိုက်သည်။

"နှင့်ကို ငါ့ရဲ့အသည်းနှလုံးထဲက ရှူးနေအောင်ချစ်ပစေ... ငါ့အဖေပြန်ပြီး နေမကောင်းလာမချင်း နှင့်ကို ငါယူမှာမဟုတ်ဘူး၊ အဲ့ဒါငါ့အဖြေပဲ၊ ငါရင်ထဲမှာ ကုန်သွားတယ်လို့ ပြောတာ အချစ်မဟုတ်ဘူး၊ စိတ်ကုန်တာ...၊ နှင့်ကို စိတ်ကုန်သွားပြီလို့ ပြောတာ၊ အဲ့ဒါပဲ၊ နှင်ပြန်လို့ရပြီ"

သူမ ချာကနဲ မောင့်ကို ကျောခိုင်းလိုက်ပါသည်။

မောင်လည်း မျက်ရည်ကျနေသည်။

သူမရဲ့စကားကို မောင်ယုံပါသည်။ မောင်ယုံရမည်ပေါ့။

သူမ ဒီလောက်ပေါက်ကွဲနာကျင် ထိခိုက်သွားတာကို မောင့်တစ်သက်တာမှာ တစ်ခါမှမှ မတွေ့မြင်ဖူးဘဲလေ။

မောင်သည် အသံတွေတုန်ယင်နေလျက်က သူ့ရဲ့အချစ်ဆုံး သူငယ်ချင်းကို အားကိုးတကြီး လှမ်းခေါ်သည်။

"ဖိုးကု...လုပ်ဦးကွာ...၊ ချော့ဦး၊ ငါ...ငါ...စကားမှားသွားတယ်၊ ဒီလောက်လေးနဲ့...သူ...ဒီလို...ငါ့ကို..."

မောင့်လေသံတွေ ငိုသံပါနေပါလား...။ ဟင့်အင်း...မရနိုင်။

နင် မသနားနဲ့။ မသနားနဲ့တော့။

ထိုက်တန်ဆိုတဲ့ ကောင်ဟာ ကြင်နာသနားမှုနဲ့ လုံးဝမထိုက်တန်တဲ့သူ။ တစ်ကိုယ်ကောင်းဆန်... အတ္တသမား...။

နေဦး...။ မနက်ဖြန်စာမေးပွဲဖြေရင် သူ့ပါးများ ယောင်နေမလား...။

အို...ခေါင်းထဲက ထုတ်လိုက်တော့။



ကြောင်ရပ်နေကြသော သူငယ်ချင်းတွေကိုပဲ မနိုင်နိုင်ရာ သူမ...လှည့်ဟောက်လိုက်သည်။

"ဟဲ့...ဘာလုပ်နေကြတာလဲ၊ ခြံတံခါးသွားဖွင့်ပေးလိုက်"

အားလုံးက သူ့ကို ဖျောင်းဖျပြောဆိုပြီ ခေါ်ထုတ်သွားကြသည်။ သူမရဲ့ခြံထဲက သူ့ကား...မောင်းထွက်သွားသံကြားရသည်။

သေချာရဲ့လား...မရနိုင်။ နင်...သူ့ကို ရူးနေအောင်ချစ်လျက်သားနဲ့ စွန့်လွှတ်နိုင်တယ်ဆိုတာ သေချာရဲ့လား...။

ဘာပဲဖြစ်ဖြစ် မောင်ထွက်သွားမှ သူမ...မျက်ရည်တွေ ကျရတယ်ဆိုတာ အဖြစ်မဲ့နိုင်။ သူငယ်ချင်းတွေက ဝိုင်းချော့ရသည်ဆိုတာ အဖြစ်မဲ့နိုင်။

သူမ...ပါးပေါ်ကမျက်ရည်တွေကို ကြမ်းတမ်းစွာ ပွတ်သပ်သုတ်ပစ်နေစဉ်မှာ သူတို့အားလုံး သူမအနားကို ပြန်ရောက်လာကြသည်။ သူမရဲ့ ဖရိုဖရဲ နာကျင်ကျဆုံးနေတာကို စိတ်ပျက်လက်ပျက် ဝိုင်းကြည့်ကြသည်။

ကုဋေကတော့ သူမရှေ့မှာ ခါးထောက်လာရပ်သည်။ ပြုံးစစမျက်နှာလေးနဲ့ ကြည့်သည်။ ပြီးတော့ မဝံ့မရဲ စကားသံထွက်လာသည်။

"နှိုင်...ဖိုးထိုက်က..."

"ငါ့ကို သူ့အကြောင်းဘာမှ လာမပြောနဲ့"

ကုဋေ ခေါင်းကုတ်သည်။

စစ်ကူကိုလည်း ကေကေတို့ဘက် လှည့်ကြည့်တောင်းပံ့ ရသည်။ ကေကေက ပခုံးတွန့်၊ မျက်နှာမဲ့ပြနေသည်။

ကေကေးက သူမဒေါသထွက်လျှင် သိပ်ကြောက်တာ။ ရုပါလိမ့်မယ် အကူအညီ...အားကြီးကြီး ကုဋေစုတ်ရဲ့။

ကုဋေက မျက်နှာငယ်လေးနဲ့ သုပါရောပြီး သူမအတွက် စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေသော လေသံမျိုးနှင့် ထုတ်မေးသည်။

"ဘယ်လို ဖြစ်ကြတာလဲ...နိုင်ရာ"

သူမ ခပ်ပေါ့ပေါ့ အိုက်တင်နဲ့ ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်မိ၏။

"ဘာဖြစ်ရမလဲ၊ သိတာ နောက်ကျနေပြီဆိုတဲ့ ကင်ဆာရောဂါသည်ကို ခွဲကြည့်တဲ့ ဆရာဝန်လိုပဲလေ၊ သူ...ငါ့ရင်ကို ခွဲကြည့်လိုက်တယ်၊ ဖွင့်ကြည့်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



သူကလို့ မရတော့တဲ့ ရောဂါကိုမြင်တော့ ပြန်ပိတ်ပြီး ခွဲခန်းထဲက ထွက်သွားတယ်၊ ဒါပဲပေါ့၊ ရောဂါက ကျွမ်းသွားပြီ...ကုရှေ့၊ သိပ်နောက်ကျသွားပြီ၊ သူတောင် ကုလို့မရတော့တာ နင်တို့လာကုဖို့ မကြိုးစားကြနဲ့၊ တော်တော့"

"နိုင်ရေ..."

ကုရှေ့က မျက်နှာပျက်ပျက်နှင့် ညည်းညူသည်။

သူမက အားလုံးကို စိတ်ပြောင်းလိုသည့် သဘောနှင့် အော်မေးပစ်လိုက်သည်။

"ကဲ...ပြောကြ၊ ဘယ်သူပြောမှာလဲ၊ မျက်ရည်ကျတာ ဆင်ပသက်တစ်လား၊ ပါရာဆင်ပသက်တစ်လား..."

အားလုံးက သူမကို ပြုံးကြောင်ကြောင်လေးတွေ ပြန်စိုက်ကြည့်နေကြသည်။ သူမ စိတ်မရှည်တော့ပဲ အားလုံးကို သိမ်းကျုံးအော်ထည့် မိတော့သည်။

"ဟာ...ဘာဖြစ်နေကြတာလဲဟား စာကိုခေါင်းထဲမထည့်ကြဘူး၊ မနက်ဖြန် စာမေးပွဲဆိုတာ မေ့နေကြလား၊ ပြောလေ...နင်တို့ပဲ ဖတ်ထားမယ်ဆို"

ကုရှေ့ကပဲ သူမကို ပိတ်ပြောသည်။

"ငါတို့လည်း နင်...ဆင်းသွားကတည်း နင်တို့နှစ်ယောက် ပြောတာတွေ ချောင်းနားထောင်နေရလို့ စာတစ်လုံးမှ ခေါင်းထဲမရောက်..."

ထင်သားပဲ။ ဒီလိုပဲ ဖြစ်တော့မယ်...ဆိုတာ။

"နင်တို့ဟာလေ...၊ မိမိကရော...ဘာလုပ်နေလဲ၊ စာချောက်ရုပ်မ၊ နင်ကရော ဖတ်မထားဘူးလား၊ စာဆို...အမြဲချောက်ပြီး ပိုကျက်နေကျလူက..."

မိမိအေးကလည်း ရယ်ကျဲကျဲနဲ့ဆိုသည်။

"ငါက နားမထောင်ချင်လည်း ကေနဲ့ခက်က လှမ်းလှမ်းတို့ပြီး ပြောနေလို့ နင်တို့ပြောတာတွေ စိတ်ဝင်စားသွား..."

"ကောင်မစုတ်တွေ..."

သူတို့ရယ်ကြသည်။

သူတို့...အားလုံးကို မေ့ကာ ရယ်မောမိကြသည်။

မောင်နားမလည်တဲ့ ကိုယ်ချင်းစာမှုနဲ့ အကြင်နာတရားဆိုတာ အဲ့ဒါပဲ ဖြစ်သည်လေ။



သူတို့တွေကြောင့် ကျွန်မ ပျော်ရွှင်ရတယ်။ နာကျင်မှုတွေ ခေတ္တ ခဏ လျော့ပါးသက်သာရတယ်။

ကျွန်မရဲ့ဘဝကို ဘယ်သူတွေက ပျော်ရွှင်အောင်လုပ်ပြီး ဘယ်သူတွေက နာကျင်အောင်လုပ်သလဲဆိုတာ ကျွန်မ အဖြေသိပ်ရှာနေစရာမလိုဘူး မောင်ရဲ့။ ကျွန်မ နှ....မြင်လာပြီ။

တစ်ခါတစ်လေကျတော့ လောကကြီးက အချစ်တစ်ခုတည်းနဲ့ မပြည့်စုံဘူး။

မောင်နားလည်ပါသလား...။

"ရိုးလ်နံပါတ် နှစ်ရာ့တစ်၊ တူးအိုဝမ်း ဘယ်သူလဲ၊ တူးအိုဝမ်း..."

သူမ...ရှေ့ထွက်လိုက်ရသည်။

သူမရဲ့လက်ဖျားလေးတွေ အေးစက်ပြီး တုန်ခါနေတာကို ကုရှေ့က ချက်ချင်းသိပြီး ဆုပ်ကိုင် အားပေးလိုက်သေးသည်။

"နိုင်....ကြောက်မနေနဲ့၊ နင်...စာတွေအကုန်ရတယ်၊ ခေါင်းအေးအေးထားပြီး ဖြေ"

သူမနံပါတ်ကို အော်ခေါ်နေသော ဆရာမဆီ သူမ ပြေးသွားလိုက်သည်။ သူမအလှည့်ရောက်ပါပြီ။

လူနာတစ်ယောက်ရဲ့ ရောဂါရာဇဝင် အစအဆုံးကို မေးပြီး၊ လူနာကိုလည်း ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ကာ ရောဂါရဲ့ခါတ်ခွဲစမ်းသပ်မှုတွေ၊ ကုထုံးတွေကို ဆရာများနှင့် ဆွေးနွေးရှင်းပြ၊ ဖြေဆိုရမည့် (Long Case)လို့ ခေါ်တဲ့ လက်တွေ့နှုတ်မေးခွန်းတွေကို သူမဖြေရပါတော့မည်...။

ဒီလို...လူနာနှင့်သူမ အချိန်အကြာကြီးယူကာ ဖြေဆိုရမည့် မေးခွန်းပိုင်းသည် ဒီဘာသာရပ်မှာ အောင်ဖို့၊ ကျဖို့ အဆုံးအဖြတ်ကို ပေးနိုင်သည့်မေးခွန်းပိုင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ကိုယ်....ဘယ်လိုလူနာ...၊ ဘယ်လိုရောဂါရှင်နှင့် ဖြေဆိုရမလဲဆိုတာကလည်း သိပ်အရေးပါသည်။ အင်မတန်ခက်သော၊ ရှားတောင့်ရှားပါး ရောဂါရှင်များ၊ ဒါမှမဟုတ် ကိုယ်တစ်ခါမှ မမြင်တွေ့ဖူး၊ မကြားဖူး၊ မစမ်းသပ်ဖူးသော ရောဂါပိုင်ရှင်မျိုးများနှင့် ဖြေရလျှင်လည်း ဆရာတွေက ဘာမေးမေး၊ အိုးနင်းခွက်နင်း တစ်လုံးမှ မသိ၊ မဖြေနိုင် ဖြစ်ရပါဦးမည်။

သူမက ဘုရားတပြီး ရှေ့က ဦးဆောင်ခေါ်သွားသည့် ဆရာမနောက်ကို ပြေးလိုက်ရသည်။ ဒီလို ခုံနံပါတ်နဲ့လူနာကုတင်နဲ့ကို မဲနှိုက်နေရာချပေးသော ဆရာမတွေက သူမတို့ထက်ကြီးဆို သုံးလေးနှစ်ပဲ ပိုကြီးမယ့် စီနီယာဘွဲ့လွန် ဆရာဝန်မလေးတွေလေ။

အဲ့ဒီဆရာဝန်၊ ဆရာဝန်မလေးတွေ အားလုံးကိုတော့ နောက်ဆုံးနှစ် ဆေးကျောင်းသူ၊ ကျောင်းသားတွေသည် ဆေးရုံတွေမှာ အရင်တာဝန်ကျ၊ စာသင်ကြားရစဉ်ကတည်းက ရင်းနှီးအောင် ပေါင်းထားကာ မကြောက်ကြဘဲ စာမေးပွဲရောက်ရင် လိုသမျှ အကူအညီကပ်တောင်းတတ်ကြသည်။

ခုလည်း သူမကို ခုံနံပါတ်အော်ခေါ်သွားသော ဆရာဝန်မကို သူမ... ကပ်မေးလိုက်သည်။

"မမ...မမ၊ သမီးဘယ်သူနဲ့ ဖြေရမှာလဲ...ဟင်..."

ဆရာဝန်မလေးက သူမကို ပြုံးစစနဲ့ ကြည့်သည်။

"အံမယ်...သူက ဘာကေ့စ်ကျလဲ မမေးပဲနဲ့ ကိုယ်နဲ့ဖြေရမယ့်ဆရာကို မေးတယ်၊ မဆိုးဘူး၊ ဘာကေ့စ်ကျကျ ဖြေနိုင်တယ်ပေါ့၊ သူများတွေဆို ရောဂါနဲ့ (Diagnosis)ပဲ လိုက်မေးနေတယ်"

သူမ မချိုမချဉ်ပဲ ပြုံးလိုက်မိသည်။ ဘာကေ့စ်ကျကျ၊ အလွယ်ဆုံး လူနာနဲ့၊ ရောဂါကို မဲပေါက်ပြီးဖြေရလည်း အင်မတန် အမှတ်ပေးကပ်စေးနဲသော ဆရာများနှင့်ဖြေရလျှင် ကျကို ကျသွားနိုင်တာပဲလေ။ ဒီစာမေးပွဲက...။

ဆရာဝန်မလေးက ပြောသည်။

"နေဦး...တူအိုဝမ်းနော်...၊ အိုး...ဂေါ်ဒ်၊ ယူ...ဘုရားမရှိရိုးလာဘူးလား...၊ မမဇင်စားပွဲမှာ ဖြေရမှာ၊ ပြီးတော့ အိပ်စတာနယ်က ဆရာဦးအေးခိုင်"

ဘုရားဘုရား...။



သူမရဲ့ ကံကြမ္မာဆိုးတွေ အဆုံးမသတ်နိုင်သေး။ မမဇင်လို့ခေါ်တဲ့ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မြဇင်ဆိုတာ သူ့ဆေးရုံ၊ သူ့ဝပ်ထဲမှာ စာသင်ရင်တောင် သူက သင်ပေးတာနည်းနည်း၊ ကျောင်းသားတွေကို စာပြန်မေးရင်း... မေးသင်၊ မေးသင်လုပ်နေတာက ခပ်များများ...။

ခုလို အတန်းတင်နောက်ဆုံးနှစ် စာမေးပွဲကြီးမျိုးများ ဆိုလျှင်...။

သေပါပြီ။ မေးလိုက်မပေါ့...မေးခွန်းတွေ တစ်သီကြီး...။

ပြီးတော့ အတူတွဲကျသည့် အခြားဆေးကျောင်းမှ လာစစ်သော အိပ်စတာနယ်ဆရာလို့ ခေါ်ကြသည့် သူကလည်း ဆရာဦးအေးခိုင်...တဲ့။

ကောင်မစုတ် မိုးခက်ခက်...။ စိတ်ထဲကနေ သူမ အသလွှတ် မေတ္တာပို့လိုက်သည်။

ဆရာဦးအေးခိုင်အကြောင်းကို မနေ့ညကသာ ခက်ခက် ကြိုမပြောထားရင် သူမ ဒီလောက်ကြောက်မှာ မဟုတ်။ ခုတော့...သူမက သိနေပြီ။

ဆရာဦးအေးခိုင်ဆိုတာ ဘယ်လို အပြောကြမ်းပြီး၊ အမေးကြမ်းတယ်ဆိုတာ။ ဖတ်စာအုပ်ရဲ့ ချောင်ကြိုချောင်ကြားက စာတွေလည်းမေးသည်။ ဆေးကျောင်းသားပေါက်စဘဝက ဘာသာရပ်တွေကို ပြန်မေးချင်မေးသည်။ သူများမမေးသည့် မေးခွန်းမျိုးတွေလည်း မေးသည်တဲ့...။

ကဲ...ဘယ်နှယ့်လုပ်ရပါ့။ မရှိနိုင်ရဲ့ ကံကြမ္မာဆိုတာ ဒါပဲဖြစ်သည်။

ဒုက္ခဆိုတာ အပေါင်းအဖော်နဲ့မှ လာသည်တဲ့။ သေချာတာပေါ့...။ သူမရဲ့ဒုက္ခများသည် ဒီလောက်နဲ့ မရပ်တန့်သေးပါ။

ခုနက ဆရာဝန်မလေးက သူမ...စမ်းသပ်မေးမြန်းရမည့် ကုတင်နဲ့ လူနာကို နေရာချပေးသည်။ ပြီးတော့ စေတနာပါပါလေသံနဲ့ တိုးဖွဖွလေး သူမအနားကို ကပ်ကာ ပြောသည်။

"ဖြေရမယ့် ဆရာတွေက ခက်လို့...ယူဖြေရမယ့် ကေ့စ်...ဘာလဲဆိုတာ ကြိုပြောလိုက်မယ်...လစ်ဗာ....နော်...၊ လစ်ဗာ...၊ ဒီကုတင်ပဲ"

ဆရာမက ညွှန်ပြသော ကုတင်ပေါ်မှာ လူနာကို ကြည့်လိုက်သည်။

အသည်းရောဂါဝေဒနာရှင်...တဲ့လား။ ဆရာမရဲ့ တိုးဖွဖွလေသံက နားရွက်ဖျားနားကို ကပ်ပြီး ထပ်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကင်ဆာ...နော်၊ အိပ်ချ်စီစီ"

အို...။ သူမ ချက်ချင်းပဲ မတ်တပ်ရပ်နေရာကနေ ငုတ်တုတ်ထိုင်ချကာ ငိုရှိုက်ချင်သွားသည်။

ဖေဖေ့ရောဂါနဲ့ အတူတူပါပဲလား...။

ဖေဖေ့လို...နိုင်ငံခြားမှာ သွားမကုနိုင်သည့် အသည်းကင်ဆာဝေဒနာရှင် တစ်ယောက်လေ။ အဲ့ဒီလူနာကို သူမက စကားပြော၊ မေးမြန်း၊ စမ်းသပ်ပြီးမှ ဒီစာမေးပွဲကို ဖြေဆိုရမယ်...တဲ့...။

သူမ ဘယ်လို နှလုံးသားနဲ့ ဖြေရမှာလဲ ဟင်...။ အမှတ်တွေ အများကြီးနဲ့ အောင်သွားမယ်ဆိုရင်တောင် သူမ ဘယ်လိုလုပ် ပျော်ရွှင်နိုင်မှာတဲ့လဲ။

ပြောကြပါဦး....။

ဘဝမှာ စာမေးပွဲဝ၂စ်ခုကို ဖြေဆိုတဲ့အခါ ဦးနှောက်နဲ့ပဲ ကျက်မှတ်ပြီး ဖြေရမယ်လို့ ဘယ်သူတွေကများ ပြောခဲ့ကြသလဲ။ နှလုံးသားနဲ့ဖြေရမယ့် စာမေးပွဲပေါင်း မြောက်မြားစွာ တွေ့ကြုံနိုင်တယ်ဆိုတာ လူတွေမသိကြဘူးလား...။

အဲ့ဒီအသည်းရောဂါဝေဒနာရှင်ကို လှမ်းကြည့်တော့ ဦးလေးကြီးက သူမကို ပြုံးပြနေသည်။ မြင်လိုက်တာနှင့် ရောဂါက ကျွမ်းနေပြီဆိုတာ သူမ သိနေပါပြီ။ အသားအရောင်နဲ့ မျက်လုံးအဖြူသားတွေက ဝါထိန်နေပြီ။ ဝမ်းဗိုက်က တင်းရင်းဖောင်းကားနေပေမယ့် လက်ချောင်းတွေ၊ ခြေချောင်းတွေက ပိန်ကျ သွယ်ကပ်လို့ နေပြီ....။

သူမ မျက်ရည်တွေချက်ချင်း ဝဲတက်လာသည်။

ဖေဖေ့ကို ဒီလိုလူနာပုံစံမျိုးနဲ့ပဲ သူမ မြင်ရဖို့ အချိန်တွေ သိပ်မကျန် တော့...။ ဖေဖေရော...အဲ့ဒီလိုမျိုး...။

ဆရာဝန်မလေးက ရုတ်တရက်လို ပြိုကျပျက်ဆင်းသွားတဲ့ သူမ မျက်နှာကို ကြည့်ပြီး...တအံ့တသြ...။

"ဟင်....ဘာဖြစ်လို့လဲ၊ အိပ်ချ်စီစီ ဖတ်မလာဘူးလား၊ မတ်စ်နိုး (Must Know) နော်..."

သူမရဲ့ တုန်လှုပ်ပျက်ယွင်းနေသော မျက်နှာကို ဆရာဝန်မလေးက နားမလည်နိုင်စွာ ငေးကြည့်နေတုန်း။



ဆရာဝန်မလေးက ဒီရောဂါသည် စာမေးပွဲမှာ မသိမဖြစ် သိရမယ့် သင်ခန်းစာ...၊ မသိလျှင်...မတတ်လျှင် လုံးဝ စာမေးပွဲမအောင်နိုင်...ဆိုတဲ့ သဘော ပြောနေတာ...။

ဘယ်လိုများ ဖြေရမလဲ။ ဒီရောဂါအကြောင်းကို လိုတာထက်တောင် သမီးပိုသိပါတယ်...ဆရာမရယ်လို့ ဘယ်လိုပြောရပါ့မလဲလေ...။

အဲ့ဒီအချိန်မှာပဲ...။

"ဟော့....ကိုယ်နဲ့ဖြေရမယ့် သူတွေ ဘယ်မှာလဲ....၊ အခြေအနေ ကောင်းရဲ့လား....ခုရေ...."

မမဇင်ရဲ့ ကျယ်လောင်သော အော်မေးသံ။

မမဇင်က ဂျူတီကုတ်ဖားဖားနှင့် ထုံးစံအတိုင်း လူနာကုတင်တွေကြား ပြေးလျှောက်လာသလို သူမတို့အနား ချက်ချင်းရောက်လာသည်။

ခုလို...ခေါ်တဲ့ ဆရာဝန်မလေးက သူမအား မေးငေါ့ပြရင်း...။

"မမ...သူပဲ၊ ကျူးအိုဝမ်း၊ ဒီကုတင်က သူ့လူနာ၊ ဟိုဘက်ကုတင်က ကျူးအိုသရီးကလည်း မမနဲ့ပဲ"

မမဇင်က ကျေနပ်သွားဟန်နှင့်ခေါင်းညိတ်သည်။

ပြီးတော့ ရယ်သံစွက်နေသော လေသံနှင့် စောစောကဆရာဝန်မလေး ကို ပြောနေပြန်သည်။

"ဒီနေ့...ကိုယ်နဲ့တွဲတာ ကိုအေးနိုင်လေ....၊ ခစ်...ခစ်၊ တေဘယ်လ် တစ်ခုတည်း၊ ဒီကောင်တွေ ဘာရေးမရှိနိုးလာဘူး....သိလား"

ဆရာဝန်မလေးနဲ့ မမဇင်ပေါင်းပြီးရယ်ကြသည်။ ကြည့်ပါဦး။

မမဇင် ကိုယ်တိုင်ကတောင် ပြောယူရသည်ဆိုတော့ ဆရာဦးအေးနိုင်သည် တော်တော်ကို ဆိုးလို့ပါပဲနော်။

သေချာပါတယ်လေ...။ သူမ ဒီစာမေးပွဲကိုကျဖို့ ကိုးဆယ်ရာနှုန်း လောက် သေချာနေပါပြီ။

နေပါဦး...။ ကျန်တဲ့တစ်ဆယ်ရာခိုင်နှုန်းကရော...ဘယ်မှာလဲ...။

မမဇင်သည် သူမကို အားပေးသလိုလို၊ စနောက်သလိုလိုနဲ့ လှမ်းကြည့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့…အိုင်တို့စားပွဲမှာ ယူ…ငိုတော့မချန့်နော်၊ ကြိုးသတိပေးလိုက်မယ်၊ ဆရာဦးအေးခိုင်က မျက်ရည်ကို အလားဂျစ်၊ အလားဂျစ်"

မငိုပါနဲ့ပြောမှ ပိုပိုပြီး ငိုချင်လာတာ ဘယ်လိုပြောပြရပါ့မလဲ။

သူမရဲ့ ငိုတော့မလို မျက်နှာကို မမဇင် ချက်ချင်းသတိပြုမိသွားသည်။

"အမလေး…ယူ့မျက်နှာက ခုကိုပဲ ငိုချင်နေတဲ့ပုံပါလား၊ နေပါဦး၊ ယူ့ကို ကိုယ့်ဝပ်မှာ တွေ့ဖူးပါတယ်၊ ယူ…ကိုယ့်တပည့် မဟုတ်လား…"

သူမ ရေနစ်သူတစ်ယောက် ကောက်ရိုးမျှင်ဆွဲမိသလို…ဝမ်းသာအားရ ထုတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ မမ…နောက်ဆုံးပိုစတင်မှာပါ၊ ကိုးတစ်ဆယ်ကပါ"

မမဇင်က ပြန်မေးသည်။

"ယူ့နာမည်…ဘယ်သူ…"

မမဇင်က ဝတ်ကျေတန်းကျေ မေးသည့်ပုံစံမျိုး ခေါင်းလေးစောင်းငဲ့ပြီး မေးကာ သူမအနားကနေ ထွက်ခွာသွားတော့မလို့ပါ။

"မရနိုင်ပါ…မမ…"

"မရနိုင်…"

သူမအနားကနေ ဝေးရာကို ခြေလှမ်းပြင်နေသော မမဇင် ခြေထောက်တွေ တုန့်ကနဲ ရပ်တန့်သွားသည်။

"မရနိုင်…"

မမဇင်က သူမဆီ ပြန်လှည့်လာသည်။

ပြီးတော့ ခုနက ကုတင်နေရာ ချပေးသော ဆရာဝန်မလေးလက်ထဲက ဖိုင်တွဲတွေ တစ်ထပ်ကြီးကို မမဇင်တောင်းကြည့်ရင်း မေးသည်။

"နေဦး၊ သူ…ဘာကေ့စ်နဲ့ ဖြေရမှာလဲ…."

မမဇင်မျက်လုံးလေးတွေ ဝိုင်းသွား၏။

မမဇင် ဘာလုပ်နေမှန်း ခုထက်ထိ သူမ သဘောမပေါက်သေး။ ပြီးတော့မှ မမဇင်က သူ့ဟာသူ ရေရွတ်သလို အံ့ဩတကြီး ထုတ်ပြောသည်။

"အိုး…အို…၊ ယူ တကယ်ဘုရားမရှိခိုးလာဘူးကိုး၊ တည့်တည့်ကို ရတော့တာပဲ"



ပြီးတော့ မမဇင်သည် ဆရာဝန်မလေးကို အမိန့်ပေးတော့သည်။

"စုရေ…၊ မရနိုင်ကို ကုတင်လဲပေးလိုက်ပါ၊ ဟိုဘက်က တူးအိုသရီးနဲ့ လဲခိုင်းလိုက်၊ သူ…ဒီလူနာနဲ့ စာမေးပွဲ ဖြေလို့မဖြစ်ဘူး"

စုလို့ ခေါ်တဲ့ ဆရာဝန်မမျက်နှာက အလွန်အံ့ဩသည့် ပုံစံပေါ်သွားသည်။ မမဇင်က ဖြေသည်။

"စု…မမနောက်မှ ရှင်းပြမယ်၊ မရနိုင်ကို ဟိုဘက်က လူနာသာ ပေးလိုက်ပါ"

သူမလည်း မမဇင်ရဲ့ အပြုအမူကို အလွန်အံ့ဩနေပါသည်။

မမဇင်က ပြောရုံသာ မကဘဲ သူမရဲ့လက်မောင်းကိုပင် အတင်းဆွဲခေါ်လာကာ ဟိုဘက် တစ်ကုတင်ခြားက လူနာနဲ့ချိန်းပေးလိုက်သည်။

အဲဒီကုတင်က လူနာကို စတင်မေးမြန်းဖို့ ပြင်ဆင်နေသည့် သူမတို့နဲ့ တစ်တန်းသား နေမျိုး…ကလည်း ဘုမသိ၊ ဘမသိ ကေ့စ်ပြောင်းလိုက်ရ၍ အူကြောင်ကြောင်လေး ဖြစ်နေသည်။

သို့ပေမယ့် နေမျိုးက ပျော်နေသည်။

"တော်သေးတယ်၊ အဲ့ဒီ လူနာအန်တီကြီးက ရင်ဘတ်မှာလည်း ခွဲထားတဲ့ ဒဏ်ရာကြီးနဲ့၊ ဘာမှလည်း မေးလို့မရဘူး၊ ခပ်တည်တည်ကြီး၊ နင်သာ အဲ့ဒီအန်တီကို ရအောင် မေး…မရ၊ ငါကတော့ ကုတင်လဲလိုက်တာ ပိုကောင်းသွားတယ်၊ နင့်လူနာဦးလေးကြီးက ပြုံးနေတာပဲ၊ သဘောကောင်းမယ့်ပုံ"

သူမ နေမျိုးကို မျက်စောင်းထိုးပစ်လိုက်သည်။

သို့ပေမယ့် ခုထက်ထိ စိတ်ထဲမရှင်းသော မမဇင်ရဲ့ အပြုအမူကို သူမ အံ့အားသင့်စွာ ပြန်မေးလိုက်မိသည်။

"မမ…သမီးကို အဲ့ဒီလူနာနဲ့ ဘာလို့လဲလိုက်တာလဲ…ဟင်"

မမဇင်က သူမမျက်နှာကို စိုက်ကြည့်သည်။

"မင်း…ခုနက မဲပေါက်တဲ့ ပထမလူနာ….ဘာရောဂါလဲ…မင်း သိလား"

သူမ ခပ်တိုးတိုးလေး ဖြေဖြစ်သည်။

"အိပ်ချ်စီစီ…ဆို"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းအဖေမှာဖြစ်တဲ့ ရောဂါနဲ့လူနာကို မင်းစမ်းသပ်ပြီး စာမေးပွဲဖြေချင်လို့လား"

သူမ နှုတ်ခမ်းလေးတွေ ဝိုင်းသွားရပါသည်။

"ရှင်…"

သူမ အံ့အားသင့်စွာ မမဖင်ကို ပြန်မေးလိုက်မိသည်။

"မမက သမီးအဖေကို သိနေလား"

မမဖင်က သိုဝှက်စွာ ပြုံးလေသည်။

"ကိုယ်လည်း မင်းနာမည်ကို မေ့နေတာ၊ ခုမှ…မင်းနာမည်ကို မေးမိပြီး ခေါင်းထဲမှာ ဖျတ်ကနဲ ပြန်ပေါ်လာတာ၊ မင်းရဲ့ကောင်လေးကို ကျေးဇူးတင်ပေါ့၊ အဲဒါ…"

"ရှင်…"

သူမ နောက်တစ်ခါ ရှင်…မိပြန်တော့ မမဖင်က ရယ်သည်။ အမြဲလိုလို စူပုပ်တင်းမာနေသော မမဖင်မျက်နှာသည် ရယ်လိုက်သောအခါ အလွန်ကြည့်ကောင်းပါသည်။

"မင်းတို့ ကိုယ့်ဝပ်မှာ ဆင်းရတုန်းက မင်း ဆေးရုံကိုလာဖို့ သုံးရက်လောက် ဆက်တိုက်ပျက်တယ်လေ၊ မှတ်မိလား၊ ကိုယ်က မင်းကို သတိထားမိလို့…ဟိုအသားညိုညို၊ အရပ်ပုပုကောင်မလေးရော…၊ မတွေ့တာကြပြီနော်၊ ကျောင်းပျက်တာများလှချည့်လား…လို့ စာသင်နေတုန်း မေးမိတာ၊ မင်းရဲ့ကောင်လေးက စာသင်ပြီးတော့ ကိုယ့်အခန်းထိ လာရှင်းပြတယ်၊ မင်း နာမည်က မရနိုင်၊ ဦးမင်းနိုင်ရဲ့ သမီး…၊ ပြီးတော့ မင်းအဖေ အသည်းကင်ဆာဖြစ်တာ၊ စက်ာပူမှာ ကီမို…စ,သွားယူရမှာတွေ ပြောပြတယ်၊ ကိုယ်သဘော ပေါက်သွားတယ်၊ ဒါကြောင့် မင်းကို အခု လူနာလဲပေးလိုက်တာပေါ့၊ မင်းကောင်လေးက မင်းကို တော်တော်ဂရုစိုက်တာပဲ၊ သူ့နာမည်ကရော…ဘယ်သူ…"

"ကုဋ္ဌေပါ…မမ၊ သမီးရဲ့ကောင်လေး မဟုတ်ပါဘူး၊ သူငယ်ချင်းပါပဲ"

"ဘုရားရေ…၊ ဆောရီး၊ ကိုယ်ကအဲ့လိုပဲ၊ တလွဲတွေ၊ ဒါပေမယ့် သူငယ်ချင်းဆိုရင်လည်း သိပ်ကောင်းတဲ့ သူငယ်ချင်းပဲကွယ်၊ မင်း…ကံကောင်းပါတယ်"

ဟုတ်ရဲ့လား…မမရယ်။ သူမကတော့ သူမကံကောင်းတယ်ဆိုတာ



ယုံတမ်းပုံပြင်တစ်ပုဒ်လို ဟားတိုက်ရယ်မောချင်နေတုန်း…။

"မမရယ်…မမကို အရမ်းကျေးဇူးတင်ပါတယ်၊ ခုနက သမီး အဲ့ဒီလူနာရှေ့မှာ တကယ်ကို ငိုချချင်နေတာ၊ ဖေဖေ့ကို…ဖေဖေ့ကို အရမ်းသတိရသွားလို့…၊ ဖေဖေက ဒီနေ့စက်ာပူမှာ ခွဲရမှာလေ…"

"ဟင်…ဟုတ်လား၊ ကိုယ်က အိပ်ချ်စီစီ စတေ့ဂျ်သရီးလို့ ကြားသလားလို့၊ မခွဲကြတော့ဘူး ကြားသလားလို့"

"ဟုတ်တယ် မမ၊ အစကတော့ မခွဲဘူးလို့ ဒီမှာ ဆုံးဖြတ်ကြတာပဲ၊ ဟိုက ဆရာဝန်တွေက (Risk) ယူလိုက်တယ်၊ အသားစယ်ှရမယ့်အတူတူ မထူးဘူး၊ ဖွင့်လိုက်တာက ပိုပြီးတော့တောင် (Safe) ဖြစ်မယ်၊ ခွဲမယ်ဆိုပြီးလေ၊ သူတို့ကတော့ ပြောတယ်၊ ကင်ဆာကျိတ်ကို အကုန်အစင်တော့ ခွဲထုတ်လို့ရမှာ မဟုတ်ဘူးတဲ့၊ ရသလောက်လေ၊ (Palliative Surgery)ပေါ့မမ၊ သူတို့ ခွဲထုတ်နိုင်သလောက် ဖေဖေ ကြာကြာပိုနေရမှာပေါ့…မမရယ်"

သူမရဲ့လေသံက အဖျားခတ်၍ တုန်ယင်သွားတော့ မမဖင်ရဲ့ မျက်လုံးလေးတွေက ပိုမိုနူးညံ့ပျော့ပြောင်းသွားကြသည်။

သူမရဲ့လက်မောင်းကို ခပ်တင်းတင်းပင် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ရင်း…။

"အို…မမ စိတ်မကောင်းပါဘူးကွယ်၊ မင်းအဖေ ဟိုမှာ ဆာဂျရီလုပ်မယ့်နေ့မှာမှ မင်းကလည်း ဒီမှာ ပါတ်တူးဆာဂျရီ စာမေးပွဲကို ဖြေရတယ်လို့၊ ကဲ… ကဲ…ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ အားတင်းထား၊ မင်း စမ်းသပ်ရမယ့် လူနာကို ပြုံးပြဖို့လည်း မမေ့နဲ့၊ တို့တွေ ဆရာဝန်ဘဝက ဒီလိုပဲကွ၊ အဲ့ဒါ…မင်း ခေါင်းထဲ မြဲမြဲထည့်ထား၊ မင်းရဲ့အိမ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ပူဆွေးသောကတွေ ဘယ်လိုရောက်နေရောက်နေ၊ လူနာတွေကတော့ မင်းပြုံးနေတာလေးပဲ မြင်ချင်မှာ၊ တို့တွေရဲ့ကိုယ်ပိုင်ဘဝကို ဆေးရုံရောက်တာနဲ့ မေ့လိုက်ရတယ်၊ အိမ်မှာပဲ ကိုယ့်ရင်ထဲက ခံစားချက်တွေ ထားခဲ့ရတယ်၊ ကိုယ်တို့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ကိုယ်တို့ဘဝက ဘယ်လိုဒုက္ခရောက်နေတယ်…၊ လူနာတွေက မသိချင်ဘူး၊ သူတို့နဲ့လည်း မဆိုင်ဘူး၊ သူတို့လိုအပ်တာ တို့ရဲ့အပြုံးနဲ့ကုသမှုပဲ၊ ဒီတော့ ရင်ထဲမှာ ဘာရှိရှိ…မင်းဆရာဝန်တစ်ယောက်ဖြစ်လာပြီဆိုရင် လောကကြီးကို ပြုံးနေနိုင်ရမယ်၊ ကဲ…ပြုံးစမ်း…၊ ပြုံးကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



မမဇင်ကို ဟိုအရင်က သူမ ထင်ထားခဲ့သမျှ…အင်မတန် စကားပြောကြမ်းသူ၊ ကျောင်းသူကျောင်းသားတွေဆိုလျှင် အမြဲဆူပူဟောက်နေသူ၊ ဘယ်တော့မှ သနားညှာတာ ကြင်နာစိတ်မရှိ၊ စက်ရုပ်ကြီးလို တိကျပြတ်သားစွာ အလုပ်လုပ်သူလို့ ထင်ထားခဲ့တာ…တကယ်တကယ်စင်အောင် မှားနေပါပေါ့လား…။

မမဇင်ရဲ့စကားက သူမအတွက် အားတစ်ခုဖြစ်သွားစေတာ အမှန်ပင်။

မမဇင်ရဲ့အားပေးစကားကို ကြားမှ မျက်ရည်စတွေ မျက်ဝန်းမှာ ဝေ့သီနိုတွဲလာတာတော့ ဘာကြောင့်မှန်းမသိ။ မမဇင်က သူမကို ပြောနေပုံဟာ သူ့လက်အောက်မှာ တကယ်တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်ဖြစ်ပြီးသားလူတစ်ယောက်ကို ပြောနေသလိုဟု သူမ ခံစားလိုက်ရလို့ ဖြစ်မည်။

သူမဟာ ဆရာဝန်တစ်ယောက် ဖြစ်တော့မှာပါလား…ဆိုတဲ့ ခံစားချက်သေးသေးလေးကိုလည်း ခံစားလိုက်ရလို့ ဖြစ်သည်။

ငါ…ဒီနေ့ဒီရက်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရင် တကယ် ဆရာဝန်တစ်ယောက် ဖြစ်တော့မယ်တဲ့။

လူနာတွေကို ကုသရတော့မယ်တဲ့။ အဲ့ဒါ တကယ်ပဲလား…။

သူမရင်တွေက တလှပ်လှပ်ခုန်လာသည်။

သူမရဲ့ခေါင်းထဲက အတွေးများကို မမဇင်က ရိပ်မိသည့်ပုံနှင့် ညစ်ကျယ်ကျယ်အပြုံးလေး ပြုံးရင် ထပ်ပြောပါသည်။

"အိုင့်ကို ယူတို့ထင်တာနဲ့ တခြားစီ…၊ သိပ်သဘောကောင်းတာပဲ..လို့ တွေးမနေနဲ့ဦး၊ အိုင်က ယူတို့ထင်သလောက် သဘောမကောင်းဘူး၊ အိုင်…ယူ့ကို လူနာလဲပြီး စာမေးပွဲဖြေနိုင်းတာ တခြားအကြောင်းလည်း ရှိသေးတယ်၊ အိပ်ချိစီစီလူနာနဲ့ ယူဖြေရရင် အိုင်တို့မေးတာ ယူအကုန်ရနေမှာပေါ့၊ အဖေဖြစ်တဲ့ရောဂါဆိုတော့ ကကြီးက အ,အထိ ယူဖတ်ထားမှာပဲ၊ တော်ကြာ ဂုဏ်ထူးပေးနေရမှာစိုးလို့ ယူ့ကို ကုတင်လဲလိုက်တာ"….တဲ့။

မမဇင်က အဲ့ဒီလို…။



ဆရာဦးအေးနိုင်ရဲ့ မျက်နှာက တင်းနေတာပဲလို့ သူမ တွေးမိသည်။

မျက်နှာထားက တင်းရတဲ့အထဲ လေသံကလည်း အေးခဲပြီး ရက်စက်တတ်မယ့်ပုံမျိုး။

"ပြောလေ…၊ ခွဲစိတ်ကုသမှုတစ်ခုတည်းနဲ့တင် မင်းရဲ့ မန်းနေ့ဂျ်မန့်က အဆုံးသတ်သွားရောလား…."

သူမ ဆက်ဖြေရပြန်သည်။

သူမလဲယူလိုက်တဲ့ လူနာကလည်း ကင်ဆာရောဂါ ဝေဒနာရှင်တစ်ဦးပဲ ဖြစ်နေပါသည်။

အသည်းမှာတော့ မဟုတ်။ ဘရွန်ခိုဂျန်းနစ်ကာစီနိုမားလို့ ခေါ်တဲ့ အဆုတ်ကိုသွားတဲ့ လေပြွန်တွေမှာဖြစ်တဲ့ ကင်ဆာရောဂါတစ်မျိုး။ အဆုတ်ကင်ဆာလို့ပဲ လွယ်လွယ်ပြောကြပါစို့။

သို့ပေမယ့် ကင်ဆာရောဂါတွေမှာဖြစ်တဲ့ အထွေထွေရောဂါလက္ခဏာတွေ၊ ဆေးဝါးကုထုံးတွေ၊ ဓါတ်ခွဲစမ်းသပ်မှုတွေဟာ တစ်ခုနဲ့တစ်ခု ခပ်ဆင်ဆင်တူညီနေတတ်ကြတာပါ။

သူမဟာ ဖေဖေ့ရဲ့ ကင်ဆာရောဂါကြောင့် ကံဆိုးတယ် ပဲ ပြောရမလား၊ ကံကောင်းတယ်ပဲ ပြောရမလား၊ ကင်ဆာနှင့် ပါတ်သတ်၍ ဆရာဦးအေးနိုင် မေးသမျှကို ခုချိန်ထိ အားလုံးဖြေနိုင်နေသည်။

အဲ့ဒီအတွက် ဆရာဦးအေးနိုင်က မကျေနပ်ဘူး…တူပါရဲ့။

သူလိုချင်တာ မေးလိုက်ရင် ကျောင်းသားမျာ အိုးနင်းခွက်နင်း၊ ဗျာများပြီး၊ ခေါင်းကုတ်၊ လက်ကုတ်နဲ့ အ,ထစ်…၊ အဖြေမဲ့နေတာကို လိုချင်တာနေမှာ။ သူမက သူထင်ထားတဲ့ ခပ်တုံးတုံးကျောင်းသားမျိုးမဟုတ်။

ကင်ဆာအကြောင်းကို ကကြီးက အ,ထိ မဟုတ်တောင် တော်တော်လေးတော့ သူများထက် ပိုသိနေပြီမို့လို့လေ…။

သူမ ဆက်ဖြေရသည်။

အဲ့ဒီ ကင်ဆာရောဂါကို ကုပေးလို့ရသည့် (Chemotherapy) လို့ခေါ်တဲ့ ဆေးဝါးကုထုံး အကြောင်း၊ ဓါတ်ရောင်ခြည်နဲ့လည်း ကုသနိုင်သည့် (Radiation therapy) အကြောင်းတွေ…။

www.burmeseclassic.com

www.burmeseclassic.com



လူနာရဲ့ ရောဂါအဆင့်ပေါ်မူတည်ပြီး ကုသမှုတွေက ကွဲပြားသည့်အကြောင်း၊ အကျိတ်က အရွယ်အစားသေးပါက ခွဲစိတ်မှုလုပ်လို့ရပြီး တခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ပြန့်နှံ့နေပြီးသည့် ကင်ဆာဖြစ်နေပါက ဓါတ်ရောင်ခြည်နဲ့ရော၊ အကြောဆေး၊ ထိုးဆေးများနှင့်ရော ပေါင်းပြီး ကုသပေးရကြောင်း...သူမ တော်တော်လေးစုံအောင် ပြောပြလိုက်နိုင်သည်။

ဆရာဦးအေးနိုင်ဘေးမှာ ထိုင်နေသည့် မမဇင်ကတော့ တစ်ခွန်းနှစ်ခွန်းသာ ဝင်မေးပြီး သိပ်ခက်ခဲသည့် မေးခွန်းမျိုး မမေးပါ။

တော်သေးတာပေါ့။

ဆရာဦးအေးနိုင့်မေးနေတာတင် နာရီဝက်လောက် ရှိနေပြီ။

"ဘာဆေးတွေ ကြားဖူးလဲ...၊ ကီမိုက..."

သူမဖြေရပြန်သည်။ ဆေးတွေက အများကြီးပဲ ဥစ္စာ။ ဝါ့နယ်နော...။ သေချင်တာပါပဲ။

"ပလက်တီနမ် ကွန်ပေါင်းတွေထဲက စစ်ပလပ်တင်၊ ကာဘိုပလပ်တင်၊ ပေးလို့ ရပါတယ်၊ ပြီးတော့ ဗင်ကာ အယ်လ်ကာလွိုက်တွေ...၊ ဗင်ကရစ်စတင်း၊ ဗင်ဘလပ်စတင်း၊ ခုနောက်ပိုင်းမှာ ပေါ်တယ်လို့ ပြောတဲ့...ဗီနိုရယ်လ်ဘင်း"

ဆရာဦးအေးနိုင်က မချိုမချဉ်မျက်နှာနဲ့ ရယ်သည်။

"မင်း...ပြောတဲ့ အဲဒီဆေးတွေ ဘယ်လောက်တန်သလဲ မင်းသိရဲ့လား၊ မင်းလူနာက ဝယ်ကုနိုင်မှာလား၊ ဘယ်သူဝယ်ပေးမှာလဲ၊ မင်း...လား"

စပြီ...။ တောက်လျှောက် သူမ,ပြောသမျှ ခေါင်းညိတ်ပြီး မျက်နှာထားရှုတည်တည်နဲ့ နားထောင်နေတဲ့ ဆရာဦးအေးနိုင်က သူမကို စတင်တိုက်ခိုက်တော့သည်။ သူ့စကားက သူမရဲ့အဖြေကို လှောင်ပြောင်ချင်သည့် သဘော...ပေါက်နေသလိုပဲ။

သူမသည် လူနာနှင့်စမ်းသပ်၊ စကားပြောရတာက တစ်နာရီ။ ဆရာဦးအေးနိုင် မေးနေတာက နာရီဝက်ကျော်။

ဒီလို နှစ်နာရီနီးပါးကာလတစ်ခုကို ဦးနှောက်တွေ ပူမဲကျပ်ပိတ်အောင် စဉ်းစားတွေးခေါ်ပြီး အမှားမပါအောင် ဖြေနေရတာ ဘယ်လောက်ခက်ခဲမယ်ဆိုတာ ဆရာနားမလည်နိုင်ဘူးလား။



သူမရဲ့ သွေးဆူလွယ်သော စိတ်မြန်လက်မြန် သဘောထားလေးက ချက်ချင်း ဝေါက်ကနဲ ထလာသည်။

အမှန်တော့ ဆရာက အဲဒီလို လှောင်ပြောင်သရော်လည်း စာမေးပွဲဖြေနေတာမို့ အသာလေးခေါင်းငုံ့ခံလိုက်ရမှာ...။

သို့ပေမယ့် မရနိုင်လေ...။

မရနိုင်ဆိုတဲ့ မိန်းမက တခြားမိန်းမတွေနဲ့ သိပ်တူတာမဟုတ်။

"ဆရာ...ကျွန်မက ဒီလူနာလို ရောဂါရှင်မျိုးမှာ ဒီလို၊ ဒီလိုဆေးတွေ ပေးလို့ရတယ်၊ ကုလို့ရတဲ့ယ်လို့ ပြောတာပါဆရာ၊ သင်ရိုးညွှန်တမ်းမှာ ရေးထားလို့ ပြောရတာပါ၊ ဒီလူနာ ဝယ်နိုင်တာ မဝယ်နိုင်တာ တကယ်လက်တွေ့ ကုသရတဲ့အခါကျမှ စဉ်းစားရမယ်လို့ ထင်ပါတယ်"

ဆရာ့မျက်နှာက တစ်ချက်တွေသွားသည်။

မျက်မှန်အနက်ထူထူကြီးကို ဆပ်ကနဲ ပင့်တင်သည်။

မသေချာတာပေါ့။ စိတ်ဆိုးသွားပြီ။ ဆရာဦးအေးခိုင်လို လူမျိုးကို အဲဒီလို စာမေးပွဲဖြေနေတုန်း ပြန်ပြောရဲတာ တစ်ယောက်မှ ရှိမည်မထင်...။

အို...မကျေနပ်လည်း တေတ်နိုင်ဘူး။ မသကာ...သူ...ငါ့ကို စာမေးပွဲချရုံအပြင် ဘာမှပိုမရှိဘူး။ စာမေးပွဲကျတော့ရော...ဘာဖြစ်လဲ။ နောက်ခြောက်လအကြာမှာ ငါ...ထပ်ဖြေလိုက်ရုံပေါ့။ ငါ့ကမ္ဘာကြီး ပြိုကျသွားတာမှ မဟုတ်တာ။

သူမစိတ်ထဲက အားတင်းပြီး ဆရာဦးအေးနိုင်ကို ခပ်တည်တည်ပင် ပြန်စိုက်ကြည့်လိုက်သည်။

ဘေးနားက မမဇင်ပင် သူမအပြောကြောင့် မျက်လုံးတွေ ဝိုင်းစက်သွားပြီး သူမကို စိုက်ကြည့်လေသည်။

ဒီကောင်မလေးတော့ လုပ်ချလိုက်ပြန်ပြီဆိုတဲ့ အကြည့်မျိုး။

ဆရာဦးအေးနိုင်က ရယ်ကျဲကျဲ အရှင်လုပ်သေးသည်။ ပြီးမှ မျက်နှာကို တစ်ချက်မဲ့လိုက်ကာ...။

"အိုး....မင်းက ဆရာဝန်ဖြစ်တော့မှာလေ၊ ဒီနေ့စာမေးပွဲပြီးလို့ ညနေကိုပဲ အောင်စာရင်းက ထွက်မှာ၊ တကယ်လို့ မင်းစာမေးပွဲအောင်ရင် မနက်ဖြန်ကို မင်းဆရာဝန်ဖြစ်ပြီ မဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဆေးကျောင်းမှာ အောင်စာရင်းတွေကို စာမေးပွဲကြီးပြီးတာနဲ့ စာမေးပွဲနောက်ဆုံးရက်မှာ နေ့ချင်းပြီး အောင်စာရင်းထုတ်ပြန်သည့် စံနစ်ရှိသည်။ ကျသောသူများအတွက် အချိန်မပုပ်အောင်။ စာကို ချက်ချင်းပြန်ဖတ်လို့ရအောင်...။

ဆရာဦးအေးနိုင်ဆက်ပြောနေသည်။

"မင်းအခု....စမ်းထားတဲ့လူနာကို မင်း...ဆရာဝန်တစ်ယောက်လိုပဲ ကုရမှာပေါ့၊ ဆွေးနွေးရမှာပေါ့၊ ကိုယ်တို့က မင်းကိုစာမေးပွဲစစ်နေတာ စာရလား၊ မရလားတင် သိချင်တာမဟုတ်ဘူး၊ မင်းခေါင်းထဲမှာ ဆရာဝန်တစ်ယောက်လိုရော တွေးရဲ့လား၊ တွေးတတ်ပြီလား...သိချင်တာလေ၊ ဒီအချိန်မှာ မင်း...ဆေးကျောင်းသားလို မဖြေရဘူး၊ ဆရာဝန်တစ်ယောက်လို ဖြေရမယ်၊ ဒီလူနာက မင်းပေးချင်တဲ့ ဆေးတွေကို ဝယ်သုံးနိုင်မှာလား၊ သူ့မှာ အဲ့ဒီလောက်ဈေးကြီးတဲ့ ဆေးတွေကို ဝယ်နိုင်တဲ့ ငွေကြေးအင်အား ရှိရဲ့လား ၊ မင်းဆရာဝန်ဖြစ်ရင် ဒါတွေ စဉ်းစားရတော့မယ်၊ တို့နိုင်ငံက ဆရာဝန်တွေ လူနာတစ်ယောက်ရဲ့ ရောဂါကို အဖြေရှာတတ်ရုံနဲ့ မရဘူး၊ သိရဲ့လား၊ သူတို့ရဲ့ လူမှုရေး၊ စီးပွားရေးကိုပါ ခေါင်းထဲထည့်မှ ကုလို့ရတယ်၊ ဆရာဝန်ပီသတယ်၊ ရော့...အင့်၊ ဒီဆေးသောက်၊ ဝယ်နိုင်ရင်...ဝယ်၊ မဝယ်နိုင်ရင် မသောက်နဲ့လို့ မင်းပြောပြီး ထားခဲ့မှာလား၊ လူနာကို၊ အဲ့ဒါဆို မင်းဘာဖြစ်သွားမလဲ၊ ဆေးဆိုင်က အရောင်းစာရေးမ ဖြစ်သွားမယ်၊ နားလည်လား"

အင့်...အင်း။ လေသံက တော်တော်မာပါကလား...။

ဒီလိုမျိုးလေသံနဲ့ပဲ ဒီစားပွဲမှာ၊ ဆရာဦးအေးနိုင်ရှေ့မှာ ဆေးကျောင်းသူတွေ...၊ မနေ့က ဌေးဌေး...၊ ဟိုတစ်နေ့က ဖွေးဖွေးလား... မျက်ရည်ပေါက်ကြီးငယ်နဲ့ကို ငိုချသွားရတာနေမှာ။ သူမကတော့ ဆရာဦးအေးနိုင်ရဲ့ လေသံနဲ့ မျက်နှာထားကြောင့် ရင်တွေပဲ တဒုတ်ဒုတ်ခုန်နေတာ...။

မျက်နှာထားကတော့ မပျက်ရေးချ...မပျက်။ သူမက မရနိုင်လေ...။

ဒီ့ထက်မက ဆိုးဝါးတဲ့ ကံကြမ္မာတွေ သူမ...တွေ့ခဲ့ရတာ၊ ကြုံခဲ့ရတာပဲ။ ဒီလောက်လေး အပြောခံရရုံနဲ့ မျက်ရည်ကျတတ်တဲ့ အသည်းနုနုမိန်းမတွေထဲမှာ သူမ...မပါဘူး။



"နားလည်ပါပြီ...ဆရာ"

သူမက မျက်နှာကို ခပ်မော့မော့နှင့်ပင် ဆရာ့ကို ရင်ဆိုင်ကြည့်ပြီး ဖြေလိုက်သည်။

သူမလေသံကို ဆရာဦးအေးနိုင် သိပ်ကြည်လင်ပုံမရ။ ထပ်ပြောသည်။

"မင်း....သိလား၊ မင်းခုနက ပြောတဲ့ ကင်ဆာဆေးတွေ....တစ်လုံးကို ဘယ်လောက်တန်တယ်....မင်းသိရဲ့လား၊ ဝမ်းဆိုက်ကယ်တစ်ခု သွင်းဖို့တောင် လေးငါးခြောက်သိန်း ကုန်တယ်၊ အော်လ်ဆိုက်ကယ်လ် အပြည့်အစုံသွင်းနိုင်ဖို့ လူနာတစ်ယောက်ကို သိန်းသုံးဆယ်ကနေ ခြောက်ဆယ်လောက်ထိ ကုန်ကျနိုင်တယ်၊ လူတိုင်းသွင်းနိုင်မှာ မဟုတ်ဘူး၊ ကဲ...လူနာက မသွင်းနိုင်ပါဘူးတဲ့၊ မင်း....ဘာလုပ်မလဲ..."

ငြိမ်နေလိုက်တာ ကောင်းမည်။

ဒီမေးခွန်းက သူမကို ဖြေစေချင်လို့ သူမေးတဲ့ မေးခွန်းမဟုတ်...။ တစ်ခါတစ်ရံ လောကကြီးမှာ အဖြေမလိုချင်တဲ့ မေးခွန်းတွေ ရှိတတ်သည်။

သူမက ရှည်ကြောပြီး ဖြေမိလိုက်လျှင်လည်း ဆရာသဘောမကျတဲ့ အဖြေပဲ ဖြစ်နေမှာမို့ ဒီတစ်ခါတော့ ငြိမ်နေလိုက်ရသည်။

နို့မဟုတ်လျှင် ဆဲသံ၊ ဆူသံတွေ ထပ်ပြီးဝေါလာနေဦးမှာ...။

သူမ ဒီလိုငြိမ်နေတော့လည်း ဆရာဦးအေးနိုင်က မရပ်ပါ။

စားပွဲပေါ်က စာမေးပွဲစစ်တဲ့ဆရာတွေ စားဖို့ညှော်ခံထားတဲ့ စပါကလင်ကိုပင် တစ်ချက်ငုံ့စုပ်လိုက်ပြီး ဆက်ဆူနေပြန်သည်။

"ကဲ...မင်းဘာလုပ်မလဲ ပြောလေ၊ ကိုယ်တို့ ဆရာဝန်ဖြစ်တာ နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ ကိုယ်တို့တွေ့ခဲ့ဖူးတဲ့ ကင်ဆာရောဂါရှင်တိုင်း ကိုယ်တို့ကုချင်သလို၊ ကိုယ်တို့ပေးချင်တဲ့ ဆေးတွေ၊ ကုထုံးတွေ ပေးလို့ရတယ်၊ မင်းထင်နေလား၊ ကင်ဆာရောဂါလို့ ပြောလိုက်တာနဲ့ လူနာရှင်တစ်ရာမှာ ငါးဆယ်လောက်ကျွန်တော်၊ ကျွန်မတို့ လူနာကို အိမ်ပြန်ခေါ်သွားပါတော့မယ်ဆရာ...ဆိုတာချည်းပဲ၊ ကျန်တဲ့ငါးဆယ်ကတော့ ကုပါတယ်၊ ရှိသမျှ ပေါင်နှံရောင်းချပြီး ကုကြတယ်၊ အိမ်ရောင်းတယ်၊ ရွှေရောင်းတယ်၊ ဆိုင်ကယ်၊ စက်ဘီးပဲ ရှိတဲ့လူနာလည်း ဆိုင်ကယ်စက်ဘီး ရောင်းကုတယ်၊ ဒါပေမယ့် ကင်ဆာလေ၊ သက်တမ်းကို

www.burmeseclassic.com



ဆွဲဆန့်ရုံပဲ ရှိတယ်၊ နောက်ဆုံးကျတော့လည်း ဆုံးတာပါပဲဆိုပြီး ကြာလာတော့ လူနာတွေက ကင်ဆာဆို မကုချင်တော့ဘူး၊ မကုတော့ဘူး ဆရာရယ်၊ ကုလည်း နောက်ဆုံး လက်လွှတ်ရမှာပဲ၊ မကုလည်း လက်လွှတ်ရတာပဲ၊ မထူးတော့မယ့် အတူတူ...၊ အဲဒီလို လူနာတွေ တွေ့တဲ့အခါ မင်း...ဘယ်လို ပြောမလဲ၊ အားပေးမလဲ၊ ကဲ...ပြောစမ်း"

သူမငြိမ်နေရပြန်သည်။

သူမမှ ဆရာဝန်မဖြစ်သေးဘဲနဲ့၊ ဘယ်လိုလုပ် ပြောတတ်ရမှာလဲ... ဆရာရဲ့။ အဲဒါက သူမ အတွေးထဲမှာ ပြန်အော်မိခြင်း ဖြစ်သည်။

အပြင်မှာတော့ သွားမလုပ်ရဲပါ။ ခုနက တစ်ခွန်းလေး ပြန်ပြောမိတာလေးနဲ့ နောက်ဆက်တွဲ ထွက်လာတာတွေကို ကြားကြရဲ့ မဟုတ်လား...။

ဆရာဦးအေးနိုင်ရဲ့ ဩဝါဒများ မပြီးသေးပါ။

"ကဲ...ပြောပါဦး၊ ကြုံတုန်း စာမေးလိုက်မယ်၊ ခုနကပြောတဲ့ ကီမိုသာရပီဆေးဝါးတွေမှာ....၊ သွင်းလိုက်ရင် ရောဂါသက်သာတာတခြား၊ ဆေးကြောင့် ဒိုးထက်ပိုပြီး ခံစားရတဲ့ (Side Effects) တွေ ရှိသေးတယ်လေ၊ အဲဒီဟာတွေ ဘာတွေလဲ...ပြောစမ်း၊ မင်း...ဘယ်လောက်သိလဲ"

သူ့အမေးက စိန်ခေါ်သလိုပဲ။ သူမ ဖြေလိုက်ပါသည်။

သိတာပေါ့ဆရာရယ်။

အဲဒီ ကင်ဆာဆေးတွေ သွင်းလိုက်တဲ့အခါ ဖြစ်ပေါ်လာမယ့် တခြားဘေးထွက်ဆိုးကျိုးတွေ...၊ လူနာမှာ ထပ်ပြီးခံစားရတာတွေ...၊ ကျွန်မ သိပ်သိတာပေါ့။ အဲဒါ ဖေဖေခံစားရမယ့် ဝေဒနာတွေပဲလေ။

မူးဝေမယ်။ အော့အန်မယ်။ ဆံပင်တွေ ကျွတ်မယ်။ အသားအရေတွေ ခြောက်ခန်းမယ်။ သွေးအားနည်းမယ်။ သွေးအားနည်းတဲ့အတွက် ကူးစက်ရောဂါပိုးတွေ လွယ်လွယ်နဲ့ ဝင်လာမယ်။

တစ်ချိန်တည်းမှာ ဝမ်းတွေပျက်မယ်၊ အစားအသောက်တွေ ပျက်မယ်။ အများကြီးပေါ့။ သူမ သိသမျှကို အိတ်သွန်ဖာမှောက်ပြောရတော့လည်း ဆရာက ငြိမ်ပြီး နားထောင်နေသေးသည်။ စာမေးပွဲချချင်ရင် တစ်ခါတည်းသာ ချလိုက်ပါတော့ ဆရာရယ်။ ကျွန်မလည်း ဖြေရတာ အာတွေခြောက်လှပါပြီ။



စိတ်ထဲကတော့ အဲဒီဆရာအေးနိုင်ရှေ့က အော်ဟစ်ခုန်ပေါက်ကာ ပြေးထွက်သွားချင်သော်လည်း နှုတ်ကတော့ ဆက်ဖြေနေရသည်။

အဲဒီကင်ဆာဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေကိုပါ ဘယ်လိုကာကွယ်၊ ထပ်မံကုသနိုင်သည့်အကြောင်း သူမပြည့်ပြည့်စုံစုံ ပြောနေတုန်းမှာ ဆရာက စာရွက်ပေါ် တစ်စုံတစ်ရာ ရေးမှတ်နေပါသည်။

ပြီးတော့ ခေါင်းပြန်မော့လာသည်။

"ကောင်းပါပြီ၊ မင်း....ကင်ဆာနဲ့ပါတ်သက်ပြီး တော်တော်ဖတ်ထားတာပဲ၊ ကောင်းပြီ...ကိုယ်နောက်ဆုံးတစ်ခုပဲ မေးတော့မယ်"

အမလေး....။ ဝမ်းသာလိုက်တာနော်။

နောက်ဆုံးတစ်ခုတဲ့။ ဒါပြီးရင် အဲဒီတုန်လှုပ်ခြောက်ချားစရာကောင်းတဲ့ စာမေးပွဲဆိုတာကြီးက သူမ လွတ်မြောက်ပါတော့မယ်။

သေချာတယ်။ အဲဒီ ဆရာဦးအေးနိုင်ရဲ့ နောက်ဆုံးမေးခွန်းဆိုတာ သူမ....ဖြေနိုင်တဲ့ မေးခွန်းမျိုး လုံးဝမဟုတ်ဘူး။ သူမ,မသိတဲ့၊ မသိနိုင်တဲ့ အခက်ခဲ ဆုံး မေးခွန်းတစ်ခုဖြစ်မှာ ကျိန်းသေပေါက်ပဲ။ ဆရာဦးအေးနိုင်ဆိုတဲ့ ဆရာက တယ်တော့မှ ကျောင်းသားက ဖြေနိုင်နေသေးရင် မေးခွန်းကို မရပ်ဘူး။

ကျောင်းသားက မဖြေနိုင်ပဲ၊ ကျွန်တော်မျိုးတို့ ဒါကို...ဒါကို မသိပါဘူး ဆရာရယ်လို့ ပြောမှ၊ အရှုံးပေးလိုက်မှ ကျေနပ်စွာနဲ့ အနိုင်ပိုင်းပြီး ရပ်ချင်တဲ့ ဆရာမျိုး။ သူမ,သိတာပေါ့။

ဒီတော့ ဒီမေးခွန်းကို သူမ ဖြေနိုင်ဖို့ သိပ်မျှော်လင့်မထား...။

သူက ဆက်ပြောသည်။

"ဆိုပါတော့....လူနာတစ်ယောက်က အဲဒီလောက် ပြင်းတဲ့ ဆေးဝါးတွေ၊ ကုထုံးတွေနဲ့ ကုရမယ့်အစား...မကုတော့ဘူး ဒေါက်တာ...၊ ဒီလောက် ခံစားနေရရင်၊ အသေပဲခံလိုက်တော့မယ်၊ ဆေးမကုလည်း ခြောက်လတော့ ခံမှာ၊ ဆေးနဲ့ကုရင်လည်း နောက်ခြောက်လလောက်ပဲ အသက်ကိုဆွဲဆန့်လို့ရမှာ၊ အဲဒီတစ်နှစ်လောက်ကို ဆေးဒဏ်တွေနဲ့ ပြင်းပြင်းထန်ထန် ခံစားပြီး မနေချင်ဘူး၊ မလိုချင်တော့ဘူးလို့ ပြောလာတယ်ဆိုပါစို့၊ ကဲ...ကိုယ်က မင်းလူနာဆိုတော့၊ ကိုယ်ဆိုရင် မကုတူးကွာ၊ ဆေးရဲ့ဘေးထွက်ဆိုးကျိုးတွေနဲ့ ပိုနေရမယ့် ခြောက်လ

www.burmeseclassic.com

www.burmeseclassic.com



ကို မယူဘူး၊ ကင်ဆာမှန်းသိတာနဲ့ အိမ်ပြန်မယ်၊ ဆေးဆက်မကုဘူးဆိုတဲ့ လူနာတစ်ယောက်ကို မင်းဘာပြောမလဲ…သိချင်တယ်၊ မင်း ဘယ်လိုဆွဲဆောင်မလဲ၊ သွားတော့….ဆေးရုံကဆင်းနိုင်ပြီလို့ ချက်ချင်းလက်မှတ်ထိုးပေးလိုက်မလား…၊ ဒါမှမဟုတ် မင်းပေးချင်တဲ့ ကုထုံးတွေ…၊ ဆေးဝါးတွေ ပေးနိုင်အောင် မင်း ဘာပြောဦးမလဲ၊ ဘယ်လို မင်းဘက်ပါအောင် ပြောမလဲ၊ ဖြေ"

အင်…ဘယ့်နှယ်မေးခွန်းကြီးလဲ။

အဲဒါ ဖတ်စာအုပ်ထဲပါတဲ့ မေးခွန်းမျိုးမှ မဟုတ်တာ။

ဒီလိုလူနာကိုတွေ့ရင် ဘယ်လိုပြောရမယ်၊ ဖြေရှင်းရမယ်ဆိုတာ ဆရာတွေ၊ ဆရာမတွေလည်း တစ်ယောက်မှ မသင်ထား။ အနည်းဆုံး မမဇင်တောင် သူမတို့ကို သင်ထားတာ မဟုတ်။ ဒီလိုမျိုး ထော်သော်ကန့်လန့်မေးခွန်းကြီးကို နောက်ဆုံးနှစ် ဆေးကျောင်းသူတစ်ယောက်က စိစဉ်တကျ ဘယ်လိုလုပ်ဖြေဆိုတတ်မှာလဲ။

သူမ နှုတ်ခမ်းတွေ ခြောက်သွေ့စွာ ထိတ်လန့်လာသည်။

ဆရာ ဦးအေးနိုင်ရဲ့ မျက်မှန်နောက်က မျက်လုံးတွေကလည်း သူမကို စူးစိုက်ကြည့်နေပြီး ဒီမေးခွန်းကိုမှ မဖြေနိုင်ရင် စာမေးပွဲကတော့ ချကိုချပစ်မယ် ဆိုတဲ့…အကြည့်ဖြစ်နေသည်။

ဘယ့်လိုဖြေရပါ့မလဲ။

မမဇင်က အပြုံးလေးနဲ့ အားပေးသလိုလို ဝင်ပြောပေးသည်။

"မရနိုင်…ဖြေလေ၊ တို့က မင်းရဲ့အိုင်ဒီယာကို သိချင်တာ၊ ဘာဖြစ်ဖြစ် ဖြေလိုက်…"

သူမ ဆရာဦးအေးနိုင်မျက်နှာကို ရင်ဆိုင်ပြီး တည့်တည့်ကြည့် လိုက်သည်။ ပြီးတော့ မေးလိုက်သည်။

"ခြောက်လ…ဟုတ်လား…ဆရာ"

ဆရာရဲ့မျက်ခုံးတွေ မြင့်တက်သွားသည်။

သူမရဲ့မေးခွန်းကို နားလည်ပုံ မပေါ်။ တကယ်တော့ ဆရာ့မေးခွန်းထဲက အဲဒီခြောက်လဆိုတဲ့ စကားလေးတစ်ခွန်းကပဲ သူမရင်ကို လှုပ်နှိုးသွားတာဖြစ်သည်။



"ဟုတ်လားဆရာ၊ ဆရာက ခြောက်လလောက် လူ့လောကထဲ ပိုနေခွင့်ရမယ့်အဖြစ်ကို မလိုချင်ဘူး၊ ဆေးကုတာကို လက်မခံဘူး၊ ဟုတ်လားဆရာ၊ တကယ်တော့ ခြောက်လဆိုတာ လူတစ်ယောက်ရဲ့ကံကြမ္မာကို အများကြီး ပြောင်းလဲသွားနိုင်ပါတယ်၊ ခြောက်လတောင် မဟုတ်ဘူး၊ စက္ကန့်ပိုင်းလေး အတွင်း…၊ မိနစ်ပိုင်းလေးအတွင်းတောင် အဖြစ်အပျက်တွေက အများကြီး ဖြစ်ပျက်သွားနိုင်တာ၊ ကျွန်မဆိုရင်တော့ လူ့လောကထဲမှာ ခြောက်လပဲဖြစ်ဖြစ်၊ တစ်မနက်ပဲဖြစ်ဖြစ် ပိုနေခွင့်ရရင် နေလိုက်မယ်၊ ဘာဖြစ်လို့လဲ…သိလား၊ ကျွန်မက ဆရာ့လို အပျက်ချည်းပဲ မြင်တာမဟုတ်လို့၊ အကောင်းမြင်ဝါဒသမားမို့လို့ပါ ဆရာ…၊ ဆိုပါတော့၊ အဲဒီခြောက်လအတွင်းမှာ ဆရာ့ရဲ့ကင်ဆာရောဂါကို လုံးဝ ပျောက်ကင်းသွားအောင်ကုနိုင်တဲ့ နောက်ဆုံးပေါ်ကုထုံးသစ်တစ်ခု ပေါ်လာပြီ၊ ဒါမှမဟုတ် အဲဒီလိုကုပေးနိုင်တဲ့ဆေးကို ဝယ်လှူချင်တဲ့သူက ဆရာ့ကိုပဲ လှူမယ်လို့ ပြောလာပြီ၊ ဒါတွေ ဖြစ်လာခဲ့ရင် ဆရာကံကြမ္မာက ပြောင်းလဲသွားပြီလေ၊ ကဲ….ဆရာ…၊ အဲဒီခြောက်လလောက် လောကထဲ ပိုနေလိုက်တာ အကျိုးရှိသွားပြီ မဟုတ်လား၊ ဘယ်သူပြောနိုင်မလဲ၊ နောက်ခြောက်လအတွင်း အဲဒီလိုရောဂါကို ကုနိုင်တဲ့ကုထုံးတွေ…၊ ဆေးဝါးသစ်တွေ ပေါ်မလာ နိုင်ဘူးလို့၊ ကျွန်မတို့ မျှော်လင့်ကြည့်ရမယ်လေ… ဆရာ၊ လူ့ဘဝဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်ရတာ…၊ နောက်ဆုံးအချိန်ထိ မျှော်လင့်ရမှာပေါ့"

သူတို့…သူမ အဖြေကို ရယ်ကြသည်။ မမဇင်က သဘောကျစွာ မထင်မှတ်ထားတဲ့ အဖြေမို့လို့ ရယ်တာ။ ဆရာဦးအေးခိုင်ကတော့ ရွလှောင်ပြောင်လိုတဲ့ ပုံစံ….ရယ်တာ။ ထင်တဲ့အတိုင်းပဲ။ ဆရာက ပြန်ပက်သည်။

"မင်းက မျှော်လင့်တာမှ မဟုတ်ပဲ၊ အိပ်မက်မက်နေတာပဲ၊ Are you dreaming ? …"

ဆရာက မင်း…အိပ်မက်မက်နေသလားလို့ အင်္ဂလိပ်လို ရွဲ့တဲ့တဲ့…ခနဲ့ တဲ့တဲ့ ပြောလေသည်။

"ကင်ဆာရောဂါကို ကိုယ်တို့ရှာတွေ့တာ နှစ်ပေါင်းတစ်ရာကျော်တော့ မယ်၊ ခုထက်ထိ အကုန်အစင်ပျောက်ကင်းအောင် ကုနိုင်တဲ့ဆေး ဖော်လို့မှ မရ သေးတာ၊ မင်းအဲဒီဆေးကို ထိုင်စောင့်နေတယ်ဆိုရင် အိပ်မက်မက်တာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မပြောပါနဲ့ဆရာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ ပြီးတော့ အချို့လင်ဖိုးမားရောဂါတွေ ကျွန်မတို့စောစောသိရရင် အကုန်ပျောက်အောင်၊ ပြန်မဖြစ်အောင် ကုပေးလို့ရပြီပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်း သိပ်မကြာခင်က ကျွန်မတို့ ဒီလိုရောဂါဝေဒနာရှင်တွေကို လက်လွှတ်ခဲ့ကြရတယ်လေ…ဆရာ၊ အဲဒါကြောင့် ကျွန်မကတော့ လူနာတိုင်းကို လက်မမြှောက်ဖို့၊ အရှုံးမပေးဖို့ ပြောမှာပဲဆရာ…၊ သေခြင်းတရားကို နောက်ခြောက်လလောက် စောင့်နိုင်းမယ့် အစား ခုပဲတွေ့လိုက်မယ်လို့ ဆုံးဖြတ်တာ…ဆရာက ရင်ဆိုင်တယ်လို့ မြင်ပေမယ့်၊ ကျွန်မကတော့ ရင်ဆိုင်တာလို့ မမြင်ဘူး၊ အဲဒါကမှ ထွက်ပြေးတာဆရာ၊ တကယ်က ကုထုံးတွေ ဘယ်လောက်ပြင်းပြင်း၊ ခံစားရတဲ့ဝေဒနာတွေ ဘယ်လိုဆိုးဆိုး၊ အားလုံးကို နောက်ဆုံးမိနစ်၊ စက္ကန့်အထိ လက်ခံသွားနိုင်တာမှ သတ္တိလို့ ပြောရမှာပေါ့၊ အဲဒါ…လူ့ဘဝပဲပေါ့၊ လောကစံတွေ ဘယ်လောက် ကြမ်းကြမ်း၊ လူတွေက ဘယ်လောက်လှည့်စား၊ လှည့်စား၊ ဘဝကို နောက်ဆုံးရက်ထိ ဖက်တွယ်ထားမှ လူပီသတာပေါ့၊ ကျွန်မတို့ကို ခြိမ်းချောက်တဲ့ အရာမှန်သမျှ သေခြင်းတရားပဲ ဖြစ်ဖြစ်၊ ဘယ်အရာပဲ ဖြစ်ဖြစ် ကျွန်မတို့ ပြန်တိုက်ခိုက်ရမယ်၊ ဆန့်ကျင်ရမယ်၊ ခါးစည်းမခံရဘူး၊ ခေါင်းငုံ့မခံသင့်ဘူး…ဆရာ၊ အဲဒါ လူတိုင်း လူတိုင်းရဲ့တာဝန်လို့ ထင်တယ်၊ ကျွန်မကတော့ အဲဒီလိုပဲ ဆုံးဖြတ်တယ်၊ ကျွန်မ လူနာတွေကို အဲဒီလိုပဲ အားပေးမှာပါဆရာ…"

အဖြေကိုရပ်လိုက်တော့ ဆရာဦးအေးနိုင်က သူမကို ခပ်တည်တည် ပြန်ကြည့်နေသည်။

သူမအဖြေကို ဆရာကျေနပ်နပ်၊ မကျေနပ်နပ် သူမ ဘာမှမတတ်နိုင်ပါ။ အဲဒါသူမရဲ့ ယုံကြည်မှုဖြစ်လေသည်။ မမစင်က ပြုံးပြုံးကြည့်နေသည်။

ဆရာဦးအေးနိုင်က သူ့ရှေ့က စာရွက်တွေပေါ်မှာ ရေးခြစ်နေပြန်သည်။

ပြီးတော့မျက်လုံးက သူမကို တည့်တည့်မကြည့်ဘဲ မမစင်ကိုပဲ လှမ်းပြီး…ပြောသလိုလို ရေရွတ်လေသည်။

"ခြောက်လဆိုတဲ့ အချိန်ကာလကို သူက သိပ်ကြာတယ်ထင်နေတယ်၊ အိပ်မက်တွေ ဖြစ်လာမယ်ထင်နေတယ်၊ တကယ်က ကိုယ်တို့ အသက်ငါးဆယ်ကို ရောက်လာတာတောင် ဘယ်လိုရောက်လာမှန်း မသိလိုက်ဘူး၊ နော်…



ခင်မြစင်၊ တကယ်ကတော့ လူ့ဘဝဆိုတာ တိုတိုလေး…"

ဆရာ့စကားထဲက ခြောက်လဆိုသော စကားလုံးကိုပဲ သူမ ခါးသီးသွားတာဖြစ်၏။ အဲဒီ ခြောက်လကို သွေးရူးသွေးတမ်း လိုချင်လို့ အပြင်း အထန်တိုက်ခိုက်နေရတဲ့ ကင်ဆာရောဂါရှင်တစ်ယောက်အကြောင်းကို ဆရာ… သိအောင် သူမ ပြောပြမှ ဖြစ်တော့မှာပေါ့။

"ဆရာ…"

သူမ ခေါ်လိုက်သည်။

သူမရဲ့ အဖြေများနောက်မှာ ဘာမှ ထပ်ပြောတော့မှာ မဟုတ်ဘူးဆိုတဲ့ အထင်နဲ့ ဆရာဦးအေးနိုင်က သူမရဲ့ခေါ်သံကို ကြားတော့ အံ့ဩသွားပုံရသည်။

သူမ အံကို အသာကျိတ်လိုက်မိ၏။

"ဆရာ…ကျွန်မဆရာနဲ့ အယူအဆချင်း လိုက်တိုက်ခိုက်နေတယ်လို့ မထင်ပါနဲ့ဆရာ၊ ကျွန်မက ကျွန်မရဲ့ ခံစားချက်ကို ပြောပြမလို့ပါ၊ ဆရာ့အတွက် အဲဒီခြောက်လက အရေးမကြီးဘူးလို့ ထင်ပေမယ့် ကျွန်မအတွက်ကတော့ သိပ်အရေးကြီးပါတယ်…ဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက အသည်းကင်ဆာနဲ့ စက်ာပူမှာ ဒီနေ့ပဲ ခွဲစိတ်ပါလိမ့်မယ်၊ အဲဒီခွဲစိတ်မှုက ကင်ဆာကို လုံးဝအကုန်ပျောက်ကင်းအောင် ကုနိုင်မှာ မဟုတ်ဘူးဆိုတာ သိသိကြီးနဲ့ ဖေဖေ ခွဲတာကို လက်ခံခဲ့တယ်၊ ခွဲစိတ်မှုဟာ ဘယ်လောက်နာကျင်ပြင်းထန်မလဲ…ဆရာက… ခွဲစိတ်ကုဆရာဝန်ပဲလေ၊ သိမှာပါ၊ ဒါပေမယ့် အဲဒါနာကျင်မှုကို ဖေဖေက ရွေးချယ်ခဲ့တယ်၊ ဘာလို့လဲဆိုတော့ နောက်ခြောက်လအတွက်လေ၊ နောက်ထပ်ခြောက်လ…တစ်နှစ်လောက် အသက်ဆက်ရှင်ခွင့်ရချင်လို့ပေါ့ဆရာ၊ အဲဒီခြောက်လ၊ တစ်နှစ်လောက်ကိုပဲ သူမျှော်လင့်ပြီး ခွဲခံလိုက်တာ၊ သူ့ရဲ့တကယ့်မျှော်လင့်ချက်က ဘာလဲ…သိလားဆရာ၊ ကျွန်မရဲ့မျှော်လင့်ချက်နဲ့ အတူတူပဲပေါ့၊ ဒီစာမေးပွဲပြီးလို့ နောက်တစ်နှစ် အလုပ်သင်ဆရာဝန်လုပ်ပြီးတဲ့အခါ သူ့ရဲ့ သမီးအကြီးဆုံး…ကျွန်မက ဆရာဝန်ကြီး ဖြစ်သွားပြီဆိုတာကို သူ့မျက်စိနဲ့ တပ်အပ်မြင်ချင်လို့၊ ကျွန်မဘွဲ့ယူတဲ့အခါ ဘွဲ့နှင်းသဘင်ခန်းမကို အဲဒီအချိန်မှာ ဖေဖေအတူတူလိုက်မလာနိုင်တောင် ကျွန်မကို ဆရာဝန်ဘွဲ့ဝတ်စုံလေးနဲ့ မြင်ချင်လို့…ဖေဖေ အဲဒီနာကျင်မှုတွေကို ရွေးလိုက်တာပါ…ဆရာ၊ ကျွန်မ သိတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ အဲ့ဒါ သူမျက်စိမမှိတ်ခင် မြင်သွားချင်တဲ့ နောက်ဆုံးမျှော်လင့်ချက်လေ…၊ ဒါကြောင့် အချို့လူတွေအတွက် ခြောက်လဆိုတာ ဘာမှ အရေးမကြီးပေမယ့် အချို့လူတွေအတွက်တော့ ခြောက်လဆိုတာ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပါတယ်…ဆရာ”

မမဇင်သည် သူမရဲ့အဖြေကို ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဆရာဦးအေးနိုင် မျက်မှောင်တွေ ကျုံ့သွားသည်။ သူမမျက်နှာကို စေ့စေ့ပြန်ကြည့်သည်။

သူမ မငိုပါ။ မျက်ရည်စတွေကတော့ ဝဲချင်ဝဲနေပါမည်။

မမဇင်က သေသေချာချာမှာထားတာ။ မငိုနဲ့…တဲ့။

ဆရာဦးအေးနိုင် ရှေ့မှာ မျက်ရည်လုံးဝမကျနဲ့တဲ့…။ သေသေချာချာ ပြောထားတာပဲ။

ဦးအေးနိုင်က “ဟော…”လို့ အကြာကြီးနေမှ အာမေဋိတ်သံပြုသည်။

မမဇင်ကို ဆရာတစ်ချက်လှည့်ကြည့်ပါသည်။

မမဇင်က ဆရာဦးအေးနိုင်ကို ခေါင်းညိတ်ပြသည်။ မမဇင် သိပြီးသားဆိုတဲ့ သဘော…။

ဆရာဦးအေးနိုင်ရဲ့ အထာမကျသော တောင်းပန်သံထွက်လာသည်။

“ဆောရီးပဲ၊ ကိုယ်စောစောက မသိလို့ မင်းရဲ့အယူအဆတွေကို အတင်းလိုက်ငြင်းနေတာ၊ ဒါကြောင့်ကိုး…၊ မင်း…တော်တော်လေး… ကင်ဆာရောဂါကုထုံးတွေအကြောင်း သိနေပါတယ်လို့မှတ်တာ”

အဲ့ဒီနောက် ဆရာဦးအေးနိုင်က မတ်တပ်ထရပ်လိုက်ရာ သူမရော၊ မမဇင်ပါအဲ့ဩသွားကြသည်။ ပြီးပြီပေါ့။ ဒါဆို…သူက သူမကို ဘာမှ ဆက်မမေးတော့ဘူးဆိုတဲ့ သဘောပေါ့။

ဆရာက မမဇင်ကို ငုံ့ပြီး မခိုးမခန့်ရယ်ရင်းနဲ့ ပြောလေသည်။

“ကဲ…ခင်မြဇင်…၊ မင်းတပည့်ကို ကိုယ်ကတော့ စိတ်ကြိုက်မေးပြီးပြီ၊ အမှတ်တွေလည်း ပေးပြီးပြီ၊ ကိုယ်ဖုန်းဆက်စရာ ရှိလို့ အပြင်ခဏထွက် လိုက်ဦးမယ်၊ မင်းမေးချင်သေးရင်လည်း ဆက်မေးပေတော့၊ မင်းလက်ထဲရောက်ပြီ… မင်းတပည့်”



ဆရာက စားပွဲဝိုင်းနားမှ ထွက်မသွားခင် နောက်ပြန်လှည့်ပြီ မမဇင်ကို ခနဲ့သွားပါသေးသည်။ သူမကို ခနဲ့တာလည်း ဖြစ်နိုင်သည်။

“ခင်မြဇင်….ခင်ဗျားတော်တယ်ဗျ၊ တပည့်ကို ဘယ်လိုသင်ပေးထားလဲ၊ ခင်ဗျားလိုပဲ…ခေါင်းက အမာစားလေး”

ကြည့်စမ်း။ သူမကိုရော…မမဇင်ကိုပါ ပေါင်းပြီး ရွဲ့ပြောသွားလိုက်တာ…။ ဘယ်လိုဆရာကြီးမှန်းကို မသိဘူး။

မမဇင်တောင် မျက်နှာလေးရဲပြီး ကျန်ခဲ့လေရဲ့။

“အဲ့ဒီ…ကိုအေးနိုင်ဟာလေ…၊ ဒီလိုပဲ၊ မမနဲ့ သူနဲ့က သိပ်တည့်တာ မဟုတ်ဘူး…ကျောင်းကတည်းက၊ ကြည့်ပါလား၊ သူပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်သွားတာ၊ ငယ်ငယ်ကတည်းက ကန့်လန့်၊ လူ့ဂွစာကြီး”

ဘုရား…ဘုရား…။ အဲ့ဒီလိုမျိုး လုပ်ချင်ရာလုပ်သွားလို့ မရပါ။ သူမကို ဆရာ…စာမေးပွဲချချင်သလို ချသွားလို့ မရပါ။

တကယ်လား…။

သူမအဖြေတွေ ထောင့်မကျိုးလို့ ဆရာ…စာမေးပွဲချလိုက်ပြီလား။

သူမရင်တွေ တလှပ်လှပ်ခုန်ရင်း မနေနိုင်တော့ပဲ မမဇင်ကို မေးလိုက်မိသည်။

“မမ…သမီးဖြေတာ ဆရာစိတ်ဆိုးအောင် လုပ်သလိုဖြစ်သွားလား… ဟင်၊ သူ….သူ…သမီးကို စာမေးပွဲ ချလိုက်မှာတော့ သမီးကြောက်တယ်၊ သူ…သမီးကို အမှတ်ဘယ်လောက်ပေးလဲဟင်…၊ မမ…သမီးရင်တွေတုန်လွန်းလို့ ပြောပြပါနော်”

သူမတောင်းပန်လိုက်တော့ မမက သူမကို မျက်လုံးလေး ထောင့်ကပ်ကြည့်သည်။

“အမှန်အတိုင်း ပြောရရင်တော့ ဒီဆရာကိုလေ…အဲ့ဒီလို ပြန်ဖြေရဲတဲ့ ကျောင်းသူ…၊ တစ်ယောက်မှ မမ မတွေ့ခဲ့ဘူး”

“ရှင်…”

မမကရယ်သည်။

“ဒါပေမယ့် ကိုယ်ကတော့ ကြိုက်တယ်၊ သူက မိန်းကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆာကျရီဘာသာမှာ သိပ်တော်ရင် မနာလိုနေတာ၊ အဲ့ဒါကြောင့် ယူ့ကို သူ… ကျပ်နေတာ၊ နေဦး၊ ကိုယ်နိုးကြည့်လိုက်မယ်၊ သူ….မင်းကို ဘယ်လောက် အမှတ်ပေးထားလဲ…လို့"

မမက ဆရာဦးအေးနိုင် ရေးသွားသော အမှတ်ပေါင်းစာရင်းကို တစ်ချက် လှမ်းကြည့်သည်။ သူမ အသက်ရှူနေတာ ရပ်တန့်သွား၏။

မမရဲ့မျက်နှာက တစ်ချက်ပျက်သွားလို့ ဖြစ်သည်။ ပျက်သွားတယ်လို့ သူမ…ထင်တာပါပဲ။ မမဖင်က မယုံသလို ခပ်တည်တည်ကြီး အမှတ်ပေး စာရွက်ကို စိုက်ကြည့်နေတာ အကြာကြီး…။

သေချာပါပြီ။ အောင်စာရင်းတောင် ကြည့်စရာ မလိုတော့ဘူးထင်ပါရဲ့။

မမဖင်က သူမဘက်လှည့်လာသည်။

"ဒါဆိုရင်တော့ မင်းကို ကြို့ပြီးပြောရတော့မယ်၊ အင်း… အသိပေးရ တော့မှာပေါ့"

မမဖင်မျက်နှာက မရယ်တော့။ သူမကတော့ ငိုချချင်နေပါပြီ။

"အမှန်က…"

မြန်မြန်ပဲ ပြောချလိုက်ပါတော့ မမရယ်။ မင်း မအောင်ဘူးလို့…။

"အမှန်က ကိုအေးနိုင်က မင်းကို ဂုဏ်ထူးမှတ်ပေးသွားတယ်"

"ရှင်…."

သူမ ထင်ထားတာတွေ ပြောင်းပြန်လှန်လိုက်သလိုပါပဲ။

ဘယ်လိုမှ လည်း မျှော်လင့်မထား။

သူမကိုယ်သူမလည်း ဆရာ့မေးတာတွေ ဖြေနိုင်လှချည်ရဲ့…လို့မထင်။ နောက်ဆုံးမေးခွန်းမှာ ဆရာနဲ့တောင် အတိုက်အခံလုပ်ပြီး ဖြေဖြစ်သွားတာ။ ဆရာနဲ့တောင် အငြင်းအခုန်တွေ လုပ်လိုက်သေးတာ။

မသက်ဖြာ ကြည့်ကောင်းရုံ အောင်သည်ဆိုရုံလေး အမှတ်ပေးထား မည်လို့ပဲ ထင်ခဲ့တာ….။ ခု…။

သူမ အံ့သြလွန်း၍ ကြောင်အနေစဉ်မှ မမဖင်က ပြုံးလေသည်။

"မင်း…ဒီအမှတ်နဲ့ဆို…ဒီကောလ် အခေါ်ခံရလိမ့်မယ်၊ မင်း…ဆာကျရီမှာ ဂုဏ်ထူးလိုချင်လား၊ ဒီကောလ်မိုင်ဖာစာရင်းထဲ မင်းကို ထည့်လိုက်မယ်"



သူမတို့ဆေးကျောင်းမှာ ဒီကောလ်မိုင်ဖာလို့ခေါ်တဲ့ ဂုဏ်ထူးရနိုင်သည့် သူများကိုမေးသည့် နှုတ်မေးခွန်းက နောက်ဆုံးကျမှသတ်သတ် တစ်စားပွဲထပ် ထိုင်ပြီး ဖြေရပါသည်။

အခုလို ဆရာနှစ်ယောက်တည်းကလည်း မေးတာမဟုတ်။

တစ်နိုင်ငံလုံးမှာရှိတဲ့ ဆေးကျောင်းပေါင်းစုံမှ ပါမောက္ခ ဆရာဝန်ကြီး တွေအကုန် စားပွဲရှည်ကြီးမှာ ဝိုင်းထိုင်ပြီး ဆေးကျောင်းသူ၊ ဆေးကျောင်းသား တစ်ယောက်တည်းကို မေးခွန်းတွေ ထောင့်စေ့အောင် ဝိုင်းမေးကြတာ။

ဆေးကျောင်းမှာ ဂုဏ်ထူးရဖို့မလွယ်သလို အဲ့ဒီ…ဒီကောလ်မိုင်ဖာ မေးခွန်းတွေကလည်း ရိုးရိုးစာမေးပွဲမေးခွန်းတွေထက် အများကြီး ပိုခက်ပါသည်။

ဒါပေမယ့် ဂုဏ်ထူးဆိုတာ ဘယ်သူမဆို မလိုချင်ပဲ ဘယ်ရှိပါ့မလဲ။ သူမလည်း ရရင်လိုချင်တာပေါ့။ သို့ပေမယ့်…။

သူမ မမဖင်ရဲ့မေးခွန်းကို မြန်မြန်ဖြေလိုက်သည်။

"ဟင့်အင်း…မမ၊ သမီး ဂုဏ်ထူးမလိုချင်ဘူး၊ ဒီကောလ်မိုင်ဖာ သမီး… ထပ်မဖြေချင်တော့ဘူး၊ ခွင့်လွှတ်ပါ…မမ"

မမက သူမကို မျက်မှောင်ကျုံ့ကြည့်သည်။

"အလို…ဘာဖြစ်လို့လဲ၊ ပင်ပန်းနေပြီလား၊ ဆေးကျောင်းမှာ လူငါးရာ ကို ငါးယောက်လောက်တောင် ဂုဏ်ထူးထွက်တာ မဟုတ်ဘူးနော်၊ မင်း… ပြန်စဉ်းစားပါဦး၊ သူများတွေဆို…ဒီ…လိုချင်လွန်းလို့"

သူမ ခေါင်းခါလိုက်သည်။ ပြီးတော့ ကြေကွဲစွာ ပြုံးလိုက်မိသည်။

"ဟင့်အင်း…မမ၊ ဆာကျရီဘာသာမို့လို့ပါ၊ တခြားဘာသာဆို သမီး မငြင်းပါဘူး၊ တကယ်က ဂုဏ်ထူးဆိုတာ…ရပြီးရင် ရပြီးတာနဲ့ မပြီးဆုံးပါဘူး မမရယ်၊ တာဝန်ကြီးပါတယ်၊ သူများတွေထက် ပိုတတ်ရမယ်၊ ပိုလုပ်နိုင် ရမယ်လေ၊ သမီး…ဆာကျရီဘာသာမှာ ဂုဏ်ထူးထွက်လည်း တစ်သက်လုံး ခွဲစိတ် ဆရာဝန်ဖြစ်လာမှာမှ မဟုတ်တာ၊ သမီး ဆာဂျင်လုပ်မှာ မဟုတ်ဘူး"

မမက သူမအဖြေကို ဟက်ဟက်ပက်ပက်ရယ်လေသည်။

စားပွဲကိုတောင် လက်နဲ့ သဘောကျစွာ ပုတ်လိုက်သေးသည်။

"ဘယ်ဟုတ်တာပဲ၊ အိုင့်လို ဆာဂျင်ရှေ့မှာ ယူက ဆာဂျင်မလုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ပြောရဲတယ်နော်၊ ကဲ...ဖြေပါဦး၊ ဘာကြောင့် မလုပ်ချင်ရတာလဲ”

သူမပြုံးရင်း ဖြေလိုက်သည်။

“မလုပ်ချင်တာ မဟုတ်ဘူး၊ မလုပ်နိုင်တာပါ...မမ၊ ဆာဂျင်ဆိုတာ ပြတ်သားရတယ်၊ ဆုံးဖြတ်ချက်ပြတ်ရတယ်တဲ့...၊ မမ အမြဲပြောတာလေ၊ သမီးက...မမသိလား၊ ဘယ်တော့မဆို မပြတ်သားတဲ့လူ...၊ အမြဲပဲ စိတ်က ဒီဟာလုပ်ရင်ကောင်းမလား၊ ဟိုဟာ...လုပ်ရင်ကောင်းမလား၊ နှစ်ခု၊ နှစ်ခုကို ဒွိဟဖြစ်တဲ့သူ၊ အဲဒီလိုလူက ဆာဂျင်ဘယ်လိုလုပ်ဖြစ်မလဲ”

မမက သူမအဖြေကို သဘောကျစွာ ရယ်နေလေသည်။

“ကောင်းပြီလေ...၊ မင်းသဘောပါပဲ၊ ကိုအေးနိုင်က ဂုဏ်ထူးမှတ်ပေးထားပေမယ့် မမဘက်က နည်းနည်းလျှော့လိုက်တော့ မင်း ဒီကောလိပ်ဗိုင်ဗာ ထပ်ဖြေစရာ မလိုတော့ပါဘူး၊ ကဲ...မင်း အိမ်ပြန်လို့ရပြီ၊ တခြားဘာသာတွေ အောင်ပြီဆိုရင် မင်း...ဒီနေ့အောင်စာရင်းလာကြည့်စရာ မလိုတော့ဘူး၊ စိတ်ချလက်ချအိပ်လိုက်တော့၊ နားလိုက်တော့၊ မင်း ဆရာဝန်ဖြစ်ပြီပေါ့”

သူမ ရင်ထဲက ကြေကွဲစွာ ဆို့နင့်တက်လာပြီး မျက်ရည်စတွေ ချက်ချင်းဝဲလာမိပါသည်။ သူမတို့အားလုံးကြောက်ကြရတဲ့ စာမေးပွဲကြီး၊ သူမတို့ဘဝရဲ့ အဆုံးအဖြတ်စာမေးပွဲကြီး ပြီးဆုံးသွားပြီတဲ့လား...။ တကယ်ပဲလား။

သူမရင်ထဲမှာ လှပ်ကနဲ ဟာသွားသည်။

ဆေးတက္ကသိုလ် ကျောင်းတော်ကြီးကို သူမတို့ စွန့်ခွာနှုတ်ဆက်ရတော့မည်လေ။ တစ်စုံတစ်ခုကို လွမ်းသလိုလို...၊ ဆွေးသလိုလို...။

မောင့်ကိုလား...။ သူမတို့ရဲ့ အပျော်ရွှင်ဆုံး ဖြတ်သန်းခဲ့ရတဲ့ ခြောက်နှစ်တာ ကျောင်းသားဘဝတွေနဲ့အတူ သူမ အခု...လွမ်းနေတာ မောင့်ကိုလား...။

ဟင့်အင်း...။ သူမ လွမ်းသွားတာ...ကျောင်းတော်ကြီးနဲ့ သူငယ်ချင်းတွေ အားလုံးကိုပါ။

သူမ မမဇင်ကို အားလုံးအတွက် ကျေးဇူးတင်စကား ပြောရသည်။

“မမ...ဒီနေ့ မမကို သမီး ကျေးဇူးတွေ အရမ်းတင်ပါတယ်၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး”

မမဇင်က သူမကို လက်ဖဝါးလေး ကာပြသည်။



“ကျေးဇူးတွေ ဘာတွေမလိုပါဘူး၊ မမက ဘာမှလုပ်ပေးရတာလည်း မဟုတ်ဘူး၊ အမှတ်တောင် အိုင်က...ယူ့ကို ပေးချင်တာထက် လျှော့ပေးလိုက်ရသေးတယ်၊ တကယ်”

သူမရယ်မိပါသည်။

သို့ပေမယ့် မမဆက်ပြောတဲ့စကားက သူမရင်ကို တမဟုတ်ချင်း ကြေကွဲသွားစေသည်။

“မမ...ယူ့ကို မနက်က ကူညီလိုက်တာ နောက်အကြောင်းတစ်ချက်ရှိသေးတယ်၊ မမရဲ့ အဖေလည်း အသည်းကင်ဆာနဲ့ပဲ ဆုံးသွားတာ”

“အို...”

သူမ မမအပေါ် တကယ်ပဲ စာနာနားလည်သွားပါသည်။

မမကလည်း သူမအပေါ် မနက်တုန်းက ဒီလိုပဲ ကိုယ်ချင်းစာပြီး ကြင်နာနားလည်ပေးနိုင်ခဲ့သလိုပေါ့။

မမဇင်ဆိုတဲ့ မာကျောခက်ထန်သော ခွဲစိတ်အထူးကု ဆရာဝန်မကြီးရဲ့ နှလုံးသားမှာ သူမလိုပဲ ဒဏ်ရာတွေ အမာရွတ်စွဲထင် ကျန်ရစ်ခဲ့နေတုန်းဆိုတာ ဘယ်သူများ ရိပ်မိသိရှိနိုင်မှာလဲလေ။

ပြီးတော့ နည်းသိမ်မွေ့သော အဲဒီလို ကိုယ်ချင်းစာနာစိတ်ကလေး တိတ်တခိုး ကိန်းအောင်းနေနိုင်တယ်...ဆိုတာလေ...။

“ဒါပေမယ့် မမ...မင်းလောက်ကံမကောင်းပါဘူး၊ ဖေဖေ အဲဒီရောဂါဖြစ်တုန်းက မမ ရှစ်တန်းပဲ ရှိသေးတယ်၊ အဲဒီတုန်းက ဖေဖေ့ဒေါက်တာက ပြောပြတဲ့ စကားကို မမခုထိ မမေ့သေးဘူး၊ ခွဲလို့မရတော့ဘူး...တဲ့၊ ရောဂါက ပျံ့နေပါပြီ....တဲ့၊ မမလေ စိတ်ဆိုးတယ်...သိလား၊ အဲဒီတုန်းက..၊ အဲဒီဆရာဝန်ကို၊ သူမခွဲရဲလို့...မခွဲတတ်လို့...ပြောတယ်ထင်တာပေါ့၊ သူညံ့တာ ရောဂါကို ပုံချတယ်ပေါ့”

မမလည်း ခြောက်ကပ်ကပ် ရယ်မောနေပါသည်။

“မမလေ...အဲဒီဆရာဝန်စကားကို စိတ်နာခဲ့တာ၊ နားမှ မလည်ခဲ့ကိုး၊ မမ...ဆရာဝန်ဖြစ်ခဲ့တာလည်း အဲဒီစကားကြောင့်၊ ခွဲစိတ်အထူးကုဖြစ်ချင်တာလည်း အဲဒီစကားကြောင့်၊ မိန်းမတစ်ယောက်အနေနဲ့ ဆာဂျင်ဖြစ်ဖို့ မမတို့

www.burmeseclassic.com

www.burmeseclassic.com



ခေတ်တုန်းက ဘယ်လောက်ခက်တယ်ဆိုတာ မင်းသိပါတယ်၊ မမ အဲ့ဒါလည်း မမှုဘူး၊ ရည်မှန်းချက်က ငယ်ငယ်ကတည်းက ခွဲစိတ်ဆရာဝန် ဖြစ်ကိုဖြစ်ရမယ်၊ ဖြစ်ကို ဖြစ်ရမယ်ပဲ၊ သူများတွေက မခွဲနိုင်ဘူး…လို့ပြောတဲ့ ရောဂါတွေ ငါသာ ဆရာဂျင်ဖြစ်ရင် ခွဲပစ်လိုက်မယ်၊ ခွဲစိတ်ပြမယ်ပေါ့"

မမက ရယ်သံတစ်ဝက်နှင့် သူ့စကားကို အဆုံးသတ်သည်။

"တကယ်လည်း ဆရာဂျင်ဖြစ်ရော…၊ ကိုယ်မခွဲနိုင်တဲ့ ရောဂါတွေက ကိုယ်ခွဲနိုင်တဲ့ရောဂါတွေထက် ပိုများနေမှန်း သိတော့တယ်၊ မမရဲ့မာန်လေး နည်းနည်းကျသွားတယ်…"

မမက သူ့စကားကိုသူ ရှက်စနိုးနဲ့ ရယ်လိုက်သေးသည်။

ပြီးတော့ သူမကို ဆုတောင်းစကားနဲ့ နှုတ်ဆက်၏။

"ကဲ…ဗွဒ်လပ်…မရုနိုင်၊ ကိုယ်ဆုတောင်းပေးပါမယ်၊ အရာရာအတွက် ပေါ့၊ မင်းအဖေအတွက်ရောပေါ့၊ တစ်ခုတော့ ကိုယ်မှာမယ်၊ ယူလေ… အိုင့်လို တော့ ဘဝတစ်လျှောက်လုံး တခြားလူတစ်ယောက်ကို စိတ်နာနာနဲ့ မဖြတ်သန်းနဲ့ သိလား၊ ပင်ပန်းလို့ ပြောတာ…"

စိတ်နာနာနဲ့တဲ့လား။ လူတစ်ယောက်ကို စိတ်နာရတာ ဘဝ တစ်လျှောက်လုံး ပင်ပန်းဆင်းရဲမယ်…တဲ့လား…မမရယ်။ အဲ့ဒါ ကျွန်မ သိပ်သိ တာပေါ့…၊ ကျွန်မအသိဆုံးပေါ့…လို့ မမကို သူမ ဘယ်လိုပြောရပါ့မလဲ။

ကျွန်မနလုံးသားတွေ ပင်ပန်းဆင်းရဲရတာ အကြိမ်ပေါင်းများစွာ ရှိနေပြီလေ။ သို့ပေမယ့် မမကို သူမ ခေါင်းခါလိုက်ပြလိုက်မိပါသည်။

မမကို ဒီတစ်ခါ ပြန်ပြီး နှစ်သိမ့်ပေးရမည့် အလှည့်ဖြစ်လေသည်။

"ဟင့်အင်း…မမ၊ မမ ဒီနေ့ဒီနေရာမှာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ ပါမောက္ခကြီးတစ်ယောက်အဖြစ် အခက်အခဲတွေ အများကြီးကျော်ဖြတ်ပြီး ရောက်လာတာ လူတစ်ယောက်ကို မမစိတ်နာခဲ့လို့ မဟုတ်ပါဘူး၊ အဲ့ဒါ မမ အဖေကို ချစ်တဲ့စိတ်နဲ့ ဖြတ်သန်းခဲ့လို့ပါ၊ နော်…မမ၊ မမက မမအဖေကိုချစ်လို့၊ ကိုယ့်ဖခင်လို ဝေဒနာခံစားရမယ့် လူနာတွေရဲ့အသက်ကို ကယ်ချင်လို့၊ ကုသ ပေးချင်လို့ မမ…ဒီဘဝကို ရခဲ့တာ၊ သမီး…သိတာပေါ့"

သူမ စကားကြောင့် မမစင်ပြုံးလေသည်၊



ပြီးတော့ မထင်မှတ်စွာ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပြီး မျက်ရည်စ တွေကို မမဇင် သိမ်းဆည်းနေလေသည်။ မမဇင်မငိုပါ။

နောက်ဆုံးနှစ် ဆေးကျောင်းသူတစ်ယောက်ရှေ့တည့်တည့်မှာ မျက်ရည်ကျရလောက်အောင် ဒေါက်တာဒေါ်ခင်မြဇင် မပျော့ညံ့ပါဘူး။

သို့ပေမယ့် မျက်ရည်တွေ ဝေ့သီနေသော မျက်လုံးများနှင့် သူမကို မမ ပြုံးပြီးကြည့်လေသည်။

"ဟုတ်တယ်နော်…ကိုယ်ဘာလို့ အဲ့ဒီလို အစက မတွေးမိသလဲ မသိဘူး၊ မရုနိုင်…မင်းသိပ်တော်တာပဲ၊ ကိုယ့်အယူအဆတွေကို ကျောင်းသူ တစ်ယောက်က ပြောင်းလဲလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ကိုယ်လည်း ဖေဖေ့ကို သတိရသွားတယ်၊ ဆောရီးကွာ…၊ ကိုယ့်မျက်ရည်တွေ…"

မမက ရယ်သလိုမောသလို အရှက်ပြေ ပြောပါသည်။

သူမအားပေးလိုက်၏။

"မဟုတ်တာ…မမရယ်၊ သမီးကို တောင်းပန်ဖို့မလိုပါဘူး၊ ဆရာဝန် တွေလည်း ရောဂါတစ်ခုကို လက်မြှောက် အရှုံးပေးရတော့မယ်ဆိုရင်၊ နာကျင် ထိနိုက်တတ်တာ လူတွေ သိပ်မသိပေမယ့် သမီးက သိနေပြီလေ…မမရယ်"

မမက ပြုံးလာသည်။ မမရဲ့အပြုံးသည် သူမ တွေ့မြင်ဖူးခဲ့သမျှ မမရဲ့ အပြုံးတွေထဲတွင် အတောက်ပဆုံး၊ အကြည်လင်ဆုံးဖြစ်ပါသည်။

"ကိုယ်က မင်းကို ကျေးဇူးတင်ရတော့မယ်၊ ကဲ…မင်းကို ပြောင်းပြီး ကိုယ်…ဆုတောင်းပေးလိုက်ပါ့မယ်၊ မင်းလည်း… မင်းရဲ့ဘဝတစ်လျှောက် လူတစ်ယောက်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ပဲ အခက်အခဲတွေ ကျော်ဖြတ်နိုင်ပါစေ… လို့နော်…၊ မင်းပြောသလိုပေါ့၊ နောက်ဆုံးအချိန်ထိ…မင်း ရှုံမလျှော့နဲ့နော်…"

သူမခေါင်းညိတ်လိုက်၏။ ပြီးတော့ မမဇင်ရှေ့က သူမ ထွက်ခွာခဲ့ ပါသည်။

လူတစ်ယောက်ကို ချစ်မြတ်နိုးရမယ်…တဲ့လား…။

ဘယ်သူလဲ…ဟင်…။

www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ဘေ…"

သူမ လန့်ပြီး အော်လိုက်မိမလို ဖြစ်သွားသည်။

မမဇင်နဲ့ စကားတွေပြောပြီး ဆေးရုံလူနာဆောင်ထဲကအထွက် ကုမ္ဘေက တံခါးကြားမှ ဘွားကနဲ ပေါ်လာကာ သူမလက်ကို ဆွဲလိုက်လို့ဖြစ်သည်။

"ဘာဖြစ်တာလဲ ကုမ္ဘေရယ်၊ နင်…ဘယ်အချိန်ကတည်းက ငါ့ကို ဒီမှာလာစောင့်နေတာလဲ၊ လန့်လိုက်တာ"

သူမက အပြစ်တင်နေတာကို ကုမ္ဘေက ဂရုမစိုက်ဘဲ သူသိချင်တာတွေပဲ တရစပ်မေးတော့သည်။

"ကြာလိုက်တာဟာ၊ ဘာတွေ ဖြစ်နေတာလဲ၊ ငါတို့အားလုံး ဖြေပြီးသွားတဲ့အထိ နင်က ထွက်မလာလို့ ပူလိုက်ရတာ၊ ပြီးတော့ ဖြေရတာကလည်း ဦးအေးနိုင်နဲ့၊ မမဇင်နဲ့၊ မမဇင်က နင့်ကို မမှတ်မိဘူးလား၊ သူ့တပည့်ဆိုတာ…၊ နင်က ပြောမပြဘူးလား၊ အခြေအနေဘယ်လိုလဲ၊ နင်…ဖြေနိုင်ရဲ့လား…နိုင်၊ ပြောစမ်းပါဟ"

သူမ ကုမ္ဘေကို မျက်စောင်းတွေထိုးရင်း ရင်တစ်ခုလုံး ပေါ့ပေါ့ပါးပါးနဲ့ ခုမှပဲ ပြုံးပြနိုင်တော့သည်။

"မမက ငါ့ကို မမှတ်ဘဲ နေမလား…၊ ဘယ်သူလဲ…ဟင်၊ ငါ့အကြောင်းတွေ၊ ငါ့အဖေအကြောင်းတွေ မျက်ရည်ထိုးခံ လူစားဝင် သွားဖြေရှင်းထားတာ၊ ဘယ်သူမှလည်း မနိုင်းဘဲ ထွော၊…ကြားက ခါးနာနေတာ…"

ကုမ္ဘေရဲ့ မျက်နှာလေးသည် သူမစကားကြောင့် ချက်ချင်းဝင်းလက်တောက်ပသွားပါသည်။

"ဟယ်…ဟုတ်လား၊ မမဇင်က နင့်ကို ခုထိမှတ်မိနေတယ်ပေါ့၊ နင့်အဖေရောဂါအကြောင်း ငါသွားပြောပြထားတာ လွန်ခဲ့တဲ့ သုံးလေးလကလေဟာ…၊ ငါက နင်…ကျောင်းပျက်တာတွေ သူ…မဆူအောင်လို့ အဲ့ဒီတုန်းက သွားပြောတာ၊ ခုလို…စာမေးပွဲထိ မှတ်မိနေတယ်နော်၊ တော်တော် မှတ်ဉာဏ်ကောင်းတာပဲ၊ ကဲ…အဲ့ဒီတော့ သူက နင့်အပေါ် သက်ညှာပြီးမေးတယ်… ဆိုပါတော့…၊ ထား…၊ ဆရာဦးအေးနိုင်ကရော…၊ ဆရာ့မျက်နှာကြီးက ပုပ်သိုးနေတာပဲ၊ နင့်ကို ဆူနေတာလား…ဟင်"



သူမ ခိုးခိုးခစ်ခစ်ရယ်လိုက်သည်။

ကုမ္ဘေ နားမလည်သေး…။ သဘောမပေါက်နိုင်သေး။

"နင့်ကို သူတို့ အသကုန်ကျပ်လိုက်လို့ နင်ရူးသွားလား…ဟင်၊ နိုင်…၊ ဆရာဦးအေးနိုင်နဲ့ မမဇင်စားပွဲက ထလာတဲ့လူတွေထဲမှာ နင်တစ်ယောက်ပဲ အဲ့ဒီလို ရယ်နေနိုင်တဲ့သူ ရှိတယ်၊ ပြောစမ်းပါ၊ ဘာတွေမေးလို့ နင်ဘယ်လို ဖြေခဲ့လဲ"

သူမ ကုမ္ဘေ့ကို စိတ်မရှည်ချင်အောင် သက်သက်မဲ့ စနောက်ဖို့ ပြန်မေးပစ်လိုက်သည်။

"ကုမ္ဘေ…နင်ရော ဖြေနိုင်ရဲ့လားဟယ်၊ ငါ…အရင်မေးပါရစေဦး၊ ငါ့ရဲ့ သူငယ်ချင်းလေးတွေရော…၊ ကေနဲ့ ခက်၊ မိမိ…"

"အကုန်လုံး အခြေအနေကောင်းတယ်…မမရဲ့၊ အားလုံး စောပြီး ထွက်လာတာ၊ နင်တစ်ယောက်တည်း နောက်ကျနေတာ၊ ပြီးတော့ နင့်ကို စောင့်ရတာ ကြာလွန်းလို့တဲ့၊ ဗိုက်ဆာနေတာတွေ မအောင့်နိုင်တော့ဘူးဆိုပြီး ကန်တင်းသွားလေရဲ့၊ အဲ့ဒီကပဲ စောင့်နေကြမယ်…တဲ့၊ ဖြေပါဦးဆို…နင် အခြေအနေကောင်းလား…လို့၊ ငါ…စိတ်ပူအောင် မလုပ်နဲ့လေ…နိုင်"

"နင်ပဲ…ငါက စာတွေ အကုန်ရနေတာဆို…၊ မကြောက်နဲ့ဆို၊ မဖြေခင်က နင်တောင် အားပေးလိုက်သေးတာကို…"

"သြော်…ဒါကတော့ ဘယ်သူမဆို စာမေးပွဲမဖြေခင်ကတော့ ဒီလိုပဲ အားပေးရမှာပေါ့၊ အထဲကျတော့ ဆရာတွေက ဘယ်လို၊ ဘာတွေ မေးမယ်မှန်းမှ မသိတာ၊ အဲ့ဒါကြောင့် ပြောပါဆိုနေ၊ နိုင်ရာ…ကပ်လိုက်တာ"

သူမ ရက်စနိုးနဲ့ ရယ်လိုက်မိပါသည်။

"ဒီကောလ်…တဲ့"

"ဘာ…"

ကုမ္ဘေရဲ့ အာမေဋိတ်သံက အကျယ်ကြီး ဆေးရုံလူနာဆောင်ထဲမှာ ဟိန်းထွက်သွားသည်။ ကုမ္ဘေရဲ့ ဖြစ်ပုံကြောင့် သူမတောင် ခိုးခိုးခစ်ခစ် ရယ်လိုက်မိသေးသည်။

ကုမ္ဘေ ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာနောက်မနေနဲ့"

"အောင်မှာ...ငါ့များအထင်သေးတယ်၊ ကုဋေ အစုတ်ပလုပ်၊ တကယ်ဟဲ့...တကယ်၊ ဒီကောလ်ခေါ်မလို့ မမခင်က မိုင်ဗာထပ်ထိုင်ဦးမလား မေးတယ်၊ ငါက မထိုင်တော့ဘူးလို့ ငြင်းလိုက်တာ"

"ဘာ..."

ကုဋေ နောက်တစ်ခါ 'ဘာ'...ပြန်သည်။

သူမရယ်နေလိုက်ရင်း ခေါင်းကိုပဲ ဟုတ်မှန်ကြောင်း ထပ်ညိတ်ပြလိုက်သည်။

ကုဋေက စုပုပ်ပုပ်မျက်နှာနဲ့ဟောက်တော့သည်။

"အရူးမ...၊ သူများတွေ ဒီကောလ် အခေါ်ခံရင် ဂုဏ်ထူးရတာ၊ မရတာ အပထား၊ တစ်ကျောင်းလုံး ရင်ပတ်စည်တီးပြီး ဝမ်းသာအားရ လည်ပြောနေမှာ၊ နင်က ဒီကောလ်မိုင်ဗာ ဖြေခွင့်ရတာတောင် ငြင်းခဲ့တယ်၊ ဘာလို့လဲဟာ...၊ နိုင်...နင့်စိတ်ထဲ ဘာတွေဖြစ်နေတာလဲ"

သူမ စိတ်ထဲ ဘာတွေဖြစ်နေသလဲဆိုတာ သူသိပါသည်။

သူမရဲ့ ချစ်သောသူငယ်ချင်းကောင်းလေး ကုဋေ သိပ်သိပါသည်။ သူမရဲ့ချစ်သူ မောင့်ထက်တောင် သူပိုသိနေပါသည်လေ...။

သို့ပေမယ့် အားမလိုအားမရ သူမကို သူမေးနေလေသည်။

သူမ ဖြေလိုက်၏။

"ကုဋေ...ဒီလို စာမေးပွဲ၊ ဒီလို နှုတ်မေးခွန်းတွေကို ငါ...အခု တစ်ခေါက်တောင် မဖြစ်သာလို့ ဝင်ဖြေဖြစ်တာ နင်နားလည်ပြီးသားပါဟယ်၊ ပြီးတော့ လောကကြီးမှာ ငါလိုချင်တပ်မက်တဲ့အရာတွေ၊ ဘဝရဲ့တန်ဖိုးတွေကလည်း တဖြည်းဖြည်းပြောင်းလဲကုန်ပြီ၊ ဖေဖေ အဲ့ဒီရောဂါကြီးကို စပြီးခံစားရတဲ့နေ့က စလို့ပေါ့၊ ငါ...ဂုဏ်ထူးထွက်ထွက်၊ မထွက်ထွက်၊ ဆရာဝန်ကတော့ ဖြစ်ပြီလေ၊ လူနာတွေရဲ့ နာကျင်မှုတွေကို ကုသနိုင်ပြီလေ...ကုဋေရယ်၊ ငါကျေနပ်ပါတယ်၊ နင်ရော...ထင်လား၊ စာမေးပွဲမှာ ဂုဏ်ထူးထွက်တဲ့သူတွေက လူနာတွေ အပေါ် ပိုစေတနာထားပြီး၊ သာမန်ပဲအောင်တဲ့ ဆရာဝန်တွေက သူတို့လောက် စေတနာ မထားကြဘူးလို့ နင်ထင်လို့လား..."



ကုဋေက ခပ်ပြုံးပြုံးဖြစ်သွားသည်။

"ဒါပေမယ့် ဂုဏ်ထူးနဲ့အောင်တဲ့ သူတွေကို ဆရာတွေက ပိုအထင်ကြီးတယ်လေ..."

"ဂုဏ်ထူးထွက်သင့်တယ်လို့ ဆရာတွေက ယူဆပေးလိုက်တာနဲ့ကို ငါ...ကျေနပ်နေပါပြီ၊ ပြီးတော့ ငါ...နွဲ့စိတ်ဆရာဝန် လုပ်မှာမဟုတ်ဘူးလို့ ပြောလိုက်တယ်၊ ငါ့ဘဝအတွက် အသုံးမဝင်ဘူးလေ၊ အဲ့ဒီဂုဏ်ထူးကြီးက...၊ နောက်ထပ် စာမေးပွဲတစ်ခုမှာ ငါ့စိတ်တွေ ဆင်းရဲခံ၊ ဦးနှောက်တွေ မီးမြိုက်ခံပြီး ဒီဂုဏ်ထူးကြီးကို ရလာလည်း ငါ့အတွက် ဘာမှ အသုံးမဝင်တာ၊ ငါ...အခု... ငါ့ဘဝအတွက် အသုံးမဝင်တဲ့အရာတွေကို လိုချင်တပ်မက်နေတာတွေ.... စွန့်လွှတ်နိုင်ဖို့ ကြိုးစားနေတယ်...ကုဋေရဲ့၊ နင်...နားလည်ပေးစမ်းပါ"

"နားမလည်ပါဘူး၊ နင့်ကို...၊ နင့်ဘဝမှာ ဒီလောက် မျက်ရည်လည်ရွဲနဲ့ ဒုက္ခတွေ ပေါင်းစုံ ပင်လယ်ဝေနေတဲ့အထဲက ဆာဂျရီကို ဂုဏ်ထူးရလုနီးပါး ရအောင် ဘယ်လိုများ ဖြေလိုက်သလိုဆိုတာ ငါ...ခုထက်ထိ စဉ်းစားလို့ မရသေးဘူး၊ ငါနားလည်တာက မနေ့ကထိ ငါ...နင့်ကို ဆာဂျရီနဲ့ ပါတ်သက်ပြီး ပြောပြနေရတုန်း၊ ရှင်းပြနေရတုန်း ဟောတ်လား...နိုင်၊ နင်...ဆာဂျရီမှာ ငါ့တပည့် ဖြစ်နေတာပါ၊ ခုတော့...နင်က ငါ့ထက် တော်နေလိုက်သမှ အဆပေါင်းများစွာ...၊ နင့်ကို နားလည်နိုင်ဖို့ ငါဘယ်လို ကြိုးစား၊ ကြိုးစား...မအောင်မြင်တာ အဲ့ဒါတွေ..."

သူမ နာကျင်ဆို့နင့်စွာ ကုဋေ့ကို တစ်ခွန်းပဲ ဖြေဖြစ်လိုက်ပါသည်။

"ငါ့ကို နားလည်ဖို့ သိပ်မခက်ပါဘူး...ကုဋေရယ်၊ ခုနက စာမေးပွဲ ဖြေခဲ့တဲ့ ငါ့လူနာက ကင်ဆာပဲလေ၊ ဆရာတွေ မေးသမျှ ငါအကုန်ဖြေနိုင်တာ... အဆန်းလားဟာ..."

"နိုင်..."

ကုဋေရဲ့ မျက်လုံးလေးတွေ သူမကို နည်းကြင်နာစွာ စိုက်ကြည့်သည်။

"ဆောရီး..."

သူ...သူမကို တောင်းပန်သည်။ သူမ နာကျင်စွာ ပြုံးလိုက်သည်။

"မလိုပါဘူး ကုဋေရယ်၊ ငါ့ကို တောင်းပန်ဖို့..."

www.burmeseclassic.com

www.burmeseclassic.com



"လိုတယ်...၊ ဟီး..ဟီး၊ ငါ...စောစောကတည်းက ပြောရမှာ၊ နှင့်ကို စိတ်ပူနေတာနဲ့၊ ဒီမှာ....နှင့်အမေ စကားပူကနေ လှမ်းဆက်တယ်၊ နှင့်အဖေ ခွဲခန်းထဲက ထွက်လာပြီ၊ အကုန်ကောင်းတယ်၊ သတိလည်း ပြန်ရနေပြီ၊ ဘာမှ စိတ်မပူနဲ့တော့၊ နှင့်ဖုန်းကို ဆက်လို့မရလို့ ငါ့ဖုန်းကို လှမ်းဆက်တာ..."

သူမ ဝုန်းကနဲ ထခုန်လိုက်မိသည်။

"ဟယ်...တကယ်၊ တကယ်၊ ဖေဖေ ခွဲပြီးသွားပြီ၊ ဟုတ်လား...ကုရွှေ၊ ဟုတ်လား"

ကုရွှေလည်း သူမနဲ့အတူ ပျော်ရွှင်ကြည်နူးစွာ လိုက်ရယ်ပါသည်။

"အေး...၊ အဲ့ဒါ...အန်တီက နှင့်ဖုန်းကို ခုနက လှမ်းဆက်နေတာ ခေါ်မရလို့တဲ့၊ ငါပြောလိုက်တယ်၊ နှင် စာမေးပွဲဖြေနေတာ မပြီးသေးဘူးလို့၊ သူက ညမှပြန်ဆက်တော့မယ်တဲ့၊ သူတို့က နှင်ဖြေနိုင်၊ မဖြေနိုင်တောင် ပူနေကြသေး၊ အဲ့ဒါ...ဒီညနေ အောင်စာရင်းထွက်ချိန်လောက်မှ မှန်းပြီး ထပ်ဆက်တော့မယ်...တဲ့၊ နှင်...ဖုန်းစောင့်နေဦးနော်၊ ငါ...ဒီလိုမှန်းသိ ခုနကတည်းက အန်တီ့ကို ပြန်ပြောလိုက်တယ်၊ အန်တီ့သမီးက အောင်တာမှ ဟိုဘက်ကို လွန်ပြီး ဂုဏ်ထူးတောင်ပါတော့မလို့...လို့ ဖြေရမှာ"

"အကောင်စုတ်...၊ ငါ...ခုနက မိနစ်ပိုင်းလေးအထိ ဒီစာမေးပွဲကို ကျတော့မယ်ပဲ တွေးနေတုန်း ကုရွှေစုတ်ရဲ့၊ ခုလေးတင်မှ မမဇင်က ကြိုပြော လိုက်လို့ ရင်ထဲက အပူတွေကျသွားတာ၊ ဟယ်...ပျော်လိုက်တာဟယ်၊ ငါ့ဘဝမှာ တစ်ခါမှ ဒီလောက် မပျော်သေးဘူး၊ ဖေဖေကလည်း ဘာအန္တရာယ်မှ မရှိဘဲ ခွဲခန်းထဲက ထွက်လာပြီ၊ ငါ့စာမေးပွဲကြီးလည်း ပြီးဆုံးသွားပြီ...၊ ပျော်တယ်ဟာ၊ ငါတို့...သူငယ်ချင်းတွေအကုန် စုပြီး တစ်နေရာရာ သွားရအောင်၊ ခုညနေ အိမ်မပြန်ဘဲ လျှောက်လည်ရအောင်...ကုရွှေ၊ နော်...၊ ငါတို့ကို လိုက်ပို့ပေးဟာ၊ ပျော်လို့ပါဟာ...နော်"

ဝမ်းသာအယ်လဲ သူ့လက်မောင်းကို ကိုင်လှုပ်ကာပြောနေသော သူမရဲ့ မျက်နှာကို သူ အိုးတိုးအမ်းတမ်းကြည့်သည်။

ကုရွှေရဲ့မျက်နှာက သူမတို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ရမှာကို သိပ်စိတ်မပါတဲ့...ပုံ။



"အောင်မယ်...၊ ခုမှ လာမငြင်းနဲ့နော်၊ နှင့်ယောကျ်ားလေးသူငယ်ချင်း တွေ တစ်အုပ်စုလုံး တခြားဘာသာဖြေရတာ၊ မပြီးကြသေးဘူး၊ နှင်တစ်ယောက် တည်း ငါတို့ မိန်းကလေးတွေနဲ့ တူနေတာ၊ မရဘူး၊ နှင်...ငါတို့နဲ့ပဲ လည်ရမယ်"

"မဟုတ်ဘူးဟ၊ နှင်တို့ မိန်းကလေးတွေချည်းပဲ သွားကြပါဟာ၊ နှင်တို့ ရှော့ပင် ထွက်ကြမှာ မဟုတ်လား၊ ငါပါရင် ကန့်လန့်၊ ကန့်လန့်နဲ့"

"နှင်...သွားစရာ ရှိလို့လား"

ကုရွှေက ခုကျမှ ဝန်ခံသည်။

"အေး...၊ ငါလေ...ချိန်းထားတာ တစ်ခုရှိလို့၊ အရေးကြီးတဲ့ တစ်ခု ရှိလို့"

ကုရွှေရဲ့မျက်လုံးတွေက သူမကို တည့်တည့်မကြည့်ပါ။

တကယ်တော့ ကုရွှေနဲ့သူမသည် တစ်ယောက်ကိုတစ်ယောက် လိမ်ညာလို့ မရပါ။ သူမက ဖုံးကွယ်လျှင် ကုရွှေတစ်ယောက် အမြဲလိုလို ဖော်ထုတ် နိုင်ပြီး ခုလည်း တစ်ခုခုကို သူမ...မသိအောင် ကုရွှေ ဖုံးကွယ်ထားနေသည်ဆိုတာ သူမ ချက်ချင်းသိလိုက်သည်။

သူမရဲ့ ချစ်သောသူငယ်ချင်းလေးကို ထုံးစံအတိုင်း အနိုင်ကျင့်လိုသော စိတ်ကလေးက ဝေါ်ကနဲ ထလာသည်။

"ဘယ်သူနဲ့ ချိန်းထားတာလဲ၊ ဘာကိစ္စလဲ"

ကုရွှေ ချက်ချင်းဖြေဖို့ တွန့်ဆုတ်နေပြန်သည်။ သေချာသည်။

သူလိမ်တော့မည်။

"အသိတစ်ယောက်နဲ့"

သူ့ရဲ့ ကလေးလေးတစ်ယောက်လို ဖြူစင်လွန်းသော မျက်လုံးတွေ အကြောင်းကို ကုရွှေတစ်ယောက် ကိုယ့်ကိုယ်ကို မသိဘူး ထင်ပါသည်။ သူ ညာနေတယ်ဆိုတာ အသိသာကြီး။

သူမ အော်ထုတ်လိုက်သည်။

"ငလိမ်ကောင်၊ ငါ့ကို လိမ်တယ်၊ ပြောစမ်း၊ ဘာအသိလဲ၊ ဘယ်သူလဲ၊ မဖြစ်နိုင်တာ၊ ဒီလိုမျိုး ဘဝမှာသိပ်အရေးကြီးတဲ့ ဆေးကျောင်းနောက်ဆုံးနှစ် စာမေးပွဲကြီး အပြီးမှာ နာရီပိုင်းလောက်တောင် စောင့်မနေနိုင်ပဲ သွားတွေ့ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



အသိဆိုတာ သာမန်အသိ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...ဟဲ့၊ နင့်ဘဝအတွက်၊ နင့်အတွက် သိပ်အရေးပါတဲ့ လူတစ်ယောက်ပဲ ဖြစ်တော့မှာပေါ့၊ ပြောစမ်း၊ နင့်ရည်းစားမဟုတ်လား၊ နင့်ရည်းစားပဲ မဟုတ်လား၊ ဘယ်သူလဲ..."

"ခက်တာပဲ နိုင်ရာ...၊ ရည်းစားမဟုတ်ပါဘူးဟာ"

"ဒါဖြင့် ဘယ်သူလဲ ပြောလေ"

"ဘယ်သူလဲဆိုတာလည်း နင့်ကို ပြောလို့မဖြစ်ဘူး"

"ဘာ..."

သူမ ရင်ထဲက တစ်ချက်တော့ အောင့်သွားသည်။

ကုရွှေ့ဆီမှာ သူမကို ပြောပြလို့မရဘဲ သွားချိန်းတွေ့ရမယ့် လူတစ်ယောက်ရှိတယ်။ သူမဆီမှာတော့မရှိ။

သူမဘဝမှာ ကုရွှေမသိအောင် လုပ်ခဲ့တာ ဘာများရှိမလဲ...။ ပြန်စဉ်းစားကြည့်သည်။ မရှိပါ။ ချက်ချင်းမသိတောင် အချိန်ခဏလေးအတွင်းမှာ ကုရွှေက သူမရဲ့ အဖြစ်အပျက်တွေ အားလုံးသိခဲ့တာချည်း။

သူမရဲ့ အောင်မြင်မှုတွေ...။ ကျဆုံးမှုတွေ...။ သူမရဲ့ ပျော်ရွှင်စရာအကောင်းဆုံးနေ့တွေ...။ သူမရဲ့ လဲပြိုကွဲကြေခဲ့တဲ့နေ့တွေ...။ သူမရဲ့ရယ်သံတွေ၊ သူမရဲ့မျက်ရည်စက်တွေ...အားလုံးသိခဲ့တဲ့ သူတစ်ယောက်...။

သို့ပေမယ့်...အဲဒီလူက သူမရဲ့သူငယ်ချင်း...တဲ့။

သူငယ်ချင်းဆိုတာ ဆိုင်သာဆိုင်ပြီး...မပိုင်ဘူး...တဲ့။ ဟုတ်သလား။

မဟုတ်ဘူး။ မရပါဘူး။ မရနိုင်ရဲ့ သူငယ်ချင်းဆိုတာ မရနိုင်ကလည်း တစ်စိတ်တစ်ပိုင်းတော့ ပိုင်မှ ဖြစ်မယ်။

သူမ ကုရွှေ့ရဲ့ တစ်စုံတစ်ခုကို ဖုံးကွယ်ဖို့ရန် အသေအလဲ ကြိုးစားနေသည့် မျက်လုံးတောက်တောက် နက်နက်ကလေးကို စိုက်ကြည့်လိုက်၏။

"နင့်ရည်းစားမဟုတ်ဘဲနဲ့...ငါ့ကိုတောင် ပြောမပြရဲလောက်အောင် နင်ချိန်းတွေ့မယ့်သူက ဘယ်သူလဲဟဲ့...၊ ကုရွှေ...၊ နင်ငါ့ကို ပြောမလား၊ မပြောဘူးလား၊ ပြောစမ်း...ဘယ်သူလဲ၊ နင်မပြောရင်နော်...ငါနင့်နောက်ကို ဆွဲကုပ်ပြီး လိုက်ခဲ့မှာ၊ နင်တို့နှစ်ယောက်ကို လိုက်ပြီး အသကုန်နှောက်ယှက်မှာ၊ ကတိပေးတယ်၊ သိလား...၊ ပြော...နင်...ရည်းစားရနေပါပြီ၊ ငါ့ကို မပြောဘဲ



ဖွက်ထားတယ်၊ ငါ...သိတယ်၊ စာမေးပွဲနောက်ဆုံးနေ့မှာ နင်သွားတွေ့မယ်၊ ငါ...သဘောပေါက်တယ်၊ ဘယ်သူလဲဆိုတာပဲ ပြောပြ၊ အပြင်ကမဟုတ်လား"

ကုရွှေသည် စိတ်ကျဉ်းကျပ်နေဟန်နှင့် ခေါင်းကုတ်သည်။

"ရည်းစားမဟုတ်ပါဘူး...ဆိုမှ နိုင်ရာ၊ ဖွတ်ပဲ၊ ဘယ်သူလဲဆိုတာလည်း နင်သိလို့ မဖြစ်ဘူး၊၊ ပြောမိတာ မှားပါတယ်ဟာ...၊ နင်မသိအောင် သွားပါမယ်ဆိုမှ"

သူမ ကုရွှေ့ရဲ့ ခါးပါးပါးလေးကို ဆွဲလိမ်ပစ်လိုက်သည်။

"အကောင်စုတ်...၊ ငါသိပြီ၊ ရည်းစားတော့ မဖြစ်သေးဘူး၊ ဒီနေ့မှ နင်ဖွင့်ပြောမလို့...၊ ဟုတ်တယ်မဟုတ်လား၊ နင် အိစီကလီလုပ်နေတဲ့ ကောင်မလေးတစ်ယောက်နဲ့ ချိန်းထားတာ"

"မဟုတ်..."

"ငြင်းမနေနဲ့၊ ငါသိပြီ၊ မီမီ...၊ အဲ့ဒါ မီမီအေးမဟုတ်လား၊ အပျိုကြီး...၊ နင်နဲ့ ချိန်းထားတာ ရှက်ပြီး ငါ့ကိုတောင် အသိမပေးရဘူးပေါ့၊ ဟုတ်လား"

"လွဲပြန်ပြီ နိုင်ရာ၊ တစ်ခါလာလည်း ဒီမီမီ...မီမီ၊ မဟုတ်ဘူးဟ...၊ မဟုတ်ဘူး၊ နင့်ကို အဲ့ဒီကန်တင်းမှာ စောင့်နိုင်၊ ခက်ခက်တို့နဲ့အတူ မီမီရောထိုင်စောင့်နေပါသဗျာ၊ သွားစမ်းပါဟာ၊ ကိုယ့်ဟာကိုယ်...သူငယ်ချင်းတွေနဲ့ အတူတူ လျှောက်လည်ကြစမ်းပါ၊ ငါ့ကိစ္စကို လိုက်မရှုပ်စမ်းပါနဲ့၊ တောင်းပန်ပါတယ်၊ ခုဟာက ငါတစ်ယောက်တည်း...သွားမှဖြစ်..."

ကုရွှေကို သူမ...စိတ်မရှည်စွာ လက်မောင်းတစ်ဘက်မှ ကိုင်၍ ဆွဲလှည့်ပစ်လိုက်သည်။

"ကုရွှေ...နင်နော်...၊ ဒီနေ့မှာ ငါအရမ်းပျော်နေတယ်ဆိုတာ နင်သိတယ်၊ ငါတို့ ဒီနေ့လို နေ့မျိုးရောက်အောင် နှစ်ပေါင်းဘယ်လောက်ကြာကြာစောင့်ခဲ့ရတယ်ဆိုတာ နင် အသိဆုံး၊ ပြီးတော့ ငါ့ဘဝမှာ ခုအချိန်ထိ ဘယ်လိုအခက်အခဲတွေ၊ ဘယ်လိုနာကျင်မှုတွေနဲ့ ဒီနေ့ကိုရောက်အောင် ငါကျော်ဖြတ်ဖြတ်သန်းလာရတယ်ဆိုလည်း နင်အသိဆုံးပါ ကုရွှေ၊ အဲ့ဒီလို ကျော်ဖြတ်ဖို့ ငါ့ဘေးနားမှာ အမြဲတမ်းရှိနေခဲ့တဲ့ နင်က ဘာလို့ ပျော်ရွှင်မှုတွေ ခံစားရမယ့်နေ့၊ အရာအားလုံးပြီးဆုံးသွားတဲ့နေ့ကျမှ ငါ့ကို ထားပြီးသွားရတာလဲ...၊ ဒီနေ့ကျမှ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို တစ်ယောက်တည်း ထားသွားရမှာလဲ၊ ငါ လုံးဝမကျေနပ်ဘူး ကုဋေ ဟိုသုံးကောင် ရှိတယ်လို့ ငါ့ကိုလာမပြောနဲ့၊ သူတို့ထက် ဒီနေ့မှာ နင့်ကို ငါပိုလိုအပ်တယ်၊ ပြော...၊ ငါ့ထက်တောင် ပိုအရေးကြီးပြီး ငါတောင် သိခွင့်မရှိဘဲ ဒီနေ့မှာ သွားတွေ့ရမယ့်သူက ဘယ်သူလဲ"

သူ့ကို သူမက အကျႌကိုင်ပြီး မေးတော့ ကုဋေသက်ပြင်းတွေ အခါခါချနေသည်။

သူမမျက်နှာကို သူစိုက်ကြည့်သည်။ သူမစကားတွေကြောင့် သူတွေဝေသွားပုံ ရပါသည်။

"နိုင်...၊ နင်...စိတ်ဆင်းရဲအောင် ငါလုပ်တာမဟုတ်ဘူး၊ ငါသွားတွေ့မယ့် သူက နင်နဲ့ မသက်ဆိုင်လို့၊ အေး...နင်...စိတ်ချမ်းသာအောင် ငါပြောလိုက်မယ်...၊ သွားတွေ့မယ့်လူက မိန်းကလေးမဟုတ်ဘူး၊ ယောကျ်ားလေး"

ဒီတစ်ခါ သူမတွေဝေသွားသည့်အလှည့်...။

"ယောကျ်ားလေး..."

သူမ မျက်နှာ မချိုမချဉ်ဖြစ်ပြီး ကုဋေကို ပြုံးစိစိနဲ့ သေသေချာချာ စိုက်ကြည့်လိုက်မိသည်။

"ယောကျ်ားလေး...၊ ဒါဆို နင်နဲ့သူနဲ့က...ဟိုဒင်း၊ ဟိုဟာ..."

"ခွေးမ...သေလိုက်ပါလား"

ကုဋေရဲ့မျက်နှာဖြူဖြူလေး ချက်ချင်းရဲတက်သွားပြီး သူမ ခြေထောက်ကို သူ့ခြေထောက်နဲ့ ယောကျ်ားလေးတွေ အချင်းချင်းရန်ဖြစ်ရင် လုပ်ကြသလို လိုက်ကန်သည်။

သူချက်ချင်း သဘောပေါက်ပါသည်။ သူမ...ဘာကို တလွဲတွေ တွေးထင်သွားသည်ဆိုတာ။

"သေပါလား...နိုင်ရဲ့၊ မဟုတ်ဘူး၊ မဟုတ်ဘူးဟာ၊ ငါအဲ့ဒါပဲ ပြောလို့ရတယ်၊ ငါ့ကို ချိန်းတာလည်း အဲ့ဒီလူက စချိန်းတာ၊ ပြီးတော့ နင့်ကို အသိမပေးရဘူး...တဲ့၊ သူကပဲ ပြောတာ..."

သူမ ရင်ထဲက တုန်လှုပ်မြည်ဟည်းနေလျက် ဆောင့်အော်လိုက်သည်။

"ထိုက်တန်..."



ကုဋေရဲ့မျက်နှာက သွေးဆုတ်သွားသည်။

သေချာတာပေါ့။ မဟုတ်ဘူးလို့ သူမငြင်းနိုင်ဘူး။

"ထိုက်တန် မဟုတ်လား၊ ငါသိပြီ၊ ငါ့ကိုတောင်ထားပြီး ထွက်သွားချိန်းတွေ့ရအောင် နင့်ဘဝမှာ အရေးကြီးတဲ့ ယောကျ်ားလေးဆိုတာ ဘယ်နှစ်ယောက်ရှိလို့လဲ၊ ဒီကောင်ပဲပေါ့၊ ဒီကောင်က ဘာကိစ္စ နင့်ကို ဒီနေ့မှချိန်းရတာလဲ၊ ငါ့ကိုတောင် အသိမပေးနိုင်ရအောင် ပြောမှာက ဘာကိစ္စမို့လို့လဲ..."

သူမက တရစပ် မေးခွန်းတွေ ထုတ်တော့ ကုဋေသည် သူမပြောတာတွေ နားမထောင်ပဲ သူမကို တကယ်ပဲထားပြီး ထွက်သွားတော့မလို ခြေလှမ်းတွေ စလှမ်းသည်။

သူမ ကုဋေရဲ့ အကျႌစကို ဆုပ်ဆွဲထားတုန်း...။

"ကုဋေ...၊ နင်ငါ့ကို အဲ့ဒီလို မလုပ်နဲ့နော်၊ နင့်ကို ဒီကောင် ဘာကိစ္စမှ ချိန်းစရာ အကြောင်းမရှိဘူး၊ မနေ့ညကပဲ ငါနဲ့သူ စကားကုန်ပြောပြီးတာ၊ နင်နဲ့ သူ ဒီနေ့ပြောစရာ ဘာအကြောင်းတွေ ရှိမှာလဲ၊ ငါ့အကြောင်းပဲပေါ့၊ ငါ့အကြောင်းပဲ ပြောစရာ နင်တို့နှစ်ယောက်မှာ ရှိမှာပေါ့၊ တခြားဘာအကြောင်းများ ဖြစ်နိုင်မှာတဲ့လဲ၊ ကုဋေ....မသွားနဲ့၊ နင်သွားစရာမလိုဘူး၊ ကုဋေ....ရပ်စမ်း"

သူမက ကုဋေကို နောက်ကနေအတင်းလိုက်ဆွဲသော်လည်း ကုဋေသည် ဒီတစ်ခါ သူမစကားကို လုံးဝနားမထောင်ချေ။

အတင်းပဲ ရှေ့ဆက် လျှောက်သွားနေရာ သူမ ဒရွတ်တိုက်လျှောပါသွားသည်။

"ကုဋေ..."

သူမက ကုန်းအော်တော့...။ ကုဋေရှက်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ဆေးရုံကြီးထဲမှာ...၊ လူနာတွေရော...၊ လူနာစောင့်တွေရော...၊ မအော်နဲ့လေ...၊ နင်မရှက်ဘူးလား"

"ရှက်ရင် ငါပြောတာနားထောင်...၊ လုံးဝမသွားနဲ့၊ ဒီကောင် ဘာပြောပြော နင်နားမထောင်ရဘူး"

"နားမထောင်လို့ မရဘူး၊ ယောကျ်ားကတိ၊ လာမယ်လို့ ငါပြောပြီးပြီ"

"ဘာလို့...ဒီကောင်က ဒီနေ့မှ ချိန်းရတာလဲ၊ အဓိပ္ပါယ်မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲနောက်ဆုံးနေ့မှာတောင် ပျော်ပျော်ရွှင်ရွှင် အဆုံးမသတ်ချင်ဘူး၊ ဘာဖြစ်နေတာလဲ၊ ဘာလိုချင်တာလဲ…"

"လိုချင်တာကတော့…နင့်ကိုလေ"

"သူလိုချင်တိုင်း ရမလား၊ ဒီကိစ္စမှာ နင်ဝင်ကူညီတိုင်းရော ရမလား၊ ငါ့ဆုံးဖြတ်ချက်နဲ့ငါ၊ မနေ့ညကတည်းက ငါ့ဆုံးဖြတ်ချက်ကို ပြောပြီးသားလေ၊ နင်ဘာကိစ္စနဲ့မှ ငါတို့နှစ်ယောက်ကို ကြားဝင်ဖြန်ဖျေပေးစရာ မလိုဘူး၊ ဖြန်ဖျေလို့လည်း မရတော့ဘူး၊ ကုရွှေ နင်ဝင်မပါနဲ့"

"မပါလို့မရဘူး၊ ဒီကောင်က ငါ့ကိုအတင်းဆွဲထည့်နေပြီ၊ နိုင်…ငါ…သွားမှဖြစ်မယ်"

"နင်…ဒီလောက် တားမနိုင်ဆီးမရ သွားတွေ့ချင်နေတာ ဒီကောင် ဘာပြောလိုက်လို့လဲ၊ ဒီကောင် နင့်ကို ဘာပြောလဲ၊ ထိုက်တန်ဆိုတဲ့ ကောင်က ဒီလိုပဲ၊ ငါ့ရည်းစားအကြောင်း ငါကောင်းကောင်းသိတယ် ကုရွှေ၊ နင့်ထက် ပိုသိတယ်၊ သူက လူတစ်ယောက်ကို နိုင်ကွက်တစ်ခု ကောင်းကောင်းကိုင်ထားပြီး အမြဲ အထက်စီးကနေတတ်တာ၊ နင့်ကို မငြင်းနိုင်အောင် ညှို့ကြားခိုင်းစေတတ်တာ၊ ငါသိတယ်၊ ပြော…၊ နင့်ကို ဒီနေ့လာဖို့ ဒီကောင်ဘာပြောလိုက်လဲ၊ ဘယ်လို ပြောလဲ၊ ဖြေလေ…ကုရွှေ၊ နင်တို့နှစ်ယောက် ဒီနေ့ဘာအကြောင်း ပြောကြမှာလဲ"

ကုရွှေက တုန့်ကနဲရပ်ကာ သူမမျက်လုံးတွေကို စေ့စေ့စိုက်ကြည့်သည်။ ပြီးတော့ နှာကျောင်အက်ကွဲစွာ တိုးတိုးလေးပြောသည်။

"နိုင်…၊ ငါတောင်းပန်ပါတယ်ဟာ၊ နင်…ငါ့ကို မတားပါနဲ့၊ ဒီကောင်နဲ့ သွားတွေ့မှဖြစ်မှာ၊ မ…ဒီကောင်ဖြစ်နေတာ နင့်ကိုမှပြန်မရရင် ရူးမလို ဖြစ်နေတယ်၊ နင်…သူ့ကို ခွင့်မလွှတ်ဘူးဆိုရင်၊ နင်…သူ့ကို ပြန်လက်မခံဘူး…ဆိုရင်…ဒီကောင်…"

"ပြော…၊ ပြော…၊ ဘာဖြစ်လဲ၊ သေသွားမှာလား၊ ငါ့ရဲ့ဆုံးဖြတ်ချက်က ငါနဲ့ပဲဆိုင်တယ်၊ နင်နဲ့ဆိုင်လို့လား၊ ဘာလို့ နင့်ကိုတွေ့ဖို့ချိန်းရမှာလဲ၊ တောင်းပန်ချင်ရင် ငါ့ကို တည့်တည့်လာ ရင်ဆိုင်ဖြေရှင်းပါလား၊ နင့်ကို သူ့ချိန်းစရာ အကြောင်းမရှိဘူး၊ ငါ့ဆုံးဖြတ်ချက်က နင်နဲ့…ဘာမှမှ…မပါတ်သက်တာ"



"သူက ငါနဲ့ပါတ်သက်တယ်လို့ ထင်နေတယ် နိုင်ရယ်"

"ဘာ…"

သူမ ကြားရတဲ့စကားကို မယုံချင်။

ကုရွှေသည် မျက်နှာကို အောက်သို့ငုံ့ကာ သူမကြားသာရုံ တိုးတိုးလေး ထပ်ပြောသည်။

"ငါက နင်တို့နှစ်ယောက်အကြားမှာ သွေးခွဲသူ…တဲ့…"

"အဓိပ္ပါယ်မရှိတာ၊ ကုရွှေ…ဒီကောင် သွေးရူးသွေးတမ်းနဲ့ နင့်ကို မနိုင်နိုင်ရာ လိုက်မဲနေတိုင်း နင်…ပျာနေအောင် ကြောက်ရလား၊ ဘာဖြစ်နေတာလဲ၊ ဘာကိစ္စ နင်က သွေးခွဲသူဖြစ်ရမှာလဲ၊ လုံးဝ…မဖြစ်နိုင်တာ ကုရွှေရယ်၊ နင်က ငါတို့နှစ်ယောက်အကြားမှာ ကြားဝင်ပြီးတော့တောင် စေ့စပ်ခဲ့ရတာ အကြိမ်ပေါင်းများစွာ၊ ဒင်း…မေ့နေလား၊ သူဒီလို စွပ်စွဲရအောင် ဘာသက်သေ၊ သာယက ရှိလို့ ဒီလိုပြောနေရတာလဲ၊ သူငယ်ချင်း အချင်းချင်း…ဒီလိုမျိုး ပြောစရာလား၊ အဲ့ဒါနင်…စိတ်ဆိုးရမှာ…၊ ဆိုးရမှာ ကုရွှေ…"

"အဓိကက ငါသူ့ကို စိတ်ဆိုးရမှာထက်…သူက ငါ့ကို စိတ်ဆိုးနေတာပဲ…နိုင်၊ အဲ့ဒါကြောင့် ငါအခုသွားဖြေရှင်းမလို့…"

"ကုရွှေ…၊ ဒီကောင့်အပေါက်တွေ လုံးဝ အဓိပ္ပါယ် မရှိဘူး၊ နင်…ဘာမှ ဖြေရှင်းစရာမလိုဘူး၊ နင်မှ မဟုတ်တာ၊ မသွားနဲ့…"

"သွားမယ်…"

"မသွားနဲ့နော်…၊ ငါပြောနေတယ်"

"နင်…ငါ့လက်ကိုလွှတ်နော်၊ နိုင်…၊ ဆေးရုံကြီး ရှေ့တည့်တည့်မှာ၊ လူမြင်လို့ မကောင်းဘူး"

ကုရွှေပြောတာလည်း ဟုတ်သည်။

သူမတို့ စာမေးပွဲဖြေရသည့် ဆေးရုံကြီး လူနာဆောင်တွေကနေ သူမတို့နှစ်ယောက် စကားတွေများပြီး ဆင်းချလာတာ အောက်ထပ်မြေညီထပ် ဆင်ဝင်အောက်ကို ရောက်နေပါပြီ။ အနီးဝန်းကျင်မှာကလည်း သူမတို့လို စာမေးပွဲ ဖြေပြီးထွက်လာကြသည့် သူမတို့ အတန်းသား သူငယ်ချင်းတွေက ဟိုတစ်စု၊ ဒီတစ်စုနဲ့ သူမတို့နှစ်ယောက်ကို စေ့ငုကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဂရုမစိုက်ပါ။

"မလွှတ်ဘူး၊ ဘယ်သူကြည့်ကြည့် ငါဂရုမစိုက်ဘူး၊ အခုက နင်... ထိုက်တန်နဲ့ သွားမတွေ့ရဘူး"

"နိုင်....နင်...ဒီလို ခွတ်တရွတ်တွေ လုပ်လွန်းလို့ ထိုက်တန်က ငါ့ကို အထင်လွဲတာ၊ နိုင်...နင်ငါ့ကို လွှတ်ပါဟာ"

"အောင်မယ်....ဘာဆိုင်လို့လဲ..."

"ဆိုင်တယ်...၊ နောက်ကို နင်နဲ့ငါ ဒီလိုမျိုး တရင်းတနှီး ဘယ်တော့မှ မနေသင့်ဘူး၊ သိလား၊ ငါတို့ နေပုံထိုင်ပုံတွေ ပြင်မှဖြစ်မယ်၊ ငါ...လူတွေ ဘယ်သူအထင်လွဲလွဲ ခံနိုင်တယ်၊ ငါ့အချစ်ဆုံးသူငယ်ချင်း၊ နင့်ရည်းစား ကိုယ်တိုင်က အထင်လွဲခံတာ မခံနိုင်ဘူး၊ သူပြောတာ ငါမခံနိုင်ဘူး...နိုင်၊ ဒါအမှန်ပဲ"

သူမရင်ထဲမှာ ဖတ်ကနဲ တွဲကြေသွားသလိုပင် အသံလေးတောင် ကြားလိုက်ရသလိုလို။

ကုဋေရဲ့စကားက သူမ အသည်းနှလုံးတွေကို ဖန်ခွက်လေးတစ်ခွက် လို လွယ်ကူလွန်းစွာ အက်ကွဲကြေမွသွားစေသည်။

သူမ မျက်ရည်တွေ ချက်ချင်းစို့တက်လာ၏။

သူမ ဒေါသတကြီး အော်ဟစ်လိုက်မိသည်။

"ဘာ...၊ နင်...ဘာပြောတယ်၊ ကုဋေ....ပြန်ပြောစမ်း၊ ပြန်ပြောစမ်း၊ ငါတို့က အနေအထိုင်တွေ ပြင်ရမယ် ဟုတ်လား၊ ငါတို့က ဘာတွေမှားနေလို့လဲ၊ ဘာမျှားမှားခဲ့လို့လဲ၊ ဒီကောင်...အရူးထပြီး မဟုတ်တမ်းတရား စွတ်စွဲတိုင်း ငါတို့က လိုက်ပြင်ဆင်ရမှာလား၊ (Non Sense) ကုဋေ....၊ လုံးဝပဲ၊ နင်... အဲဒီလိုကြီး ချက်ချင်းပြောင်းလဲသွားရအောင် ဒီကောင်နင့်ကို ဘာပြောလိုက်လဲ၊ ပြောစမ်း၊ သေချာတယ်၊ ဒီကောင် နင်...စိတ်နာအောင် တစ်ခုခုပြောလိုက်ပြီ၊ မိန်းမလို မိန်းမရ ဒီကောင်ဘာပြောသလဲ၊ နင့်ကို ဘာပြောလိုက်လဲ...၊ ဖြေစမ်း... ကုဋေ၊ အဲဒီလိုကြီး ပါးစပ်ပိတ်မထားနဲ့လေ၊ ငါ...စိတ်ဆိုးအောင် မလုပ်နဲ့"

"ငါမပြောဘူး၊ ဒီကိစ္စ....နင်နဲ့ ဘာမှ မဆိုင်ဘူး၊ သူနဲ့ငါပဲ ဖြေရှင်းရမယ့် ကိစ္စ...၊ ဒီကောင်ဘာပြောပြော နင်သိစရာ မလိုဘူး"



"လိုတယ်၊ လိုတယ်၊ သူက နင်နဲ့ငါကို အထင်လွဲနေတာ၊ အထင်လွဲပြီး ပြောနေတာ၊ ငါသိဖို့ လိုတာပေါ့၊ အခုကက နင်တို့ အချစ်ဆုံးသူငယ်ချင်း နှစ်ယောက် အထင်တွေလွဲနေတာ ငါ့ကြောင့်လေ၊ ငါ့ကြောင့်ဟဲ့၊ ငါသိမှ ဖြစ်မှာပေါ့၊ ပြောလေ...ကုဋေရယ်၊ ပြောပါဟာ..."

"မပြောဘူး"

ကုဋေက နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ပြီး မျက်စိရုံမှိတ် ငြင်းနေ စဉ်မှာ...။

"ပြောလိုက်ပေါ့ကွ....၊ မင်းက ငါ့ချစ်သူကို ဖြတ်လုဖို့ ကြံနေတယ် ဆိုတာ....အမှန်အတိုင်း...."

ရုတ်တရက် ဖြတ်ပြောလိုက်သည့် အသံကြောင့် သူမရော ကုဋေပါ နောက်က ချက်ချင်းလှည့်ကြည့်လိုက်ရသည်။

"ဟင်..."

"ထိုက်တန်..."

ဘယ်အချိန်ကတည်းက သူမတို့နှစ်ယောက် နောက်နားမှာ ရောက်နေ မှန်းမသိလိုက်သည့်...မောင်...။

ထိုက်တန်ဆိုတဲ့ ယောကျ်ားတစ်ယောက်...။

သူမနဲ့ကုဋေတို့ ပြောနေတဲ့စကားကို သူကြားသွားပြီး တမင်ဖြတ်ပြော လိုက်တာဖြစ်သည်။ သူအားလုံး ကြားပြီးနေပြီ....။

ပြီးတော့ သူဖြတ်ပြောတဲ့ စကားက ကြောက်စရာကောင်းသည်။

စွပ်စွဲတာ မဟုတ်။ ထင်မြင်နေတာ မဟုတ်။ တိကျသေချာနေသော...။

ကုဋေက သူမကို ဖြတ်လုဖို့ ကြံနေတာ...တဲ့။ မောင်...ဘာလို့ အဲဒီလောက် မိုက်မဲတဲ့ အတွေးအခေါ်ကို ခေါင်းထဲမှာ တွေးနေတာပါလိမ့်...။

www.burmeseclassic.com

www.burmeseclassic.com



သူမ အော်လိုက်သည်။

"ထိုက်တန်...၊ နင်...မဲမဲမြင်ရာ လိုက်ခွေ့မနေနဲ့၊ စကားကို ပြင်ပြောစမ်း၊ ကုဋ္ဌေလို လူမျိုးကို နင်...ဘယ်လိုအကြောင်းပြချက်နဲ့ ဒီလိုပြောနေတာလဲ၊ ကောင်းတယ်၊ အခု....နင်ရောက်လာတော့၊ ဖြေရှင်းစမ်းပါ၊ ငါ့ရှေ့မှာပဲ နင်တို့ ပြောစမ်းပါ၊ ငါကြားချင်တယ်၊ နင်...ဘာလို့ ကုဋ္ဌေလောက် ဖြူစင်ပြီး နင့်အပေါ် ဒီနေ့ထက်ထိ သူငယ်ချင်းကောင်း ပီသနေတဲ့သူကို လိုက်မဲနေတာလဲ၊ စွပ်စွဲနေတာလဲ၊ ထိုက်တန်..ဟင်၊ မနေ့က ငါ့ဆုံးဖြတ်ချက်က သူနဲ့ဘာမှ မဆိုင်ဘူး၊ ငါနင့်ကို စိတ်ကုန်သွားတာ သူနဲ့ ဘာမှမဆိုင်ဘူး၊ နင်နဲ့ပဲ ဆိုင်တယ်၊ နင် တစ်ယောက်တည်းနဲ့ပဲ ဆိုင်တယ် ထိုက်တန်ရဲ့၊ အဲ့ဒါ နင်သိရဲ့လား"

သူမ ဒေါသတကြီး မောင့်ဘက်ကို လှည့်အော်နေလိုက်မိသည်။

မောင်သည် အပြုံးမပျက်ချေ...။

ကုဋ္ဌေက သူမရဲ့ ဒေါသကို ရှက်ရှာသည်။ သူမရဲ့ လက်မောင်းကိုရော၊ သူ့သူငယ်ချင်းရဲ့ ပခုံးကိုပါ ဆွဲကာ သူမတို့ရပ်နေရာမှာ ထွက်ခွာရအောင် ပြောသည်။

"ငါတို့ သုံးယောက်တစ်နေရာရာ သွားမှဖြစ်မယ်၊ ဒီနေရာကြီးမှာ မအော်နဲ့ဦး...နိုင်...၊ လူတွေအများကြီးဟာ.."

အံ့သြစရာကောင်းစွာ မောင်က ဒေါသမျက်နှာနှင့် သူ့ပခုံးကို လာဖက်သည့် ကုဋ္ဌေ့လက်ကို ပုပ်ချသည်။ ကုဋ္ဌေရဲ့ မျက်နှာဖြူဖြူလေး ရဲသွား၏။

သူမရဲ့ မောင့်ကို ထွက်နေသော ဒေါသတွေက ပေါက်ကွဲသွားသည်။

"ငါတို့ ဘယ်သူ့၊ ဘယ်သူကိုမှ ရှက်စရာ မရှိဘူး၊ ငါနဲ့နင်နဲ့က မှန်တဲ့ သူတွေ၊ ရိုးသားဖြူစင်တဲ့သူတွေ...ကုဋ္ဌေ၊ ဘယ်မှ ထွက်ပြေးစရာ မလိုဘူး၊ ဘယ်မှာ ရှင်းရှင်း၊ ရှင်းလို့ရတယ်...၊ အော်လို့ရတယ်၊ ဘယ်မှမသွားဘူး၊ ဒီဆေးရုံ ရှေ့မှာပဲ ရှင်းမယ်၊ ကဲ...ပြောကြလေ..."

ကုဋ္ဌေက သူမရဲ့စကားကို လက်မခံနိုင်သလို ခေါင်းကိုပဲ တွင်တွင်ခါ နေသည်။ မောင်က သူမ အသည်းသိပ်ယားအောင် ရယ်တတ်သော ရယ်ပုံမျိုးနဲ့ မျက်လုံးများ မှေးစင်းစွာ ခပ်မှျင်းမှျင်းလေး မခိုးမခန့်ရယ်နေပါသည်။

ရယ်သံတစ်ဝက်နဲ့ မောင်...ဝင်ပြောသည်။



"ဖြူစင်လား၊ မဖြူစင်လား...မင်းကိုယ်တိုင် ဖိုးကုဋ္ဌေကို မေးကြည့် လိုက်ပါဦး မရ...၊ သေသေချာချာ မေးကြည့်လိုက်..."

"ဘာ...."

သူမ အံ့အားသင့်သွားသည်။

မထင်မှတ်စွာ ကြားလိုက်ရသော စကားကို အငိုက်မိသွားပြီး သူမ တွေဝေမှင်သက်စွာ ငေးကြောင်ရပ်တန့်သွားမိသည်။

ဒေါသတကြီး သူမ...ရူးရူးဝါးဝါးအော်ဟစ်နေမိတဲ့ မောင့်ရဲ့မျက်နှာကို စိုက်ကြည့်နေရင်းက သူမ...တုန်လှုပ်စွာ ကုဋ္ဌေဆီကို ဖြည်းဖြည်းလေး ပြန်လှည့်ကြည့်လိုက်မိသည်။

ကုဋ္ဌေက မျက်နှာကို အောက်သို့ငုံ့ထားသည်။

ကုဋ္ဌေ....ဘာဖြစ်လို့ မောင်က ဒီလို နင့်နင့်သည်းသည်းပြောနေ၊ စွပ်စွဲနေတာကို ခေါင်းငုံ့ငြိမ်ခံနေတာလဲ....။

ပြောလေ။ ပြန်ပြောလေ....။ မဟုတ်ဘူးလို့ နင်....အော်ရမှာ....။

"ကုဋ္ဌေ...."

သူမ မောင့်ရှေ့ကနေ...ကုဋ္ဌေရဲ့ရှေ့ဆီကို ခြေလှမ်းတွေ ရွှေ့ကာ ရောက်သွားသည်။

ကုဋ္ဌေရဲ့ တိတ်ဆိတ်တင်းစေ့နေသော အပြစ်ကင်းသည့် မျက်နှာနုနုလေးတစ်ခုကို သူမ မော့ကြည့်လိုက်သည်။

ဟင့်အင်း...။ မဟုတ်ဘူး...။ မဟုတ်ဘူးနော်။

ပထမဆုံးအကြိမ် သူမ့မျက်လုံးတွေကို ကုဋ္ဌေရင်ဆိုင် မကြည့်ဘဲ ရှောင်လွှဲသွားပါသည်။ ဘာကြောင့်လဲ...။

"ကုဋ္ဌေ....၊ ထိုက်တန်ဘာတွေ ပြောနေတာလဲ၊ ဒီကောင်ဘာတွေ ပြောနေတာလဲ၊ မဟုတ်ဘူး၊ သူပြောတာတွေ တစ်ခုမှ မဟုတ်ဘူးနော်၊ နင်ဖြေရှင်းလေ၊ ဖြေရှင်းလိုက်လေ၊ ဖြေရှင်းမယ်ဆို...၊ ငါတို့နှစ်ယောက်လုံး ဖြူစင်တယ်လေ၊ ရိုးသားတယ်လေ...ဟာ"

ကုဋ္ဌေ့လက်မောင်းကို ကိုင်လှုပ်ကာ တတွတ်တွတ်မေးနေသော သူမ နောက်နားသို့ မောင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်က မျက်နှာခပ်မဲ့မဲ့နှင့် သူမကြားသာရုံ ပြောသလိုလို စကားကို တမင်တကာ ဖော့ပြောပါသည်။

"ကားဝပ်ရှော့ဆရာ တစ်ယောက်တည်းက ပြောလိုက်လို့ သွေးရူး သွေးတမ်းနဲ့ မနေ့ညကလာပြီး မင်းကို တောင်းပန်တယ်...ထင်နေလား မရ...၊ မင်းနဲ့သူ့ကို ကိုယ်အထင်တွေမှားနေတယ် မင်းထင်လား၊ မောင်...အဲဒီလူရဲ့ စကားလောက်နဲ့ သဝန်မတိုတတ်ဘူး၊ မင်းတို့ကို မယုံသင်္ကာမဖြစ်ဘူး၊ မနေ့ည က မင်းဆီ အိမ်တိုင်ရာရောက် မောင့်ကိုလာတောင်းပန်အောင် လုပ်ခဲ့တာ မင်းရဲ့ချစ်သော သူငယ်ချင်း ကုဋေကိုယ်တိုင်ပဲ၊ ကုဋေကိုယ်တိုင်က မင်းဆီ ကိုယ် ဝုန်းကနဲ ပြေးလာချင်အောင် ပြောခဲ့တာ၊ သူဘယ်လို ကိုယ့်ကို ပြောလိုက်လဲ၊ မင်းသိလား၊ တစ်ခွန်းတည်း...၊ သူမေးတယ်...မောင့်ကို...၊ မောင်နဲ့မရ တကယ် ပြတ်သွားပြီလား....တဲ့၊ တကယ်အပြတ် ပြတ်ပြီဆိုရင် သူက မရကိုချစ်နေတာ ဖွင့်ပြောလိုက်တော့မယ်...တဲ့၊ စာမေးပွဲ နောက်ဆုံးနေ့မှာ....တဲ့၊ မောင့်ကို ဘာမှ ဝင်မရှုပ်နဲ့တော့....တဲ့၊ မောင်နဲ့ ဘာမှ မသက်ဆိုင်တော့ဘူး...တဲ့၊ ကဲ...."

"ဘာ..."

အံ့သြစရာ အကောင်းဆုံး စကားကြောင့် သူမ အသက်ရှူသံတွေ ရပ်တန့်ကုန်ပါသည်။

ကုဋေ....။ အဲဒီစကားကို....။ တကယ်ပဲ...။

သူမ ထိတ်လန့်တုန်လှုပ်စွာ လှည့်ကြည့် အော်ခေါ်လိုက်သည်။

"ကုဋေ—ဟုတ်သလား၊ ဒီကောင်ပြောတာ ဟုတ်သလား၊ နင်...အဲဒီလို ပြောခဲ့သလား၊ နင်ဘာလို့ ပြောခဲ့တာလဲ၊ နင်...ဘာလို့ အဲဒီလို ပြောခဲ့တာ လဲ...ကုဋေရယ်၊ ဟုတ်မှ မဟုတ်တာ၊ ဟုတ်မှ မဟုတ်တာ ကုဋေရဲ့၊ နင့်မှ ငါ့ကို မချစ်တာ၊ မချစ်ပဲနဲ့ နင်...ဘာတွေ ဖာတ်လမ်းရှုပ်အောင် လုပ်တာလဲ...ဟာ၊ သေတော့မှာပဲ"

သူမ စိတ်ပျက်လက်ပျက် ကုဋေ့လက်မောင်းကို ဆွဲကိုင်လှုပ်တော့ ကုဋေက ကျောက်ရုပ်တစ်ရုပ်လို တွေဝေရပ်တန့်နေတုန်း။

ကုဋေ...ဘာလို့ သူမ မျက်နှာကို စေ့စေ့မကြည့်တော့တာလဲ...။

"ပြောလေ...၊ ပြောပါဦးဟာ၊ နင်မှ ငါ့ကို မချစ်တာပြောပါဦး"



သူမက အကြိမ်ကြိမ်အခါခါ တောင်းဆိုသော်လည်း ကုဋေက ချက်ချင်း လှည့်ဖြေလိုက်တာ သူမကို မဟုတ်...။ မောင့်ကို...။

မောင့်ကို ကုဋေက နာနာကျည်းကျည်း ဒေါသမီးတွေ ဝေနေသည့် မျက်လုံးများနှင့် စိုက်ကြည့်ကာ အော်သည်။

ဘာတွေဖြစ်ကုန်ကြတာလဲ။

သူတို့ တစ်ခါမှ အဲဒီလို ဒေါသတကြီး ရန်မဖြစ်ဖူးပါ။ သူတို့က အချစ်ဆုံး သူငယ်ချင်းတွေလေ....။

ကုဋေက ပြောသည်။

"ဟေ့ကောင်...ကိုထိုက်...၊ မင်းကို ငါပြောခဲ့တာ အဲဒီစကား တစ်ခွန်း တည်းလား၊ ပြန်စဉ်းစား...၊ ငါဘာပြောခဲ့လဲ၊ ပြန်စဉ်းစား...၊ နိုင့်ဆီကို မင်းပြန် သွားဖို့ ငါ အကြိမ်ကြိမ် မတောင်းပန်ဘူးလား၊ နိုင်ဟာ....အခုအချိန်မှာ သူ့ကို အားပေးမယ့်၊ သူ့ဘေးနားမှာ မားမားမတ်မတ် ရပ်တည်ပေးမယ့်၊ ဖေးမကူညီ ပေးမယ့် ယောကျ်ားတစ်ယောက် လိုကိုလိုအပ်နေတယ်လို့ ငါမပြောခဲ့ဘူးလား၊ မင်း စကားတွေချန်မပြောနဲ့၊ သူ့အဖေဖြစ်နေတဲ့ရောဂါနဲ့၊ သူဖြတ်သန်းရမယ့် စာမေးပွဲနဲ့ အဲဒီကြားမှာ သူသိပ်ကို စိတ်အားငယ်နေတယ်၊ မင်း...သူ့ဆီကို ပြန်သွားလိုက်ပါလို့ ငါတောင်းပန်ခဲ့သေးတယ် မဟုတ်လား၊ အဲဒီအထိ မင်းသူ့ကို စိတ်နာနေတုန်း၊ ငါက ဘယ်လိုတောင်းပန်ပန် မင်းခေါင်းမာနေလို့ ငါဒီစကားကို ထုတ်ပြောတာ၊ နောက်ဆုံးလက်နက် အဖြစ်ထုတ်ပြောတာ၊ ငါ...ဘယ်လို ရည်ရွယ်ချက်နဲ့ ပြောခဲ့တာတွေဆိုတာ မင်းနားလည်သင့်တယ်၊ ငါ... ဒါတွေ အားလုံးလုပ်ခဲ့တာ နိုင့်အတွက်ပဲ၊ နိုင်အတွက် ငါပြောခဲ့တာ"

မောင်က ခပ်လျှောင်လျှောင် ရယ်သည်။

"ငါပြောတာလည်း အဲ့ဒါပဲလေ....၊ မင်းလုပ်သမျှ...၊ မင်းပြောသမျှ...၊ မင်းတွေးသမျှက မရအတွက်ပဲလေ...၊ ဟုတ်တယ်မဟုတ်လား၊ ငါပြောနေတာ လည်း အဲ့ဒါပဲ..."

သူမ အခြေအနေကို ချက်ချင်းသဘောပေါက်သွားသည်။

မောင်နဲ့ ကုဋေကြားကို သူမ ဝင်လိုက်သည်။ ပြီးတော့ ကုဋေ့ဘက် ကနေ သူမ ကာကွယ်ပြီး ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုက်တန်...၊ နင်...အဲ့ဒီစကားတစ်ခွန်းနဲ့ ငါတို့နှစ်ယောက်ကို မစွပ်စွဲနဲ့၊ မပုပ်ခတ်နဲ့၊ ငါနဲ့ ကုမ္မေ...တစ်ယောက်ကိုတစ်ယောက် ဘယ်လို သဘောထားတယ်ဆိုတာ နင်အသိဆုံး ထိုက်တန်၊ ငါ့မှာ အစ်ကိုမရှိဘူး၊ မောင်မရှိဘူး၊ ယောကျ်ားလေး မိတ်ဆွေမရှိဘူး၊ ငါ့ဘဝမှာ ယောကျ်ားလေးဆိုလို့ နင်နဲ့ကုမ္မေပဲရှိခဲ့တာ၊ အဲ့ဒါ...နင်သိတယ်၊ နင်...ငါ့ကိုထားသွားတဲ့အချိန်မှာ ငါ့ဘဝကြီးဘယ်လိုဖြစ်သွားတယ်၊ ဘယ်အရာတွေကို ဘယ်လိုဖြတ်သန်းဖို့ ကြိုးစားရတယ်ဆိုတာတွေ ကုမ္မေပဲသိခဲ့တာ၊ နင်...မသိဘူး၊ နင်...လုံးဝ လှည့်မကြည့်ဘူး၊ ဂရုမစိုက်ဘူးလေ၊ ငါက အဲ့ဒီအချိန်တွေမှာ ကုမ္မေ့ကို တရင်းတနှီး ဆက်ဆံခဲ့တာ၊ အားကိုးခဲ့တာ၊ အစ်ကိုတစ်ယောက်လို၊ မောင်တစ်ယောက်လိုပဲ၊ အဲ့ဒီထက် ဘာမှမပိုခဲ့ဘူး၊ သူ...ငါ့ကို ချစ်တယ်လို့ နင့်ကို ပြောချင်ပြောခဲ့မယ်၊ ဟုတ်တယ်၊ ဒါပေမယ့် အဲ့ဒါ နင့်ရဲ့မခံချင်စိတ်တွေ၊ မနာလိုစိတ်တွေအကြောင်း သူသိလို့ ထိုက်တန်ရဲ့၊ သိပ်သိနေလို့ နင်...ငါ့ဆီ ပြန်မရောက်၊ ရောက်လာအောင်...၊ သက်သက်မဲ့ မခံချင်အောင် သူပြောခဲ့တာ၊ နင် အဲ့ဒီလောက်တောင် သဘောမပေါက်ဘူးလား၊ သူက နင်နဲ့ငါ့ကို ပြန်ပြီးအဆင်ပြေစေချင်လို့ စေတနာနဲ့တမင်... နင့်ကို ခြိမ်းချောက်သလိုပြောခဲ့တာ..."

သူမက မောင့်ကို ပြောရင်းနဲ့ ကုမ္မေဘက်ကိုပါ လှည့်ပြီး မေးလိုက်မိသည်။

"ဟုတ်တယ် မဟုတ်လား....ကုမ္မေ၊ ငါပြောတာ ဟုတ်တယ်မို့လား၊ နင် သက်သက်မဲ့ သူ့ကို မခံချင်အောင်၊ ငါ့ဆီ ပြန်လာချင်အောင် နင်...အဲ့ဒီလို ပြောခဲ့တာ မဟုတ်လား၊ ငါသိပါတယ်၊ ဒီကောင်က အဲ့ဒီလို ပြောမှ ငါ့ဆီရောက်လာမယ်ဆိုတာ နင်သိတယ်၊ သူ...ဘယ်လောက် ကလေးဆန်လဲဆိုတာ နင်ရော....၊ ငါရော...အသိဆုံးလေ၊ ဟုတ်တယ်မဟုတ်လား"

သူမက လက်မောင်းတွေကို ကိုင်ဆွဲလှုပ်ပြီး မေးနေတာတောင် ကုမ္မေဘက်က ဖြေသံတစ်ခွန်းမှ မကြားရတာ ဘာကြောင့်လဲ...။

သူမ နှုတ်ခမ်းတွေ အေးစက်ခြောက်သွေ့လာသည်။ အသက်ရှူလို့မရလောက်တော့အောင် ရင်ဘတ်တွေ တင်းကျပ်ဆို့နင့်လာခဲ့သည်။

မောင်က မျက်နှာခပ်မဲ့မဲ့နှင့် ဝင်ဖြတ်ပြောသည်။



"အဲ့ဒါတွေက မင်းဘက်က ထင်တာတွေလေ...မရ၊ အဖြစ်မှန်က အဲ့ဒီလို မဟုတ်ဘူး"

ကုမ္မေက မျက်စိစုံမှိတ်ပြီး အော်သည်။

"ဟုတ်တယ်"

မောင်က ကုမ္မေရဲ့ရှေ့တည့်တည့်ကို ရောက်သွားပြီး ကုမ္မေရဲ့အကျီရင်ဘတ်စတွေကို ဆွဲဆုပ်သည်။

"မင်း...မဟုတ်ဘူးဆိုတာ ငါ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီးပြောလေ...ဖိုးကု"

သူမ ဒေါသတကြီး သူတို့နှစ်ယောက်ကို ဆွဲခွာဖို့ကြိုးစားရသည်။ ထိုယောကျ်ားပျိုလေးနှစ်ယောက်သည် ဒေါသတွေ အသီးသီး ထွက်နေကြသောအခါ အင်မတန်သန်မာသော ခြသေ့်လေးတွေလို ဖြစ်နေသည်။

သူမ ကုမ္မေနဲ့ ထိုက်တန်ကို ဝေးဝေးကွာသွားအောင် တွန်းထုတ်နေလည်း သူတို့က ပြန်ပြန်နီးကပ်လာပြီး တစ်ယောက်ကို တစ်ယောက်အော်ဟစ်နေကြသည်။

"ဟုတ်တယ်...၊ ဟုတ်တယ်၊ ငါ နိုင့်ကို ချစ်တယ်လို့ပြောခဲ့တာ မင်းမခံချင်အောင် သက်သက်ပြောခဲ့တာ၊ ငါလိမ်ပြောခဲ့တာကွ၊ ဒါပဲ မဟုတ်လား၊ မင်းတော်တော့...ဒီကိစ္စကိုရပ်လိုက်တော့...ဖိုးထိုက်"

"မရပ်နိုင်ဘူး၊ ဒါဖြင့် ဘာလို့ မရရဲ့အဖေ ဒီနေ့စကားပွဲမှာ ခွဲမယ်လို့ မင်းမပြောပဲ ထိန်ချန်ထားခဲ့တာလဲ၊ ပြောစမ်း၊ မင်း..အဲ့ဒါ ငါ့ကို သက်သက်မဲ့ ထောင်ချောက်ဆင်တာ၊ ငါ...မရရှေ့မှာ စကားမှားအောင်...၊ အဲ့ဒီလို နေ့မျိုးကျမှ ငါ အဲ့ဒီစကားတွေ မှားပြောရင် မရ ဘယ်လိုပေါက်ကွဲမယ်ဆိုတာ မင်းသိတယ်၊ မင်း မရအကြောင်း သိတယ်၊ ဒါကြောင့်မို့ ငါ့ကို သက်သက်မပြောပဲ ထိမ်ချန်ခဲ့တာလေ၊ မင်း....ကောက်ကျစ်တာကိုလည်း ထည့်ပြောဦး..."

ကုမ္မေသည် မောင့်ကို ဆွဲပဲထိုးလိုက်တော့မလို ဒေါသတကြီး ရှေ့တိုးလာ၍ သူမ...အတင်းပြန်ဆွဲရပြန်သည်။ သူမလက်ထဲမှာ ကုမ္မေရဲ့ကိုယ်ခန္ဓာတစ်ခုလုံးတုန်ခါနေကာ အော်ဟစ်နေလေသည်။

"ဟေ့ကောင်....ဖိုးထိုက်၊ ငါ အဲ့ဒီလိုကောင်မဟုတ်ဘူး ၊ ငါ့လူ့ယုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ငါ...ဘာမှ မထိန်ချန်ထားဘူး၊ ငါမပြောမိဘဲ ရှိကောင်းရှိမယ်၊ အဲ့ဒါလည်း မင်းသိပြီးသားထင်လို့၊ ငါတို့အားလုံး သိပြီးသားကိစ္စပဲ၊ ဒီလို အောက်မေ့လို့"

ကုဋ္ဌေပြောတာကို သူမ ယုံသည်။ ကုဋ္ဌေဆိုသည် သူမရဲ့ သူငယ်ချင်းလေးမှာ အဲ့ဒီလို ရှည်ရှည်ဝေးဝေး ကောက်ကျစ်လှည့်ဖျားတတ်သည့် စိတ်ဓါတ်မျိုးမရှိပါ။

သူမ...ကုဋ္ဌေဘက်ကပဲ နာကာ မောင့်ကို ရန်တွေ့ရပြန်သည်။

"ထိုက်တန်...နင်...စကားပြောတာ ကြည့်ပြောစမ်း၊ နင်...ငါ့အဖေ ဒီနေ့ခွဲမယ်ဆိုတာ မသိလည်း မနေ့ညကလို စကားမျိုးကို နင်...ဘယ်တော့မှ မပြောသင့်ဘူး...သိလား၊ ငါ့အဖေ ကင်ဆာဖြစ်နေတာ နင်သိတယ်၊ နင်သိပြီးသား၊ ဒီရောဂါကို ငါတို့မိသားစု ဘယ်လို ခုခံတိုက်ခိုက်နေရမယ်ဆိုတာလည်း နင်...မှန်းကြည့်လို့ရတယ်၊ နင့်မှာ ကိုယ်ချင်းစာတဲ့ စိတ်ဓါတ်ကလေး ရှိမယ်ဆိုရင်ပေါ့၊ ဒါပေမယ့်...အဲ့ဒီလို...အဲ့ဒီလို ငါ့အဖေမရှိတော့အခါကျမှ ငါ့ကို နင်လက်ထပ်မယ်ဆိုတဲ့ စကားကို နင်....ဘယ်တော့မှ၊ ဘယ်အချိန်မှာမှ မပြောသင့်ဘူး၊ အဲ့ဒါ...နင်သိရဲ့လား၊ နင့်စကားက ဖေဖေ့ကို သိပ်ချစ်တဲ့...ငါ့ကို...၊ ငါ့နှလုံးသားကို ဘယ်လောက်ပြောင်းလဲသွားစေနိုင်တယ်ဆိုတာ နင် နားမလည်ဘူး၊ နင့်မှာ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တပဲရှိတယ်၊ နင့်အတွက်နင်သိတဲ့ စိတ်ပဲရှိတယ်၊ အဲ့ဒီစိတ်က ငါနဲ့နင့်ကို ခွဲလိုက်တာ ထိုက်တန်၊ အဲ့ဒါနင် မြဲမြဲမှတ်ထား၊ သိလား၊ နင်နဲ့ငါ့ကိုခွဲတာ ကုဋ္ဌေ မဟုတ်ဘူး၊ ဘယ်တော့မှ...မဟုတ်ဘူး"

မောင်က သူမ ပြောသမျှကို ပန်းနဲ့ပေါက်သည့်အလား ပြုံးပြုံးလေး နားထောင်နေသည်။

သူမ မောင့်မျက်နှာကို နာနာကျည်းကျည်း စိုက်ကြည့်မိပါသည်။

မောင်ဘာလို့ သူထင်တာပဲ အမှန်၊ သူလုပ်တာပဲအမှန် ဖြစ်ချင်ရတာလဲ...။

မောင်က သူမပြောတာတွေကို လက်မခံနိုင်သလို ခေါင်းကို ဖြည်းဖြည်းလေး ခါပြသည်။

မောင်ရဲ့လေသံတွေက အေးစက်တင်းမာနေခဲ့၏။



"မောင်ကတော့ လက်မခံနိုင်ဘူး၊ မောင်နဲ့မင်းကို ခွဲခဲ့တာ... တကယ်တော့ အနီးကပ်ဆုံး ရန်သူရှိလို့...၊ အဲ့ဒါ...ဒီကောဝိပဲ၊ ကဲ...ပြော၊ ဒါဖြင့် မောင်နဲ့မင်း ကွဲသွားကြတယ်ဆိုပါတော့၊ မင်းတို့နှစ်ယောက် ရည်းစားဘယ်တော့မှ မဖြစ်ပါဘူးလို့ မင်းအာမခံနိုင်သလား...မရ၊ ဖြေစမ်း"

သူမ မောင့်ကို ဆတ်ကနဲ လှည့်ကြည့်လိုက်မိသည်။

ဒေါသတကြီးလည်း အော်ထည့်လိုက်သည်။

"နင်...ရူးနေလား...ထိုက်တန်...၊ ကုဋ္ဌေက ငါ့ကို မချစ်ပါဘူး၊ မကြိုက်ပါဘူးလို့ ခုနကလေးတင် နင့်ကို ပြောပြီးပြီလေ၊ ပြောလိုက်ပြီလေ၊ နင်...နားကန်းနေလား"

မောင်က 'ဟက်'ကနဲ ရယ်ချသည်။

ပြီးတော့ ဆက်တိုက်ပြောချလိုက်သည်။

"ဒါပေမယ့် သူမင်းကို ချစ်နေတယ်လို့ပြောခဲ့တာ မနေ့က ပထမဆုံးအကြိမ် မဟုတ်ဘူးလေ၊ သူကိုယ်တိုင်ပြောခဲ့တာ ကိုယ့်ကို...လွန်ခဲ့တဲ့ငါးနှစ်...."

"ဟော့ကောင်..."

ရုတ်တရက် ကုဋ္ဌေသည် ဝုန်းကနဲ ပေါက်ကွဲသွားပြီး ရှေ့ကို ခုန်ထွက်ကာ မောင့်ကို ထိုးဖို့ကြိုးစားသည်။

သူမ ကုဋ္ဌေ့လက်ကို လှမ်းဆွဲတာ မြန်သွားပြီး ကုဋ္ဌေရဲ့လက်သီးဆုပ်က မောင့်ပခုံးကိုပဲ ဖတ်ကနဲ သွားထိသည်။

မောင့်ရဲ့ကိုယ်တစ်ဘက်က ယိမ်းသွားသော်လည်း ပြောနေသောစကားကို အတင်းဆက်ပြောချပါသည်။

"သူ မင်းကို ချစ်နေတာ လွန်ခဲ့တဲ့ ငါးနှစ်၊ မောင်နဲ့မင်း ချစ်သူတွေ မဖြစ်ခင်ကတည်းကလေ၊ ကိုယ်တို့နှစ်ယောက် မင်းကို အတူတူ တစ်ချိန်တည်း စချစ်ခဲ့တာ..."

"ဘာ..."

"ထိုက်တန်..."

ကုဋ္ဌေက အသံနက်ကြီးနဲ့ ကုန်းအော်သည်။

သူမ ကြားလိုက်ရသော စကားကြောင့် ကြက်သေသေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုမ္မေနဲ့ မောင့်အကြားမှာ သူမသာ ဝင်ရပ်မနေလျှင် သူတို့နှစ်ယောက် ဘာတွေ ဖြစ်ကုန်ကြမှာလဲ...။ သူမ မတွေးဝံ့ပါ။

မဟုတ်ဘူး...။ ခုကော...ဘာတွေဖြစ်ကုန်ကြပြီလဲ။

သူမ နဲ့မောင်...။

သူမနဲ့ ကုမ္မေ...။

ပြီးတော့ ကုမ္မေနဲ့ ထိုက်တန်...။

ဘုရားရေ...သူတို့နှစ်ယောက်က အချစ်ဆုံးသူငယ်ချင်းတွေလေ။ အချစ်ဆုံးသူတွေပါ။ ဘာတွေ ဖြစ်ကုန်ကြတာလဲ။

"မင်း...မင်း...ထိုက်တန်၊ မင်း...ငါ့ကို ငါ့ကို...သိပ်စော်ကားတယ်"

"ငါ...ဘာမှ မစော်ကားဘူး၊ အမှန်တွေပဲ ပြောတာ၊ မရ သိသင့်တယ် ထင်လို့ အမှန်တွေ ပြောတာ...၊ ဘာလဲ...၊ လာလေ...၊ လာပါ၊ လက်ရုံးချင်း ယှဉ်တော့မလား၊ အောက်လမ်းနည်းနဲ့ အပျော့ဆွဲ...၊ ဆွဲဖို့ မင်းကြိုးစားနေတာ လက်ကုန်သွားပြီလား....၊ လူချင်းချတော့မလား..."

"ဟာ...ဒီကောင်..."

ကုမ္မေ ရှူးရှူးရှားရှား ဖြစ်သွားပြန်သည်။ ကုမ္မေကို သူမ နောက်မှ နေ၍ သာ ချုပ်မထားလျှင် မောင်နဲ့ကုမ္မေ ဒီနေရာမှာတင် ထိုးကြကျိတ်ကြတော့မည်။ သတ်ကုန်ကြတော့မည်။

သူမ ဝမ်းပန်းတနည်း အော်ဟစ်လိုက်မိတော့သည်။

"တော်ကြပါတော့၊ တော်ကြပါတော့၊ ထိုက်တန်...နင့်ပါးစပ်ပိတ်စမ်း၊ ကုမ္မေ...နင် မလုပ်ပါနဲ့၊ နင်အဲ့ဒီလို မပေါက်ကွဲပါနဲ့၊ ငါတောင်းပန်ပါတယ်၊ ငါရှိကြီးခိုးပါရဲ့ဟယ်၊ မလုပ်ကြပါနဲ့၊ ငါ့ကို သနားပါ၊ နင်တို့နှစ်ယောက်လုံး ငါ့ကို သနားရင် တော်ကြပါ၊ ဘာတွေ ဖြစ်နေကြတာလဲ၊ လမ်းမကြီးမှာ...၊ ငါ့ကို သနားရင် တော်ကြပါတော့ဟယ်"

သူမ ကုမ္မေကို သိုင်းဖက်ချုပ်ထားရင်းက ရှိုက်ကြီး တငင်ငိုချ လိုက်မိပါသည်။

သူမရဲ့ငိုသံကြောင့် ကုမ္မေရဲ့ နီမှဲ့ချည်မြင့်ချည်ဖြစ်နေသော ရင်အစုံ တော့ ငြိမ်သက်သွားသည်။



'တောက်'တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်နေသည်။

သူမ နားမလည်နိုင်စွာ ကုမ္မေရဲ့လက်ချောင်းတွေကို တင်းတင်း ကျပ်ကျပ် နောက်ကနေ ဆုပ်ကိုင်ပွေ့ဖက်ထားရင်း တိုးတိုးလေး မေးလိုက် မိသည်။

"ဟုတ်လား...ကုမ္မေ...၊ သူပြောနေတာတွေ အမှန်ပဲလား၊ နင်တို့ နှစ်ယောက် ငါ့ကို အတူတူချစ်ခဲ့တာ၊ အဲ့ဒါဟုတ်သလား၊ အဲ့ဒါတွေ ငါ... ငါ...ဘာလို့ ခုမှသိရတာလဲ..."

ကုမ္မေ့အစား မောင်က မချိုမချဉ်မျက်နှာနဲ့ ဝင်ဖြေနေသည်။

"ကိုယ်တို့ ဆေးကျောင်းကို ရောက်ကတည်းက မရနိုင်ဆိုတဲ့ မိန်းကလေးတစ်ယောက်တည်းကို ပြိုင်တူစိတ်ဝင်စားခဲ့တာပဲ...မရ၊ မောင်က မင်းကို စွဲနေပြီလို့ သူ့ကိုရင်ဖွင့်တော့ သူကလည်း ငါရောပဲ...ထိုက်...တဲ့၊ မောင်တို့နှစ်ယောက်က ဘယ်တော့မှ တစ်ယောက်ကိုတစ်ယောက် မလိမ်ခဲ့ဘူး၊ အကုန်ရင်ထဲရှိတာ ဖွင့်ပြောခဲ့ကြတာပဲ၊ အဲ့ဒီအချိန်ကပေါ့လေ"

မောင်က မခိုးမခန့်ရယ်လိုက်သေးသည်။

"ဒီတော့ ဘယ်သူ မင်းနောက်ကို အရင်လိုက်မလဲ ညှိကြတော့ သူပဲ ဆုံးဖြတ်တာ၊ ကိုယ်ကို အရင်ကြိုးစားပါတဲ့...၊ ကိုယ်ငြင်းသေးတယ်၊ ဘယ် တရားမလဲ၊ မင်းရော...ငါရော တစ်ပြိုင်တည်း မိန်းကလေးတစ်ယောက်ကို ချစ်နေပြီလေ...လို့၊ ကိုယ်အရင်စကြိုးစားရင် ဘယ်တရားပါ့မလဲ...လို့၊ ဒီတော့ ဒီကောင်ဘာပြောလဲ...သိလား၊ အချစ်ဆိုတာ အပြေးပြိုင်ပွဲတစ်ခုမှ မဟုတ်ဘဲ ထိုက်ကြီးရာ၊ တာထွက်ချိန် တူရမယ်လို့ စည်းကမ်းမှ မရှိတာ၊ ပြီးတော့ မရနိုင်က မင်းကို ချစ်တယ်လို့ ပြေလိုက်ရင် အဲ့ဒါမင်းကိုပဲ ချစ်လို့ပေါ့၊ အဲ့ဒါ...ငါ့ကို နိုးလို့ ပြောလိုက်တာနဲ့ အတူတူပဲပေါ့...တဲ့၊ အချစ်ဆိုတာ အရင်ရောက်လာတဲ့လူကို အရင်ပေးလိုက်မယ်ဆိုတဲ့ ကုန်စုံဆိုင်က ပစ္စည်းမှ မဟုတ်ဘဲ...တဲ့၊ မင်းကို သူ ငြင်းလိုက်ပြီဆိုမှ...၊ အဲ့ဒီအခါကျမှ ငါကြိုးစားမယ်...တဲ့၊ သူပြောခဲ့တာလေ... လွှန်ခဲ့တဲ့ ငါးနှစ်က၊ လွန်ခဲ့သော ငါးနှစ်ကတည်းကပါ မရ၊ ကိုယ်...ဘာကြောင့် သူ့ကို မင်းနဲ့..."

သူမ နာကျည်းစွာ အော်ဟစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး…."

မောင်ရဲ့ ခပ်လျော်လျော် မျက်နှာလေးကို သူမ မမြင်ချင်စွာ ကုမှေ့ကို မျက်နှာချင်းဆိုင်လိုက်သည်။

ကုမှေ့ ခေါင်းငုံ့နေသည်။

ဘယ်တော့မဆို ဖြူစင်ရိုးသားလွန်းသည်ဟု သူမထင်ခဲ့သော ကုမှေ့ရဲ့ ကလေးလေးတစ်ယောက်လို နုနယ်သည့် မျက်နှာကို မော့ငေးကြည့်လိုက်သည်။

"မဟုတ်ဘူးနော်….ကုမှေ့…၊ သူပြောတာတွေ မဟုတ်ဘူးမို့လား၊ နင်…ငြင်းလိုက်ပါ ကုမှေ့ရယ်၊ လွန်ခဲ့တဲ့ ငါးနှစ်ဆိုတာ ငါတို့ ဆယ်ကျော်သက်တွေ၊ နင်ရော၊ ငါရော၊ အကုန်လုံးအတူတူ စိတ်တွေ…ဘယ်သူမဆို ကစားခဲ့ကြတာပဲလေ၊ နင်…အဲ့ဒီစကားကို စိတ်ကစားပြီး သက်သက်ပြောခဲ့တာပါ၊ ဟုတ်တယ် မဟုတ်လား၊ ငါ့ကို နင်တကယ် မချစ်ခဲ့ပါဘူး၊ ငါ့ကို ချစ်သူတစ်ယောက်လို နင်ချစ်နေတာလား၊ မဖြစ်နိုင်ပါဘူးဟာ၊ မဖြစ်နိုင်ပါဘူး၊ လွန်ခဲ့တဲ့…လွန်ခဲ့တဲ့ ငါးနှစ်လုံး…ငါးနှစ်လုံး"

သူမရဲ့စကားတွေ ပြောရင်းနဲ့ ဆို့နင့်နာကျင်စွာ တိုးတိမ်သွားခဲ့သည်။

မဖြစ်နိုင်ပါဘူးလေ…။

သူ….သူ….ငါ့ကို…။

သို့ပေမယ့် ကံကြမ္မာသည် မရနိုင်ဆိုသော မိန်းမတစ်ယောက် ဖြစ်စေချင်သလို ဘယ်တော့မှ မဖြစ်ပါ။

ကုမှေ့သည် အခုမှ အသက်ဝင်လာသည့် လူတစ်ယောက်လို ဆတ်ကနဲ သူမရဲ့ လက်မောင်းနှစ်ဘက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လေသည်။

သူမတစ်ကိုယ်လုံး ခါသွားသည်။

ကုမှေ့ အဲ့ဒီစကားကို ပြောနေစဉ်မှာ သူ့မျက်လုံးတွေ မျက်ရည်တွေ ဝေသီနိုတွဲနေလို့ရယ်…။

"နိုင်…၊ ငါ့ကို အဲ့ဒီလို မမေးနဲ့၊ နင့်ကို မချစ်ဘူးလို့ မမေးနဲ့၊ မပြောနဲ့ သိလား၊ ဘယ်တော့မှ မပြောနဲ့၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အဲ့ဒါတွေ ငါအကုန် ပြောနိုတာချည်းပဲ၊ ပြောစမ်းပါဦး၊ ငါက နင့်ကို ဘာလို့ မချစ်ရမှာတဲ့လဲ၊ နင့်လို မိန်းမတစ်ယောက်ကို ငါက ဘာလို့ မချစ်မြတ်နိုးရမှာလဲ၊ အဲ့ဒါ အပြစ်လား၊



ချစ်မိတာ အပြစ်ရှိသလား၊ လွန်ခဲ့တဲ့ ငါးနှစ်လုံး ငါ…စောင့်ထိန်းခဲ့တယ်၊ ငါ… ရိုးသားခဲ့တယ်၊ နင်နဲ့ထိုက်တန်ကြားမှာ ငါ…သူငယ်ချင်းကောင်းတစ်ယောက် အဖြစ်နဲ့ပဲ အကောင်းဆုံးနေပေးခဲ့ပါတယ်၊ ဒီနေ့အထိပဲ၊ ငါ…သစ္စာဆိုတယ်၊ နင့်ကို ဘယ်တုန်းကမှ၊ ဘယ်အချိန်ကမှ ဒီကောင့်လက်ထဲက ဖြတ်လုမယ်လို့ စိတ်တောင်မကူးခဲ့ဘူး၊ ဒါပေမယ့်…ငါစောင့်ထိန်းသလို ခု…ဒီကောင် မစောင့် ထိန်းဘူး၊ ငါနင့်ကို ချစ်နေတာ ဘယ်တော့မှ နင်မသိစေရဘူးလို့ ဒီကောင့်ကို ငါ…ကတိတောင်းခဲ့တယ်၊ နင်နဲ့ဒီကောင် ချစ်သူတွေ ဖြစ်ပြီလို့ ငါသိသွားတဲ့ အချိန်မှာ ငါ…သူ့ဆီက ကတိတောင်းခဲ့တယ်၊ အဲ့ဒါကို ဒီကောင်က ခု… ငါသက်သက်မယ့် အရှက်ကွဲအောင်၊ ငါ့ကို အရှုံးကြီးရှုံးအောင် ဖွင့်ပြောတယ်၊ ဒီတော့လည်း ငါကတစ်သက်လုံး စောင့်ထိန်းလာခဲ့တာကို ရဲရဲကြီး ချိုးဖောက် တော့မယ်လေ၊ ဒီမှာ….ဟေ့ကောင်…ထိုက်တန်…"

ကုမှေ့သည် မောင့်ဘက်ကို စူးရဲစွာ လှည့်ကြည့်ရင်း အော်ခေါ်လိုက် သေးသည်။ ကုမှေ့…ဘာတွေပြောနေတာလဲ။ အဲ့ဒါ တကယ်မှ ဟုတ်ရဲ့လား။ သူမရဲ့ အိပ်မက်တွေလား။ ဘုရားရေ…။

အဲ့ဒီလောက် ပြတ်သားပြီး မာကျောခက်ထန်စွာ ဒေါသကြီးရန်လိုနေတဲ့ ယောကျ်ားတစ်ယောက်ဟာ ကုမှေ့တဲ့လား….။

ဘယ်လိုဖြစ်ပြီး ဘယ်တုန်းက သူဒီလို ပြောင်းလဲသွားရတာလဲ။ သိုးငယ်လေးတစ်ကောင်လို ဖြူဖွေးသန့်စင်လွန်းတယ်လို့ သူမထင်ခဲ့တဲ့ သူမရဲ့ သူငယ်ချင်းလေးဟာ ဘယ်အချိန်မှာ ကျားရဲတစ်ကောင်လို သွေးဆာ၊ ပူလောင် လွန်းတဲ့ ရမ္မက်ကြီးကြီး လူတစ်ယောက် ဖြစ်သွားရတာလဲ။

ကုမှေ့သည် မောင့်ကို လက်ညှိုးတွေ ငေါက်ငေါက်ထိုးကာ ပြော နေသည်။

"ဒီမှာ…ငထိုက်၊ ဒီနေ့အထိ ငါ….နိုင့်ကို မင်းဆီက လုယူမယ်လို့ စဉ်းတောင် မစဉ်းစားခဲ့ဖူးဘူး၊ ဒါပေမယ့် ခု…ငါ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပြီ သိလား၊ လုမယ်၊ တိတိကျကျကြီးကို လုယူမယ်၊ မင်းမြဲမြဲ မှတ်ထားလိုက်၊ ခုမှ ပြိုင်ပွဲက စမှာ၊ ငါ…နောက်ကွယ်ကနေ အပျော့ဆွဲဆွဲပြီး အကောက်ကြံမယ့် လူမျိုးမဟုတ်ဘူး၊ တရားဝင် စစ်ကြေငြာပြီးမှ တိုက်ခိုက်မှာ…၊ ဒီမှာ…နိုင်…"

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်ရည်တွေ ဖုံးလွှမ်းနေသော မျက်နှာတစ်ခုကို ကုမ္မေက သူ့လက်ဖဝါးတွေနဲ့ ဆွဲကိုင် အုပ်ယူကာ သူ့ကိုမော့ကြည့်ခိုင်းသည်။

မောင့်ရဲ့ရှေ့တည့်တည့်မှာကိုလေ...။

"နှင့်ကို ငါချစ်တယ်...သိလား၊ ငါအရမ်းချစ်တယ်၊ နှင်... အဲဒါကို ခေါင်းထဲ မြဲမြဲထည့်ထား၊ ငါ့ကိုယ်ငါ အဲဒီလို မချစ်မိအောင် လွန်ခဲ့တဲ့ ငါးနှစ်လုံး ထိန်းချုပ်တယ်၊ မျိုးသိပ်ဖို့ ငါကြိုးစားတယ်၊ ဒါပေမယ့် ငါတို့ဘာတွေ ဖြစ်ခဲ့ကြလဲ...နှင်သိပါတယ်၊ နှင်နဲ့ငါက နီးသထက်နီးလာတယ်၊ နှင့်အနားကို ငါက လိုတာထက် ပိုရောက်ရောက်လာရတယ်၊ ငါ့ရင်တွေ ဘာတွေဖြစ်နေမလဲ၊ နှင်....တစ်လှည့်စဉ်းစားကြည့်လိုက်...နိုင်၊ နှင်...စဉ်းစားကြည့်လိုက်စမ်းပါ၊ တကယ့်တကယ်ကျတော့ နှင့်အနားမှာ လိုအပ်တာ ဒီကောင်မဟုတ်ဘူး၊ ထိုက်တန် မဟုတ်ဘူး၊ နှင့်အနားမှာ အမြဲရှိနေပေးတာ ဘယ်သူလဲ၊ နှင်ပြန်လှည့်ကြည့်လိုက်ပါ၊ နှင့်မျက်ရည်ကို သုတ်ပေးခဲ့တာ၊ နှင့်ငိုသံကို နားထောင်ခဲ့တာ၊ နှင်လိုအပ်သမျှကို ဖြည့်ဆည်းပေးတာ...ဘယ်သူလဲ၊ ပြန်စဉ်းစား၊ နှင့်ကို ထိုက်တန်က ငိုကြွေးအောင်ပဲ လုပ်ခဲ့တာ၊ နှင်စိတ်ဆင်းရဲအောင်ပဲ သူ... အမြဲ လုပ်ခဲ့တာ၊ ငါကတော့ နှင့်ကို အပျော်ရွှင်ဆုံးအဖြစ် မြင်ချင်ခဲ့တာ၊ နောက်ထပ်... နောက်ထပ် နှင့်ကိုစိတ်ဆင်းရဲအောင်လုပ်နိုင်မယ့် ဒီကောင့်လက်ထဲ ငါ... အသာတကြည် မထည့်ပေးတော့ဘူး...နိုင်၊ အခု...ငါအရှုံးမပေးတော့ဘူး၊ သိလား...၊ အဲ့ဒါ နှင့်ကို...နှင့်ကို...ငါ...သိပ်ချစ်လို့...."

"ဖြန်း..."

ဘယ်သူမှ မထင်မှတ်ထား၍ အကုန်လုံး တိတ်ဆိတ်ငြိမ်သက်သွားကြပါသည်။ သူမ ဒေါသတကြီးနှင့်ရော၊ ရှက်စိတ်နှင့်ပါပေါင်းကာ မလုပ်သင့်တာတွေ လုပ်လိုက်မိပြန်ပြီ ဖြစ်ပါသည်။

အဲ့ဒါ မရနိုင်ပဲ ဖြစ်သည်။

ကုမ္မေသည် သူမက သူ့အပေါ် ဘယ်တော့မှ နာကျင်အောင်လုပ်မည်ဟု ထင်မထားခဲ့သူတစ်ယောက်ပါ။ ကုမ္မေရဲ့မျက်နှာတစ်ခုလုံးလည်းထွက်သွားပြီး ပြန်မော့မလာသေး...။

သူမ ပါးပြင်ပေါ် မျက်ရည်တွေစီးကျလာပြီ ဖြစ်ပါသည်။



မောင်ကပါ တအံ့တသြ သူမနဲ့ကုမ္မေကို ငေးကြည့်နေသည်။ မောင့်ရဲ့ မျက်လုံးတွေကပါ နောင်တတွေကို ဖော်ပြနေသည်။

နောက်ကျသွားပြီ...မောင်။ အရာအားလုံး သိပ်ကို နောက်ကျကုန်ကြပြီ။

သူမရဲ့လက်သံအကြောင်းကို မောင်လည်း သိထားပြီးပြီပဲ။ ကုမ္မေ... ဘယ်လို ခံစားသွားရမည်ဆိုတာ မောင်သိသည်။ သူ့ရဲ့အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဘယ်လောက်နာကျင်သွားမလဲဆိုတာ မောင်သိနေပါပြီ။

သူမ ရှိုက်ကြီးတငင် ငိုချလိုက်တော့ ကုမ္မေက လှည့်ကြည့်လေသည်။ ကုမ္မေရဲ့မျက်လုံးတွေ ရူးဝါးစွာတင်းမာနေပြီ ဖြစ်ပါသည်။

ကုမ္မေ မငိုပါ။

သူမရဲ့ ချစ်သောသူငယ်ချင်းလေးသည် သူမထင်တာထက် အသည်းနှလုံးတွေ အဆမတန် မာကျောခဲ့ပြီပဲ...။

သူမ ရှိုက်ကြီးတငင်ငိုနေတာကို သူငေးပြီးတော့ပဲ ကြည့်နေသည်။

သူမကို သူ...အရင်လို...မချော့တော့ပါလားလေ...။

'ဟာ...ငိုပြန်ပြီ နိုင်ရာ....' လို့ စိတ်မရှည်စွာ သူ မအော်ဟစ်တော့ပါ။ သူ့ရဲ့လက်ချောင်းတွေ သူမ ပါးပြင်ပေါ် ရောက်ရှိ မလာတော့ပါ။

သူမရဲ့ချစ်သော သူငယ်ချင်းလေးသည် သူမနဲ့ အဝေးကွာဆုံး တစ်နေရာကို ခွဲခွာသွားပြီ ဖြစ်လေသည်။ သူမနဲ့ကုမ္မေကို ဘယ်သူက ခွဲလိုက်တာလဲ...။ မောင်လား....။ ဟင့်အင်း...။

သူမကိုယ်တိုင်ပဲ ဖြစ်သည်လား။

သူမ ငိုနေတာကို ကုမ္မေက နာကျင်စွာနဲ့ ငေးကြည့်နေတော့ပဲ ဘာမှ ဝင်မပြောတော့ပါ။

နှုတ်ခမ်းတွေ တင်းတင်းစေ့ကာ အဲ့ဒီနေရာမှာတင် သူ...ရပ်တန့်သေဆုံးနေပါသည်။

သူမ နာနာကျည်းကျည်း အော်လိုက်သည်။

"နှင်...ငါ့ကို လိမ်တယ်"

ကုမ္မေ ခေါင်းငုံ့နားထောင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ ငါးနှစ်လုံးလုံး နင်...ငါ့ကို လိမ်ခဲ့တယ်၊ ငါ့ကို ရိုးသားဖြူစင်စွာ နင်...ကူညီခဲ့တယ်လို့ ထင်တာ၊ နင့်မှာ အဲ့ဒီစိတ်တွေရှိတာ...၊ ငါခုမှပဲ သိတော့တယ်၊ မုန်းတယ်၊ နင့်ကို မုန်းတယ်...သိလား"

သူမ အရူးမလေးတစ်ယောက်လို အော်တော့ ကုဋ္ဌေမျော သွေးပျက်ရှာပါသည်။ သူမ လက်မောင်းတွေကို ကိုင်မလို့ ပုံစံနဲ့ ရှေ့တိုးလာသည်။

သူမက နောက်ဆုတ်လိုက်သည်။

"ဟင့်အင်း....၊ နင် ငါ့ကို မထိနဲ့တော့..."

သူမရဲ့စကားကြောင့် မောင်က ဝမ်းသာအားရမျက်နှာနဲ့ သူမကို တွဲခေါ်ဖို့ ရှေ့တိုးလာသည်။

သူမ မောင့်ကိုပါအော်လိုက်သည်။

"နင်လည်း ငါ့ကို မထိနဲ့...ထိုက်တန်"

သူတို့နှစ်ယောက်စလုံး သူမရဲ့အပြုအမူကြောင့် အံ့ဩသွားကြသည်။ နှုတ်ခမ်းတွေ ပွင့်ဟလျက် သူမမျက်နှာကို တအံ့တဩ စိုက်ကြည့်ကြပါသည်။

မျက်ရည်များကြားက သူမ တစ်ချိန်က သိပ်ချစ်ခဲ့ရသော ထိုယောကျ်ား နှစ်ယောက်စလုံးကို ငေးကြည့်လိုက်သည်။ နောက်ဆုံးအနေနှင့်ပေါ့။

"မုန်းတယ်....သိလား၊ ငါ...ရင်ထဲရှိတာ အကုန်ပြောပြလိုက်မယ်၊ နင်တို့နှစ်ယောက်စလုံးကို မုန်းတယ်၊ သိပ်မုန်းတယ်၊ နင်တို့နှစ်ယောက်စလုံး နင်တို့ဖြစ်ချင်တာ၊ နင်တို့လိုချင်တာ၊ နင်တို့ စိတ်တိုင်းကျတွေချည်းပဲ ဆုံးဖြတ်ကြတယ်၊ စဉ်းစားကြတယ်၊ ငါ...ဘာဖြစ်သွားမလဲ၊ ငါ...ဘယ်လိုခံစားရမလဲ နည်းနည်းလေးမှ မစဉ်းစားပေးကြဘူး၊ နင်တို့က ငါ့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ စဉ်းစားခွင့်ကို လုံးဝ မစောင့်ဆိုင်းပေးခဲ့ကြဘူး၊ ဘယ်မှာလဲ ငါ့ရဲ့ရွေးချယ်ခွင့်...၊ ဘယ်မှာလဲ ငါ့ရဲ့ဆုံးဖြတ်ချက်၊ ငါ့ကို နင်တို့နှစ်ယောက်က အရုပ်တစ်ရုပ် လုယူသလို လွှယ်လွယ်နဲ့...တစ်ယောက်လက်က တစ်ယောက်လုယူလိုက်ရင် ပြီးပြီပေါ့၊ ဟုတ်လား၊ ဒီဇာတ်လမ်းပြီးပြီလို့ နင်တို့ထင်တယ်ပေါ့၊ ဟုတ်လား၊ ဒီမှာ...ငါဘယ်သူကိုမှ မရွေးချယ်ဘူး၊ မြဲမြဲမှတ်ထား၊ နင်တို့ နှစ်ယောက်စလုံးကို မုန်းတယ်၊ အရမ်းမုန်းတယ်"

သူမ သူတို့ရှေ့က ပြေးထွက်ခဲ့ပါသည်။ ငိုရှိုက်ရင်းနဲ့လေ...။



တကယ်တော့ တစ်စုံတစ်ယောက်နှင့် လမ်းခွဲပြတ်စဲသည့်အခါ မုန်းတယ်လို့ ပြောပြီးမှ လမ်းခွဲရတာ လုံးဝမကောင်းပါ။

မုန်းသည်ဆိုသောစကားသည် လူတစ်ယောက်ကို နှုတ်ဆက်ခွဲခွာခါနီး ပြောသင့်သည့် စကားမျိုးမဟုတ်။ အထူးသဖြင့် လူနှစ်ယောက်ကို နှုတ်ဆက်ရတော့မည့် အခါမျိုးမှာပေါ့...။

ပိုလို့တောင် မှားယွင်းနေတော့မှာပေါ့။

သူမ အမှားတွေ အများကြီး လုပ်ခဲ့မိပြီပဲလေ...။

www.burmeseclassic.com

# အခန်းလေး

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ . . .
သေခြင်းတရား . . . ။

သေခြင်းတရားက အချို့လူတွေကို
ထာဝရဝေးကွာသွားစေပြီး
တချို့သောသူတွေကိုကျတော့
ပြန်နီးကပ်သွားစေတယ်။

သေဆုံးသူက အားလုံးကို ချန်ထားခဲ့ခွာသွားတယ်၊
ဒါပေမယ့် ကျန်ရစ်သူတွေကို အားပေးဖို့
အချိန်အတော်ကြာ ဝေးကွာနေခဲ့တဲ့သူတွေကတော့
အနားကို ပြန်ရောက်လာတယ်လေ . . .

အချစ်ကြောင့်လည်း
အချို့ . . . ထာဝရဝေးကွာသွားပြီး
အချို့ . . . ဘဝအဖော်တွေ ဖြစ်လာကြတယ်
မဟုတ်လား . . . ။

ပြီးတော့ . . .
ရွေးချယ်ခွင့် လုံးဝမရှိဘူး . . . ။
လူတိုင်း တစ်ချိန်ချိန်မှာ
အနေးနဲ့အမြန်
ကြုံတွေ့ကြရမှာပါ . . . ။

# အသည်လေး

ဖေဖေ ဆုံးသွားပြီဆိုသောအခါ ဖေဖေရဲ့သမီးဖြစ်သူ သုံးယောက်လုံး ဖေဖေ့အနားမှာ ရှိနေပါသည်။ မေမေကလည်း ဖေဖေ့ရဲ့လက်တစ်ဘက်ကို ကိုင်လျက် ပရိတ်ကြီးဆယ့်တစ်သုတ်ကို ကုတင်ဘေးနားမှာ ထိုင်ရွတ်ပေးနေဆဲ။

ဖေဖေ့ရဲ့နောက်ဆုံးအချိန်များသည် အင်မတန်ညင်သာ သိမ်မွေ့သည်ဟု ပြောလျှင်ရပါသည်။ ဖေဖေ့ရဲ့နောက်ဆုံးထွက်သက်မှာ မျက်လုံးတွေ မှေးကျစင်းပိတ်လျက် နှုတ်ခမ်းတွေက ယောင်ယောင်လေး ပြုံးနေပါသည်။

ဖေဖေ့လို ကြီးမားပြင်းထန်သော ရောဂါဝေဒနာမျိုး သူမ,သာ တစ်ချိန်ချိန်မှာ ခံစားခဲ့ရလျှင် အဲဒီလို ပြုံးနေနိုင်မည်လား...။

သူမ သိချင်သေးသည်။

အဲဒီအချိန်ကျလျှင်ရော...သူမ ဘေးနားမှာ သူမကို ချစ်သည့်သူတွေ၊ သူမကလည်း ချစ်သည့်သူတွေ ရှိနေပေးကြမှာလား...။

ဒါမှမဟုတ်....။

အခန်းမှောင်မှောင်လေးတစ်ခုမှာ တွန့်ကြေရှုပ်ပွနေသည့် ကုတင်ဟောင်းတစ်ခုပေါ် နာကျင်စွာလဲလျောင်းရင်း...။

ပိန်ကျသွယ်လျနေမည့် သူမရဲ့ လက်ချောင်းတွေကို ဆုပ်ကိုင်အားပေးမယ့်သူ မရှိဘဲ၊ တစ်ယောက်တည်း တိတ်ဆိတ်ခြောက်ကပ်စွာ လောကကို ခွဲခွာရမှာလား။ သူမမှာ အဖြေမရှိသေး....။

သူမမှာ ကိုယ့်ကို နောက်ဆုံးအချိန်ထိ ပါရမီဖြည့်ဘက်ပီသစွာ ကြကြခံ ပြုစုကြင်နာပေးနိုင်သည့် မေမေ့လို ဇနီးကောင်း၊ ဘဝအဖော်မွန်မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် စက်ရုံမှာ ဖေဖေခွဲသည့်အချိန်မှစ၍ ဖေဖေ့အနားမှာ အချိန်ပြည့်နီးပါးနေကာ အပင်ပန်းခံနိုင်ဆုံး အိမ်သားတစ်ယောက် ဖြစ်ခဲ့သည်။

စက်ရုံမှ အနားကျက်ပြီး ရောဂါသက်သာကာ ပြန်လာတော့လည်း ဖေဖေ့ရဲ့အလုပ်တွေ၊ ရောင်းဝယ်ရေးကိစ္စတွေ အားလုံးလွှဲယူရန်၊ ညွှန်ကြားရန် ဖေဖေ့ရုံးကို မနက်ပိုင်းလေးပဲ သွားရောက်ညွှန်ကြားပြောဆိုပြီး အလုပ်မှန်သမျှ အိမ်မှာ ရုံးခန်းတစ်ခန်းဖွင့်ကာ ဖေဖေ့ကို အနားမှာပဲထားလျက် လုပ်ခဲ့သူ။

သူနာပြုဆရာမတွေ၊ နေ့ရောညပါ ငှားထားပါလျက်၊ မနက်စာ၊ နေ့လည်စာ၊ ညနေစာ ကျွေးချိန်တိုင်းမှာ မေမေက ဖေဖေ့ကုတင်ဘေးရပ်လျက် ကိုယ်တိုင်ညွှန်ကြား၊ ပြုစုပေးခဲ့သူ…။

မေမေ့လို ဇနီးကို ဖေဖေရခဲ့တာ ဖေဖေကံကောင်းတယ်လို့ ဖေဖေ့ကို ပြောခဲ့တုန်းက ဖေဖေ ရယ်နေသည်။

ဖေဖေက သူမရဲ့ခေါင်းပေါ်က ဆံမျှင်လေးတွေကို ကလေးငယ်လေး တစ်ယောက်အား စနောက်သလို ဖွရှုပ်အောင်လုပ်ရင်း အဲ့ဒီစကားကို ပြောခဲ့သည်။

"ဖေဖေ့ဘဝမှာ ငါ့သမီးတွေလို သမီးတွေရခဲ့တာလည်း သိပ်ကံကောင်းတာပါပဲ…သမီးရယ်…"…တဲ့။

ပြီးတော့ ဖေဖေ ဆက်ပြောသည်။

"ညီမလေးနှစ်ယောက်ကို ဂရုစိုက်နော်…သမီးကြီး၊ ဖေဖေ မရှိတဲ့အခါ သမီးမေမေက အလုပ်ကိစ္စ၊ စီးပွားရေးလုပ်ငန်းတွေ လွှဲပြောင်းတာဝန်ယူရမှာ၊ သမီးတို့ကို ဆုံးမတာတွေ လစ်ဟင်းကောင်း လစ်ဟင်းလိမ့်မယ်၊ ငါ့သမီးက အမေနေရာကနေပြီး ဂရုစိုက်ပါ…၊ အစ်မကြီး အမိရာနော်…သမီးကြီး"

အဲ့ဒီစကားကို အကြားမှာ သူမ မျက်ရည်မဆည်နိုင်ခဲ့ပါ။

ကင်ဆာကြောင့် နံရိုးလေးတွေပင် မြင်နေရအောင် ချောင်ကျပိန်ကပ် နေသော ဖေဖေ့ရင်ခွင်ကို သူမ အငမ်းမရဖက်ကာ ငိုကြွေးမိခဲ့သည်။

သူမ ငိုကြွေးချခဲ့မိသည်။

ဖေဖေသိပါသည်။

ဖေဖေနဲ့အတူ သေခြင်းတရားတစ်ခုဆီ သူမပါ…ရောပြီး လိုက်သွား ချင်လောက်အောင် လောကကြီးကို သူမ…စိတ်နာနေမှန်း ဖေဖေသိပါသည်။



ဖေဖေသိနေပါသည်။ သူမရဲ့ဖခင်ပဲလေ…။

ဒီတော့ ဖေဖေက သူမကို လောကကြီးနဲ့ ချည်နှောင်ပေးမည့် သူမရဲ့ ညီမလေးတွေအကြောင်း တမင်တကာ ပြောခဲ့တာပါ။ သူမ… သူတို့လေးတွေ အတွက် အသက်ဆက်ရှင်ပေးရမည်။ လောကကြီးမှာ ဆက်ပြီး ရှင်သန်နေထိုင် ပေးရဦးမည်…တဲ့။

ဖေဖေကတော့ ပြောခဲ့သေးသည်။

"သမီးကြီး…မရလို သမီးတစ်ယောက်ကိုရတာ ဖေဖေ သားတစ် ယောက်ကို မွေးထားရသလို ဂုဏ်ယူပါတယ် သမီးရယ်၊ သမီးကြီးက သိပ်ရဲရင့် တယ်၊ မာကျောတယ်၊ ပြီးတော့ ကြင်နာတတ်တယ်၊ ငါ့သမီးက သမီးအမေရဲ့ နှလုံးသားရယ်၊ အဖေ့ဦးနှောက်ရယ်ကို အမွေရထားတာ၊ ငါ့သမီး ဘဝ တစ်လျှောက် ကံကောင်းခြင်းတွေ အများရဦးမှာ…သမီး၊ ဖေဖေပြောတာ ဘယ်တော့မှ မမေ့နဲ့"…တဲ့။

သူမ ရယ်မောခဲ့ပါသည်။ ကံကောင်းခြင်းတွေတဲ့လား…ဖေဖေ။

သူမဘဝမှ အခုချိန်ထိတော့ ကံကောင်းခြင်းဆိုတာ အိပ်မက်တွေထဲမှာပဲ ရှိသေးတယ် ဖေဖေရယ်လို့တော့ ပြောမပြဖြစ်ခဲ့ပါ။

တကယ်တော့ သူမဘဝတစ်ခုကို ဆက်လက်ရှင်သန် လှုပ်ရှားနိုင်ဖို့ သတ္တိတွေကိုလည်း မေမေ့ကြောင့် သူမမွေးခဲ့ရပါသည်။

ဖေဖေ့အနားမှာ အနီးကပ်ပြုစုရင်း အလုပ်တွေလည်း မေမေက နိုင်နိုင်ခံ လုပ်နေတာမို့ မေမေပါ…လဲမှာစိုးပြီး အနားယူဖို့ ပြောတာတောင် မေမေက အိပ်ချိန်မှလွဲပြီး အနားယူဖို့ ငြင်းဆန်ခဲ့တာ…။

မေမေ့ရဲ့ မာကျောပြတ်သားမှုတွေကိုပဲ သူမ ဘဝတစ်လျှောက်လုံး မြင်တွေ့ခဲ့ရတာ။ သူမရဲ့ခေါင်းမာမှုတွေ၊ မာကျောပြင်းထန်မှုတွေ၊ သတ္တိတွေ၊ မိန်းမမဆန်မှုတွေအကုန်လုံး မေမေ့ဆီက ရခဲ့တာဟု လူတိုင်းက ပြောဖူးသလို…၊ မေမေသည် မိန်းမတစ်ယောက်နဲ့ မတူအောင် ရဲရင့်ခဲ့သူ၊ ပါးနပ်ခဲ့သူ၊ အလုပ် လည်း လုပ်နိုင်လွန်းသူ။

မေမေ့လို ဖေဖေနဲ့ရင်ဘောင်တန်းကာ စီးပွားရေးလောကထဲ ခြေချ လုပ်ကိုင်ရဲသည့် ဇနီးမယားတစ်ယောက်ရဲ့ ရဲရင့်မှုမျိုးကို သူမရချင်ခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် မေမေ့ရဲ့ နာကျင်မှုမျက်ရည်တွေကို သူမ ပထမဆုံး မြင်တွေ့ရစဉ်မှာတော့...။

မေမေ့ကို မိန်းမအားလုံးတွေထဲက မိန်းမတစ်ယောက် အဖြစ်နဲ့ပဲ သူမ စာနာ နားလည်ပေးခဲ့ရပြန်သည်လေ...။

မေမေငိုခဲ့သည်။ ဖေဖေ့ရောဂါ အသည်းအသန်ဖြစ်လာစဉ်မှာ သူမရဲ့ ပခုံးလေးကိုမှီကာ ကျန်တဲ့အိမ်သူအိမ်သားတွေ ဘယ်သူမှ မသိအောင် မေမေ ရှိုက်ကြီးတငင် ငိုရှာသည်။

ညီမလေးတွေရော...၊ ဖေဖေရော ဘယ်သူမှ မသိခဲ့ပါ။

မေမေဟာ အဲ့ဒီလို ငိုကြွေးချိုကိုရော ရက်ပေါင်းများစွာ ဘယ်လောက် မျိုသိပ်စောင့်ထိန်းခဲ့ရသလဲ...။ သူမ...မသိခဲ့ပါ။

မေမေ့ကို သူမ ပြန်ပြီး ဂရုစိုက် ကြင်နာဖို့၊ အားပေးဖို့တောင် သူမ မေ့လျော့နေခဲ့မိသည်။

သူမ စာမေးပွဲပြီးကတည်းက ခဏကလေးပဲ အနားရပြီး၊ ခဏလေးပဲ ဖေဖေ့ကို ပြုစုခွင့်ရခဲ့ပါသည်။ မကြာခင် အလုပ်တာဝန်တွေ ပင်ပန်းများပြားလွန်းတဲ့ နေ့ဂျူတီ၊ ညဂျူတီတွေ ဆက်တိုက်ရက်ဆက်နေတတ်သော အလုပ်သင် ဆရာဝန်ဘဝကို သူမ...ရောက်သွားခဲ့လို့ ဖြစ်သည်။

သူမရဲ့ညီမအကြီး၊ မီးကြီးကလည်း အင်္ဂလန်ကနေ အဝေးသင်၊ အွန်လိုင်း(Online) သင်တန်းတစ်ခုကိုပဲ ပြောင်းယူကာ မြန်မာပြည် ပြန်လာခဲ့သည်။ ဒီကနေပဲ စာမေးပွဲဆက်ဖြေနိုင်ပြီး ဖေဖေ့ကို အနီးကပ်ပြုစုသည့် တာဝန်တွေ ခွဲဝေယူခဲ့သည်။ သူမ့အစား ညီမတွေက အိမ်ရဲ့တာဝန်၊ ဖေဖေ့ တာဝန်၊ မေမေ့တာဝန်တွေ ခွဲယူထားသဖြင့် သူမ...သူတို့ကို လှည့်ကြည့်ပေးဖို့ မျက်ကွက်နေခဲ့သည်။

အဲ့ဒီအချိန်မှာ မေမေက အားကိုးတကြီး သူမကိုမှ ဖက်တွယ်၊ နိုမှီပြီး ငိုချခဲ့ခြင်းဖြစ်သည်။

ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်မှာ ဖေဖေ့ကို ဆရာဝန်တွေ အားလုံးက မရတော့ပါဘူး၊ အချိန်ရောက်ပါပြီလို့ ပြောပြခဲ့စဉ်မှာ မေမေသည် ဘယ်သူမှ မသိအောင် သူမရဲ့ရှေ့မှာပဲ မျက်ရည်တွေတွေ ကျရှာခဲ့သည်။



"သမီး...သိလား၊ သမီးအဖေကို မေမေစွန့်လွှတ်ဖို့ အဆင်သင့် မဖြစ်သေးဘူး"

သူမပါ မေမေနဲ့ရောပြီး မျက်ရည်ကျခဲ့မိသော်လည်း မေမေ့ကို အားပေးနှစ်သိမ့်ဖို့ ကြိုးစားရသည်။

"မေမေရယ်...၊ မေမေရော...သမီးတို့ပါ ဖေဖေ့ကို ခွဲခွာဖို့ ဘယ်တော့မှ အဆင်သင့်ဖြစ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့်..."

သူမ မေမေ့လက်တွေကို ဆုပ်ကိုင်ပေးခဲ့မိ၏။

"ဒါပေမယ့် ဖေဖေ အခုချိန်မှာ သိပ်ပင်ပန်းနေပြီလေ...မေမေ၊ သူ့ အရမ်းကို နာကျင်နေပါပြီ၊ ခံစားနေရပါပြီ၊ လုံလောက်ပါပြီ...မေမေရယ်၊ ဖေဖေ့ကို အနားယူခွင့်ပေးလိုက်ပါတော့နော်...၊ သမီးတို့ အရှုံးပေးလိုက်ကြရမယ့် အချိန် ရောက်ပါပြီ"

မေမေသည် မျက်ရည်တွေကြားမှ ပြုံးသေး၏။ ပြီးတော့ အတိတ်ဆီသို့ ဝေးလွင့်သော အကြည့်တွေနှင့် ရေရွတ်မိသည်။

"သမီးသိလား....၊ သမီးဖေဖေနဲ့မေမေ့ကို မိဘတွေက သဘောတူခဲ့တာ"

သူမ အံ့ဩရပါသည်။ သူမ မသိခဲ့သော အဖြစ်အပျက် ဖြစ်သည်။

ဖေဖေနဲ့မေမေသည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် သိပ်ဂရုစိုက်ကြသော ဇနီးမောင်နှံ ဖြစ်သည့်အတွက် အားလုံးက ငယ်လင်၊ ငယ်မယားဟု တသမတ်တည်း ထင်ခဲ့ကြသည်ချည်း ဖြစ်သည်။

ဖေဖေနဲ့မေမေ ဘယ်လိုတွေ့ခဲ့ကြသလဲမေးရင် နှစ်ယောက်စလုံးက ပြုံးနေကြပြီး ဘယ်တော့မှ မဖြေခဲ့ပါ။

ခုမှပဲ...ဖေဖေဆုံးခါနီးမှပဲ မေမေက သူမကို ဖွင့်ဟခဲ့တာ။ မေမေက ဆက်ပြောပြခဲ့သည်။

"သမီးဖေဖေ ချမ်းသာလို့ သဘောတူတယ် မထင်နဲ့၊ မေမေ သူ့ကို ယူရတုန်းက သူ့မှာ အိမ်ပိုင်လေးတစ်လုံးတောင် မရှိဘူး၊ မိဘလည်း မရှိဘူး၊ ဦးလေးနဲ့အဒေါ်တွေက မွေးစားထားတာ၊ ဒါပေမယ့် သူ...အလုပ်သိပ်ကြိုးစားတယ်လေ...သမီးရယ်၊ မေမေ့အဖေ၊ သမီးအဖိုးက သူတို့ထက်တောင် ပိုရှိသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီအချိန်က...၊ နှစ်ထပ်တိုက်ကြီး ဟည်းနေအောင် ပိုင်တယ်၊ ရုံးကား၊ အိမ်စီးကား နှစ်စီးနဲ့၊ ဒါပေမယ့် သမီးအဖိုးက ငွေမမက်ဘူး၊ သမီးအဖေ အကြောင်းကို သူသိတယ်၊ သူ...တစ်နေ့ ဘယ်လိုကြီးပွားမယ့်ကောင်ဆိုတာ သူ...သိတယ်၊ အဲ့ဒါနဲ့ သူ့ဦးလေးအဒေါ်တွေကတစ်ဆင့် မေမေ့ကို လာတောင်းတော့ သမီးအဖိုးကလေ...ညည်းကို ဒီကောင်လာတောင်းပြီ၊ ငါတို့လက်ခံလိုက်တယ်၊ ဘယ်နေ့ဘယ်နေ့ မင်္ဂလာဆောင်...လို့ တစ်ခွန်းတည်းပြောလိုက်တာ၊ မေမေ နားထောင်ရတယ်၊ သမီးအဖိုးကို အားလုံးက ကြောက်ရတယ်လေ"

မေမေသည် မျက်ရည်တွေကြားက နာကျင်လွမ်းဆွတ်စွာ အဲဒီအဖြစ်တွေကို ပြန်ပြောပြနေပါသည်။

"မင်္ဂလာဦးညကဝဲ သမီးအဖေက မေမေ့ကို ချစ်တယ်လို့ တစ်ခါတည်း ပြောခဲ့ဖူးတယ်၊ သမီးဖေဖေက မေမေ့ကို ချစ်တယ်ဆိုတာ မေမေ့ဘဝမှာ အဲ့ဒီ တစ်ခါပဲ ကြားခဲ့ဖူးတယ်ဆို သမီးယုံလား..."

သူမ အံ့အားသင့်စွာနဲ့ မေမေ့ကိုပင် ပြန်အားပေးမိမလို့....။

"ဒါပေမယ့်မေမေ....ဖေဖေက..."

သူမရဲ့စကားတွေကို မေမေက အပြုံးလေးနဲ့ လက်ကာတားမြစ်ကာ ဆက်ပြောလိုက်ပါသည်။

"ဒါပေမယ့် သမီးရဲ့ဖေဖေဟာ မေမေ့ကိုရော၊ သမီးတို့ကိုရော၊ တစ်အိမ်သားလုံးကို ဘယ်လောက်ချစ်တယ်ဆိုတာ မေမေသိသလို သမီးတို့လည်း သိကြတယ်၊ အဲ့ဒါဘာလို့လဲ...သိလား၊ သူ....သိပ်နားလည်တတ်လို့၊ ကြင်နာပေးတတ်လို့၊ ခင်ပွန်းကောင်း၊ ဖခင်ကောင်း အရမ်းပီသခဲ့လို့၊ မေတ္တာတွေပေးခဲ့လို့ သူ...မေမေတို့ကို အကြွင်းမရှိ ချစ်မြတ်နိုးတယ်ဆိုတာ မေမေတို့သိတယ်လေ၊ ဟုတ်တယ်မဟုတ်လား၊ မေမေသိပါတယ်၊ သူကြီးပွားတိုးတက်လာတော့ မနာလိုသူတွေ သူ့ကို ဖျက်ကြတယ်၊ အရက်နဲ့ဆွယ်တယ်၊ မိန်းမနဲ့ဆွယ်တယ်၊ လောင်းကစားနဲ့ ဆွယ်တယ်၊ ဘက်ဖက်မှ သူမယိမ်းခဲ့ဘူး၊ အရက်ဆိုတာကွယ် မေမေ့အဖေက သူ့ကို စီးပွားရေးလုပ်ငန်း၊ စားပွဲသောက်ပွဲတွေမှာ အရင်ရင်းနှီးပြီး တွေ့တိုင်းတိုက်တာပဲ၊ သူက အမြဲငြင်းတာတဲ့၊ ဘယ်တော့မှ မသောက်ဘူး၊ အရက်နဲ့မတည့်ဘူး၊ အလားဂျစ်ရှိလို့ပါဆိုပြီး ကြည့်ကောင်းအောင်ပြော ရှောင်ခဲ့



တာတဲ့၊ ယောက္ခမလောင်းက တိုက်တာတောင် မသောက်ခဲ့တာ တခြား ဘယ်သူတိုက်တိုက် သူ...ဘယ်သောက်ပါ့မလဲ၊ အသည်းကင်ဆာ ဖြစ်တော့ ရင်းနှီးတဲ့ မိတ်ဆွေတွေကတောင် အံ့ဩလို့...၊ အရက်လုံးဝ မသောက်တဲ့သူက ဖြစ်ရှာတယ်ဆိုပြီး နှမြောကြလေရဲ့..."

မေမေ့ရဲ့ စကားတွေကို သူမ သဘောပေါက်စပြုလာပါပြီ။

မေမေ...ဘာကြောင့် ဖေဖေ့ကို ခွဲခွာရခက်တာ၊ နှမြောတာ၊ စွန့်လွှတ်ဆုံးရှုံးဖို့ နာကျင်ရတာတွေ သူမပါ ရင်နာနာနဲ့ နားလည်ခဲ့ရပြီ ဖြစ်ပါသည်။

"သမီးအဖေက ကုမ္ပဏီထောင်တော့လည်း သူ့ဘေးနားမှာ ဝန်ထမ်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်လို့ပေါ့၊ ဒါပေမယ့် သမီးအဖေအကြောင်းကို မေမေ ကောင်းကောင်းသိခဲ့တယ်၊ သူ...သတင်းအပုပ်နဲ့ တစ်ခွန်းတစ်စ မထွက်အောင် နေတတ်တယ်၊ ရှောင်ခဲ့တယ်၊ တချို့မိန်းကလေးတွေ အငယ်အနှောင်းဘဝ အဖြစ်ခံပြီးတော့တောင် သူ့ကိုကပ်ချင်တယ်၊ သမီးသိပါတယ်၊ သိပ်ချမ်းသာတဲ့ ယောကျ်ားတွေ တော်တော်များများ ကိုယ်ကျင့်တရား မလုံခြုံဘူးဆိုတာ၊ လွယ်တာကိုး၊ မေမေလည်း တစ်ခါတုန်းကတော့ သမီးအဲဖေကို အထင်မှားပါသေးတယ်၊ ဘေးလူတွေက တွန်းတယ်လေ၊ ဘယ်သူနဲ့တွေ့တယ်၊ ဘယ်မှာတွေ့တယ်၊ လင်မယားအဆင်မပြေအောင် လုပ်ကြတယ်၊ အဲ့ဒီတုန်းက သူ့အောက်မှာလည်း နာမည်ပျက်နဲ့ မိန်းကလေးတစ်ယောက် လုပ်ခဲ့ဖူးတယ်၊ တစ်ခုလပ်၊ နိုင်ငံခြားသားတစ်ယောက်နဲ့လည်း ဘာလိုလို၊ အပြင်အဆင်ကလည်း မင်းသမီးရှုံးပေါ့၊ မေမေက သဝန်တိုပြီး အတင်း....အဲ့ဒီကောင်မလေးကို အလုပ်ဖြုတ်ဖို့ ပြောတာ သူမဖြုတ်ဘူး၊ ပေခံပြီး ငြင်းနေတော့ မေမေက စွပ်စွဲရော၊ စိတ်ဆိုးဆိုးနဲ့ ပြောတော့ သူက အေးအေးလေး ရှင်းပြတယ်၊ သူဘယ်လိုပြောလဲ...သိလား"

မေမေ့ရဲ့ မျက်လုံးတွေတောင် အဲ့ဒီစကားကို အရောက်မှာ ပြုံးရိပ်ရနေခဲ့ပါသည်။

"သူ့ကို အလုပ်မဖြုတ်တာ အဲ့ဒီမိန်းကလေးက အလုပ်မှာ သိပ်တော်တယ်...တဲ့၊ ဘာသာစကား သုံးမျိုးတတ်တယ်...တဲ့၊ ဆက်ဆံရေးကောင်းတယ်၊ လူကြီးတွေနဲ့ ဝင်ထွက်သွားလာ၊ စကားပြောဆိုရရင် သိပ်ပါးနပ်တယ်...တဲ့၊ သူ့ကြောင့် ကုမ္ပဏီမှာ အကျိုးဖြစ်ထွန်းနေတာ ဘာလို့ အလုပ်ဖြုတ်ရမှာလဲ...တဲ့၊

www.burmeseclassic.com



မေမေနားလည်အောင် ပြောပြတယ်၊ ပြီးတော့ သူ့ကို ယုံပါ…တဲ့၊ စိတ်နဲ့တောင် မပြစ်မှားဘူး မိန်းမ…တဲ့၊ ငါ…သမီးသုံးယောက် မွေးထားတာကွယ်…တဲ့၊ သူတစ်ပါး သားပျိုသမီးပျိုကို အဲ့ဒီလို စိတ်ထားရင် တစ်ချိန်မှာ ငါ့သမီးလေး တွေကို တခြားယောကျ်ားတွေ အဲ့ဒီလို စိတ်ထားသွားမှာစိုးတယ်…တဲ့၊ ကိုယ်ချင်း စာစိတ်နဲ့ ကြည့်တယ်…တဲ့၊ မျက်စိရှေ့မှာ အမြင်မတော်ရင်တောင် သမီးချင်း၊ ကိုယ်ချင်းစာပြီး ဝင်ဆုံးမမိသေးတယ်…တဲ့၊ မေမေလေ…မေမေ….”

မေမေ ပြုံးရင်းနဲ့ မျက်ရည်တွေတွေ ကျရှာသေးသည်။

“မေမေ…သိပ်ကျေနပ်ခဲ့တယ်၊ မေမေ သူ့ကို သိပ်ချစ်သွားခဲ့တယ်”

မေမေက ရှက်စနိုး သူမပခုံးပေါ် မျက်ရည်တွေကို ဖွက်ငိုခဲ့ပါသည်။

“အဲ့ဒီလို ယောကျ်ားတစ်ယောက်၊ သူတော်ကောင်းတစ်ယောက်ကို မေမေတို့ ခွဲခွာဖို့ မစောလွန်းဘူးလား…၊ သူ့အသက် ခြောက်ဆယ်တောင် မပြည့်သေးဘူး…နော်…သမီးရယ်”

အဲ့ဒီအချိန်တုန်းက မေမေနဲ့ သူမ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး ငိုကြွေးခဲ့ကြသည်။

မေမေက ငိုရင်းနဲ့ကို ပြောပြခဲ့ပါသည်။

“မေမေလေ…လူတွေရှေ့မှာ မငိုဖို့၊ စိတ်ထိန်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ လူတွေက မေမေငိုရင်လေ…ပြောကြမယ်၊ သူမရှိတော့ရင်…မေမေတို့ မိသားစုက မွဲသွားတော့မှာ၊ ကုမ္ပဏီစီးပွားရေးက ကျတော့မှာ၊ မေမေတစ်ယောက်တည်း သမီးတွေနဲ့ လုံးချာလည်ပြီး ကျန်ခဲ့တော့မှာမို့ မေမေ ပူဆွေးပြီးငိုနေတယ် ထင်ကြမယ်၊ မေမေ အဲ့ဒီလူတွေရှေ့မှာ ဘယ်တော့မှ မငိုဘူး၊ သိလား၊ ပြီးတော့ အဲ့ဒီလူတွေက သမီးတို့ဆယ်သက်စားမကုန်အောင် သမီးအဖေ ရှာပေးခဲ့တာ မသိကြဘူး၊ သမီးအဖေကို ငွေရှာနိုင်လို့ မေမေ နမြောတာ မဟုတ်ပါဘူးကွယ်၊ သမီးတို့အတွက်လေ…၊ သမီးတို့ အဲ့ဒီလို အဖေမျိုး နောက်တစ်ယောက်မရှိနိုင်ဘူး၊ နောက်ထပ် အစားရှာလို့ မရတော့ဘူး”

သူမ မျက်ရည်တွေ ကျပြီး မေမေ့ကို ပြောမိခဲ့သည်။

“မငိုပါနဲ့မေမေရယ်၊ သမီးတို့မှာ မေမေတစ်ယောက်လုံး ရှိသေး တယ်လေ”



မေမေ့ရင်ခွင်ကို သူမ အငမ်းမရဖက်ပြီး ငိုရှိုက်တော့ မေမေ ပြုံးနေခဲ့ သည်။ သူမရဲ့ မျက်ရည်တွေ စိုစွတ်နေသော ပါးပြင်ကို မေမေက ပြန်သုတ် ပေးရင်း အဲ့ဒီစကားကို ပြောခဲ့သည်။ အဲ့ဒီစကားလေးကပဲ…။

သူမရဲ့ရင်ကို စူးနစ်အောင် ထွင်းဖောက်သွားခဲ့တာ။

“သမီးဖေဖေက မေမေ့ကိုချစ်တယ်လို့ တစ်ခါပဲ ပြောခဲ့တာ၊ ဒါပေမယ့် သမီးဖေဖေ…မေမေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ မေမေသိပါတယ်၊ တစ်ခါ တစ်လေကျတော့ အချစ်ဆိုတာ ထုတ်ပြောမှ မဟုတ်ပါဘူးသမီးရယ်၊ လူတစ် ယောက်က ကိုယ့်ကိုတကယ်ချစ်သလား၊ မချစ်ဘူးသလားဆိုတာ ခဏခဏ ထုတ်ပြောနေမှ မေမေတို့ သိကြတာမဟုတ်ဘူး၊ အဲ့ဒီလူရဲ့အပြုအမူတွေ၊ စိတ် ထားတွေ၊ ကြင်နာ၊ နားလည်ခဲ့တာတွေကို ကြည့်ပြီး မေမေတို့သိနိုင်တာပဲ၊ မေမေ လူကြီးတွေစကား နားထောင်ခဲ့တာ၊ သမီးအဖေကို ခင်ပွန်း တစ်ယောက်အဖြစ် ရွေးချယ်ခဲ့တာ သိပ်မှန်တယ်လို့ အချိန်တွေကြာလာတာနဲ့အမျှ သိခဲ့တယ်၊ မေမေ့ သမီးတွေကိုလည်း အဲ့ဒီလို ရွေးချယ်မှုတွေ မှန်ကန်စေချင်လိုက်တာ…”

အို…မေမေရယ်…။ ပြောပြစရာမလိုဘဲ သိရမယ်တဲ့လား။

အချစ်ဆိုတာကိုလေ…။ အဲ့ဒီလို အချစ်ကိုမှ ရွေးချယ်ရမယ်…တဲ့။

ရှာဖွေရွေးချယ်ရအောင် ခုလေ…သမီးမှာ ရွေးချယ်စရာကို ဘာမှ မကျန်တော့တာပါလို့ မေမေရယ်…လို့ သူမ ဘယ်လို ရှင်းပြရပါ့မလဲ။

မေမေက ဖေဖေရဲ့အကြောင်းကို နမြောတသစွာ ဆက်ပြောပြ သေးသည်။

“သမီးအဖေကလေ…သမီးတို့ အိမ်ထောင်ရေးနဲ့ ပါတ်သက်ပြီးတော့ မေမေ့ကို မှာတယ်၊ မှာရှာသေးတယ်၊ သမီးတို့ ဘယ်သူနဲ့တွဲတွဲ၊ ဘယ်လိုလူနဲ့ သမီးရည်းစားဖြစ်ဖြစ်…သဘောမတူဘူးဆိုတဲ့ စကားတစ်ခွန်း ဘယ်တော့မှ မပြောပါနဲ့ကွာ….တဲ့၊ သူတို့မှာ ဦးနှောက်ရှိတယ်၊ ဘယ်လိုလူမျိုးကို ရွေးချယ် တတ်အောင်၊ ဘယ်လိုလူမျိုးကို ရှောင်ရှားတတ်အောင် အသိဉာဏ်ကိုပဲ မိဘတွေ က သူတို့ခေါင်းထဲရောက်အောင် ထည့်ပေးရမှာတဲ့၊ စဉ်းစားတွေးခေါ်တတ်တဲ့ လူကြီးတွေဖြစ်အောင် ကိုယ်တို့က လေ့ကျင့်ပေးရမှာ…တဲ့၊ လိုက်ပြေးနေခိုးပြေး သွားမှ ကိုယ့်သားသမီးကို ခေါ်သမထွက်နဲ့…တဲ့၊ ကိုယ့်ကိုယ်ပဲ ခေါ်သထွက်

www.burmeseclassic.com

www.burmeseclassic.com



...တဲ့၊ အဲဒီလို မစဉ်းစားမတွေးခေါ်ပဲ လုပ်သွားလောက်အောင် သားသမီးကို မဆုံးမခဲ့တာ၊ အဲဒါ မိဘတွေရဲ့ အပြစ်ပဲ...တဲ့၊ သားသမီး အပြစ်မဟုတ်ဘူး...တဲ့၊ ငါ့သမီးတွေ စဉ်းစားတတ်အောင် ငါတို့သင်ပေးခဲ့ပြီးသား၊ သဘောမတူဘူးလို့ ဘယ်တော့မှ မပြောရဘူး...တဲ့လေ..."

အဲဒီစကားကိုအရောက်မှာ သူမ နှလုံးသားတွေ ဘယ်လောက် နာကျင်ရသည်ဆိုတာ မေမေ မသိပါလေ...။

ဖေဖေ့လို နားလည်တတ်လွန်းစွာ အကြင်နာတွေ ကြီးမားလွန်းသည့် ဖခင်တစ်ယောက်ကို သူမတို့ ဆုံးရှုံးစွန့်လွှတ်ဖို့ သိပ်ကိုစောလွန်းနေမှန်း နောက်ကျစွာ သိခဲ့ရပါသည်။

ဖေဖေသည် သူမနဲ့မောင့်ကို ဘယ်တော့မှ သဘောမတူဘူး...လို့ ပြောမယ့်အဖေမျိုး မဟုတ်ဘူး....မောင်ရဲ့ဟု သူမပြေးပြီး ပြောလိုက်ချင်ပါသည်။

ဖေဖေဟာ သမီးတွေချစ်တဲ့၊ သမီးတွေ ရွေးချယ်မယ့် ချစ်သူတိုင်းကို နားလည်စာနာစွာ လက်ခံကျေနပ်ပေးမယ့် ဖခင်မျိုးလို့ မောင်...ဘာကြောင့် မသိခဲ့ရတာလဲ...။ အို...သူမတောင် အချိန်တွေအများကြီး နောက်ကျပြီးမှ သိခဲ့ရတာပဲလေ။

ဖေဖေ့ရဲ့ ကြီးမားသော စာနာနားလည်မှု၊ မေတ္တာတွေကို သူမတို့ အများကြီး နောက်ကျပြီးမှ သိခဲ့ရတာပါလား...။

အဲဒီလို သူမ နားလည်သိရှိသွားတဲ့ အချိန်မှာ ဖေဖေကတော့ သူမတို့ကို ထာဝရ... ခွဲခွာသွားခဲ့ပြီ ဖြစ်လေသည်။

သူမက ကိုယ့်အပူနဲ့ကိုယ် ဖေဖေ့ရုပ်ကလပ် မီးမသင်္ဂြိုလ်မီ ဘာတွေ ဖြစ်နေတယ်ဆိုတာ မသိလိုက်ပေမယ့် အဲဒီရှာပနမှ အဖြစ်အပျက်တွေကို သူငယ်ချင်းတွေက လာပြောပြကြသည်။

သူမရဲ့ ငိုချင်နေသောစိတ်တွေ အဝေးသို့ လွင့်ပါးအောင်၊ သူမ စိတ် အပြောင်းအလဲဖြစ်အောင် ပြောကြတာလည်းပါမည်။



သူမနဲ့ အဲဒီရည်းစားနှစ်ယောက် (တစ်ယောက်က ရည်းစားလို့ မပြောနိုင်...ဖြစ်တောင် မဖြစ်လိုက်သူ)ရဲ့အကြောင်းတွေက သူငယ်ချင်းတွေ အကုန်လုံး စိတ်ဝင်စား စပ်စုချင်နေကြတာလည်း ပါမည်လေ။

ဖေဖေ့ရဲ့ အရိုးပြာချအပြီး အုတ်ဂူလေးလုပ်ရန် သူမတို့မိသားစုတွေ ထိုင်စောင့်နေစဉ်မှာ ကေခိုင်က တိုးတိုးလေး လာပြောသည်။

အဲဒီအချိန်မှာ သူမ မငိုတော့ပါ။

ဖေဖေ့ကို ပြုစုရတဲ့ရက်တွေ၊ ဖေဖေ ပင်ပန်းဆင်းရဲစွာ ဝေဒနာခံစားရတာကို ငေးကြည့်နေခဲ့ရတဲ့ ရက်တွေမှာ သူမတို့ အားရအောင် ငိုခဲ့ပြီးပြီလေ။

ဖေဖေကွယ်လွန်သွားတာဟာ ဖေဖေ့အတွက် နာကျင်မှုတွေ ပျောက်ဆုံးပြီး ထာဝရငြိမ်းချမ်းသွားတာမို့ သူမစိတ်ထဲက တစ်ပိုင်းတစ်စ ကျေနပ်လိုက်ရရင်း သူမ မငိုမိတော့ပါ။ သူမက ခပ်တည်တည်ကြီး ငြိမ်သက်ထိုင်ချနေတာကို သူငယ်ချင်းလေးတွေက စိုးရိမ်စိတ်ပူကြဟန် တူပါသည်။

ကေခိုင်က စပြီး ရယ်စရာ စပြောတာ။

"မယ်မရတို့ ကံကောင်းချက်များ...ယောကျ်ားနှစ်ယောက်စလုံးကို ပါးရိုက်ပြီး လမ်းခွဲခဲ့တာတောင် သူ့အဖေအခေါင်းကို အဲဒီနှစ်ယောက်စလုံးက လုထမ်းဖို့ ရန်ဖြစ်ကြသေးတယ်"

သူမ ပြုံးချင်ချင်ဖြစ်သွားသေးသည်။ ဒါဆို ဖေဖေ့ရှာပနကို မောင်ရော ကုဋေပါ အရောက်လာကြသည်ပေါ့။

သူမ ကျေနပ်သွားပြန်သည်။

မိန်းမတွေရဲ့ စိတ်ကို ယောကျ်ားတွေ နားလည်နိုင်ဖို့ နှစ်ပေါင်းများစွာ လိုပါသေးသည်။ သူတို့ကို ဘယ်လောက်ပဲ မုန်းတယ်ပြောခဲ့ပြောခဲ့ အဲဒီလိုမျိုး သူမအတွက် စာနာနားလည်စွာ အနားကို သူတို့ရောက်လာပေးနေဆဲ...ဆိုတာကို မိန်းမတစ်ယောက်ဖြစ်သည့် မရနိုင်လည်း ကျေနပ်မိပါသည်။

ကေခိုင်က စကားစတာကို နောက်ကျမှ ရောက်လာသော ခက်ခက်က မသိနားမလည်စွာ မေးသေးသည်။

"ဘယ်သူက ထမ်းခွင့်ရသွားလဲ"

"ကုဋေပဲပေါ့၊ သူက စထမ်းတာ၊ မရအဖေအခေါင်းက ဗဟော်ဂနိကြီး၊

www.burmeseclassic.com

www.burmeseclassic.com



နစ်ပြီး အိနေတာ၊ လူတွေအများကြီးလိုတော့ ကုဋေက အရင်ပြေးသွားတာ၊ ကုဋေပြေးတာမြင်မှ ထိုက်တန်ကပါ ပြေးလိုက်သွားတယ်၊ ကုဋေက စ,ပက်တာ၊ သူများလုပ်တာ မြင်မှ နှမ်းဖြူးဖို့ ပြေးမလာနဲ့...တဲ့၊ ထိုက်တန်ရဲ့ မျက်နှာကြီးဆို နီသွားတာပဲ"

ခက်ခက်က မျက်မှောင်ကုပ်သည်။

"ထိုက်တန်အသားက ဒီလောက်မည်းတာ၊ သူ့မျက်နှာနီသွားတာ နင်ဘယ်လိုလုပ် မြင်လဲ"

သူမ မျက်စောင်းထိုးပြီး ဖြတ်ပြောလိုက်သည်။ ခက်ခက်ကိုလေ...။

"ညို့တာပါဟဲ့၊ မမည်းပါဘူး"

ခက်ခက်နဲ့ ကေနိုင်မျက်နှာတွေ မဲ့ကြသည်။

"မိန်းမ...စကားကိုက...၊ တွေ့လား၊ သေချာတယ်၊ မပြတ်သေးဘူး"

"အို...မှန်းတာက မှန်းတာပဲ၊ စွဲလမ်းတာက စွဲလမ်းတာပဲ၊ ဘာဆိုင်လဲ၊ ငါးနှစ်တောင်မှဟာ..."

သူမ မျက်စောင်းထိုးပြီး ဘုပြောလိုက်၍ ကေနိုင်နဲ့ခက်ခက်က သူတို့ဟာသူတို့ စိတ်ဝင်စားဖွယ် ဇာတ်လမ်းကို ဆက်သည်။

မိမိအေးပင်လျှင် သူမကို ဆေးနားမှာ ယပ်တောင်တဖျပ်ဖျပ်ခတ်နေရင်း မျက်နှာက ခက်ခက်တို့ ပြောတာကို စူးစိုက်နားထောင်နေသေးသည်။

"ထားလိုက်ပါတော့ဟယ်၊ ထိုက်တန် မျက်နှာကြီးက မည်းသွားတယ် လို့ပဲ၊ ဒါပေမယ့် ချက်ချင်းတော့ ပြန်ပြောတယ်ဆရာ၊ ကုဋေကို...၊ မင်းက ဘာဆိုင်လို့ ဝင်ပြောနေတာလဲ၊ မင်းက အသုဘရှင်လား...တဲ့၊ ဒီတစ်ခါတော့ ကုဋေ့ခမျာ မျက်နှာလေးရဲသွားတာပေါ့"

ကောင်မတွေ...။ သူမ အဲ့ဒီလိုပဲ စိတ်ထဲကနေ မေတ္တာပို့လိုက်သည်။

စကားပြောတာတောင် ဘက်လိုက်ပြီး ပြောချင်တယ်။

ထိုက်တန် ကျတော့ မျက်နှာကြီး မည်းသွားတယ်...တဲ့။ ကုဋေ့ကျတော့ မျက်နှာလေးရဲသွားတယ်....တဲ့။ သေချာတယ်။ သူမကို ကုဋေ့ဘက်... အားလုံးက ယိမ်းစေချင်နေတာ အသိသာကြီး...။

ကုဋေနဲ့...ထိုက်တန်ဆိုလျှင် ကုဋေ့ကိုပဲ သူမကို ရွေးစေချင်နေတာ။



မကြာခင် ဝိုင်းတွန်းပါတော့မယ်။ နားထောင်ကြည့်....။

"ကုဋေက ဘာမှပြန်ပြောလို့လည်း မရဘူးလေ၊ အသုဘရှင်က သူမှ မဟုတ်တာ..."

အဲ့ဒီစကားကို ခက်ခက်က သူမအား မသိမသာ မေးငေါ့ရင်း ပြောတာ ဖြစ်သည်။ ကြည့်ပါလား....။ အစောင်းအရိပ်ကလည်း ပါသေးသည်။

ကုဋေ့ကို တရားဝင် အသုဘ ရှင်ဖြစ်အောင် သူမကပဲ လုပ်ပေးရမည့်ပုံ။ သူမကသာ ကုဋေနဲ့ ရည်းစားတွေ ဖြစ်နေပြီဆိုလျှင် ဒီပွဲမှာ ကုဋေက နိုင်မည်ပေါ့။ လုပ်ပုံက...။

ကေနိုင်က စကားဆက်သည်။

"အဲ့ဒါ...ကုဋေက ထမ်းလို့ဖြင့် အခေါင်းအောက်ရောက်နေပြီ၊ ထိုက်တန်က စုမှ ဝင်ထမ်းမယ်လုပ်တော့ ကုဋေက အော်ပြန်ရော၊ ဒီဘက်မှာ လူပြည့်နေတာ၊ ဟိုဘက်သွားပါလား...တဲ့၊ ထိုက်တန် တဘက်ခြမ်းကို ပြေးသွားတော့လည်း မရအဖေရဲ့ ကုမ္ပဏီဝန်ထမ်းတွေက အများကြီးလေ၊ ညီလေး... ရတယ်...နေ...နေ၊ ဒီမှာ အစ်ကိုတို့ နိုင်တယ်ဆိုပြီး မောင်းထုတ်တော့ ထိုက်တန် ခမျာ အခေါင်းကို ကုဋေ့လို ဝင်ထမ်းချင်တာ၊ မထမ်းရလို့ စူပုပ်ပုပ်နဲ့ ဟိုဘက် ပြေးလိုက်၊ ဒီဘက်ပြေးလိုက်ပေါ့ဟယ်"

မိန်းမစုတ်တွေ...။ ရယ်ကြသည်။

"အံမယ်...မရရဲ့ အဒေါ်ကတော့ သူ့ကို မျက်မှန်းတမ်းမိရှာပါတယ်၊ ဟိုတစ်ခါ...ဗိုလ်ချုပ်ဈေးမှာ မရနဲ့ထိုက်တန် လက်ချင်းချိတ်ပြီး လျှောက်နေတုန်း ပက်ပင်းတိုးမိတဲ့ အဒေါ်ငယ်....ဟာရော၊ သူက...သား...ရေအိုးခွဲပေးဖို့ ရော... ဆိုပြီး ရေအိုးကြီး သူ့လက်ထဲထည့်သွားလို့ အလုပ်တစ်ခုတော့ ရသွားတယ်၊ ရေအိုးခွဲဖို့...၊ ကုဋေကတော့ ပြုံးစိစိနဲ့၊ လှောင်ပြုံးလေးနဲ့ ကြည့်တာပေါ့၊ သူတို့နှစ်ယောက် တကယ်စကားမပြောကြတာ...သိလား"

သူမ စိတ်ထဲမှာ တကယ်မကောင်းပါ။

အချစ်ဆုံးသူငယ်ချင်း နှစ်ယောက်...။ သိပ်ကို ချစ်ကြတဲ့ သူငယ်ချင်းတွေ။ နေတဲ့အိမ်ချင်းကလည်း နီးတယ်၊ တစ်လမ်းပဲ ခြားတာလေ။

ပြီးတော့ မူကြိုကျောင်းကတည်းက တူခဲ့တယ်ဆိုတဲ့ သိယောဇဉ်တွေ

www.burmeseclassic.com



ကလည်း နည်းတဲ့သံယောဇဉ်မဟုတ်။ ဆယ်တန်းထိလည်း တူတူ၊ ဆေးကျောင်းရောက်တော့လည်း တူတူ...။ ဟော...မိန်းမတစ်ယောက်တည်းကို ချစ်ကြိုက်မိကြလည်း အတူတူလေ။ ဘယ်လိုလုပ်ကြမလဲ။

နုတော့ သူတို့နှစ်ယောက်က ရန်သူတွေလို...တစ်ယောက်ကို မြင်လျှင် တစ်ယောက်က လမ်းလွှဲကွေ့ရှောင်သွားသတဲ့။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် အမှတ်တမဲ့တွေ့ရင်လည်း ဘယ်သူမှ နှုတ်မဆက်ကြဘူးတဲ့။

တစ်ယောက်ရှေ့မှာ နောက်တစ်ယောက်အကြောင်းကို တခြားသူက ပြောပြရင်လည်း ငါ့ကို သူ့အကြောင်းလာမပြောနဲ့...လို့ အော်ထုတ်တတ်ကြသတဲ့။ ဘယ်နှယ့်လုပ်ကြ....။

ဒါတွေအားလုံး သူမကြောင့်လား...။ ဟုတ်သလား...။

သူမဟာ အဲ့ဒီလောက်တောင် ဆိုးဝါးပြင်းထန်တဲ့ မိန်းမတစ်ယောက်လား...။ သူမဟာ စုန်းမတစ်ကောင်လား။

အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကို တစ်ကွဲတစ်ပြားစီ ဝေးကွာသွားအောင် သူမ လုပ်ခဲ့မိပြီလား...။ ဖြစ်နိုင်ပါသည်။ အရာအားလုံး သူမရဲ့အပြစ်တွေချည်း ဖြစ်နိုင်ပါသည်လေ။

မိမိအေးက ဝင်ပြောလိုက်သေးသည်။

"အဲ့ဒီကောင်တွေက အခေါင်းကျတော့-လုထမ်းဖို့ ပြေးသွားကြတယ်၊ ဒီမှာ ကာယကံရှင်ကို အားပေးဖို့ကျတော့ တစ်ယောက်မှ မလာကြပါလား၊ နှုတ်ဆက်ဖေါ်လေးတောင် မရတာ ဘယ်ကောင်းမလဲ"

မိမိ့ကို မသိနားမလည်စွာနဲ့ ပြောရကောင်းလားလို့ ကေနဲ့ခက်တို့က နှုတ်ခမ်းတွေကျိတ်ပြီး ကိုက်ပြသည်။ မိမိက သူမရဲ့ နောက်ဆုံးဇာတ်သိမ်းကို အခုမှ သတိရသွားပုံနဲ့ နှုတ်ခမ်းလေးတစ်လစ်ထုတ်ကာ ပါးစပ်ပိတ်သွား၏။

ခက်ခက်ကတော့ ပြောလိုက်သေးသည်။

"သူ့လက်သံကို ငါတို့ကြားခဲ့ရဲ့ မဟုတ်လား၊ ဘယ်လောက် ပြောင်မြောက်တယ်ဆိုတာ၊ ဒီကောင်တွေ ကြောက်လို့ အနားတောင် မကပ်ရဲတာ...ကြည့်"

ကေနိုင်က ဝင်ပြောသည်၊



"ငါတို့က တစ်ရက်ပဲ နားထောင်လိုက်ရတာ၊ ဒုတိယရက်က လက်သံက ဘယ်လိုနေမှန်း ငါတို့လည်း ကြားချင်လိုက်တာ"

ဒီစကားကို ကေက ပြောတော့...၊ ခက်က ကေကို အပြစ်တင်သည်။

"အဲ့ဒါနင်လေ...၊ စာမေးပွဲဖြေပြီးတော့ ဗိုက်ဆာလှချည်ရဲ့ဆိုပြီး မရကို တောင် မစောင့်နိုင်ပဲ ကန်တင်းကို ပြေးတာလေ၊ နည်းနည်းလေးစောင့်ပြီး မရနားမှာနေရင် ငါတို့ အဲ့ဒီနေ့ကဇာတ်လမ်းကို အကုန်သိရမှာ"

ကေနိုင်က မျက်စောင်းတွေ ပြန်ထိုးသည်။

"အဲ့ဒီလို ငါတို့အနားမှာ ရှိနေရင်လည်း ဒီလောက်ပွဲကြမ်းချင်မှ ကြမ်းမှာပေါ့၊ ဟိုကောင်တွေက ငါတို့ရှိနေတော့ နည်းနည်းထိန်းချင် ထိန်းနေမှာပေါ့"

မိမိကတော့ ကုဋ္ဌေကို သနားကြင်နာစွာ သူမကို အပြစ်တင်သလိုလိုနဲ့ ရေရွတ်သည်။

"ကုဋ္ဌေခမျာ သနားပါတယ်...အချစ်ဆုံးသူငယ်ချင်းကလည်း မုန်း၊ သူချစ်တဲ့သူကလည်း မုန်း...."

"ငါ ကုဋ္ဌေကို မမုန်းပါဘူး"

သူမ ဝင်ပြောလိုက်ရသည်။ ဝင်မပြောလို့ မရတော့ဘူးလေ။ သူမရဲ့ သူငယ်ချင်းလေးတွေက သူမကို ဖေဖေ့ရဲ့ချာပနမှာ ကြေကွဲဝမ်းနည်းတာတွေ ပျောက်သွားအောင် စကားလွှဲပြီး တမင်လျှောက်ပြောနေကြတာ။

ပြီးတော့ သူတို့က သိပ်သဘောကျတဲ့ ကုဋ္ဌေကိုပါ သူမက ငြင်းဆန်လိုက်တယ်ဆိုတာ အကုန်လုံးလက်မခံနိုင်စွာ သူမကို အပြစ်တင်ချင်နေကြတာ။ သူမ သိတယ်လေ။ ဒီတော့ သူမ ရှင်းပြရပါသည်။

"ငါကုဋ္ဌေကို မုန်းလို့ ရိုက်လိုက်တာမဟုတ်ဘူး၊ အဲ့ဒီနေ့က ရုတ်တရက်ကြီး သူကပြောင်းလဲသွားတော့ ငါရှက်သွားတာ၊ ရှက်ရှက်နဲ့ လုပ်မိလုပ်ရာ လုပ်လိုက်တာ၊ ပြီးတော့ ငါအဲ့ဒီလိုမှ မလုပ်ရင် သူတို့နှစ်ယောက် အဲ့ဒီဆေးရုံရှေ့တည့်တည့်မှာတင် သတ်ကြတော့မှာဟယ်...၊ ငါ...ငါ...အဲ့ဒီနေ့က သူတို့နှစ်ယောက်ကြားမှာ ဘယ်လောက်တုန်လှုပ်ခြောက်ချားခဲ့ရတယ်ဆိုတာ နင်တို့ မြင်စေချင်တယ်၊ တကယ့်ရန်သူကြီးတွေကျနေတာပဲ"

မိမိက ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း သူတို့ ရန်သူတွေလိုပါပဲ....မရရယ်၊ နင်...ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါတော့၊ သူတို့နှစ်ယောက် ရန်သူကြီးတွေလို ဖြစ်မှာစိုးလို့....၊ အဲ့ဒါ နင့်ကြောင့်....နင့်ကြောင့်လို့ ကိုယ့်ကိုယ်ကို အပြစ်တင်နေမယ့်အစား နင်... တစ်ယောက်ယောက်ရဲ့ အချစ်ကို လက်ခံလိုက်ပါတော့၊ လပေါင်းများစွာ သူတို့လည်း နင့်ကိုမှနင့်ကို...ခုချိန်ထိ စွဲလမ်းနေကြတာ၊ သူတို့နင့်ကို တကယ်ချစ်ကြတာ၊ သေချာပါတယ်ဟာ..."

ကေခိုင်ကတော့ စပ်စုလိုတဲ့ လေသံနဲ့ သူမကို တိုးတိုးလေးမေးသည်။

"မရ...နင်...ဘယ်သူ့ကို ရွေးမှာလဲဟင်၊ ဘယ်သူ့ကို ပိုသာနေလဲ"

ခက်ခက်ကတော့ ပြတ်ပြတ်သားသားကို ဝင်ဆုံးဖြတ်ပေးသည်။

"အို....ကုရှေ့ကိုပဲ ရွေးရမှာပေါ့...ဒီမိန်းမ....၊ ထိုက်တန်က နင့်ကို မျက်ရည်အကြိမ်ကြိမ်ကျအောင် လုပ်ခဲ့ဖူးတာ နင်မမေ့နဲ့...မရ"

မိမိကပင်လျှင် စဉ်းစဉ်းစားစား တွေးခေါ်ထားတဲ့ပုံစံနဲ့ ကုရှေ့အား လက်ခံစေချင်နေတော့ သူမ အံ့သြရပြန်လေသည်။

"ဟုတ်တယ်...မရ၊ နင့်ဘဝတစ်ခုလုံးအတွက်ဆို...၊ နင်...ကုရှေ့ရဲ့ အချစ်ကို စဉ်းစားရမယ်၊ သူနဲ့ဆို နင်ထာဝရ စိတ်ချမ်းသာမယ်၊ ပျော်ရလိမ့်မယ်လို့ ငါယုံတယ်"

သူမ ခေါင်းခါလိုက်သည်။

"မိ...တစ်ခါတစ်လေကျတော့ အချစ်ဆိုတာ ပျော်ရွှင်မှုနဲ့ဘာမှ မဆိုင်ဘူး...မိရယ်၊ သိလား...အချစ်ဆိုတာတဲ့..."

အဲ့ဒီစကားကို ပြောပြတော့ သူမရင်တွေ တစ်ဆို့တစ်ယောက်ကို လွမ်းဆွတ်စွာ နာကျင်လာပါသည်။ သူမ မျက်ရည်တွေ ချက်ချင်း ဝဲတက်လာပြီး အဲ့ဒီစကားတွေကို ဆက်ပြောပြမိသည်။

"အချစ်ဆိုတာ...တဲ့၊ ကိုယ်က ပေးလိုက်တိုင်း ပြန်ရနိုင်တယ်လို့ ပုံသေကားချပ် တွက်လို့မရဘူးတဲ့၊ ကိုယ်ကပေးလိုက်ပြီး ပြန်မရတဲ့အချစ်တွေ တစ်ပုံကြီး...တဲ့၊ ငါ့ကို တစ်ချိန်တုန်းက တစ်ယောက်ယောက်က ပြောခဲ့ဖူးသလိုပါပဲ"

အဲ့ဒီစကားတွေကို အဲ့ဒီအချိန်တုန်းက သူဘာကြောင့် ပြောခဲ့သလဲ... ဆိုတာ သူမ...အခုတော့ ရင်နာနာနဲ့ နားလည်ခဲ့ရပါပြီလေ...။



အချိန်တွေ အများကြီး နောက်ကျပြီးတော့မှပေါ့။

ကေခိုင်ကတော့ သူမအကြောင်းကို အသိဆုံး သူငယ်ချင်းဖြစ်ပါသည်။ သူမဘက်ကနေ စာနာနားလည်စွာ ဝင်ရှင်းပြသေးသည်။

"ဟုတ်တယ်လေဟာ...၊ နင်တို့ကလည်း...၊ ကုရှေ့ကို ရွေးမယ်ဆိုရင် ငါးနှစ်လုံးလုံး တွဲလာတဲ့ ထိုက်တန်ကျတော့ သူ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ် မေ့မလဲ၊ စွဲလမ်းမှာပေါ့၊ ငိုခဲ့ရတာက ငိုခဲ့ရတာပဲ၊ ပျော်ခဲ့ရတဲ့ အချိန်တွေလည်း ရှိတာပဲ၊ အဲ့ဒါတွေကိုက သတိရစရာတွေ ဖြစ်နေမှာ၊ ဒီတော့ နင်... ဘယ်လို လုပ်မလဲ...မရ၊ နင်...ဘယ်သူ့ကို ရွေးမှာလဲ"

ကေခိုင်ရဲ့ အမေးကြောင့် သူမရဲ့အဖြေကို အားလုံးက စိတ်ဝင်တစား ငြိမ်ဆိတ်စွာ စောင့်ဆိုင်းနေကြစဉ်...။

သူမက ပြန်မေးလိုက်သည်။

"ငါဘယ်သူ့ကို ရွေးရမလဲ...ဟင်"

ကေခိုင်က ကိုယ့်နဖူးကို ရိုက်သည်။

"သေပါတော့ဟယ်၊ ငါတို့ကို ပြန်မေးနေရလား၊ နင်....နင့်ရင်ထဲမှာ ဘယ်သူ့ကို ပိုသာနေသလဲဆိုတာ နင့်ကိုယ်နင် မသိဘူးလား မရရယ်"

မိမိကတော့ သူမကို ဒေါပွပွနဲ့ ဝင်ပြောပါတော့သည်။

"ဒါ....မရနိုင်ရဲ့ ထုံးစံပဲလေ...၊ တစ်ခုခုကို ဆုံးဖြတ်ခါနီးမှာ အမြဲ ချီတုံချတုံ....၊ ဘယ်တော့မှမှ မပြတ်သားတာ၊ ထိုက်တန်နဲ့...သူနဲ့လည်း ချစ်သူ ရည်းစားသက်တမ်းတစ်လျှောက် ဖြစ်လိုက်ကြတဲ့ရန်ပွဲတွေ နည်းမှ...မနည်း၊ သူတို့နှစ်ယောက် ပြတ်မယ်ဆို အစောကြီးကတည်းက ပြတ်ရမှာ၊ ဟိုကောင်က လာချော့လိုက်၊ ဒီက ပျော့ပါသွားလိုက်နဲ့လေ၊ ခုတော့ ကုရှေ့က ဝင်လာတော့ ပိုဆိုးပြီပေါ့၊ မရ...နင်...နှစ်ယောက်စလုံးကိုတော့ ချစ်လို့ မရဘူးနော်"

မိမိက သတိပေးသည်။

ဟုတ်ပါရဲ့။ သူမ နှစ်ယောက်စလုံးကို ခါးခါးသီးသီး ငြင်းခဲ့မိတာ နှစ်ယောက်စလုံးကို မုန်းလို့မှ မဟုတ်ဘဲ။

နှစ်ယောက်စလုံးကိုများ သူမ ချစ်ခဲ့မိသလား...။

ဘုရားရေ....။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ငါးနှစ်တာကာလလောက်ကို ချစ်သူအဖြစ်နဲ့ လက်တွဲခဲ့ရသူ…။ ရွှဲလမ်းစွာ မြတ်နိုးမိရသူ။ သူ…ဘယ်လိုပဲ ရက်စက်၊ ရက်စက်၊ ဘယ်လောက်ပဲ အတ္တတွေ၊ မာနတွေကြီးကြီး သူမရဲ့ချစ်သူဟာ ချစ်သူပဲပေါ့…။ မေ့ပျောက်ဖို့ဆိုတာ ဘယ်လိုလုပ် လွယ်ကူမှာတဲ့လဲ…။

နောက်တစ်ယောက်က…။

အို….ငါးနှစ်တာကာလ တစ်လျှောက်လုံး သူ့အချစ်တွေကို မျိုသိပ်ခဲ့ရသူ…။ ပြီးတော့ သူမအနားမှာ ချစ်သူတစ်ယောက်လိုပဲ အမြဲပေးမကူညီခဲ့သူ…။ ဘယ်တော့မှလည်း အခွင့်အရေးကို ပိုမယူတတ်ခဲ့သူ…။

ကုဋ္ဌေ့အကြောင်းကို စဉ်းစားမိလျှင် သူမရင်တွေ ပိုနာရပါသည်။

ငါ…ဘာလို့ သူ့ပါးကို ရိုက်ခဲ့မိတာလဲ…။ ရက်စက်လိုက်တဲ့ မိန်းမ…။

မောင့်ကိုရိုက်ခဲ့တာ မောင်ဟာ အဲ့ဒီလိုနာကျင်မှုမျိုးနဲ့ လုံးဝထိုက်တန်တယ်။ ကုဋ္ဌေကတော့….။

ကုဋ္ဌေ့မှာ ဘာအပြစ်ရှိလို့လဲ….။

အို….ရှိတယ်။ သူမ ခွတ်ဆွဲတွေးပစ်လိုက်သည်။

သူ့မှာ အပြစ်ရှိတယ်။ ဘာလို့ ယောကျ်ားတစ်ယောက်ဟာ အဲ့ဒီလောက်ထိ သူမအပေါ် ငါးနှစ်လုံးလုံး မျိုသိပ်နှိမ်ချ လိုက်လျောပေးခဲ့ရတာလဲ…။ ကုဋ္ဌေ…နင်…သတ္တိမရှိဘူး။ နင့်ယောကျ်ားမဟုတ်ဘူး။ အဲ့ဒါ…နင့်အပြစ်ပဲ။

သူမ စိတ်ကိုတင်းလိုက်သည်။

"ငါ…သူတို့ကို လာပေါင်းများစွာ ညှင်းဆဲပြီး စောင့်ခိုင်းသလိုများ ဖြစ်နေလား၊ ငါအဲ့ဒီလို လုပ်ဖို့ မရည်ရွယ်ပါဘူး၊ ငါတစ်ခုခုကို ဆုံးဖြတ်ရတော့မှာလား၊ မဆုံးဖြတ်လို့ မရဘူးလား၊ ငါဘာကို ဆုံးဖြတ်ရမှန်း မသိဘူး၊ ငါ…ဘာလုပ်ရမှန်း မသိ…."

မိမိအေးက ခေါင်းခါပြန်သည်။

"နင်…အဲ့ဒီဆုံးဖြတ်ချက်ကို လွှန်ခဲ့တဲ့ လပေါင်းများစွာကတည်းက ချရမှာ၊ ခုတောင်…အများကြီးတောင် နောက်ကျနေပြီ…မရ၊ နင် အဲ့ဒီလို မဖြတ်မသား လုပ်လို့မရဘူး၊ နင်…အဲ့ဒီလိုလုပ်လေ…သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ပိုရန်ညိုးတွေထား၊ ပိုပြီးအမုန်းတွေပွားလေ ဖြစ်နေတယ်၊ နင်…



တစ်ခုခုကို သူတို့ကို ပြောလိုက်တော့"

သူမ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်နော်၊ ခုဆို….ငါ့အဖေလည်း မြေကျသွားပြီ၊ ငါ… ဘယ်လို ဆုံးဖြတ်ဖြတ်၊ ဘယ်သူ့ကို ရွေးချယ်ရွေးချယ်၊ စိုးရိမ်ပူပန်ပေးမယ့်၊ လမ်းညွှန်ပြသ ပေးမယ့် အဖေဆိုတာလည်း မရှိတော့ဘူး၊ ငါ့နားမှာ ဖေဖေ…မရှိတော့ဘူး"

သူမရဲ့အသံတွေ တုန်ခါတိမ်ဝင်သွားရပါသည်။

"ငါ…ဘယ်သူ့ကို ရွေးရွေး ဖေဖေ…မသိနိုင်တော့ဘူး"

သူမ မျက်ရည်ကျတော့ ကေခိုင်က စိတ်မကောင်းတဲ့ မျက်နှာနဲ့ တစ်ရှုးစလေး လှမ်းပေးသည်။

သူမ မျက်ရည်တွေ သုတ်လိုက်ပါသည်။

"ကောင်းပြီလေ…၊ သူတို့နှစ်ယောက်အတွက် တစ်ခုခုကို ငါဆုံးဖြတ်မှ ဖြစ်မယ်ဆိုရင်…ဒီနေ့ပဲ…၊ ငါ့အဖေကို သင်္ဂြိုလ်ပြီးတဲ့ ဒီနေ့မှာပဲ ငါပြောမှ ဖြစ်မှာပေါ့"

အားလုံးက သူမကို မျက်လုံးတွေ ဝိုင်းစက်ပြီ စိုက်ကြည့်ကြလေသည်။

"မေမေ….သမီး….ဖေဖေ့အုတ်ဂူနားမှာ ခဏလေး နေခဲ့ချင်တယ်၊ မေမေနဲ့ မီးကြီး၊ မီးငယ်တို့ ပြန်နှင့်နော်…"

မေမေက သူမကို စိုးရိမ်ပူပန်စွာ ကြည့်သည်။

"သမီးကြီးရယ်…ဒါဆိုလည်း မေမေတို့ပါ သမီးကြီးနဲ့ စောင့်နေပေးပါမယ်၊ မပြန်သေးပါဘူး"

နေ့ခင်းသုံးနာရီကျော် နေပြင်းပြင်းအချိန်မျိုးမှာ တောက်လျှောက်၊ လုပင်ပန်း၊ စိတ်ဆင်းရဲခဲ့သော မေမေ့ကို သူမ အပူတွေ ထပ်မပေးလိုပါပြီ။

မေမေ့ကို သူမရဲ့မျက်ရည်တွေ ထပ်မျှ မပေးချင်တော့ပါပြီ။

"ဟင့်အင်း…မေမေ၊ သမီး တစ်ယောက်တည်း ဖေဖေ့ကို ပြောစရာ စကားတွေ ရှိသေးတယ်၊ ဖေဖေ့အုတ်ဂူလေးရှေ့မှာ…"

www.burmeseclassic.com

www.burmeseclassic.com



မေမေက သူမအတွက် စိတ်ပူသွားပြီး ငြင်းသည်။

"အို...သမီးတစ်ယောက်တည်း ဘယ်ဖြစ်မလဲ"

သူမရဲ့သူငယ်ချင်းလေးတွေက ဝင်ပြောပေးကြသည်။

"စိတ်မပူနဲ့ အန်တီ၊ သမီးတို့ပါ သူနဲ့ စောင့်ပေးမှာ၊ သူ့ကို သမီးတို့ကားနဲ့ပဲ ပြန်လိုက်ပို့ပေးမယ်၊ စိတ်ချအန်တီ...၊ သူ သိပ်ကြာမှာ မဟုတ်ပါဘူး၊ နေခွင့်ပေးလိုက်ပါနော် အန်တီ၊ မရ စိတ်ချမ်းသာအောင်..."

မေမေက သူမရဲ့သူငယ်ချင်းတွေ အုပ်စုကို စိတ်ချသွားတဲ့ အမူအယာနဲ့ ခေါင်းညိတ်လိုက်ပါသည်။ မေမေ့ကို ညီမလေးနှစ်ယောက်က တွဲပြီးခေါ်သွားကြတော့ သူမ သက်ပြင်းတွေ ချလိုက်မိသည်။

အိမ်ကကားတွေနဲ့၊ အရင်းနှီးဆုံး မိတ်ဆွေတွေ၊ ဆွေမျိုးတွေရဲ့ ကားတွေ အကုန် အသီးသီးအသက ထွက်သွားကြတော့ ဖေဖေ့အုတ်ဂူလေးဆီမှာ သူမနဲ့ မိန်းကလေးသူငယ်ချင်းသုံးယောက်၊ ပြီးတော့ မောင်...၊ ပြီးတော့ ကုမ္ဘ...၊ အားလုံး ခြောက်ယောက်ပဲ ကျန်ရစ်ခဲ့ပါသည်။

ဖေဖေ့ရဲ့အုတ်ဂူလေးက လက်စမသတ်ရသေး။ ဖြူဖြူဖွေးဖွေး ဆေးရောင်ကို နမ့ စသုတ်နေထုန်း။ ကမ္ပည်းတင် စာတန်း ကျောက်ပြားလေးကတော့ ကပ်ပြီးသွားပါပြီ။

သူမ ငေးနေခဲ့မိ၏။

ဦးမင်းနိုင်

အသက် (၅၈)နှစ်

ဖေဖေ...။ နောက်ဆုံးကျတော့ လူ့ဘဝဆိုတာ ဒီလိုမျိုးပဲ အဆုံးသတ်ရမယ်...တဲ့လား...။

ကြည့်ပါဦး...။ စာတန်းလေးကိုက ရိုးရှင်းငြိမ်းချမ်းလွန်းလိုက်တာ။

ဦးမင်းနိုင်ဆိုတဲ့ လူတစ်ယောက်ဘဝမှာ ဖေဖေရခဲ့တဲ့ အဆောင်အယောင်တွေ၊ ငွေကြေးစည်းစိမ်တွေ ၊ ဂုဏ်ဒြပ်တွေ...၊ ဖေဖေက သိပ်ချစ်ခဲ့တဲ့...၊ ဖေဖေ့ကိုလည်း သိပ်ချစ်ခဲ့ကြတဲ့ ဇနီးမယား၊ သမီးသား...၊ ဘယ်မှာလဲဖေဖေ...။



ခဏလောက်ကြာရင် ဖေဖေ့ကို သိပ်ချစ်တဲ့ မရနိုင်ဆိုတဲ့ သမီးတစ်ယောက်တောင် ပျောက်နေရာမှာ....ဖေဖေ့ကို တစ်ယောက်တည်း...။

တစ်ယောက်တည်း ထားခဲ့ရတော့မှာ....။

လူ့ဘဝဆိုတာ ဘာတွေများ ဖက်တွက်မက်မောဖို့ ကောင်းလို့လဲ...။

သူမ အံကြိတ်ပြီး ဖေဖေ့ အုတ်ဂူလေးကို ငေးကြည့်နေတော့ သူငယ်ချင်းတွေက စိတ်ပူပြီး ဝိုင်းပြောကြသည်။

"စိတ်တွေ တင်းမထားနဲ့ မရ...၊ ငိုချလိုက်နော်..."

သူမ ခေါင်းခါလိုက်သည်။

"ဟင့်အင်း...ငါဖေဖေ့အုတ်ဂူရှေ့မှာ ပြောစရာစကားတွေ ရှိလို့ပါ၊ နင်တို့....ဟိုအမိုးအောက်က သွားစောင့်နေကြနင့်..."

ကေခိုင်က မျက်မှောင်ကျုံ့သည်။

"နေအရမ်းပူနေတယ်၊ နင့်ကို ထီးမိုးပေးဖို့...."

သူမ ခပ်မာမာပြောလိုက်သည်။

"ထီးကိုင်ဖို့ ဟိုနှစ်ယောက်ကို ချန်ထားခဲ့"

ခက်ခက်က သူမစကားကို နားမလည်၊ ပါးမလည် ပြန်မေးသည်။

"ဘယ်နှစ်ယောက်လဲ"

မိမိနဲ့ ကေက သဘောပေါက်ပါသည်။

ခက်ခက်ကို ဗိုက်ခေါက်ဆွဲလိမ်ပြီး ပြုးစိစိနဲ့ သူမကို အုတ်ဂူလေးရှေ့ကနေ ရှောင်ပေးသွားကြသည်။

ထီးကိုတော့ ခပ်တည်တည်နဲ့ ကုမ္ဘလက်ထဲကို "ရော့....အင့်..."လို့ ထိုးထည့်သွားကြသည်။

ကြည့်ပါလား။ လုပ်ပုံကိုက။ လူရွေးပြီးတော့မှ ထီးကို တမင်ပေးသွားတာ။ ထီးကိုင်တဲ့လူက သူမနဲ့ ပိုပြီးနီးကပ်နေတော့မှာလေ...။

ကုမ္ဘက ထီးနက်အကြီးကြီးကို ဖွင့်ကိုင်ကာ သူမအနားတိုးလာသည်။ မောင်ကလည်း သူမ့ဘေးနားကို လာရပ်၏။

သူတို့နှစ်ယောက်သည် နေရာတိုင်း မတူညီတာ သူမ တဖြည်းဖြည်းနဲ့ သိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့ ကိုယ်နံ့က ပြင်းသည်။ ဒီတော့ ရေမွှေးအမြဲသုံးတတ်သည်။ ဒီနေ့လည်း မောင်က သူမ သိပ်ကြိုက်တဲ့ ရနံ့လို့ တစ်ခါကပြောဖူးတဲ့...အာမေနီး ဘလက်ကုတ်ဆိုသော ရေမွှေးကို ဆွတ်လာသည်။

မောင်...တမင်ဆွတ်လာတာများလား....။ သူမကို ရတဲ့နည်းနဲ့ ပြန်ဆွဲဆောင်ဖို့လေ...။

ကုမ္မေကတော့ ချွေးထွက်နည်းသူ။ ကိုယ်နံ့မရှိသည့်သူ...။

သည်တော့ သူက ရေချိုးတုန်းသာ အကောင်းစား ဟူဂိုဘော့စ် ရှာဝါဂျဲလ်လေးကို အမြဲသုံးပြီး အဲ့ဒီအနံ့က တစ်နေ့လုံး သူ့ဆီမှာ စွဲနေတတ်တာ...။

သူတို့နှစ်ယောက်ဆီက ဘယ်ရနံ့ကို သူမ ပိုကြိုက်သလဲဆိုတာ ပြောရခက်ပါသည်။

နေပါဦး...။ အဲ့ဒါက ဘာများအရေးကြီးလို့လဲ...မရနိုင်...။

ဘာပဲဖြစ်ဖြစ် ဂဲပေါင်းများစွာ သူမ မေ့ဖို့ကြိုးစားခဲ့သော ထိုယောကျ်ားနှစ်ယောက်စလုံး သူမနဲ့အနီးဆုံးတစ်နေရာမှာ အခုလို အတူတူ ရပ်တန့်နေသောအခါ သူမရင်တွေ အဆမတန် လှုပ်ရှားခဲ့ပါသည်။

သေချာပါသည်။

သူမ ထိုယောကျ်ားနှစ်ယောက်စလုံးကို---။

သူမရဲ့အကြည့်ကို တမင်...ဖေဖေ့ရဲ့အုတ်ဂူလေးဆီမှ မခွာပဲ သူတို့နှစ်ယောက်ကို စကားစပြောလိုက်သည်။

"ငါ...ဒီနေ့, နင်တို့နှစ်ယောက်စလုံးကို ပြန်တွေ့ခဲ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး"

ကုမ္မေက သူမဘေးနားမှာ ဝင်သက်ထွက်သက်တွေတောင် ထိခတ်လျက် နီးကပ်စွာ ရပ်နေရင်း ပြန်ပြောပါသည်။

"နင်...ငါတို့ အကြောင်းကို ဘာမှ ခေါင်းထဲထားမနေနဲ့လေ၊ ဒီအချိန်ကြီးမှာ နိုင်ရယ်၊ ငါတို့နင့်ကို အဲ့ဒီလိုစိတ်အနှောက်အယှက်ဖြစ်အောင် လုပ်ဖို့လာတာမဟုတ်ဘူး၊ ငါတို့ကူညီနိုင်တာ ကူညီရအောင် လာတာဟ"

သူတို့စေတနာကို သူမ နားလည်ပါကြောင်း သူမ ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ ဆက်ပြောလိုက်သည်။



"နင်တို့နှစ်ယောက် စကားမပြောကြဘူးဆို..."

အဲ့ဒီအချိန်မှာ မောင်က ခပ်ဆတ်ဆတ်ဝင်ပြောသည်။

"မရ...မင်း...ကိုယ်တို့နှစ်ယောက် ရန်သူတွေဖြစ်သွားတာကို စိတ်မကောင်းမဖြစ်နဲ့၊ ပြီးတော့ အဲ့ဒါကို ပြန်ပြီး စေ့စပ်ညှိနှိုင်းပေးလို့ ရမယ်လို့လည်း မမျှော်လင့်နဲ့၊ ဘယ်အရာမှ အရင်အတိုင်းတော့ ပြန်မဖြစ်နိုင်တော့ဘူး၊ အားလုံးက လွန်သွားပြီ"

သူမ မောင့်မျက်နှာကို စိုက်ကြည့်လိုက်သည်။

ကြေကွဲစွာနင့်ပါ။

"မောင်...မောင်တို့နှစ်ယောက်က မိန်းမတစ်ယောက်တည်းကို ချစ်ခဲ့ကြတာလေ...၊ မောင်တို့ရဲ့ နှလုံးသားတွေက တူညီနေခဲ့တာလေ...၊ ဘာလို့ ရန်သူတွေလို ဖြစ်ကုန်ကြတာလဲ....၊ အရင်က မောင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လည်ပင်းဖက်ပြီး ချစ်ခဲ့ကြတာတွေ...၊ အတူတူ ပျော်ခဲ့ကြတဲ့နေ့တွေ မောင်...မေ့လို့ရလား၊ ကျွန်မတော့ မေ့လို့မရဘူး"

မောင်ရဲ့လေသံက မာကျောစွာ သူမ,မေးခွန်းကို ဖြေသည်။

"ဘာလို့ ရန်သူတွေ ဖြစ်သွားလဲ....ဟုတ်လား၊ အဖြေက ဒီကောင် မောင်နဲ့မင်းကို နှစ်ပေါင်းများစွာ လိမ်ညာခဲ့လို့....၊ သူ မရိုးသားခဲ့လို့ပဲ၊ အဲ့ဒါအဖြေပဲ၊ သူ့မျက်နှာကို မြင်တိုင်း ငါ့ကို သူလိမ်ခဲ့တယ်လို့ မြင်နေတယ်၊ ခွင့်လွှတ်ပေးလို့ မရဘူး"

အဲ့ဒီစကားအရောက်မှာ ကုမ္မေရဲ့ အော်ဟစ်သံက ချက်ချင်းပြန်ထွက်လာသည်။

"မင်းကိုလည်း ဘယ်သူမှ ခွင့်မလွှတ်နိုင်ဘူး၊ အေး...ငါကလည်း ပြောလိုက်မယ်၊ ဒီမှာ...နိုင်၊ ငါလည်း သူနဲ့ သဘောထားအတူတူပဲ၊ ဒီကောင့်ကို ငါဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အဲ့ဒါ....ဘာလို့လဲ....သိလား၊ နင့်ကို ဒီကောင်...အကြိမ်ကြိမ် မျက်ရည်ကျအောင်၊ စိတ်ဆင်းရဲအောင် မျိုးစုံလုပ်ခဲ့လို့ပဲ၊ လွန်ခဲ့တဲ့ငါးနှစ်...သူနဲ့နင် ရည်းစားတွေဖြစ်ခဲ့ကြတဲ့ နှစ်တွေကို ငါနမြေ့တယ်၊ သိလား၊ နင့်ကို သူ စိတ်ဆင်းရဲအောင် လုပ်နေသမျှ ငါမုန်းတယ်၊ ဒီကောင့်ကို...၊ အဲ့ဒါကြောင့် နင့်ကို... သူနဲ့ မရရအောင်ခွဲချင်တာ၊ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ဖဝါးလေးထောင်ကာ နှစ်ယောက်စလုံးရဲ့ စကားတွေကို တားမြစ်လိုက်သည်။

"တော်ကြတော့"

သူမ မျက်နှာထားခပ်တည်တည်ထားကာ ဘယ်သူကိုမှ လှည့်မကြည့်ပဲ အေးစက်စက် စပြောလိုက်သည်။

"ငါ...ဒီနေ့ နင်တို့နှစ်ယောက်ကို ဒီနေရာမှာ...၊ ဖေဖေ့ရဲ့အုတ်ဂူလေးရှေ့မှာ...ပြောချင်တဲ့ စကားရှိတယ်။ အဲ့ဒါ...ငါ့ရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ပဲ..."

"နိုင်..."

"မရ..."

သူတို့နှစ်ယောက် သူမကို စိတ်လှုပ်ရှားစွာ အော်ခေါ်ကြသည်။

သူမ ဆက်ပြောလိုက်သည်။

"အေး...၊ ငါ့အဖေရဲ့အုတ်ဂူလေးရှေ့မှာ ပြောတာ အကြောင်းရှိတယ်၊ ငါ့ရဲ့ဆုံးဖြတ်ချက်ကို ငါ့အဖေပါကြားစေချင်လို့ပဲ၊ ပြီးတော့..."

သူမရဲ့စကားတွေ ထစ်ငေါ့သွားတော့ သူတို့နှစ်ယောက် သူမရဲ့ မျက်နှာကို အားမလိုအားမရ ငေးစိုက်ကြည့်နေကြသည်။ သူမ အားတင်းပြီး ဆက်ပြောရသည်။

"ပြီးတော့ ငါ့ရဲ့ ဆုံးဖြတ်ချက်ကို နင်တို့ နားထောင်ရမယ်၊ ငါဘယ်လိုပဲ ဆုံးဖြတ်၊ ဆုံးဖြတ်၊ ငါ့ရဲ့ဆုံးဖြတ်ချက်ကို နင်တို့နားလည်ပေးပါ၊ နင်တို့နှစ်ယောက် သူငယ်ချင်းတွေ ပြန်မဖြစ်တောင် တစ်ယောက်ကိုတစ်ယောက် ခါးသီးနာကျည်းစွာ မုန်းတီးနေမယ့် ရန်သူတွေ ဖြစ်လာမှာကို ငါ...လုံးဝ မလိုချင်ဘူး၊ ဒီတော့ ငါ...ဘယ်လိုပဲ ဆုံးဖြတ်၊ ဆုံးဖြတ်၊ အဲ့ဒီဆုံးဖြတ်ချက်နောက်မှာ နင်တို့ရဲ့အမုန်းတွေ ဒီနေရာမှာပဲ ချန်ထားရစ်ခဲ့မယ်လို့ ငါ့ကို ကတိပေးပါ၊ ငါ့အဖေရဲ့ အုတ်ဂူရှေ့မှာ ငါ...အနူးအညွတ်တောင်းပန်ပါတယ်"

ကိုရွှေက မဆိုင်းမတွ အဖြေပေးသည်။

"ငါကတိပေးပါတယ်....၊ ငါနင့်ရဲ့ဆုံးဖြတ်ချက်ကို အကြွင်းမရှိ လိုက်နာပေးမယ်...နိုင်"

ဒီတော့ မောင်ကလည်း အားကျမခံ ပြန်ပြောသည်။



"ကောင်းပြီလေ...၊ မရ...ဒီဟာက မင်းရဲ့နောက်ဆုံး ဆုံးဖြတ်ချက်ပဲ ဆိုရင် မောင်လိုက်နာရမှာပေါ့"

မောင် ခေါင်းငုံ့သွားသည်။

မောင့်မျက်နှာကို...သူမ သေသေချာချာ စိုက်ကြည့်လိုက်သည်။

နောက်ဆုံးအနေနဲ့ပါ...။

"မောင့်ကို ကျွန်မ ဒီနေ့ကစပြီး ထိုက်တန်လို့ပဲ ခေါ်ပါတော့မယ်"

သူမရဲ့စကားက မောင့်ရဲ့တစ်ကိုယ်လုံးကို ဆတ်ကနဲ လှုပ်ရှားသွားစေသည်။ သူမရဲ့ဆိုလိုရင်းကို မောင်...ချက်ချင်း သဘောပေါက်သည်။ မောင်မျက်လုံးတွေကလည်း ပျာလောင်စတ်စွာ သူမကို စူးစိုက်ကြည့်နေခဲ့သည်။

မောင့်နှုတ်ခမ်းတွေ တုန်ယင်နေ၏။

အရွှံးကို သူ...လုံးဝ မျှော်လင့်ထားပုံမပေါ်ဘူး။

"ငါ့ကို ခွင့်လွှတ်ပါ....ထိုက်တန်၊ ငါ...နင့်ကို မမုန်းပါဘူး၊ ဒါပေမယ့် ငါ့ဘဝအတွက်၊ ငါ့ဘဝကြီး ရှေ့ဆက်လျှောက်ရမယ့် ခရီးအတွက် ငါ...နင့်ကို မလိုအပ်တော့ဘူး၊ ငါ့ဘဝအတွက် မလိုအပ်ဘဲနဲ့ လူတစ်ယောက်ကို စွဲလမ်းမက်မောရမယ့် အဖြစ်ကြီးကို ငါမလိုချင်ပါဘူး၊ အဲ့ဒါကြောင့်...အဲ့ဒါကြောင့် ငါ့ရဲ့ဆုံးဖြတ်ချက်ကို နင်...နားလည်ပေးပါ"

မောင် နားမလည်ပါ။

မောင်...သူမရဲ့ဆုံးဖြတ်ချက်ကို လုံးဝနားမလည်ပါ။ မောင့်ရဲ့မျက်နှာသည် ကြေကွဲဝမ်းနည်းစွာ မျက်ရည်တွေ ချက်ချင်းဝေ့သီလာလျက် သူမကို ငေးစိုက်ကြည့်နေသည်။ ကြေကွဲသည်မှတစ်ဆင့် မောင့်မျက်လုံးတွေ နာကျည်းခါးသီးသည့် အကြည့်တွေဖြစ်သွားသည်။

မျက်နှာကို တစ်ဘက်သို့လွှဲလျက် အံကို တင်းတင်းကျိတ်နေသည်။ မောင့်မျက်လုံးတွေ နီရဲလာ၏။

သူမ သူ့ကို နှစ်သိမ့်ပေးဖို့ စတင်ကြိုးစားရပြန်သည်။

"ငါဆုံးဖြတ်ချက်ကို နင်နားလည်ပေးပါ....ထိုက်တန်၊ ငါတို့ မိတ်ဆွေ သူငယ်ချင်းတွေလို ထာဝရ ခင်မင်သွားချင်တယ်...နော်"

မောင်က ဆတ်ကနဲ ခေါင်းကိုခါသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားပြောတော့လည်း သူ့အသံတွေ မာထန်နေပါသည်။

"နားမလည်နိုင်ဘူး မရ၊ ဒီတော့....မင်းဆိုလိုတာ ကိုယ့်ထက် ကုဋေကို မင်းဘဝမှာ ပိုလိုအပ်တယ်ပေါ့...ဟုတ်လား"

သူမ ပြုံးလိုက်သည်။

"နှင့်ဘဝမှာ အခြားလူတစ်ယောက်ကို အပြစ်ပုံမချဘဲနဲ့ ကိုယ့်အပြစ် ကိုယ်ပြန်မြင်ဖို့ ဘာလို့...နှင်မကြိုးစားရတာလဲ...ထိုက်တန်ရယ်၊ ငါနှင့်ကို မရွေးချယ်တော့ဘူးလို့ပဲ ပြောခဲ့တာ၊ ကုဋေ့ကိုလည်း ရွေးချယ်လိမ့်မယ်လို့ ငါတစ်ခွန်းမှ မပြောသေးဘူး၊ ကုဋေ့ရဲ့အချစ်ကိုလည်း ငါ လက်ခံမှာ မဟုတ်ဘူး ထိုက်တန်၊ အဲ့ဒါ....ငါ့နောက်ဆုံး ဆုံးဖြတ်ချက်ပဲ"

မောင်က အံ့အားသင့်စွာ နှုတ်ခမ်းတွေ ပွင့်ဟပိုင်းစက်သွားသည်။

သူမ ကုဋေကို မော့ကြည့်လိုက်တော့ ကုဋေရဲ့မျက်နှာလေးက ငယ်နေပါသည်။ သူမ ဘာတွေ ဆက်ပြောမည်ဆိုတာ သူသိနေပါပြီ။

သူလည်း သူမရဲ့ မျက်နှာပေါ်ကနေ အကြည့်လွှဲသွား၏။ နားထောင်ပါ...ကုဋေ။ ဒီစကားတွေကို နှင်...သေသေချာချာ နားထောင်ပါ။

အဲ့ဒီစကားတွေ အားလုံးဟာ နှင့်အတွက်ပါ။

"ထိုက်တန်...၊ နှင်...ငါ့ကို အကြိမ်ကြိမ်အခါခါ ဖွန့်ပစ်ခဲ့တယ်၊ မျက်ရည်ကျအောင် လုပ်ခဲ့တယ်၊ တကယ်တမ်း ငါ့ဘဝမှာ နိမ့်ကျအားငယ်နေတဲ့ အချိန်မှာ နှင်...ငါ့ဘေးနားမှာ မရှိခဲ့ဘူး၊ နှင့်ရဲ့ဂုဏ်သိက္ခာ...၊ နှင့်ရဲ့မာနကိုပဲ နှင်ကိုးကွယ်နေခဲ့တယ်၊ တကယ်တော့ နှင်က နှင့်ဘဝအတွက် ငါ့ကိုလိုအပ်မယ် ထင်လို့ ချစ်ခဲ့တာ၊ ငါဘာလိုအပ်သလဲလို့ တစ်ချက်ကလေးမှ နှင်လှည့်မကြည့် ဖူးခဲ့ဘူး၊ အမြဲတမ်း နှင်လိုချင်တာ၊ နှင်ဖြစ်ချင်တာ...နှင်ရွေးချယ်ခဲ့တာချည်းပဲ၊ ငါ့ရဲ့ရွေးချယ်မှု၊ ငါ့ရဲ့ဆန္ဒကို နှင်...လုံးဝ...ဂရုလည်းမစိုက်ဘူး၊ စိတ်လည်း မဝင် စားဘူး၊ အဲဒါကြောင့် အဲ့ဒီလိုလူတစ်ယောက်ကို ငါအသည်းနှင့်အောင် ချစ်ခဲ့ လည်း ငါမေ့ဖို့ကြိုးစားမယ် ထိုက်တန်၊ ငါတို့ရဲ့ လူ့ဘဝကြီးက တိုတိုလေးပါ၊ ဖေဖေ့ကို ငါတို့နဲ့ နောက်ထပ်နှစ်ပေါင်းများစွာ နေထိုင်နိုင်ဦးမယ်လို့ လွှန်ခဲ့တဲ့ တစ်နှစ်လောက်ကထိ ငါထင်ခဲ့တာလေ...၊ လပိုင်းလေးအတွင်းမှာ ဖေဖေ ဒီလို... ငါတို့ကို ခွဲခွာသွားလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ သေခြင်းတရား



ဆိုတာ ငါတို့နဲ့နီးနီးလေးမှာ ထိုက်တန်၊ ဒီတော့ ငါ...လူ့ဘဝကြီးမှာ နေရတုန်း၊ ပူပန်သောကတွေ၊ လိုချင်တပ်မက်ခြင်းတွေ၊ စိုးရိမ်သောကတွေနဲ့ ချစ်ရမယ့် လူတစ်ယောက်ကို ငါမလိုချင်တော့ဘူး၊ ဒါကြောင့် နှင့်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ် လိုက်တာပဲ၊ အဲ့ဒါ...ငါတစ်ချိန်က ပြောခဲ့တဲ့ ငါ့အဖေသာ သေသွားရင် နှင့်ကို လက်မထပ်ဘူးဆိုတဲ့ စကားနဲ့ ဘာမှ မဆိုင်ဘူး၊ သိလား...၊ တစ်ချိန်က... ငါ... ကြေကွဲဝမ်းနည်းမှုတွေ၊ ဒေါသတွေနဲ့ ပြောခဲ့တယ်၊ ဟုတ်တယ်၊ အဲ့ဒါတွေ အဝေး ကြီးမှာ ကျန်ခဲ့ပါပြီ ထိုက်တန်ရယ်၊ ဒီတစ်ခါ ဆုံးဖြတ်ချက်က ဖေဖေနဲ့ ဘာမှ မဆိုင်ဘူးဆိုတာ ငါ...ငါ့အဖေအုတ်ဂူရှေ့မှာ ပြောချင်ပါတယ်၊ နှင်... အကြောင်းမဲ့ ဖေဖေ့အပေါ်...ငြိုငြင်နေဦးမှာ၊ ကွယ်လွန်သွားတဲ့ ငါ့အဖေကိုပဲ နှင်အပြစ်တွေ ပုံချနေမှာ၊ မုန်းနေမှာ မလိုချင်လို့ ငါဒီစကားကို ဒီနေ့...ဒီနေရာမှာ ပြောရတာပါ"

"ကိုယ်...ဘယ်တော့မှ မင်း အဖေကို မမုန်းပါဘူး၊ မင်း သက်သက် အထင်လွဲတာပါ"

မောင်က ကြေမွနာကျင်နေသော လေသံနဲ့ ခြောက်ကပ်ကပ် ပြန်ပြော သည်။ သူမ ပြုံးလိုက်သည်။

"ငါနားလည်ပါတယ်...ထိုက်တန်ရယ်၊ တို့တွေ ငယ်ခဲ့ကြတယ်လေ၊ ငယ်ငယ်တုန်းက တို့တွေ လူငယ်တွေလို တွေး၊ လူငယ်တွေလို မိုက်ချင်မိုက်ခဲ့ ကြမယ်၊ ပြောခဲ့ကြမယ်၊ ငါသိတယ်၊ ဒါပေမယ့် တို့...ခု လူကြီးတွေ ဖြစ်နေကြပြီ၊ ဟုတ်တယ် မဟုတ်လား၊ လူနာတွေကို တကယ်ထိတွေ့ကုသနေရတဲ့ ဆရာဝန် တွေတောင် ဖြစ်နေကြပြီပဲ၊ ဆေးကျောင်းသား ပေါက်စလေးတွေမှ မဟုတ် တော့တာ...၊ နော်...၊ တို့တွေ ခေါင်းထဲမှာ စဉ်းစားတတ်တဲ့ ဦးနှောက်တွေ၊ ရင့်ကျက်တည်ငြိမ်မှုတွေ၊ တာဝန်ယူရဲတဲ့ သတ္တိတွေ ရှိရတော့မယ်၊ တို့တွေ ဆက်မှားလို့ မရတော့ဘူး၊ တို့တွေ ငယ်ငယ်တုန်းကလို သွေးဆူလွယ်၊ ပေါက်ကွဲ လွယ်တဲ့ အမှားတွေ၊ ဆက်လုပ်လို့ မရတော့ဘူး မဟုတ်လား၊ ငါ... အားလုံးကို သေသေချာချာ စဉ်းစားပြီးမှ ဒီဆုံးဖြတ်ချက်ကို ချခဲ့တယ်ဆိုတာ နှင်...နားလည် ပေးစမ်းပါ ထိုက်တန်"

သူခေါင်းခါနေဆဲပါ...။

ကုဋေကလည်း မကျေနပ်သည့် မျက်နှာတစ်ခုနဲ့ ဝင်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်...ငါ့ကိုရော...ဘာလို့ ငြင်းရတာလဲ...နိုင်၊ နင်... အဲ့ဒီဆုံးဖြတ်ချက်ကိုရော...သေသေချာချာ စဉ်းစားရဲ့လား"

သူမ ကုဋေရဲ့မျက်လုံးတွေကို သေသေချာချာ ငေးကြည့်မိလိုက်သည်။

တစ်ချိန်တုန်းက...။ ကုဋေကို သူမတို့ သူငယ်ချင်းအဖြစ် စတင်ရင်းနှီးသိကျွမ်းခဲ့ရတုန်းက...။

သူမ ကုဋေရဲ့မျက်လုံးလေးတွေကို မိန်းကလေး တစ်ယောက်ထက်တောင် လှသေးတယ်လို့ ပြောခဲ့ဖူးသည်။ သူငယ်ချင်းတွေ အားလုံးကလည်း ထောက်ခံခဲ့ဖူးသေးသည်။

အဲ့ဒီလို မျက်လုံးကြည်ကြည်နက်နက်နဲ့ သူငယ်ချင်းလေးတစ်ယောက်ကို ခွဲခွာဖို့ဆိုတာ...။

"ကုဋေရယ်..."

အဲ့ဒီစကားတွေကို ပြောပြစဉ်မှာတော့ သူမရဲ့သံယောဇဉ်တွေကြောင့် ပါးပေါ်ကို မျက်ရည်တွေ စတင်ကျဆင်းလာပြီ ဖြစ်ပါသည်။

"နင့်ကို ငြင်းဆန်ဖို့ ငါပိုပြီး စဉ်းစားခဲ့ရပါတယ်...လို့ ငါပြောရင် နင်...ယုံမှာလား...ဟင်"

သူမရဲ့စကားထဲက ပြတ်သားမှု အတိမ်အနက်တွေ သူ မြင်နေပါပြီ။ သူ ခေါင်းငုံ့ရင်း မျက်ရည်မကျအောင် သူထိန်းနေသည်။ သို့ပေမယ့် သူ့ရင်ထဲမှာ ငိုကြွေးနေပြီးဖြစ်ကြောင်း သူမနားကျင်စွာ သိနေ၏။

"ငါ...နင့်ကို ဘာလို့ ငြင်းရလဲ...နင်သိလား"

အို...ကုဋေရယ်လေ...။ သူ့ပါးပေါ်မှာလည်း မျက်ရည်တွေ...။

"နင်...ပြန်စဉ်းစားကြည့်ပါ၊ နင်...ငါ့အနားမှာ အမြဲတမ်း မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတစ်ယောက်လို အမြဲရပ်တည်ပေးခဲ့တယ်၊ ကူညီဖေးမပေးခဲ့တယ်၊ အမြဲတမ်း ငါလိုအပ်တဲ့အချိန်တိုင်း နင်ရောက်လာပေးခဲ့တယ်၊ ငါနဲ့အနီးဆုံးကို နင်ရောက်...ရောက်လာတာ ငါကလိုအပ်လို့၊ ငါကတောင်းဆိုလို့...၊ အဲ့ဒါ နင့်လိုအပ်ချက်မှ မဟုတ်ပဲ၊ နင့်ဘဝမှာ ငါ့ကိုလိုအပ်လို့လား၊ လိုလို့လား၊ ပြန်စဉ်းစားပါဦး"

"လိုတယ်၊ အရမ်းကို လိုအပ်တယ်"



ကုဋေက ကြေကွဲနာကျင်စွာ အော်ဟစ်ပါသည်။ သူ့ရဲ့နာကျင်မှုတွေကို သူမ ဖြတ်ကျော်နင်းခြေဖို့ ရက်စက်စွာ ကြိုးစားရသည်။

"စဉ်းစားပါ...ကုဋေရယ်၊ တကယ်တော့ နင့်ဘဝမှာ ငါဆိုတဲ့ မရနိုင်ကို နင်ချစ်တာ မဟုတ်ဘူး၊ သွေးပျက်နေတဲ့၊ တုန်လှုပ်ခြောက်ချားနေတဲ့၊ နိမ့်ကျအားငယ်နေတဲ့၊ ရည်းစားက ပစ်သွားတဲ့.... အသည်းကွဲမိန်းမ တစ်ယောက်ကို နင်ကြင်နာချင်တာ၊ ယုယပေးချင်တာပါ၊ ငါ့နေရာမှာ တခြားမိန်းကလေးတစ်ယောက်...ဥပမာ...မီမီ၊ ကေခိုင်၊ ဒါမှမဟုတ် ခက်...၊ သူတို့ဆိုလည်း နင် အဲ့ဒီလို ကူညီဦးမှာပဲ၊ ဂရုစိုက်မှာပါပဲ၊ ငါသိပါတယ်၊ နင့်ရဲ့ ကြီးမားလှတဲ့ နှလုံးသား တစ်ခုအကြောင်းကို ငါအသိဆုံးပါ ကုဋေရယ်...၊ တကယ်တော့ နင်...ငါ့ကို မချစ်ခဲ့ပါဘူး၊ သနားတာပါ၊ ငါသိပါတယ်၊ ငါလိုအပ်တဲ့ အချိန်တွေတိုင်းမှာ နင်...ငါ့အနားကို ရောက်လာပေးတဲ့အတွက် ငါ့တစ်သက်တာ နင့်ကို ကျေးဇူးတွေ တင်နေရတော့မှာပါ၊ ဒါပေမယ့်...."

ကုဋေသည် နာကျင်ထိခိုက်စွာ ညည်းညူပါသည်။

"မဟုတ်သေးဘူး နိုင်ရာ၊ ငါတောင်းပန်ပါတယ်၊ နင်...အဲ့ဒီလို မဆုံးဖြတ်ပါနဲ့၊ နင်...ငါနဲ့ထိုက်တန်ကို ရန်သူတွေဖြစ်မှာ စိုးတာနဲ့ အဲ့ဒီလို မပြောပါနဲ့၊ နင်ဝဲ နာကျင်ခံ၊ စိတ်ဆင်းရဲခံပြီး...ငါတို့ကို..."

သူမ ကြေကွဲစွာ ဟက်ကနဲ ရယ်လိုက်သည်။

"တွေ့လား...၊ ခုကိုပဲ နင်က ငါနာကျင်သွားမှာ၊ ငါစိတ်ဆင်းရဲမှာတွေကိုပဲ စိုးရိမ်ပူပန်နေတယ်၊ နင့်ဆုံးဖြတ်ချက်မှန်ရဲ့လား၊ နင့်ရင်ထဲမှာ သေချာရဲ့လား၊ နင် တကယ်လိုချင်တာ ငါပဲလား...နင်ဘယ်တော့မှ မစဉ်းစားခဲ့ဘူး ကုဋေ...၊ နင်ဟာ....နင့်အတွက်နင် ဘယ်တော့မှ မစဉ်းစားတတ်ခဲ့ဘူး၊ နင့်အတွက်နင် ဘယ်တော့မှ လှည့်မကြည့်ခဲ့ဘူး၊ အဲ့ဒီအတွက် ငါကနင့်ကို ငြင်းလိုက်တာ၊ နင့်ဘဝမှာ ငါ့လို...မာနကြီးကြီး၊ ခေါင်းကလည်း ခပ်မာမာ၊ ရှုံးနိမ့်ပေးဖို့လည်း အသေအလဲ ငြင်းဆန်တတ်တဲ့ အသည်းကွဲနေတဲ့ မိန်းမတစ်ယောက်ကို နင်မလိုအပ်ဘူး...ကုဋေ၊ ငါဟာ နင့်ဘဝအတွက် တကယ်တော့ အမှိုက်တစ်ထုပ်သက်သက်ပဲ၊ နင့်ဘဝမှာ မရနိုင်...ဆိုတဲ့မိန်းမ မရှိတော့ရင် သိပ်ကိုလှပသွားမှာ...ငါသိတယ်၊ ငါဆုတောင်းပေးပါတယ်...၊ တစ်ချိန်ချိန်မှာ...."

www.burmeseclassic.com

www.burmeseclassic.com



သူမ ကုဌေရဲ့ ပါးပြင်ပေါ်က မျက်ရည်လေးတွေကို သုတ်ပေးရသည့် အလှည့်ဖြစ်ပါသည်။

"တစ်ချိန်ချိန်မှာ နင်ကလည်း သိပ်ချစ်တဲ့၊ နင့်ကိုလည်း မက်မက်စက်စက် ဖွဲလမ်းစွာ ချစ်နေမယ့် မိန်းကလေးတစ်ယောက်..."

သူမ တစ်ချက်တော့ ဟက်ကနဲ ကြေကွဲစွာ ရယ်လိုက်မိပြီး...။

"ငါ့ထက်လည်း ချောတဲ့၊ သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေး တစ်ယောက်ကို ချစ်သူအဖြစ် ရလိမ့်မယ်ဆိုတာ ငါယုံတယ်...ကုဌေ၊ အဲဒီအခါကျတော့ နင်....ငါ့ကို မေ့သွားလိမ့်မယ်၊ ငါသိနေတယ်"

"မဟုတ်ဘူး...နိုင်ရယ်၊ မဟုတ်ပါဘူး"

သူမ နောက်ဆုံးစကားကို အားတင်း၍ ပြောချလိုက်ပါသည်။

"ငါလေ...နင်တို့နှစ်ယောက်စလုံးကို ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ၊ ဒီနေ့အတွက်တင် မဟုတ်ပါဘူး...၊ ငါဖြတ်သန်းခဲ့ရတဲ့ ဘဝကြီး တစ်လျှောက်လုံး...၊ ရခဲ့တဲ့ ပျော်ရွှင်မှုတွေ၊ နာကျင်မှုတွေ၊ အတွေ့အကြုံတွေ၊ မေတ္တာတွေ...၊ အရာအားလုံးတွေအတွက်ပေါ့ဟယ်...၊ ငါ့ကို လူကြီးတစ်ယောက် ဖြစ်သွားအောင်...၊ ရင့်ကျက်တဲ့...မိန်းမတစ်ယောက် ဖြစ်သွားအောင် ပြောင်းလဲပေးခဲ့တဲ့ အရာတွေထဲမှာ နင်တို့နှစ်ယောက်စလုံး ပါပါတယ်၊ အဲဒီအတွက် ငါ...နင်တို့ကို ဘယ်တော့မှ မမေ့ပါဘူး၊ ငါ့ကို..."

သူမ သူတို့ကို ကျောခိုင်းလိုက်ပါသည်။ ထာဝရအတွက်ပါ။

"ငါ့ကို သွားခွင့်ပြုလိုက်ပါ...နော်....၊ ငါ့ဘဝမှာ နင်တို့နှစ်ယောက်....တစ်ယောက်မှ အေးမှာမပါပဲနဲ့ ဘဝကို ရှေ့ဆက်လျှောက်လှမ်းရဲတဲ့...ရင့်ကျက်တည်ငြိမ်တဲ့...မိန်းမတစ်ယောက်အဖြစ်နဲ့ ငါ့ကို သွားခွင့်ပြုပါ၊ ဒီတစ်ခါလေးတော့ ငါ့ကို တစ်ယောက်တည်း သွားခွင့်ပြုကြပါ...ဟာ"

သူမ တကယ်ပဲ ရင့်ကျက်တည်ငြိမ်တဲ့ မိန်းမတစ်ယောက်ဖြစ်ခဲ့ပြီလား။

အဲဒီလို မိန်းမတစ်ယောက်ဖြစ်ဖို့ အသည်းတွေရော အကွဲခံဖို့ လိုအပ်သလား။

သေချာတာကတော့ သူမချစ်သော ထိုယောကျာ်းပျိုနှစ်ယောက်စလုံး ဖေဖေ့ရဲ့ အုတ်ဂူလေးအောနားမှ မလှုပ်မယှက်၊ သေဆုံးစွာ ကျန်ရစ်ခဲ့ပါပြီ။



သူမ နှုတ်ဆက်လိုက်ပါသည်။

သူမ ဘဝမှာ သိပ်ကို ချစ်မြတ်နိုးခဲ့ရသော ထို ယောကျာ်းသုံးယောက်စလုံးကိုလေ...။

ဖေဖေ...။

သမီးရဲ့ ဆုံးဖြတ်ချက်ကို နားလည်ပေးပါနော်...။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

"တူမကြီး...အိပ်ပျော်နေလား"

သူမရဲ့ ကားဒရိုင်ဘာ ဦးလေးထူးမေးသံကို ကြား၍ သူမ မျက်လုံးတွေ ဖွင့်ကြည့်လိုက်သည်။

"ဟင့်အင်း....၊ ခဏမှိန်းလိုက်တာ...အိပ်မပျော်ပါဘူး၊ ဘာဖြစ်လို့လဲ ဦးလေးထူး"

ဦးလေးထူးက အမြဲတမ်း သူမကို ဆေးရုံမှအပြန်လာကြိုလျှင် မလိုအပ်ဘဲ စကားစ,မပြောတတ်ပါ။

အထူးသဖြင့် ခုလိုမျိုး ညတာဝန်၊ နိုက်ဂျူတီကျပြီးမှ ပြန်လာရသော နောက်တစ်နေ့ မနက်ခင်းမျိုးဆိုလျှင် ဘယ်တော့မှ စကားမများတတ်။ သူမက ဆေးရုံမှာ ပင်ပန်းလွန်းပြီး၊ အိပ်ရေးတွေ ပျက်လာတတ်တာမို့ ကားနောက်ခန်းမှာ ခေါင်းကို နောက်မှီပေါ် လှဲချထားတတ်သည်။ ပြီးတော့အမြဲလိုလို မျက်လုံးများ ပိတ်ကာ အိမ်ပြန်လမ်းတစ်လျှောက် ရသလောက် အနားယူလာတတ်တာ ဦးလေးထူးသိသည်။

ဒီတစ်ခါတော့ ထူးထူးခြားခြား လှမ်းမေးနေ၍ သူမ ပြန်ဖြေလိုက်တော့ ဦးလေးထူးက ထပ်ပြောပါသည်။

"ဦးလေးထူး စီးတီးမတ် ခဏဝင်လို့ရမလား၊ တူမကြီးရဲ့မေမေက ပစ္စည်းတစ်ခု မှာလိုက်တာ ဝင်ဝယ်မလို့၊ ဆယ်မိနစ်လောက်ပဲ"

သူမ ပြုံးလိုက်သည်။

"ရပါတယ်၊ ဦးလေးကလည်း....ပြောစရာမလိုတာ၊ သမီးဒီလောက် မအိပ်ချင်သေးပါဘူး၊ အိမ်ရောက်တော့မှ ဘရိတ်ဖတ်စ်စားပြီး တစ်ဝ,အိပ်ပစ်မှာ၊



ဝင်လိုက်လေ"

သူမအဖြေကြောင့် ဦးလေးထူးက ခေါင်းညိတ်ပြီး ကားကို စီးတီးမတ် ဘက်သွားမည့် လမ်းကြောကို ယူနေလေသည်။

ဦးလေးထူးက သူမတို့အိမ်မှာ အလုပ်စလုပ်တာ ဖေဖေ မဆုံးခင် ကတည်းက....။ ဖေဖေဆုံးတော့လည်း ဦးလေးထူးခမျာ မိသားစုဝင်တစ်ဦးလို ဗျာများ၊ ပူပင်ကာ သူမတို့အားလုံးအတွက် ကူညီလှုပ်ရှား၊ ဝင်ပါခဲ့သူတစ်ယောက်ပါ။ ခုတော့လည်း မေမေက ကုမ္ပဏီမှကားများ၊ ဝန်ထမ်းများနှင့်သာ သွားလာ လှုပ်ရှားနေတာများပြီဆိုတော့ ဦးလေးထူးသည် သူမ,စီးသောကားကို မောင်းဖို့ သက်သက် ဖြစ်လာသည်။

သူမလည်း ကားအက်စီးဒင့် ဖြစ်ပြီးကတည်းက မောင်းဖို့ တွန့်ဆုတ် ခဲ့ရသော ဒီကားလေးရဲ့ အရှင်သခင်သည် အခုတော့လည်း ဦးလေးထူး ဖြစ်မှန်း မသိကို ဖြစ်လို့....။

ကားပြင်ရန်ကိစ္စ၊ လိုင်စင်လဲရန်ကိစ္စ၊ ရေဆေးဆီထိုးကိစ္စတွေ အကုန် ဦးလေးထူးတစ်ယောက်သာ...။ ဒိုင်ခံဖြေရှင်းပေးနေပြီလေ။

သူမ ဘေးနားမှာလည်း အရင်လို ကူညီလုပ်ကိုင်ပေးမယ့် သူငယ်ချင်း သို့မဟုတ် ချစ်သူရည်းစားတွေလည်း တစ်ယောက်မှမှ ရှိမနေကြတော့တာ ကြာပြီပဲ...။ ကြာခဲ့ပြီ မဟုတ်လား။

ရက်ပေါင်းများစွာ...၊ လပေါင်းများစွာ...။

ရင်ထဲက အတွေးလေးနဲ့အတူ အမှတ်မထင် ဦးလေးထူး ကားရပ်ဖို့ ကြိုးစားနေတဲ့ ကားရပ်နားရာ ကွက်လပ်ကို သူမ ငေးကြည့်လိုက်တော့...။

သူမရဲ့ ရင်ခုန်သံတွေ တဖြည်းဖြည်းမြန်ဆန်လို့ လာပြန်သည်။

ဒီနေရာလေးက...။

အို...အစကတည်းက ဦးလေးထူးကို စီးတီးမတ် မဝင်ပါနဲ့၊ သမီးကို အရင် အိမ်ပြန်လိုက်ပို့လိုက်ပါလို့ ပြောခဲ့ရကောင်းသား....။

သူမ ဆုံးဖြတ်ပြီးသားကို နောင်တရစွာ မပြတ်မသား တွေးမိပြန်သည်။

အဲ့ဒီလို ချပြီးသားဆုံးဖြတ်ချက်တွေကို နောင်တရစွာ ပြန်လည်ပြင်ဆင် ချင်နေတာရော ဘယ်နှစ်ခါလောက် ရှိပြီလဲ....ဟင်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မရနိုင်...။ ခုချိန်မှာတော့ လက်ထောက်ဆရာဝန်မလေး ဒေါက်တာမရနိုင်ပေါ့...ဟုတ်လား။ အရာအားလုံး တဖြည်းဖြည်းပြောင်းလဲသွားကြပေမယ့် မပြောင်းလဲသောအရာများကတော့ သူမရင်ထဲမှာ...။

မေ့လို့ရပြီလို့ ပြောရင် ကိုယ့်ကိုယ်ကို ညာနေတာပဲပေါ့။

ဘယ်လိုမေ့လို့ရမှာလဲ....။

ဟောဒီနေရာ၊ ဒီ ရှောပင်းစင်တာ ကုန်တိုက်ကြီးဆီကို သူမ ဒေါသတွေ၊ နာကျင်မှုတွေ၊ မျက်ရည်တွေနဲ့ အပြေးအလွှား ရောက်လာခဲ့ရတာ လပေါင်းများစွာ ကြာသွားပြီ ဖြစ်ပေမယ့် သူမစိတ်ထဲမှာ မနေ့တစ်နေ့ကလို...။

ကြည့်ပါဦး...။ အဲ့ဟို ကားရပ်နားတဲ့ ကွက်လပ်ဆီက ရေမြောင်းလေးတစ်ခုဘေးမှာ သူမ စားထားသမျှတွေ ထိုးအန်ချခဲ့တာ။

အဲ့ဒီအချိန်တုန်းက သူမ ငိုခဲ့ရဖူး●ယ်။ ပြီးတော့ သူမ ပျော်ရွှင်စွာနဲ့လည်း ရယ်မောခဲ့ဖူးတယ်။

အဲ့ဒီတုန်းက သူမဘေးနားမှာ လူတစ်ယောက်ရှိခဲ့ဖူးတယ်။

ဟုတ်တယ်မဟုတ်လား....။

ခုကျတော့ ဒီနေရာလေးကို ပြန်ရောက်လာတဲ့အခါ ဘာလို့ သူမ...တစ်ယာက်တည်း ဖြစ်နေရတာလဲ...။

ဦးလေးထူးက သူမကို ကားစက်သပ်ရင်း လှမ်းပြောနေသည်။

"တူမကြီး ကားထဲကပဲ ခဏလေးစောင့်နော်၊ ဦးလေးထူး ပြေးဝယ်လိုက်ဦးမယ်"

သူမ ချက်ချင်း ဆုံးဖြတ်ချက်လိုက်မိပါသည်။

"ဦးလေး...သမီးလည်း...ဒီမှာ ဈေးဝယ်ချင်သေးတယ်၊ ပြီးတော့ မနက်စာလည်း ဒီမှာပဲ စားချင်စားလိုက်တော့မယ်၊ ဦးလေး သမီးကို ထားခဲ့တော့၊ ဦးလေး...ဝယ်စရာရှိတာဝယ်ပြီး ပြန်နှင့်လိုက်တော့နော်၊ သမီး...တက္ကစီငှားပြီး ပြန်လာခဲ့မယ်လေ"

ဦးလေးထူးက စိတ်ပူဟန်နှင့် သူမကို ကြည့်သည်။

"အို...ဦးလေးထူး စောင့်မယ်လေ...၊ တူမကြီးက ဘယ်လောက်ကြာမှာမို့လို့လဲ..."



သူမပြုံးလိုက်သည်။

"အနည်းဆုံးတော့ တစ်နာရီပေါ့ ဦးလေးရယ်၊ မစောင့်ပါနဲ့၊ မေမေက ပစ္စည်းဝယ်နိုင်းလိုက်သေးတာဆို၊ စိတ်ပူနေမှာပေါ့၊ ဦးလေးပြန်လိုက်နော်"

ဦးလေးထူးက သူ့ဟာသူ ဆုံးဖြတ်ချက်ချပါသည်။

"ဒါဆိုလည်း တူမကြီး ကားမငှားနဲ့၊ ဦးလေး ပြန်လာခေါ်မယ်၊ အိမ်ကိုတော့ ပစ္စည်းဝယ်ပြီး အရင်သွားပို့ပေးလိုက်မယ်၊ နောက်တစ်နာရီ ဒီနေရာမှာပဲ ကားထိုးပြီး ဦးလေးစောင့်နေပါမယ်၊ တူမကြီး ကြိုက်သလောက် အချိန်ယူပြီး ဝယ်လေ၊ နော်...၊ မိုးတွေမည်းနေတယ်၊ တူမကြီး မိုးမိမှာစိုးလို့"

သူမ ခေါင်းညိတ်လိုက်ရသည်။

သူမ အဲ့ဒီကုန်တိုက်ဆီ လှမ်းဝင်သွားချိန်မှာ ဦးလေးထူးက စီတီးမတ်ဝင်ပေါက်ဘက်ကို လှည့်ဝင်သွားပါသည်။

သူမ လာတာရော...စီတီးမတ်ကိုပဲ မဟုတ်ဘူးလား...။

ဟင့်အင်း...မဟုတ်ဘူးနော်...။ သူမ...ဒီကိုလာတာ ဈေးဝယ်ချင်လို့မှမဟုတ်ဘဲ။

ဒါဆို....။

အပြင်ဘက်မှာ မိုးခြိမ်းသံတွေ ဆူညံနေတယ်။ သူမရင်ထဲမှာရော...။

သူမရင်ထဲမှာက မိုးတွေ ရွာနေတာ ကြာခဲ့ပြီပဲလေ။

သူမ မြေအောက်ထပ် စီးတီးမတ်ဆီသွားတဲ့ လှေကားထစ်လေးတွေကို တစ်ထစ်ချင်း နင်းချပြီး ဆင်းသွားချိန်မှာ သူမ မျက်လုံးက ဘာကိုမှ မမြင်ပါ။

သူမ နားထဲမှာ ဘာကို မကြားပါ။ ဘယ်သူကိုမှလည်း မမြင်ပါ။

သူမ မြင်လိုက်တာ....မှန်တွေ အများကြီး ကာရံထားပြီး ရောင်စုံကုလားထိုင် လှလှလေးတွေနဲ့ ပြင်ဆင်ထားတဲ့ အဲ့ဒီကော်ဖီဆိုင်လေး...။

သူမ ထိုင်ခဲ့ဖူးတာပေါ့။ အဲ့ဟို...ထောင့်က စားပွဲလေးမှာ သူမထိုင်ရင်း ဝမ်းပန်းတနည်း ငိုကျွေးခဲ့ဖူးသေးတယ်လေ...။ ဘယ်သူ့ရှေ့မှာလဲ...။

အဲ့ဒီကာလလေးတစ်ခုဟာ ဘယ်လောက်ကြာသွားပြီလဲ...။

ဘယ်လောက်ပဲ ကြာကြာ...ဒီနေရာလေးကို ရောက်ရင် သူမရင်တွေ တစ်စုံတစ်ခုကြောင့် နာကျင်ကြေမွသွားတာကို ဘယ်လိုငြင်းလို့ရမှာလဲ...။

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင် လှလှလေးတွေနဲ့ ပြင်ဆင်ထားတဲ့ အဲဒီကော်ဖီဆိုင်လေး...။

သူမ ထိုင်ခဲ့ဖူးတာပေါ့။ အဲ့ဟို...ထောင့်က စားပွဲလေးမှာ သူမထိုင်ရင်း ဝမ်းပန်းတနည်း ငိုကြွေးခဲ့ဖူးသေးတယ်လေ...။ ဘယ်သူ့ရှေ့မှာလဲ...။

အဲ့ဒီကာလလေးတစ်ခုဟာ ဘယ်လောက်ကြာသွားပြီလဲ...။

ဘယ်လောက်ပဲ ကြာကြာ...ဒီနေရာလေးကို ရောက်ရင် သူမရင်တွေ တစ်စုံတစ်ခုကြောင့် နာကျင်ကြေမွသွားတာကို ဘယ်လိုငြင်းလို့ရမှာလဲ...။

အို...သူမ လွမ်းနေတာလား...။ ဟုတ်လား။ ဘယ်သူ့ကိုလဲ...၊ ဘယ်အရာကိုလဲ။ ခုအချိန်ထိ မရနိုင်ဆိုတာ မပြတ်မသား မိန်းမပါပဲလား...။

သူမ...ဘယ်သူ့ကို လွမ်းနေတယ်ဆိုတာရော ကိုယ့်ကိုယ်ကိုရော သိရဲ့လား...ဟင်။

မသိလို့လည်း သူမ အမှားတွေ အများကြီးလုပ်ခဲ့ပြီးပြီပဲလေ...။

မသိခဲ့လို့ အခုအချိန်မှာ သူမတစ်ယောက်တည်း အဲ့ဒီဆိုင်ထဲမှာ ထိုင်ချရတော့မှာလေ။ သူမဘေးနားမှာ ဘယ်သူမှ ရှိမနေကြတော့တာလေ...။

သူမ တစ်ချိန်က ထိုင်ခဲ့ဖူးသော စားပွဲလေးမှာပင် တစ်ယောက်တည်း တိတ်ဆိတ်စွာ ဝင်ထိုင်လိုက်တော့ စားသောက်ဆိုင်လေးထဲမှာ သီချင်းတစ်ပုဒ် ဖွင့်လှင့်နေတာ သူမ စတင်ကြားရသည်။

မလွမ်းချင်ပါဘူးဆိုမှ သူမ လွမ်းရဦးတော့မယ်။ ဖွင့်ထားတာက (Leona Lewis) ရဲ့ သဲသောင်ပြင်ပေါ်က ခြေရာများဆိုတဲ့ သီချင်းလေး...။

You walked with me ...
မင်း ကိုယ်နဲ့အတူ လျှောက်ခဲ့တယ်...
Footprints in the sand ...
သဲသောင်ပြင်ပေါ်မှာ ခြေရာလေးတွေ...
And, helped me understand
ကိုယ်နားလည်နိုင်ဖို့ မင်းကူညီခဲ့တာ
Where I am going ?
ကိုယ်ဘယ်ကို သွားမှာလဲဆိုတာကို သိဖို့လေ



You walked with me ...
မင်း...ကိုယ်နဲ့အတူ လျှောက်ခဲ့တယ်...
When I was all alone...
အချိန်တိုင်း ကိုယ်တစ်ယောက်တည်း ဖြစ်နေတုန်းကပေါ့
With so much unknown....
မသိနားမလည်မှုတွေ များစွာနဲ့အချိန်ကလေ....

သူမ မျက်ရည်တွေ ကျမလာအောင် မျက်တောင်တွေ တဖျပ်ဖျပ်ခါပြီး ခေါင်းကို မော့လိုက်စဉ်မှာ စားပွဲထိုးလေးတစ်ယောက် အနားကို ရောက်လာပါသည်။

"အစ်မ...ဘာမှာမလဲ"

သူမ ဒီဆိုင်က ဘာတွေကောင်းလဲလို့ မေးလိုက်မိတော့မလို့ပါ။

အို...အဲဒီလို မေးခွန်းမျိုးကို တစ်ချိန်က သူမကြားဖူးပြီးသား...။ မေးဖူးပြီးသားထင်ပါရဲ့နော်...။

သူမ နှုတ်ခမ်းတွေကို နာကျင်စွာ ဖိကိုက်လိုက်ပြီး ဘာစကားသံမှ ထွက်မလာတာကို စားပွဲထိုးလေးက ကြောင်ကြည့်နေပါသည်။

သူမ အက်ကွဲစွာ ပြန်ဖြေလိုက်သည်။

"အစ်မကို ဆင်းဒဝစ်ချ်တစ်ပွဲချပေးနော်"

စားပွဲထိုးလေးက ရိုသေစွာ ခေါင်းတစ်ချက်ညိတ်လျက် ပြန်မေးသည်။

"အစ်မ ဘာနဲ့လဲ...ဒီဆိုင်မှာက..."

"တူနာဆင်းဒဝစ်ချ်လေ၊ တူနာငါးနဲ့၊ ငါးသေတ္တာငါးနဲ့ လုပ်ထားတဲ့ ပေါင်မုန့်၊ ရှိတယ်မဟုတ်လား"

သူမက စားပွဲထိုးလေး စကားမဆုံးသေးခင်မှာ ခပ်မြန်မြန်အရင် ဖြတ်ပြောလိုက်တာဖြစ်သည်။ စားပွဲထိုးလေးက ပြုံးလျက် "ဟုတ်ကဲ့အစ်မ"လို့ ပြောပြီး အနားမှ ထွက်သွားပါသည်။

သူမတစ်ယောက်တည်း အဲ့ဒီစားပွဲလေးမှာ တစ်ယောက်တည်း...။

ငါဘာတွေ လျှောက်လုပ်နေတာလဲ...။

သူမ ဒီတစ်ခါ...ကိုယ့်ကိုယ်ကို မမေးမိပါ။

www.burmeseclassic.com



သူမ ဘာတွေဖြစ်နေတာလဲ...ခုတော့ သေသေချာချာ တိတိကျကျ သူမ,ကိုယ်တိုင် သိပြီးနေလို့ ဖြစ်ပါသည်။

စာပွဲထိုးလေးက ပေါင်မုန့်ပန်းကန်ကို လာချသည်။

အရင်အတိုင်းပါပဲ။ ဘာမှ မပြောင်းလဲသေးဘူးနော်။ ဖြူဖြူဖွေးဖွေး တြိဂံပေါင်မုန့်လေးတွေဟာ အစိမ်းရောင်ဆလတ်ရွက်တွေနဲ့ရော၊ နီညိုရောင်ငါးအနှစ်တွေနဲ့ပါ စားချင့်စဖွယ်...လုပနေဆဲပါ။

အပြင်ဘက်မှာ မိုးတွေရွာချနေပြီ။

စားသောက်ဆိုင်ရဲ့ မှန်ချပ်နံရံတွေပေါ် မိုးရေစက်တွေ အတားအဆီးမရှိ ကျလာလို့ အပြင်ဘက်က မြင်ကွင်းတွေ ဝေဝါးသွားတယ်။

သူမ မျက်လုံးတွေလည်း ဝေဝါးနေပါတယ်။

စားသောက်ဆိုင်လေးထဲက သီချင်းသံက သူမနားထဲမှာ... ကြားနေရဆဲ....။ သူမရင်ကို နာကျင်ထိခိုက်စေတဲ့ သီချင်းစာသားတွေ....။

ငါလျှောက်ရမယ့်လမ်း....

ပျောက်ဆုံးသွားပြီလို့ ထင်လိုက်တဲ့အခါ...

မင်းက ငါ့ကို ခွန်အားတွေ ပေးခဲ့တယ်...

ဒီလမ်းကို ဆက်လျှောက်နိုင်ဖို့လေ...

အဲ့ဒီအချိန်မှာ ငါကြားခဲ့တာပေါ့...

မင်းပြောခဲ့တဲ့စကားလေးက...

ကိုယ်ကတိပေးပါတယ်...တဲ့....

မင်းဘေးမှာ ကိုယ်အမြဲရှိနေမှာပါ....တဲ့....

မင်းနေ့လုံးသားမှာ နာကျင်မှုတွေ၊ နိမ့်ကျမှုတွေ ပြည့်နေတဲ့အချိန်...

ကိုယ်မင်းကို ထမ်းခေါ်သွားမှာ...တဲ့....

မင်း...သူငယ်ချင်းတစ်ယောက်ကို လိုအပ်တယ်ဆိုတဲ့...အချိန်

သဲသောင်ပြင်ပေါ်မှာ

ကိုယ့်ခြေရာတွေကတော့ ထင်ကျန်နေဦးမှာပါ... တဲ့။

တကယ်ပဲလား...။

ဒီလမ်းကို ဆက်မလျှောက်နိုင်တော့ဘဲ ကျွန်မခြေရာတွေ ပျောက်ကွယ်



သွားခဲ့ရင်တောင် ကျွန်မကို ထမ်းခေါ်သွားမယ့် သူ့ခြေရာတွေကတော့ သဲသောင်ပြင်ပေါ်မှာ ထာဝရ...ထင်ကျန်ရစ်ဦးမှာတဲ့လား...ကွယ်။

ဟုတ်လား...ဟင်...။

ခုကော...။ အဲ့ဒီလူတစ်ယောက်ရဲ့ ခြေရာလေးတွေ ဘယ်မှာလဲ။

အဲ့ဒီလို အမြဲတမ်းရှိနေပါ့မယ်လို့ ပြောတဲ့သူကို ဘယ်သူက မောင်း ထုတ်ခဲ့တာလဲ...။ ဘယ်လိုမျိုး မိုက်မဲတဲ့မိန်းမက နှင်ထုတ်ခဲ့တာလဲ...။

သူမ ကျဆင်းလာသော မျက်ရည်တစ်စက်ကို ပင့်သုတ်ဖို့ ကြိုးစားရင်း သူမ,ရှေ့က ပေါင်မုန့်လေးတစ်ခုကို ကောက်ကိုင်လိုက်သည်။

အဲ...ဟို...တစ်ချိန်တုန်းကလိုပေါ့...။ ဆင်းဒဝစ်ပေါင်မုန့်လေးကို စားရန် သူမနှုတ်ခမ်းတွေ ပြင်လိုက်စဉ်...။

"အရူးမ..."

အဲ့ဒီစကားက သူမ...ကိုယ့်ကိုယ်ကို ပြောခြင်းမဟုတ်ပါ။

အပြင်ဘက်မှာ တကယ်ကြားလိုက်ရတာ ဖြစ်သည်။

သူမ ထိတ်ကနဲ လန့်ပြီး လှည့်အကြည့်...။

"နှင်...အဲ့ဒီပေါင်မုန့်ကို ပြန်ချလိုက်စမ်း...နိုင်၊ နှင်ရူးနေလား၊ လုံးဝ... မစားနဲ့နော်၊ နင့်ဝါးစပ်ထဲ အဲ့ဒီပေါင်မုန့် ခုရောက်သွားရင်တောင် ငါ... ငါ့လက်တွေနဲ့ ပြန်နှိုက်ထုတ်ဖို့ ဝန်မလေးဘူး"

သူမရဲ့မျက်လုံးတွေ ဘယ်လောက်တောင် ပြူးဝေသွားမလဲ၊ စဉ်းစား သာကြည့်ပါတော့...။

သူ...သူ...ဘယ်အချိန်ကတည်းက ဒီဆိုင်ထဲကို ရောက်နေတာလဲ။ အဲ့ဒါ ပထမဆုံး၊ သူမ သိပ်သိချင်သည့် မေးခွန်းတစ်ခုဖြစ်ပါသည်။

ဘယ်သူရှိရမလဲ...။

သူမကို အဲ့ဒီလိုမျိုး ရက်ရက်စက်စက် အားမနာတမ်းပြောပြီးမှ သူ့စေတနာတွေကို ထုတ်ပြတတ်တာ...။

"ကုရေ..."

သူမတုန်လှုပ်စွာ ခေါ်လိုက်မိသည်။

ကုရေသည် မျက်မှောင်ကြီးကုပ်ပြီး နှုတ်ခမ်းတွေကတော့ ပြုံးစိစိ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကာ သူမရော့တည့်တည့်မှာ ဝင်ထိုင်ချသည်။

အို…အဲ့ဒါတစ်ချိန်တုန်းက သူထိုင်ခဲ့ဖူးတဲ့ ခုံလေးပါပဲ။

သူမက ပေါင်မုန့်ကို လက်ထဲမှာ ကိုင်ထားဆဲဖြစ်နေတာကို သူ ကြည့်မရသလို အတင်းပဲ…သူမလက်ကိုချုပ်ပြီး ပြန်ချနိုင်းသည်။

သူမ မျက်ရည်တွေ ဝဲတက်လာတာကို ထိန်းချုပ်ရင်း ပေါင်မုန့်လေးကို ပန်းကန်ထဲ ပြန်ထည့်လိုက်ပါသည်။

သူ အသားတွေ ညိုသွားတယ်။ လူကြီးတစ်ယောက်နဲ့ ပိုတူလာတယ်။ အရင်လို ကလေးလေးတစ်ယောက်ရဲ့ မျက်နှာမျိုးမဟုတ်တော့ဘူး။ ဒါပေမယ့် ကျန်တာတွေ ဘာမှ မပြောင်းလဲသေးဘူး။ ဆံပင်ပျော့ပျော့လေးတွေက အရင်လို ဂုတ်ထောက်ဆဲပဲ။

မျက်လုံးနက်နက်လေးတွေကလည်း သူမရင်ထဲက အကြောင်းအရာတွေကို စူးစိုက်ကြည့်ပြီး လှမ်းဖတ်ဖို့ ကြိုးစားနေဆဲပဲ။

သူ့ကို သူမ…ငေးနေမိစဉ်မှာ သူက စကားစသည်။

"နင်…ဒီဆိုင်ကို ဘာလာလုပ်တာလဲ နိုင်…"

သူမ ခေါင်းငုံ့လိုက်ရသည်။

"နင်မြင်သားပဲ…၊ မနက်စာလာစားတာ…"

"ဘာလို့…ဒီဆိုင်ကိုမှ ရွေးပြီးလာစားရတာလဲ"

"ငါ့ဟာငါ ဘယ်ဆိုင်ရွေးစားစား နင်နဲ့ဘာဆိုင်လို့လဲ…ကုရွှေ"

သူမ ရှက်ရှက်နဲ့ ပြန်ပက်လိုက်သည်။ အဲ့ဒါ ကုရွှေနဲ့ မရနိုင်တို့ရဲ့ ပုံမှန်စကားလမ်းဖြစ်သည်။ မထူးဆန်းပါ။

ကုရွှေက ပြုံးစိစိလုပ်သည်။

ဒီကောင်သိတယ်။ သူမ…မဖြေချင်တဲ့အဖြေကို သူသိနေတယ်…။ ဘုရားရေ….အဲ့ဒါဆို…။

ကုရွှေ ပြောလိုက်သော စကားက သူမထင်တာထက်ဆိုးဝါးသည်။

"ကဲ…ဒါဆိုပြော…၊ ဒီဆိုင်….ဒီနေရာက…ဒီစားပွဲမှာပဲ ရွေးထိုင်ပြီး…၊ ဒီတူနှာငါးနဲ့ ပေါင်မုန့်ကိုပဲ မှာစားတာကျတော့ရော ဘာပြောမလဲ…ဖြေ၊ မစားခင်မှာ ပေါင်မုန့်ပန်းကန်ကို အကြာကြီးစိုက်ကြည့်ပြီး မျက်ရည်ကရော



ဘာလို့ ထွက်ကျရတာလဲ…နင်ဖြေစမ်း…"

သူမရင်တွေ ခုန်ပေါက်စွာ သူ့ကိုပြန်မေးလိုက်မိသည်။

"နင်…ဒီဆိုင်ကို ဘယ်အချိန်တုန်းက ဝင်လာတာလဲ"

"သေလိုက်ပါလား၊ နင့်အရင် ငါရောက်ပြီး ထိုင်နေတာ ကြာလှပြီ နိုင်ရဲ့၊ နင့်ဟာနင် ဘယ်သူမှ မကြည့်ဘဲ ဝင်လာပြီး၊ မျက်လုံးတွေက ကြောင်တောင်ကန်းနေသလို…ဒီစားပွဲမှာ ဝင်ထိုင်၊ မှာချင်ရာမှာ၊ စားချင်ရာစား လုပ်နေတာလေ၊ ငါ့အစကတော့ လှမ်းနှုတ်ဆက်မလို့၊ နင်…ဒီစားပွဲကို သေသေချာချာ ရွေးထိုင်တာ မြင်တော့မှ ငါငြိမ်ပြီး စောင့်ကြည့်နေတာ၊ နင်တစ်ယောက်တည်း ဘာတွေဆက်ဖြစ်မှာလဲလို့လေ၊ ငါထင်ရင် လွဲခဲ့တယ်၊ ထင်တဲ့အတိုင်းကို ဖြစ်တော့တာပဲ ၊ တိတိကျကျကြီးကို ဒီပေါင်မုန့်ပဲ မရမက မှာစားတယ်၊ နင်… ရူးတုန်းပဲ သိလား၊ နင်…ရူးနေတယ်၊ နင်ပြောတော့ လူကြီးဖြစ်ပြီဆို၊ ရင့်ကျက်ပြီဆို၊ ဘာလို့ အဲ့ဒီလိုမိုက်မိုက်မဲမဲ လျှောက်လုပ်နေရတာလဲ၊ ဒီတူနှာငါးတွေ နင့်ဗိုက်ထဲရောက်ရင် ဘာတွေဆက်ဖြစ်မလဲ သိလျက်သားနဲ့…နင်ဟာလေ…"

ကုရွှေရဲ့ ကရုဏာဒေါသောတွေကို သူမမှာ လိုလည်းလိုချင်၊ ရှက်ကလည်းရှက်…၊ ဝမ်းနည်းစိတ်ကလည်း တစ်ဝက်နဲ့ ပြန်အော်မိပါသည်။

"အကောင်စုတ်၊ စိတ်ပုပ်လိုက်တာ၊ ငါ့ကို နောက်ကွယ်ကနေ ချောင်းကြည့်နေတယ်၊ ဒါနဲ့များ…နင်ငါ့ကို ဘာလို့လာမေးနေလဲ၊ လာမေးနေသေးလဲ၊ နင်သိတယ်၊ ငါ…ဒီဆိုင်ကို ဘာလာလုပ်တာလဲ၊ ငါဘာတွေဖြစ်နေတာလဲဆိုတာ နင်သိတယ်၊ မမေးနဲ့…"

"နင့်…ဟိုကောင့်ကို လွမ်းနေတာမဟုတ်လား"

မဟုတ်ပါ…။

ကုရွှေသိပါသည်။ သူမ ထိုက်တန်ကို လွမ်းနေတာ မဟုတ်မှန်း သူ… သေသေချာချာသိပါသည်။

သူမနဲ့ထိုက်တန်တို့အကြားမှာ တူနာဆင်းဒဝေစ်ရှိဆိုတာ ရှိမှ…မရှိခဲ့ပဲနော်။ သူမကို တမင်တကာ သူ…စနောက်ချင်လို့ အဲ့ဒီစကားကို ပြောတာ ဖြစ်ပါသည်။

သူမကလည်း သူ့လိုပဲ ရွဲ့ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ...၊ သိပ်ဟုတ်တာပ၊ ငါ့အဆက်ဟောင်းကြီးကို ငါလွမ်းနေတာပ...ရှင်ရဲ့၊ ရှင်းပြီလား"

သူ တစစ်စစ်နဲ့ သူမအဖြေကိုရယ်ပါသည်။

သူပျော်နေသည်။ သူ... တကယ်ပျော်နေပါသည်။ အို...သူ့ရဲ့ အဲ့ဒီလို အရယ်မျက်နှာလေးကို မြင်ရတာလည်း သူမ အလွန်ကို ပျော်ရွှင်တာပါပဲလေ...။

သူက ရယ်သံတစ်ဝက်နဲ့ပြောသည်။

"ဒါဖြင့် ဘာဖြစ်လို့ နင်...အဲ့ဒီနေ့က သူ့ကို ငြင်းလိုက်လဲ၊ သူ့အချစ်ကို ငြင်းရလဲ၊ နင်...လုံးဝကြီးကို ဘာလို့ ညာပြောရတာလဲ၊ ကိုယ့်ကိုယ်ကို ဘာလို့ ညှင်းဆဲရတာလဲ နိုင်ရယ်....၊ လပေါင်းများစွာ နင်...ဒီလို နေခဲ့တာလား၊ ငါသာ...ဒီနေ့...ဒီဆိုင်လေးကို ရောက်မလာခဲ့ရင် နင်ဖြစ်နေတာတွေကို ငါလည်း သိလိုက်မှာမဟုတ်ဘူး၊ နင့်ရင်ထဲက အကြောင်းတွေကို ငါလုံးဝ သိလိုက်မှာတောင် မဟုတ်ဘူး၊ နင်ဘာလို့ အဲ့ဒီလို ဆုံးဖြတ်ခဲ့တာလဲဟာ...၊ နေနိုင်လိုက်တာ၊ ဒီလောက်အကြာကြီး"

သူပြောနေတဲ့ ဆုံးဖြတ်ချက်ဟာ ထိုက်တန်ကို သူမ လမ်းခွဲခဲ့တာနဲ့ ဘာမှ မဆိုင်ပါ၊

လိမ္မာပါးနပ်စွာ သူမကို သူအပြစ်တင်နေတာ...သူ့ကို လမ်းခွဲခဲ့လို့ပါ။ ကုဋေဆိုတဲ့ သူမရဲ့အချစ်ဆုံးသူငယ်ချင်းလေးတစ်ယောက်ကို လမ်းခွဲခဲ့လို့ပါ။

သူမ ခုချိန်မှာတော့မျက်ရည်တွေ ခြောက်သွေ့သွားခဲ့ပြီ။

မျက်နှာပေါ်မှာ အပြုံးတွေ ပေါ့ပါးလွတ်လပ်စွာ ထင်ဟပ်နေမိပြီ။

သူမဖြေလိုက်၏။

"ငါ့လိုပဲ လူတစ်ယောက်က ကိုယ့်ကိုယ်ကို ငါးနှစ်လောက်တောင် ညှင်းဆဲခဲ့တာကျတော့...နင်ဘာပြောမှာလဲ...၊ နေနိုင်လိုက်တာလို့ ငါပြောနိုင်ရဲ့ပဲလား...ဟင်"

သူ...မျက်နှာလေးရဲ့သွား၏။

သူ့ရဲ့သွားတန်းလေးတွေ အကုန်မြင်ရသည်အထိ ရက်စနိုးနဲ့ ကုဋေပြုံးနေပါသည်။

ပြီးတော့ ပြုံးစိစိနဲ့ ပြောလေသည်။



"ဒါဆို...နင်ပြောချင်တာ ငါတို့နှစ်ယောက်ကြေပြီပေါ့"

"ဘာကို ကြေရမှာလဲ"

"တစ်ယောက်ကိုတစ်ယောက် လိမ်ညာခဲ့တာလေ"

"ဟင်...ငါဘာကို လိမ်လို့လဲ"

ကုဋေက တစစ်စစ်ရယ်သည်။

"လက်ပူးလက်ကြပ် မိတာတောင် မုန်လာဥ မလုပ်နဲ့နော်၊ ဒါပဲ မိနိုင်၊ ကလဲ့စားချေမယ်ဆိုပြီး နောက်ထပ်ငါးနှစ်တိတိ ထပ်လိမ်မယ် စိတ်မကူးနဲ့၊ မရဘူး၊ လာ...အခုထ၊ ပြန်မယ်၊ နင်...နိုက်ကျူတိက ထွက်လာတာ၊ အိပ်ရသေးတာလည်း မဟုတ်ဘူး၊ ဒီပေါင်မုန့်တွေလည်း တို့ထိမယ် စိတ်မကူးနဲ့၊ ထားခဲ့တော့...၊ စားပြီး ပြန်အန်ထုတ်ရမယ့် အတူတူ စားဖို့မကြိုးစားနဲ့၊ မေ့လိုက်တော့၊ ငါနင့်ကို လိုက်ပို့မယ်၊ လာ...ထ၊ နင့်ကားမောင်းတဲ့ ဦးလေးထူးကို လာမခေါ်နဲ့တော့လို့ ဖုန်းလှမ်းဆက်လိုက်...."

တွေ့လား။ ကုဋေတို့ဆိုးတာ။

သူမနဲ့သူ အလုပ်လုပ်ရတဲ့ ဆေးရုံချင်းလည်း မတူတာတောင် သူမ မနေ့ညက ညတာဝန်ကျခဲ့တယ်ဆိုတာလည်း သိနေရပြန်သေး...။ ဘယ်လို လုပါလဲ။ ပြီးတော့ သူမရဲ့ကားကိုမောင်းတဲ့ ဒရိုက်ဘာနာမည်ကိုလည်း မှတ်မိနေပြန်သေး...။ ဦးလေးထူးကို ဆောင့်နိုင်းထားတာမဟုတ်ပဲ သူမတစ်ယောက်တည်း ဒီဆိုင်မှာ အေးအေးဆေးဆေး လာထိုင်နေမိတယ်ဆိုတာကိုလည်း သူ သိရှိရိပ်မိနေပြန်သေးလေ။

သူမနဲ့ ပါတ်သက်ပြီး သူမသိတာ ဘာကျန်သေးလဲ။

သူမရဲ့ဘဝကို သူ့ဘဝလိုပဲ အစစအရာရာ စောင့်ကြည့်နားလည်ပြီး ဝင်စွက်ဖက်ချင်တဲ့လူ....။

ဘယ်လိုများ ငြင်းဆန်လို့ ရနိုင်တော့မှာလဲ။

သူမအနားမှာ ထာဝရ ရှိနေသင့်တာ အဲ့ဒီလိုလူကလွဲပြီး ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ...။

အို...ဘာပဲဖြစ်ဖြစ် သူမ အရှုံးမပေးချင်ပါ။ ကုဋေဆိုတဲ့ ကောင်လေး တစ်ယောက်ကို သူမ နည်းနည်းလေးပဲ ဖြစ်ဖြစ်တော့...အနိုင်ယူလိုက်ရမှ...။

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး၊ ငါ့ကျ…မေးတယ်၊ နင်ရော…ဒီဆိုင်မှာ ငါ့ထက်အရင် ရောက်ပြီး အစောကြီးဘာထိုင်လုပ်နေတာလဲ၊ ငါ့မှာမေးခွင့်ရှိသပ၊ ဖြေစမ်းပါဦး၊ ဒီနေ့…နင်….ဒီဆိုင်မှာ တစ်ယောက်တည်း ဘာလာထိုင်လုပ်နေတာလဲ"

သူ တဟားဟားအော်ရယ်နေပါသည်။ သူမမေးခွန်းကို သဘောကျစွာ သူရယ်နေပါသည်။ သူ…မဖြေသေးပါ။

သူမကို သူမဖြေနိုင်ပါ။

ကုရွှေဆိုတာ သူမနဲ့ပါတ်သက်လျှင်လည်း သိပ်ကို မျိုသိပ်တတ်နိုင်စွမ်းသော၊ ဖုံးကွယ်လျှို့ဝှက်ချင်သော ယောကျ်ားတစ်ယောက် ဖြစ်ဆဲပါတည်း။

သို့ပေမယ့်…။

ပိုက်ဆံရှင်းရန် အနားရောက်လာသည့် စားပွဲထိုးလေးက သူမ့မေးခွန်းကို ကြားသွားပါသည်။ ဘာမှန်းမသိပဲ ဝင်ဖြေပါသည်။

"ဒီအစ်ကိုက မနက်တိုင်း ဒီဆိုင်မှာ လာထိုင်ပြီး စတော်ဘယ်ရီဒိန်ချဉ် တစ်ခွက်အမြဲ မှာသောက်နေကျ…၊ ခြောက်လလောက်တောင် ကြာပြီ အစ်မရဲ့၊ ဆိုင်ရဲ့ဖောက်သည်"

"အို…"

သူမ မျက်နှာက ကွက်ကနဲ မည်းပြီးဖျက်ယွင်းသွားပါလိမ့်မည်။

စားပွဲထိုးလေးက သူများ…ဘာစကားမှားသွားလို့လဲဟု တွေးကာ ကြောင်ပြီး သူမကို ကြည့်နေသည်။ စားပွဲထိုးလေးရှေ့မှာတောင်…. ဟန်မဆောင်နိုင်အောင် သူမမျက်ရည်တွေ ဝေ့ဝဲကျဆင်းလာတာ…ဘယ်သူကြောင့်လို့ နင်ထင်လဲ…ကုရွှေရဲ့။ ငါ…ဘာလို့ ခုမှ ဝမ်းပန်းတနည်း ငိုချချင်လာတာရော ဘာကြောင့်လို့ နင်ထင်သလဲ။ ဟင်…။

စားပွဲထိုးလေး ကြောင်စီစီနဲ့ ထွက်သွားမှ သူမ နာကျင်စွာ ကုရွှေ့ရဲ့ မျက်နှာဝိုင်းဝိုင်းလေးကို ငေးကြည့်လိုက်မိသည်။

ပြီးတော့ စတင်ဝန်ခံလိုက်မိ၏။ မျက်ရည်တွေနဲ့ပေါ့…။

"ဒါဆို…ငါ…နင့်ကို ရှုံးတာပေါ့…ကုရွှေရယ်…နော်"

သူမကို သူ ကြွင်နာစွာ ငုံ့စိုက်ကြည့်နေ၏။ ပြီးတော့ ပြုံးပါသည်။

"ငါ…ရှုံးသွားတာပါ…၊ ငါ…ဘယ်တော့မှ ဒီစားပွဲလေးမှာ…ထိုင်ဖို့



ပြီးတော့…သူမ မျက်ရည်တွေ သုတ်ပစ်လိုက်သည်။

သူ့လက်ဖဝါးလေးတွေကို သူမက ချက်ချင်းဆုပ်ကိုင်လိုက်ပြီး မတ်တပ်ထရပ်လိုက်တော့ သူ…အံ့အားသင့် ဝိုင်းစက်သည့် မျက်လုံးလေးတွေနဲ့ မော့ကြည့်ပါသည်။

သူမက ခပ်တည်တည် ဟောက်လိုက်သည်။

"ထလေ…၊ ဘာလုပ်နေတာလဲ၊ လိုက်ပို့မယ်…ဆို"

သူ့မျက်နှာလေး ဝင်းလက်စွာ ပြုံးရွှင်သွားခဲ့သည်။

သူမစကားကို သူဘယ်လို နားလည်သည်လည်းတော့ မသိ။


သူ့ကို…ချစ်တယ်လို့ ကျွန်မပြောဖို့လိုသလား။ မလိုအပ်ဘူးလေ။ ချစ်တယ်ဆိုတာ ခဏခဏ ထုတ်ပြောစရာမလိုပဲ ချစ်သူသိအောင်လုပ်လို့ရတဲ့ နည်းတွေ အများကြီး ရှိသတဲ့။ ဟုတ်တယ် မဟုတ်လား။

သူမရဲ့လက်တွေကို သုတင်းတင်းကျပ်ကျပ် ပြန်ဆုပ်ကိုင်သည်။

ဘယ်တော့မှ ပြန်ဖြုတ်လို့မရအောင် တင်းကျပ်သည့် ဆုပ်ကိုင်မှုမျိုး ဖြစ်သည်။

သူမ နည်းနည်းလေးတော့ နာကျင်သွားသော်လည်း ကျေနပ်စွာ ပြုံးနေခဲ့ပါသည်။ ။

မျှဝေခံစားနားလည်ပေးနိုင်ကြပါစေ



မိုးနိုကျွှင်

ဗွန်လဖြောတ်ရတ်၊ နှစ်ထောင့်ကိုးရှနှစ်။
မနက် သုညနာရီ၊ နှစ်ဆယ့်နှစ်မိနစ်။

www.burmeseclassic.com